သဘာဝကျကျ သဘာဝလွန်လွန် နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင်

# ထိုသုံးဦး
# ၏ကိုးပုဒ်

ကြူးနှစ်၊ ညီပုလေး၊ နေဝင်းမြင့်



စိတ်ကူးချိုချိုစာအုပ်တိုက်၏
၂၁ နှစ်ပြည့်အမှတ်တရဝတ္ထုအစီအစဉ်

# ကြူးနှစ်
# ညီပုလေး
# နေဝင်းမြင့်

*

# ထိုသုံးဦး၊ ဤကိုးပုဒ်

ပထမအကြိမ်၊ ၂၀၂၀

[illegible] ညီပုလေး နေဝင်းမြင့်
[illegible] - [illegible]
အရွယ်အစား ၁၇၆ မျက်နှာ၊ ၁၂·၇ စင်တီ × ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးဆန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၂ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

တန်ဖိုး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

**သဘာဝကျကျ**

**သဘာဝလွန်လွန်**

**နက်နက်ရှိုင်းရှိုင်း**

**ထဲထဲဝင်ဝင် ...**

ဝတ္ထုများကို

တူရာလမ်းကြောင်းတစ်ခုမှ

တွဲစပ် ခံစား ချဉ်းကပ်ကြည့်ခြင်း ဖြစ်ပါသည်။

**ကြည်ထင်အေး(စီစဉ်သူ)**

# မာတိကာ


ကြူးနှစ်
သေစာရင်း
(၁)
အချစ်၏ အဓိပ္ပာယ်အမှန်
(၁၄)
တစ်ခါက သူသည် ဈေးခွေးဖြစ်ခဲ့သည်
(၄၀)

# မာတိကာ

**ညီပုလေး**


ညစ်ပတ်တဲ့ဝတ္ထု
(၅၆)

အပြောင်မြောက်ဆုံးလက်ရာ
(၆၇)

မီးပူကျ အရိပ်အာဝါသ
(၁၂၆)

**နေဝင်းမြင့်**

နက်စ်ကော်ဖီ

(၁၃၃)

ညှပ်စလီ

(၁၄၇)

ထဘီဖွာ လိုပါသေးရဲ့၊ တဘက်ဖွာ လိုပါသေးရဲ့၊

ဘီးနဲ့မှန် လိုပါသေးရဲ့

(၁၆၄)

# သေစာရင်း

■ ကြူးနှစ်

ကျွန်ုပ်တို့၏ ချစ်ခင်လေးစားအပ်သော 'ဦးရွှေရ' သည် (  .၅.၉၈)နေ့က သူ့ရဲ့ ချစ်သူ ခင်သူ လေးစားသူအပေါင်းနှင့် ၅၆ နှစ်တာ နီးပါးမျှ သူ ခိုတွယ်ကပ်၍ နေထိုင်ခဲ့သော ကမ္ဘာကြီးကို ကျောခိုင်းလျက် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားခဲ့ရှာပြီ ဖြစ်ပေသည်။ ဦးရွှေရသည် နှစ်အတန်ကြာမျှ သူ၏ မိသားစုနှင့်အတူ ပျော်ရွှင်စွာ (ရုံဖန်ရုံခါ ပူပန်ကြီးစွာ) နေထိုင်ခဲ့သော (---) မြို့နယ်၊ တိုင်းလုံးချမ်းသာရပ်ကွက် ဘောဂလမ်းသွယ် ၁၆၊ အမှတ် ၉ နေအိမ်တွင် ကိုးဆယ့်ခြောက်ပါးသော ရောဂါ၊ ဝေဒနာဖြင့် ဆုံးပါးခဲ့ခြင်းဖြစ်ပြီး ၎င်းကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခွေးမ၊ သားသမီး ၅ ယောက်၊ မြေးတစ်ယောက်တို့ ကျန်ရစ်ခဲ့ကြ၏။ သူ အနိစ္စရောက်သော သတင်းကြောင့် သူနေထိုင်ရာ တိုင်းလုံးချမ်းသာ ရပ်ကွက်ဝန်းကျင်ရှိ ပြည်တော်အေးရပ်ကွက်၊ အောင်ပြည့်စုံရပ်ကွက်၊ ရန်အောင်အေးမြ ရပ်ကွက်၊ မနုသိဒ္ဓိရပ်ကွက်တို့မှ လူထုကြီးတစ်ရပ်လုံးသည် ကြီးစွာသော မြေငလျင်ဘေးဒဏ်ကို ရင်ဆိုင်ရအံ့ဆဲဆဲအခြေအနေတစ်ရပ်နှင့် ကြုံတွေ့ရင်ဆိုင်ကြရသကဲ့သို့ တုန်လှုပ်ချောက်ချားသွားခဲ့ကြပါသည်။ သူသေဆုံးသွားသဖြင့် ကျွန်ုပ်တို့အပါအဝင် လူသားပေါင်းများစွာသည် နေလနှစ်ပါး

ကွယ်ပျောက်သွားသည့်နှယ် အားငယ်စိုးရွံ့စွာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ သည်းခြေပျက်မတတ် ပျာယာခတ်ကုန်သည်။ ရင်ဘတ်စည်တီး ရှိက်ကြီးတငင် ငိုကြွေးကြသည်။ မူးတူးမင်တင် ကယောင်ကယင်နှင့် မှင်တက်မိနေကြောင်သူတွေလည်း မရှားပေ။ စိတ်နောက် ရူးသွပ်နေသူများကဲ့သို့လည်းကောင်း၊ စိတ်ကို ပြောင်းလဲစေသော မူးယစ်ဆေးဝါး စွဲလမ်းခဲ့ရာမှ ရုတ်ခြည်းဆေးဖြတ်လိုက်သူများ ကဲ့သို့လည်းကောင်း၊ မျက်စိနောက်ဖွယ် ဂနာမငြိမ်ဖြစ်နေသူ အများအပြားကို ကျွန်ုပ်တို့ စိတ်မကောင်းခြင်းကြီးစွာဖြင့် တွေ့မြင်ကြုံဆုံနေကြပါသည်။

ဦးရွှေရ ကွယ်လွန်ပြီးသောအခါ ဓနသိဒ္ဓိရပ်ကွက်မှ လက်ဖက်ရည်ဆိုင်ရှင်တစ်ဦးက "အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုကြီးပဲဟေ့" ဟု ညည်းညည်းညူညူရေရွတ်ခဲ့သည်။

ကျွန်ုပ်၏ အိမ်နီးချင်း ဆံသဆရာကြီးကလည်း "ဒီလူကြီးသေသွားတာဟာ ငါတို့မြို့နယ်တွင်းမှာ ကွက်လပ်အပေါက်ကြီး တစ်ခုဖြစ်သွားတာပဲ။ အဲသည့်အတွက် ဘယ်သူနဲ့ ဘယ်အရာနဲ့ အစားထိုးရပါ့မလဲကွာ" ဟု မြည်တမ်းရေရွတ်ခဲ့သည်။

တိုင်းလုံးချမ်းသာ ရပ်ကွက်ထဲတွင် တိတ်တိတ်ပုန်း အပေါင်ခံစားသည့် အပျိုကြီးကမူ ဦးရွှေရ၏ နာရေးသတင်းကို ကြားသည်နှင့် "ဟယ် ဒုက္ခပါပဲတော်" ဟု အဇာတမြူစစ်ပွဲကြီးသတင်းကြောညာသံကို ကြားလိုက်ရသကဲ့သို့ အော်ကြီးဟစ်ကျယ် ညည်းတွားလိုက်လေတော့သည်။

အမှန်ပင်ဖြစ်သည်။ ဦးရွှေရ ဆုံးပါးကွယ်လွန်ခြင်းသည် ကျွန်ုပ်တို့အတွက် အစားထိုးမရသည့် ရောမဆုံးရှုံးမှုကြီးတစ်ရပ် အမှန်ပင်ဖြစ်သည်။ ဖာထေးရန်ခက်ခဲလှသည့် အကွဲအဟကြီး တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့်လည်းပဲ ကျွန်ုပ်တို့သည် ဦးရွှေရ သေလွန်ခြင်းကြောင့် သူ၏မိသားစုနှင့် ထပ်တူထပ်မျှ တသကြေကွဲမိခဲ့ကြပေသည်။ လှိုင်း

လေထန်သည်းလျက်ရှိသော ပင်လယ်ပြင်ဝယ် ရွက်တိုင်ကျိုးပြတ်လဲကျသွားသည်နှင့် ကြုံတွေ့ကြရသည့် လှေထိုးသမားများနှယ် ဝမ်းနည်းပက်လက် မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ကြရပေသည်။

သေဆုံးကြသူများကို နှစ်မျိုးခွဲခြား၍ရသည်။ တစ်မျိုးသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းမျိုးဖြင့် လူ့လောကတွင် နေထိုင်အသက်ရှင်ခဲ့သူဖြစ်သည်။ နောက်တစ်မျိုးမှာ လူ့အကျိုး လောကအကျိုးတို့ကို ဖျက်ဆီးသော နည်းလမ်းများဖြင့် အသက်မွေးသွားကြသော (ပမာအားဖြင့် ဘိန်းခန်းထောင်စားသူ) အဖျက်ခာတ်ကြီးစိုးနေကြသူများ ဖြစ်သည်။ ဦးရွှေရသည် ပထမလူမျိုးစားဖြစ်ကာ သူသည် မကွယ်လွန်မီ ရက်ပိုင်းအလိုကာလအထိ လူ့အဖွဲ့အစည်းအတွက် ထူးကဲမွန်မြတ်သော လူသားအကျိုးပြုလုပ်ငန်းတစ်ခုကို တစိုက်မတ်မတ် စွမ်းစွမ်းတမံ ထမ်းရွက်သွားခဲ့သူ လူမွန်လူကောင်းကြီးတစ်ဦးပင် ဖြစ်လေသည်။

ကျွန်ုပ်တို့အတွက် ဦးရွှေရတစ်ယောက် နှစ်ပေါင်းများစွာ ထမ်းဆောင်ဖြည့်ဆည်းပေးခဲ့သည့် လူမှုတာဝန်ကြီးကို ယခုအခါ မည်သူသည် ဦးရွှေရကဲ့သို့သော တည်ကြည်ဖြောင့်မတ်သည့် စိတ်ထားနှလုံးသားမျိုးဖြင့် ဆက်လက်ထမ်းရွက်ပါမည်နည်း။ ဤမေးခွန်းအဖြေကို ယခုအခါ ကျွန်ုပ်တို့သည် တွေးတောကြံရုံမျှမက အချင်းချင်းတိုင်ပင်ညှိနှိုင်း မှန်းဆရှာဖွေ ရတက်မအေးနိုင်အောင် ဗျာများနေကြရပေတော့သည်။

ကျွန်ုပ်တို့သည် ချစ်ခင်လေးစားအပ်သော ဦးရွှေရ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်ကို သုသာန်တစသချိုင်းဝသို့ ပို့ဆောင်ရန် အသုဘအိမ်သို့ ညှိုးငယ်သော မျက်နှာထားကိုယ်စီဖြင့် တစုတဝေးကြီး ရောက်ရှိသွားကြသည်။ ကျွန်ုပ်တို့၏ တုန္ထိုင်းစရာမဲ့အောင် ကျိုးကုပ် ရိုးသားလှ

**အညာ အဘွားတော်ကြီး** ဦးရွှေရ သက်ရှိထင်ရှား ရှိခဲ့စဉ်တုန်းကမူ ကျွန်ုပ်**တို့သည် သူ၏**နုံချာသိမ်ငယ်လှသော ခနိမိုး၊ ထရံကာ အိမ်ငယ်ကလေး**ဆီသို့ တစ်ကြိမ်**တစ်ခါမျှပင် ခြေဦးမလှည့်ဖူးကြပါ။ ထို့အတွက် တမလွန်မှ ဦးရွှေရက ခွင့်လွှတ်နားလည်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် သေးငယ်လှသော အိမ်ရှေ့မျက်နှာစာရှိ သေးငယ်သော ကနားဖျင်းအောက်မှ မြေပြင်ပေါ်မှာ ခင်းကျင်းထားသည့် နီးကြောဖျာကြမ်းကြီးများပေါ်တွင် စုဝေး၍ ထိုင်ခဲ့ကြသည်။ ကျန်ရစ်သူ မိသားစုဝင်များ၏ ညှိုးရော်သော မျက်နှာများကို လှမ်းကြည့်ခဲ့ကြသည်။ နွမ်းပါးသော အိမ်အပြင်အဆင်ကိုလည်း ကျွန်ုပ်တို့ပင့်သက် တရှိုက်ရှိုက်ဖြင့် ငေးကြည့်မိကြသည်။ ကျွန်ုပ်တို့၏ ချစ်ခင်လေးစားအပ်သော လူမှုသူရဲကောင်းကြီး ဦးရွှေရသည် ဤစုတ်တီစုတ်ချာ အိမ်ငယ်ကလေးတွင် နှစ်ပေါင်းများစွာ ရိုးသားမှုကို ရှုရှိုက်စားသောက်လျက် အသက်ရှင်နေထိုင်သွားခဲ့ကြောင်း ကျွန်ုပ်တို့ အမှတ်တရ ထင်မြင်လာမိသည်။

ယခုသော်ကား ထိုလူသားကြီးသည် သူ၏ရိုးသားမှု ဂုဏ်သရေကို ရွှေပေါ်ခပ်ကြမ်းကြမ်း ထိုးထားသဖြင့် ဖြုတ်ထနေသော ကုက္ကိုသားပျဉ်ချပ်များအလုံပိတ်ထားခဲ့သည့် လက်ဖြစ်ခေါင်း သေတ္တာထဲတွင် သူ၏အေးစက်လှသော လက်ချောင်းလက်မောင်းများဖြင့် သိမ်းဖက်ပွေ့ပိုက်လျက် ငြိမ်သက်စွာ လဲလျောင်းနေခဲ့ပေပြီ။ ပန်းစက္ကူများ ကပ်ထားဟန်ဖြစ်ကတတ်ဆန်းနိုင်ခြင်းတို့မှာ ဤမျှ မွန်မြတ်သော အရေးပါသော ပုဂ္ဂိုလ်ကြီးနှင့် မလိုက်ဖက်ဟု ကျွန်ုပ်တို့ ယူဆမိကြသည်။

"သူဟာ အလွန်မာချာခဲ့တဲ့လူပါ။ နွားတစ်ကောင်လိုလည်း အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ ကြောင်တစ်ကောင်လိုလည်း အစားနည်းခဲ့ပါတယ်။ သူဟာ မိကျောင်းတစ်ကောင်လို လောဘသဏ္ဍာယ

မကြီးခဲ့ပါဘူး"

အသုဘရှု ပရိသတ်ထဲမှာ တစ်ယောက်သောသူက ကွယ်လွန်သူ၏ အတုယူဖွယ် အကျင့်စရိုက်ကို ချီးကျူးဖော်ထုတ်သည်။

"ဟုတ်ပါတယ်၊ ကိုရွှေရဟာ ကျွန်မတို့တစ်တွေကို သုံးဆယ့်ငါးနှစ်လုံးလုံး ကြက်သားအုပ်မကြီးတစ်ကောင်လို ရှာဖွေကျွေးမွေးခဲ့ပါတယ်" ဟု ကွယ်လွန်သူ၏ဇနီး မည်းကြုတ်ပိန်လှီသည့် မိန်းမကြီးက ဆွေးမြည့်တသဟန်ဖြင့် တိုးတိုးညှင်းညှင်း ဝင်ပြောပါသည်။

"ဦးရွှေရရဲ့ မာန်မာန ကင်းမဲ့ပုံ၊ ထကြွလုံ့လရှိပုံ၊ အနေအထိုင်အေးချမ်းတည်ကြည်ပုံတွေကို ကျုပ်တို့အားလုံး အတုယူထားသင့်ပါတယ်"

အငြိမ်းစား ကျောင်းအုပ်ဆရာအိုကြီးတစ်ဦးက လမ်းပေါ်မှာလက်ပွေ့သတင်းစာရောင်းသမားလို လည်ချောင်းသံဖြင့် အော်ပြောခဲ့သည်။

"အဖေ အသက်ထွက်သွားပုံက ညင်သာလွန်းလို့ ကျွန်မတို့ဖြင့် အဖေအိပ်ပျော်သွားတယ်လို့ပဲ မှတ်ခဲ့ကြတယ်ရှင့်" ဟု သေသူ၏ အကြီးဆုံးသမီးက အိမ်ရှေ့ကနားဖျင်းအလွန်ရှိ အလောင်းစင်ဆီသို့ လှမ်းကြည့်ကာ သူမ၏ဖခင်အိပ်ပျော်ရာမှ လန့်နိုးသွားမှာကို စိုးရိမ်သည့်မျက်နှာထားမျိုးဖြင့် ပြောပါသေးသည်။

ကျွန်ုပ်တို့သည် ခနော်ခနဲ့ခေါင်းသေတ္တာဆီသို့ ငေးမျှော်ကြည့်မိကြသည်။ သက်ပြင်းတွေမှုတ်ထုတ်မိကြသည်။ ဦးရွှေရသည် ခေါင်းသေတ္တာထဲမှာ မရှိဘဲ ကျွန်ုပ်တို့တစ်တွေကြားမှာ ရှိနေသည်ဟု ယောင်မှားထင်မြင်မိကြပါသည်။ ဤသို့ ထင်မြင်မိရာကနေ ကျွန်ုပ်တို့သည် ဦးရွှေရ၏ အောက်မေ့တမ်းတဖွယ် ရုပ်ပုံလွှာကို မြင်ယောင်လာမိကြပြန်သည်။

ရှိသမျှဆံပင်၏ လေးချိုးသုံးချိုးခန့် ဖွေးဆွတ်နေသော ဦးခေါင်းကို

အဝတ်ဦးထုပ်စုတ်တစ်လုံးက အမြဲလိုလို နေဒဏ်နှင့်မိုးဒဏ်မှ ကာကွယ်ပေးထားသည်။ မျက်နှာနှင့်ခြေလက်တို့၏ အရောင်အသွေးမှာ ဆင်တူဖြစ်သည်။ ညိုမွဲမွဲချောပြောင်နေသည်။ ပခုံး ဒေါက်နှစ်ဖက်ပါရှိသည့် နဂိုမူရင်း မီးခိုးရောင်ဖြစ်သော ရုပ်အင်္ကျီမှာ နေစား၊ ဆပ်ပြာစား၊ ချွေးစား၍ ဖြူရော်ကာ ဖာရာထေးရာ တင်းကြမ်းပြည့်နေသည်။ တိုနံ့နံ့စည်းထားသည့် လုံကွင်းသည်လည်း မြင်ရုံမျှဖြင့် ဆွေးရိဆုတ်ပြဲလုလု ဖြစ်နေမှန်းသိသာသည်။ ဖိနပ်မပါသော ခြေထောက်တွေမှာ အရုပ်ဆိုး ခြေသည်းရှည်ကြီးတွေကြောင့် မီးမြိုက်ထားသည့် ကြက်ခြေထောက်များနှင့် တူသယောင်ယောင်ထင်ရသည်။

သူ၏ မျက်နှာပေါက်မှာ နာမည်ကျော် အိန္ဒိယရုပ်ရှင်သရုပ်ဆောင် 'ဂျက်ကီရှရော့ဖ်' နှင့်တူသည်။ တစ်ခုတော့ကွာသည်။ ကုလားမင်းသား၏ နှုတ်ခမ်းမွေးက မည်းနက်၍ ဦးရွှေရ နှုတ်ခမ်းမွေးက ဖြူရော်ကြောင်ကျားနေခြင်းပဲဖြစ်သည်။ ပါးစပ်ဟာလိုက်လျှင် လပ်ဟာနေကြသည့် ရှေ့သွားသုံးချောင်း၏ ကွက်လပ်သုံးခုကို မြင်တွေ့ရပေမည်။

သူ၏ ပုံပန်းသွင်ပြင်နှင့် သူ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ သဟဇာတ ဖြစ်နေသည်။ သူ၏လုပ်ငန်းက ရုံးအုပ်ကြီးတစ်ယောက်ကဲ့သို့ ဝတ်စားဆင်ယင်ရန် ခွင့်မပြုပေ။ သူ၏ဘဝက သူ၏ရုပ်ခန္ဓာကို ဖော်ပြပါအတိုင်း စည်းမျဉ်းတင်းကျပ်စွာဖြင့် ပုံဖော်ထားပေသည်။ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် လမ်းပေါ်၌ သူလျှောက်သွား နေစဉ် သူ၏ ပခုံးတစ်ဖက်ပေါ်တွင် အရိုးအလျား သုံးပေကျော်ခန့်ရှိသည့် ပေါက်တူးအို တစ်လက်ပါရှိတတ်သည်။ ပေါက်တူးသွားအနီးတွင် ပေါက်တူးရိုးကိုလျှို၍ ဆွဲပုံးငယ်တစ်ခုကို ချိတ်ဆွဲထားသည်။ မော်တော်ကား တာယာဟောင်းမှ လုပ်ယူသည့် ဆွဲပုံးဖြစ်သည်။

ကျွန်ုပ်တို့သည် ဘဝရပ်တည်မှုအတွက် မင်၊ ကလောင်၊ စက္ကူဖြူ

တို့ကို တခမ်းတနား ကိုင်စွဲထားကြသည်။ ဦးရွှေရသည်ကား သူ၏ ဘဝရပ်တည်မှုအတွက် ပေါက်တူးအိုတစ်လက်နှင့် ဟောင်းမြင်းလှသည့် ကြက်ပေါင်စေးဆွဲပုံးကို လူရိုင်းစစ်သည်တော်တစ်ဦးက လှံတိုနှင့် ဒိုင်းကို တမြတ်တနိုး ကိုင်ဆွဲထားသလို ကိုင်စွဲထားခဲ့သည်။ ဦးရွှေရ၏ လက်စွဲကိရိယာနှစ်ခုသည် သူ၏မိသားစုအတွက် စားစရာ ထမင်းကို ရှာဖွေရယူပေးသည်။ အလွန်သန့်စင်သော လက်စွဲကိရိယာနှစ်ခုပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ မင်၊ ကလောင်နှင့် စက္ကူဖြူတို့ကား ထာဝစဉ် ရှင်သန်နေခြင်းမရှိ။ ရံဖန်ရံခါ အဝိဇ္ဇာ အညစ်အကြေးများကို ခွေးတစ်ကောင်၏ နှုတ်သီးနှယ် ထိုးဆွ ဆွဲဟပ်လေ့ရှိကြသည်။

ကျွန်ုပ်တို့၏ ဘိုးဘွားလူကြီးသူမများသည် အိမ်ရှေ့လမ်းမ၏ သပ်ရပ်သန့်ရှင်းမှုကို ဦးစားပေးလေ့ရှိကြပါသည်။ လမ်းကို မျက်နှာမူထားကြသော နေအိမ်များ၏ မျက်နှာစာတွင် ရေနုတ်မြောင်းထားခဲ့သည်။ သာမန်အားဖြင့် လမ်းငယ်နှင့် လမ်းကြားတွင် ကျောချင်းဆိုင် အိမ်တန်းနှစ်တန်း ရှိတတ်သည်။ ထိုအိမ်တန်းနှစ်တန်းကြားတွင် 'နောက်ဖေးလမ်းကြား'ခေါ် မည်သူမျှ မပိုင်ဆိုင်ဘဲ နိုင်ငံတော်က ပိုင်သည့် ကွက်လပ်ရှည်ရှိတတ်သည်။ 'မက်ထရိုပိုလီတန်'လို မြို့ကြီးပြကြီးမျိုးတွင် ထိုလမ်းကြားကွက်လပ်၌ အမှိုက်ပုံးများရှိကြကာ သက်ဆိုင်ရာဝန်ထမ်းတွေက ယာဉ်အမျိုးမျိုးဖြင့် ဝင်လာကြပြီး အမှိုက်များကို သိမ်းယူသွားကြသည်။ ထိုလမ်းကြားတွင် ရေဆိုးမြောင်းများလည်း စနစ်တကျ ရှိနေတတ်ကြသည်။

ကျွန်ုပ်တို့၏ မြို့သိမ်၊ မြို့ငယ်ကလေးကား 'မက်ထရို' မြို့ပြ မဟုတ်၍ နောက်ဖေးလမ်းကြားတွင် အမှိုက်ပုံးမရှိ။ အမှိုက်သိမ်းကားလည်း မလာ။ ရေနုတ်မြောင်းလည်း တူးဖော်မထားခဲ့။ မြို့စတည်ကတည်းက ကျွန်ုပ်တို့သည် နောက်ဖေးလမ်းကြား ကွက်လပ်မြေပေါ်သို့

အမှိုက်သရိုက်များကို စိတ်တိုင်းကျ စွန့်ပစ်လွှင့်ကြဲကြသည်။ ကြွက်သေကောင်များကို လွှင့်ပစ်ကြသည်။

ကျွန်ုပ်တို့၏ မြို့သေးမြို့မွှားကလေးကား မြစ်ချောင်းအင်းအိုင်ထူပြောသည့် မြစ်ဝကျွန်းပေါ် မြေနိမ့်ပိုင်းဒေသတစ်ခုအတွင်းမှာ တည်ရှိသည်ဖြစ်၍ ကမ္ဘာအရပ်ရပ်ရှိ အခြားမြေနိမ့်ပိုင်းဒေသများနည်းတူ မိုးဥတုကာလများတွင် မြေပြင်တစ်ဝန်း ရေဖုံးလွှမ်းနေလေ့ရှိသည်။ ထိုအခါ ဖော်ပြပါ နောက်ဖေးလမ်းကြားမှ အညစ်အကြေးများ မျောပါနေသည့် ရေများက နောက်ဖေးလမ်းကြားသို့ စီးသည့်အခါ စီးသည်။ အိမ်ရှေ့ရေမြောင်းမှ လျှံထွက်သောရေများက နောက်ဖေးလမ်းကြားသို့ စီးသည့်အခါစီးသည်။ ရှင်းအောင်ပြောရလျှင် နောက်ဖေးလမ်းကြားမှ အပုပ်အစပ် အညစ်အပတ်များသည် မိုးရာသီတွင် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ပျော်ဝင်သွားကြကာ သန့်ရှင်းသော မြေပြင်ကို ညစ်ထေးစေလျက် နဂိုညစ်ထေးသည့် မြေပြင်ကို ပိုမိုညစ်ထေးစေသည်ဟုသာ ဆိုရချိမ့်မည်သာ။

ကျွန်ုပ်တို့၏ နောက်ဖေးလမ်းကြားကို ပိုမိုညစ်နောက်ကျိစေသည့် အရာများကို ဖော်ပြရဦးမည်။ ယင်းတို့ကား ကျွန်ုပ်တို့၏ ရေအိမ်များဖြစ်ကြသည်။ လူထု၏ ကျန်းမာသန့်ရှင်း ရောဂါကင်းရေးအတွက် သက်ဆိုင်ရာမှ ယင်လုံရေလောင်းအိမ်သာများ အသုံးပြုတည်ဆောက်ကြရန် ဆော်ဩတိုက်တွန်းခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် ယင်လုံရေလောင်းအိမ်သာများ တည်ဆောက်ထားခဲ့ကြပါသည်။ သို့သော် ကျန်းမာသန့်ရှင်းရောဂါကင်းရန် ရည်ရွယ်ချက်ကား မပြည့်ဝခဲ့ပါ။

လုံခြုံခိုင်ခံ့၍ နှစ်ရှည်ခံသော အိမ်သာတစ်လုံးအတွက် 'ဆားဗစ်ကျင်း'ဟု ခေါ်ကြသော မြေကျင်းခပ်နက်နက်တစ်ကျင်း တူးဖော်ရမည်ဖြစ်သည်။ ကျင်းနံရံမှ မြေသားများ ပြိုမကျစေရန် အင်္ဂတေခွေဖြစ်စေ၊

သွပ်ပြားခွေဖြစ်စေ၊ ဝါးခြမ်းခွေဖြစ်စေ၊ ကျင်းအတွင်းပိုင်းမှ ကာရံထားရမည်ဖြစ်သည်။ ကျင်းအပေါ်ဘက်မှလည်း လုံခြုံသော အမိုးအကာတစ်ခုအုပ်ထားရမည်ဖြစ်သည်။ ပြဿနာမှာ 'ဆားဗစ်ကျင်း' တူးဖော်သည့်နေရာ၌ ဖြစ်သည်။

ကျွန်ုပ်တို့၏ အရပ်ဒေသမှ မြေသား နုန်းတင်မြေနုမျိုးဖြစ်၍ အစိုဓာတ်(ရေ)ပါဝင် နှုန်းများပြားသည်။ အနက်လေးပေခန့် တူးမိသည်နှင့် ရေတသွင်သွင် စီးထွက်လာတော့သည်။ ပို၍နက်လာလေ ရေအထွက်ပိုလာပြီး ကျင်းတူးသူမှာ ရေမွန်းမတတ်ဖြစ်လာသည်။ ထို့ကြောင့် ကျင်းနက်နက်တူးလိုလျှင် ရေစုပ်စက်တစ်ခု လိုအပ်သည်။ မြေအပေါ်လွှာမှ ရေဓာတ်ကုန်စင်အောင် စုပ်ထုတ်ပစ်နိုင်ရမည်။ သို့မှသာ အလိုရှိသော ဆားဗစ်ကျင်းမျိုးရမည်။ ထိုကျင်းထဲသို့ ခွေတစ်မျိုးမျိုးချ၍ အပေါ်မှ လုံခြုံအောင် ဖုံးအုပ်ထားနိုင်လျှင် ကျန်းမာရေးဌာနအကြိုက် ယင်လုံအိမ်သာဆောက်နိုင်ပြီ။

သို့ရာတွင် 'ကျန်းမာရေး' သည် ကျွန်ုပ်တို့၏ 'ဦးစားပေး ရွေးချယ်မှု' များထဲတွင် ထိပ်ဆုံးအဆင့်က မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အိမ်သာကျင်းနက်နက် မတူးကြ။ မြေနံရံမပြိုအောင် မဖုံးကြ။ အဖုံးလည်း လုံအောင်မဖုံးကြ၊ ထို့ကြောင့် မိုးရာသီတွင် အိမ်သာကျင်းထဲသို့ မိုးရေများ ကျကုန်ကြသည်။

ကျွန်ုပ်တို့ကား ဖော်ပြပါ ဝန်းကျင်ညစ်ညမ်းမှု အခြေအနေမျိုးကို ရှောင်ကွင်းကာကွယ်နိုင်ကြပါသည်။ အိမ်သာကျင်းများ လျှံထွက်မလာရေးအတွက် ကြိုတင်ထိန်းသိမ်းရန် ဝန်မလေးတတ်ကြပါ။ ကျွန်ုပ်တို့အနီးတွင် ချစ်ခင်လေးစားအပ်သော 'ဦးရွှေရ' ရှိနေသည်ပဲ မဟုတ်ပါလား။

ဦးရွှေရ ရောက်ရှိလာပြီးလျှင် အိမ်သာကျင်းထဲမှ လျှံကျသော

မည်းညစ်ပုပ်ပုပ်အရည်များကို သူ၏ဆွဲပုံးဖြင့် ခပ်ယူပြီး နောက်ဖေးလမ်းကြားတွင် သွန်ချပစ်သည်။ ကျင်းထဲသို့ သူ၏ဆွဲပုံးဖြင့် လက်လှမ်းမီသလောက် ငုံ့ကိုင်း၍ အညစ်အကြေးရည်များကို အခေါက်ခေါက်အခါခါ ခပ်ယူစွန့်ပစ်ပြီးနောက် ကျင်းတစ်ဝိုက်ကို တမံတုပ်သကဲ့သို့ မြေသားဖို့သည်။ မြေဖို့ရာတွင် သူ၏လက်စွဲတော် ပေါက်တူးကြီးက အသုံးတော်ခံရရှာသည်။

အိမ်သာတစ်လုံးတွင် ဦးရွှေရတစ်ယောက် သန့်ရှင်းရေးနှင့် ကြွံခိုင်တည်တံ့ရေး လုပ်ကိုင်ဆောင်ရွက်နေပြီဆိုပါစို့၊ သူ့အနီးတစ်ဝိုက် ပေါင်းဆယ်ပတ်လည်အတွင်းဝယ် မည်သည့်အနံ့ဆိုးနှင့်မျှ မတူသော အနံ့ဆိုးများ လွှင့်ဝဲစီးမျောနေပြီသာ မှတ်ရော့။ ကျွန်ုပ်တို့သည် လျှပ်စစ်အားပြတ်နေချိန်တွင် လူသေကောင်များထားရှိရာ အအေးတိုက်ထဲသို့ ရောက်ဖူးခဲ့ကြသည်။ အအေးတိုက်ထဲမှ အနံ့သည်ပင် ဦးရွှေရလုပ်ငန်းခွင်မှ အနံ့လောက် မဆိုးရွားလှချေ။ ထိုသို့သော အနံ့ဆိုးများကြားတွင် အနည်းဆုံးနာရီဝက်မှအကြာဆုံး တစ်နာရီသာသာအထိ မရှုံ့မမဲ့ မညည်းမညူသက်သောင့်သက်သာ အလုပ်လုပ်နိုင်စွမ်းသော ဦးရွှေရ၏ ဖွဲ့သတ္တိမှာ ချီးကျူးဖွယ်ရာပင် မဟုတ်ပါလော။

ဦးရွှေရ အလုပ်လုပ်နေလျှင် ကျွန်ုပ်တို့သည် အဝေးမှသာ လှမ်းကြည့်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားနေလေ့ရှိကြသည်။ အညစ်အကြေးများ ပေကျံနေသော ဦးရွှေရ၏ရုပ်သွင်မှာ ကျောက်မီးသွေးတွင်း လုပ်သားတစ်ဦးကဲ့သို့ မည်းညစ်ပေတူးနေသည်။ သို့ရာတွင် သူသည် ကိတ်မုန့်ဖုတ်သမားတစ်ဦးကဲ့သို့ မွှေးရနံ့များကြားတွင် လှုပ်ရှားနေရသည့်ပမာ လန်းဆန်းပေါ့ပါးနေရသည်။ သူသည် အိမ်သာကိုယ်ထည်အဆောက်အအုံပြုပြင်ဖို့ လိုအပ်လျှင်လည်း စေတနာထက်သန်စွာ ပြုပြင်ပေးဦးမည် ဖြစ်သည်။ ကမုတ်အိုးက ညစ်ပတ်နေလျှင်

လည်း သူက ဂရုတစိုက် တိုက်ချွတ်ဆေးကြောပေးသွားတတ်သည်။

ကျွန်ုပ်တို့၏ အိမ်ရှေ့မှ ရေနုတ်မြောင်းများသည် များသောအားဖြင့် ရေစီးအား မကောင်းဘဲ ရေဆိုးရေညစ် အမှိုက်သရိုက်များ ပိတ်ဆို့ကာ ခြင်နှင့်အခြားဘက်တီးရီးယားပိုးမွှားများ ပေါက်ဖွားရှင်သန်ရာ ဘုံဗိမာန်တွေ ဖြစ်တတ်ကြသည်။ ထိုအခါ ရေနုတ်မြောင်းများ ရှင်းသန့်သွားအောင် ဦးရွှေရကပဲ အားကြိုးမာန်တက် တူးဖော်ရှင်းလင်းပေးသည်။ မြောင်းဖော်ခြင်းကား အိမ်သာဖော်ခြင်းလောက် ပင်ပန်းဆင်းရဲခြင်း ရှိအံ့မထင်ပါ။

လုပ်ငန်းပြီးစီးသွားလျှင် ဦးရွှေရသည် အလုပ်အပ်သူထံမှ အဝတ်လျှော်ဆပ်ပြာကြမ်းတစ်ခဲ တောင်းယူ၍ ရေချိုးသန့်စင်သည်။ (ကျွန်ုပ်တို့စိတ်အထင်ဦးရွှေရသည် သူ၏ အရေပြားတွေ ကွာကျကုန်သည်အထိ ဆပ်ပြာဖြင့် တိုက်ချွတ်ပေဦးတော့၊ သူ၏ ခန္ဓာကိုယ်မွေးညင်းပေါက်များထဲအထိ စိမ့်ဝင်ပျံ့နှံ့နေဟန်ရှိကြသော အကြေးမှုန်ကလေးများကို ကုန်စင်အောင် သုတ်သင်နိုင်လိမ့်မည် မဟုတ်ပါ။) သူတောင်းဆိုသော ဝန်ဆောင်ခမှာ ပုံသေကားချမရှိ။ သို့သော် ကာလပေါက်ဈေး ဆန်ကြမ်းနှစ်ပြည်ဖိုးထက် မလျော့သကဲ့သို့ သုံးပြည်ဖိုးထက်လည်း မပိုနိုင်။ အလုပ်အပ်သူက သဒ္ဓါပေါက်ပြီး အပိုအလျှံ ဖွတ်တရွက်ပေးလျှင်တော့ သူသည် ရက်အားပိုနေသော အပျိုပေါက်မကြီးဟန်ပန်မျိုးဖြင့် ငွေစက္ကူများကို ကတုန်ကယင်လှမ်းယူလေ့ရှိပေသည်။ ကျွန်ုပ်တို့က တစ်ခါတစ်ရံတွင် တစ်ပတ်နွမ်းလုံချည်အင်္ကျီများ ပူဇော်ကန်တော့လျှင်မူ သူက လိုလားစွာ လက်ခံလေ့ရှိသည်။ သူသည် အထက်ဖော်ပြပါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းရင်း မိသားစုကို စောင့်ရှောက်နေခဲ့သည်မှာ ဆယ်စုနှစ် နှစ်စုကျော်ခဲ့ပြီဟုဆိုလျှင် ဆွစ်ဇာလန်မှ ဘဏ်သူဌေးတစ်ယောက်ကြားပါက ယုံတမ်းပုံပြင်ဟုသာ မှတ်ယူပေလိမ့်မည်။

**"ဒီအလုပ်ကို ဘာကြောင့်များ ရွေးချယ်ပြီး စွဲစွဲမြဲမြဲလုပ်နေရသလဲ ဆိုတာ တစ်ဆိတ်လောက် ဖြေကြားပေးစေချင်ပါတယ် ဦးရွှေရ ခင်ဗျား"**

ကျွန်ုပ်တို့သည် တစ်ခါက သူ့ကို ချဉ်းကပ်မေးမြန်းကြည့်ခဲ့ကြသည်။

"ကျုပ်တစ်ခါက မုန့်ဟင်းခါးဆိုင်ကလေးတည်ခဲ့တယ်။ ကျုပ်ရောင်းကောင်းတဲ့အခါကျတော့ အိမ်နီးချင်းတစ်ဦးက မုန့်ဟင်းခါးလိုက်ရောင်းတယ်။ ကျုပ်စက်ရုံတစ်ရုံမှာ အမှုထမ်းခဲ့ဖူးတယ်။ ကျုပ်နေရာက အပိုဝင်ငွေလှိုင်လှိုင်ကြီး ရတယ်လေ၊ အဲဒီတော့ အပိုဝင်ငွေမရတဲ့အကောင်တစ်ကောင်က သက်ဆိုင်ရာကို အကြောင်းကြားပြီး 'ချွန်တွန်း' လုပ်လိုက်တာ ကျုပ် အလုပ်ပြုတ်တဲ့အပြင် ထောင်ကျသွားပါရောလား။ အဲဒီအချိန်ကစလို့ လူတွေရဲ့ ဣဿာမစ္ဆရိယကို ကျုပ် ကြောက်ရွံ့မုန်းသွားခဲ့တယ်။ ဒါကြောင့် ဘယ်သူမှမလုပ်ချင်တဲ့ ဘယ်သူမှ မနာလိုစရာမရှိတဲ့၊ ဘယ်သူမှ ပြိုင်ဘက်မရှိနိုင်တဲ့ အခု အလုပ်ကို ကျုပ်ရွေးချယ်ခဲ့တာပဲ၊ တချို့လူတွေဟာ နိစ္စဓူဝလိုလို ကျုပ်ကိုင်တွယ်နေရတဲ့ ချေးတွေသေးတွေထက် ပိုပြီးရွံစရာကောင်းပါတယ်ဗျာ။

သက်ရှိတစ်ဦး နာကျင်ဆွဲငင်စွာ ညည်းညူသံနှင့်တူသော ကြေးစည်သံက ကျွန်ုပ်တို့၏ ချစ်ခင်လေးစားအပ်သော ဦးရွှေရ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို သုသာန်သို့ ပို့ဆောင်တော့မည့် အချိန်ကျရောက်လာပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ကို တပ်လှန့်နှိုးဆော်နေသည်။ ကျွန်ုပ်တို့သည် မိမိတို့အားကိုးအားထားပြုခဲ့သော ပုဂ္ဂိုလ်ကြီး၏ နောက်ဆုံးခရီးတွင် ဦးညွတ်နှုတ်ဆက်ရန် ခေါင်းသေတ္တာအနီးသို့ တိုးကပ်သွားခဲ့ကြသည်။ ခေါင်းသေတ္တာတင်ထားသော အလောင်းစင်မှဝါးလုံးတိုင်ကို နဖူးဖြင့်မှီ၍ ရှိုက်ငင်ငိုကြွေးနေသူမှာ ဦးရွှေရ၏ ဇနီးပင်ဖြစ်သည်။

"အို ကိုရွှေရရဲ့၊ တော်အိမ်သားတွေကို မျက်နှာလွှဲခဲပစ် ထားခဲ့တော့

သေစာရင်း ၊ ၁၃ ၊

မှာလား"

ကျွန်ုပ်တို့၏ နားအာရုံတွင် 'အိမ်သား'ဟူ၍ မကြားမိဘဲ ယနေ့ထက်တိုင် 'အိမ်သာ' ဟူ၍သာ ကြားယောင်လျက် ရှိနေကြပါသည်။

ကြူးနှစ် (ဝတ္ထုတိုအချိုအဝက်)

❑

# အချစ်၏ အဓိပ္ပာယ်အမှန်

■ ကြူးနှစ်

ဝေးလံလှစွာသောအရပ်မှာ မွေးရာပါ သာမန်မျက်စိဖြင့် မကြည့်နိုင်လောက်အောင် ထိန်လက်ဝင်းတောက်ကောင်း ဝင်းတောက်နေမည့်လမင်း၏ လင်းရောင်ခြည် ကွန်ရက်မှ အနားသား အစွန်းအစအချို့သည် မိုင်အသချေ်ကို ဖြတ်သန်းဟန်ပြုလျက် မြင့်မားသော ခေါင်မိုးတံစက်မြိတ်အောက်မှ လျှိုဝင်၊ သံမဏိနီးပါး မာကျောမည့် (6x3) လက်မထု ရှိသော ပျဉ်းကတိုး သစ်သားဘားတန်းများကို ဖြတ်ကျော်ကာသောကမီးဖြင့် ပူလောင်နေသည့် သူ၏ရင်အုံဆီသို့ အေးမြပါးလွှစွာသက်ဆင်းနေသည်ကို သူက မှောင်ရိပ်မှာ ကွယ်နေသော မျက်လုံးအစုံဖြင့် မလိုမုန်းထားစွာ ကြည့်ဖြစ်နေခဲ့၏။ သူ၏ ၂၆ နှစ်ဟူသော သက်တမ်းတစ်လျှောက် ဖျော့တော့သော်လည်း ခွန်အားတစ်မျိုးသက်ဝင်နေသည့်လရောင်အလင်းအပေါ် ဒေါမနဿပွားမိခြင်းမှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်ဖို့ သေချာသည်။ သူသာ ယခုအချိန်မှာ စိတ်တည်ငြိမ်ကြည်လင်နေခဲ့မည်ဆိုလျှင် လမင်းကို မြင်တွေ့ခွင့်မရှိသော်လည်း လရောင်သဲ့သဲ့ကို ခံယူနိုင်သေးသည့် သူ့ဘဝအနေအထားနှင့်ယှဉ်၍ တစ်မျိုးတစ်မည် ပြောင်းလဲတွေးခေါ်မှတ်ယူနိုင်ခဲ့လိမ့်မည်။ အနည်းဆုံး ရိုးရှင်း

ပေါ်လွင်စွာဖြင့် ... (ညဆိုတာ အမြဲတမ်း မမှောင်ဘူး။ လရောင် ရှိတယ်။ ကြယ်ရောင်ရှိတယ်။ လူတွေဖန်တီးထားတဲ့ လျှပ်စစ်မီးရောင်တွေလည်း ရှိတယ်။ လူ့ဘဝမှာလည်း ဆင်းရဲဒုက္ခ အကျဉ်းအကျပ်ဆိုတာ ထာဝရ မဟုတ်ဘူး။ ချမ်းသာသုခရဲ့ အလှည့်ရှိတယ်။ အကျဉ်းအကျပ်ထဲမှာပေမဲ့ အသက်ဝဝရှူနိုင်အောင် အခုငါ့ ကိုယ်ပေါ်ကို လရောင်ဖြာကျလာသလို အောက်စီဂျင်ပြည့်တင်းတဲ့ လေပြည်လေညင်းရောက်လာနိုင်တယ်။ ငါ လွတ်မြောက်တဲ့အချိန်မှာ အခုကျရောက်နေတဲ့ အချုပ်နှောင်ဟာ ထာဝရ မဟုတ်ဘဲ တဒင်္ဂခဏဆိုတာ ပြန်သတိရလာမယ်။ တစ်နည်းအားဖြင့် ငါ့ရဲ့ ပစ္စက္ခဘဝ အစိတ်အပိုင်းဟာ အဲ ဟိုအချိန်ကျရင် အပ်မက်ဆိုးတစ်ခု ရဲ့ အပိုင်းအစကလေးသာ ဖြစ်နေရလိမ့်မယ်။ ကြည့်လေ ... လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ငါတို့မိသားစုဟာ လေမုန်တိုင်းကျတဲ့ ညတစ်ညမှာ ကြောက်ရွံ့တုန်လှုပ်စွာနဲ့ ဒီမုန်တိုင်းကြီးဟာ ဘယ်တော့မှ မစဲမရပ်တော့ ဘူးလို့ သွေးရူးသွေးတန်း တွေးခဲ့မိကြတယ်။ အခု ပြန်စဉ်းစားကြည့်စမ်း။ အဲဒီညက အိပ်မက်ဆိုးတစ်ခုရဲ့အပိုင်းအစကလေးမျှသာ ဖြစ်နေတယ်။ လတ်တလောကာလမှာလည်း ငါဟာ အိပ်မက်ဆိုးမက်နေတာပဲလို့ ခံစား မှတ်ယူသင့်တယ်။ ငါနိုးထတာနဲ့ ဒီအိပ်မက်ဆိုးဟာ မနေ့တစ်နေ့က ကျပျောက်ခဲ့တဲ့ ငွေကလေး တစ်ကျပ်ကို မေ့သွားသလို ငါ့မှတ်မိဉာဏ် ထဲကနေ ပျောက်ကွယ်သွားမှာပဲ ...) ဟု ဖြေသိမ့်တွေးဖြင့် ကိုယ့်ရင်နှလုံး ကို ကိုယ့်ဘာသာ ငြိမ်းအေးစေနိုင်ခဲ့လိမ့်မည်။

သို့ရာတွင် သူ့အနီးမှ ဣန္ဒာရုံမဲ့ အနံ့အသက်များ၊ သားရိုင်း သတ္တဝါဆန်ဆန် ဟောက်သံများ၊ ယောင်ယမ်းရေရွတ်သံများနှင့် သစ်သားဘားတန်းများ အပြင်ဘက်စင်္ကြံမှာ တစ္ဆေတွေလို လမ်းလျှောက် နေသော လူရိပ်များက သူ့ကို လက်တွေ့ဘဝမှန် နယ်နိမိတ်ထဲမှ ပြင်ပသို့ ပြူရုံမျှပင် ပြူမထွက်နိုင်အောင် ချုပ်ချယ်ဟန့်တားထားကြ၏။ လွန်ခဲ့

**သောရက်ပေါင်း** ၁၈၀ ကျော်အတွင်း၌ သူ့ဘဝကို ရေဒလဟောဝင်၍ **နှစ်**မြုပ်လုဆဲဆဲ သင်္ဘောတစ်စင်းလို သူမြင်ထားခဲ့သောအစွဲသည် သူ့အသိဉာဏ်ကို လုံးလုံးလျားလျားနီးပါး စိုးမိုးနေသည်။ သင်္ဘော နှစ်မြုပ်သွားလျှင် သူ အသက်ဆက်ရှင်ဖို့ ရေကူးရုံသာရှိတော့သည်ဟု သူကြိုတွေးထားခဲ့၏။ ရေနစ်၍မသေမီ အစွမ်းကုန် ကူးခပ်နေရမည်ဟု သူနားလည်ထားသလို မသေခင်မှာတော့ ကောက်ရိုးတစ်မျှင်ဖြစ်ဖြစ် လှမ်း ဆွဲမည်ဟု သူစိတ်ကူးလိုက်၏။

တရားသူကြီးမင်းကို အမှုထား၍ ....

နှစ်ဖက်သော ရှေ့နေရှေ့ရပ်များ၊ မှုခင်းဆိုင်ရာ တာဝန်ရှိရဲတပ်ဖွဲ့ ဝင်များ၊ တရားလို တရားခံပြသက်သေများ၊ သေမှုသေခင်းဆိုင်ရာ ဆရာဝန်ကြီး၊ ကြွရောက်လေ့လာကြသော ဥပဒေပညာရှင်များနဲ့ ဥပဒေ ဝန်ထမ်းများ၊ ဥပဒေအထူးပြုကျောင်းသူ၊ ကျောင်းသားများ၊ ဒီအမှုကို စိတ်ဝင်စားစွာ လာရောက်လေ့လာကြတဲ့ ရဟန်းရှင်လူ လုပ်သား ပြည်သူ အပေါင်းတို့ခင်ဗျား ...

ပြစ်ဒဏ်စီရင်ခြင်းခံရတော့မယ့်ဆဲဆဲ ဒီအမှုရဲ့ တရားခံ ကျွန်တော့် နာမည် မောင်စိုးဝေဖြစ်ပါတယ်။ ကျွန်တော့်ဖခင်ဟာ အစိုးရဝန်ထမ်း ဟောင်း၊ အငြိမ်းစားဦးပို ဖြစ်ပါတယ်။ မိခင်ကတော့ နက္ခတ္တသျှတ္တရ ဆရာမကြီး ဒေါ်ကုမ္မာရီအမည်ခံ ဒေါ်ကြည်တင့် ဖြစ်ပါတယ်။ ကျွန်တော် ဟာ သားသမီး ၆ ယောက်မှာ အကြီးဆုံးသားကြီး ဩရသ ဖြစ်ပါတယ်။ ကျွန်တော်က (...) ဌာန လက်အောက်ခံစက်ရုံမှာ ပစ္စည်းထိန်းအဖြစ် နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်းပါ။

တရားသူကြီးမင်းခင်ဗျား .. ကျွန်တော်ဟာ ကျွန်တော့်ကြောင့် ကွယ်လွန်ခဲ့သူ ဒေါ်စိန်ရွှေရဲ့သမီး ဥမ္မာထွန်းရဲ့ တရားဝင် ခင်ပွန်းဖြစ်ပြီး ကျွန်တော်တို့မှာ နှစ်နှစ်ရွယ်သမီးကလေး မျိုးမူယာဓေ ရှိပါတယ်။ အခင်း

ဖြစ်ပွားခဲ့ချိန်မှာ ကျွန်တော်ဟာ မုဆိုးမ ဒေါ်စိန်ရွှေ ပိုင်ဆိုင်တဲ့နေအိမ်မှာ မိသားစုနဲ့အတူ နေထိုင်ခဲ့ပါတယ်။ ကွယ်လွန်သူ ဒေါ်စိန်ရွှေမှာ သားသမီး နှစ်ယောက်သာရှိပြီး ဉမ္မာထွန်းအထက်က သူ့အစ်ကို ကိုတက်ထွန်းက ပြည်နယ်တစ်ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ အကောက်ခွန်အရာရှိတစ်ဦး ပါ။ ကွယ်လွန်သူ ဒေါ်စိန်ရွှေဟာ အိမ်ထောင်နှစ်ဆက်ကျခဲ့ဖူးပြီး ကိုတက် ထွန်းနဲ့ ဉမ္မာထွန်းတို့ဟာ ပထမအိမ်ထောင်နဲ့ ပေါက်ဖွားခဲ့ကြသူတွေပါ။ ဒေါ်စိန်ရွှေဟာ ဥစားကြက်မွေးမြူရေးလုပ်ငန်းနဲ့ အသက်မွေးပါတယ်။ သူ ကွယ်လွန်ချိန်မှာ အသက် ၅၃ နှစ် ရှိပါပြီ။

တရားသူကြီးမင်းခင်ဗျာ ... ကျွန်တော်နဲ့ ဉမ္မာထွန်းတို့ တွေ့ဆုံပြီး မေတ္တာမျှပေါင်းဖက်ကြဖို့ ဖူးစာရေးမြားနတ်မောင်က အလွယ်တကူ ဖန်တီးပေးခဲ့ပါတယ်။ ကျွန်တော်တို့ဟာ တစ်မြို့တည်းနေထိုင်ကြပြီး ဘစ်ကျောင်းတည်းမှာ စာသင်ခွင့်ရခဲ့ကြပါတယ်။ နေထိုင်တဲ့ ရပ်ကွက်ချင်း ကတော့ အလှမ်းဝေးတာမို့ တစ်ဦးရဲ့နောက်ခံဘဝကို တစ်ဦးက ချက်ချင်း သိခွင့်မရခဲ့ကြပါဘူး။ ဒါပေမဲ့ ဘဝချင်းတူပုံကတော့ သူဟာ ခပ်ဆိုးဆိုး ပထွေးနဲ့နေရသလို ကျွန်တော်ကလည်း ခပ်ရမ်းရမ်း ပထွေးနဲ့ အတူနေခဲ့ ရပါတယ်။ နောက်ထပ်တူတာတစ်ချက်က ဉမ္မာထွန်းအမေနဲ့ ကျွန်တော့် အမေတို့ဟာ သူတို့ထက် အသက်များစွာငယ်တဲ့ နောက်ယောကျ်ားတွေကို ယူခဲ့ကြတာရယ်။ အဲဒီယောကျ်ားတွေက အရက်ချိုးတွေ ဖြစ်နေခဲ့ကြတာ ပါပဲ။ ဒေါ်ကြည်တင့်နဲ့ ဒေါ်စိန်ရွှေတို့ ကွာခြားပုံကတော့ ကျွန်တော့်အမေ ဟာ ကျွန်တော့်အဖေ ဒုတိယအိမ်ထောင်ပြုတာကို အရွဲ့တိုက်ပြီး နောက် အိမ်ထောင်ပြုတာ ဖြစ်ပေမဲ့ ဒေါ်စိန်ရွှေကတော့ ဉမ္မာထွန်းတို့အဖေသေလို့ ဘစ်ပင်လဲမှ တစ်ပင်ထူခဲ့တာပါ။ ပြီးတော့ အကောက်ခွန်အရာရှိရဲ့မိခင်၊ ကြက်ခြံပိုင်ရှင်က ဗေဒင်ဆရာမထက် စီးပွားဉစ္စာပိုမိုတောင့်တင်းပါ ဘယ်။ ဒါပေမဲ့ ကြက်ခြံပိုင်ရှင်မကြီးဟာ သေတဲ့အထိ ဗေဒင်ဆရာမကြီးနဲ့

မျက်နှာချင်းဆိုင်ခွင့် မကြုံခဲ့ပါဘူး။ ထိုနည်းတူ ဥမ္မာထွန်းရဲ့ ပထွေး ကို သူအသည်းခြောက်ပြီး သေသွားတဲ့အထိ ကျွန်တော် မတွေ့မမြင်ခဲ့ရ ပါဘူး။ ထိုနည်းတူစွာပဲ ကျွန်တော့်အဖေဟာလည်း ခုချိန်ထိ ကျွန်တော် အိမ်ထောင်ကျတာကိုတောင် မသိခဲ့ပါဘူး။ ဘာလို့လဲဆိုရင် ... အဖေနဲ့ အမေနဲ့အကွဲမှာ ကျွန်တော်က သူခေါ်ရာ မလိုက်တဲ့အတွက် အဖေက ကျွန်တော့်ကို သေခန်းရှင်ခန်း ဖြတ်လိုက်လို့ပါပဲခင်ဗျာ။ အဲသလိုပါပဲ...။ ဒေါ်စိန်ရွှေ နောက်အိမ်ထောင်ပြုကတည်းက သူ့သားကြီး ကတ်စတန် အရာရှိ ကိုတက်ထွန်းဟာ သူ့အမေကို အဆက်ဖြတ်လိုက်တာ အခု မအေသေတာတောင် လာမကြည့်ခဲ့ပါဘူး။ ထိုနည်းလည်းကောင်းပဲ ကျွန် တော့်အမေဟာ သူ့ချွေးမကို ဒီကနေ့ထက်တိုင် မျက်နှာချင်း မဆိုင်ခဲ့ပါ ဘူး။ ဘာလို့လဲဆိုရင် ... ကျွန်တော်နဲ့ ဥမ္မာထွန်းကို အမေ စမြင်မြင်ချင်း ကတည်းက (သား ... မောင်စိုးဝေ၊ မင်းရည်းစား ကောင်မလေးရဲ့ ခန္ဓာထဲမှာ စုန်းမတစ်ကောင် ဝင်အောင်းနေတယ်။ သူ့ကို မင်းယူခဲ့ရင် မင်း သေချင်သေ၊ မသေရင်ရူးမယ်)လို့ သူ့ရဲ့ မတတ်တတတ်နက္ခတ် ပညာနဲ့ ဓာတ်ပညာနဲ့ ဟောကိန်းထုတ်ခဲ့တာကိုး။ သူကတော့ ဘီလူး တစ်ကောင်ဖြစ်တဲ့ ကျွန်တော့်ပထွေးနဲ့ ပေါင်းနေတာ ၁၅ နှစ်လောက် ရှိပါပြီ။

တရားသူကြီးမင်းခင်ဗျား .. အထက်ပါ နောက်ခံအကြောင်းတွေကို ကျွန်တော်တင်ပြရခြင်း ရည်ရွယ်ချက်ကတော့ ကျွန်တော်ဟာ အကြင်နာ၊ ကရုဏာနည်းတဲ့လူတွေ ကြားမှာ ကျရောက်ကြီးပြင်းခဲ့ရတယ်ဆိုတာ ထင်ရှားစေချင်လို့ပါ။ လူရိုင်းမိဘကမွေးတဲ့ လူကလေးတစ်ယောက်ဟာ အရိုင်းပတ်ဝန်းကျင်မှာပဲ ကြီးပြင်းခဲ့မယ်ဆိုရင် သူဟာ ဘယ်တော့မှ လူယဉ်ကျေး လူလိမ္မာတစ်ယောက် ဖြစ်မလာနိုင်ဘူးလို့ ကျွန်တော် ထင်ပါ တယ်။ ကျွန်တော်ဟာ အသည်းနှလုံး တင်းမာအေးစက်ကြတဲ့ မိဘနှစ်ပါး

က ပေါက်ဖွားခဲ့ပေမဲ့ အရိုင်းတစ်ယောက် မဖြစ်အောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ကျောင်းကောင်းနဲ့ ဆရာ ဆရာမကောင်းဆိုတဲ့ ပတ်ဝန်းကျင်ကို ရရှိခဲ့လို့ပါပဲ။

ကျောင်းမှာ ကျွန်တော်ဟာ နွမ်းပါးတဲ့ ကျောင်းသားတစ်ယောက်ပဲ ဖြစ်ခဲ့ပါတယ်။ စာလည်း သိပ်မတော်ခဲ့ပါဘူး။ ဒါပေမဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အပြောအဆို၊ အမူအရာကြောင့် ဆရာများက ချစ်ခင်ကြပါတယ်။ နောက်ဆုံး သိပ်ချောသိပ်လှလို့ ချစ်ကြိုက်ကြသူတွေ ပတ်လည်ဝိုင်းနေတဲ့ ဥမ္မာထွန်းကတောင် ပပဝတီက မင်းကုသကို တန်းတန်း စွဲပုံကျခဲ့ရသလို ကျွန်တော့်ကို ချစ်ကြိုက်လက်ခံလာခဲ့ရပါတော့တယ်။ ဒါဟာ ကျွန်တော့် အရည်အချင်းကြောင့်မဟုတ်ရင် ဖူးစာရေးနတ်မြားနတ်မောင်ရဲ့ စီစဉ်ကြိုးဆွဲမှုလို့သာ ပြောရပါတော့မယ်။ ဥမ္မာထွန်းရဲ့ အမေဟာ သူ့ထက် အပုံကြီးငယ်တဲ့ အရက်သမားကို ယူခဲ့တာ။ ကျွန်တော့်အမေ သူ့ထက် ၁၀ နှစ်လောက်ငယ်တဲ့ လူပွေလူမိုက် ဆိုက်ကား သမားကို ယူခဲ့ရမှာလည်း အဲဒီမြားနတ်မောင်လက်ချက်နဲ့ မကင်းနိုင်ပါဘူး။

တရားသူကြီးမင်းခင်ဗျား ... ကျွန်တော်ကတော့ မြားနတ်မောင်ကို ကျေးဇူးတင်ပါတယ်။ အထူးတလည်ကို ကျေးဇူးဥပကာရ တင်ရှိပါတယ်လို့တောင် ပြောပါရစေ။ အကြောင်းကတော့ ကျွန်တော်နဲ့ ဥမ္မာထွန်းတို့ဟာ သံလိုက်တုံးနဲ့ သံတုံးလိုခွာမရအောင် ပူးပူးကပ်ကပ် ကျွမ်းကျွမ်းဝင်ဝင် မိုးမမြင် လေမမြင် ချစ်ခွင့်ရခဲ့ကြလို့ပါပဲ။ သူချစ် ကိုယ်ချစ်လို့သာ ဆိုပါတော့။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဂုဏ်တံတိုင်း ငွေတံတိုင်း၊ ဆွေမျိုးဂုဏ်သိက္ခာတံတိုင်း၊ ဘာသာအယူတံတိုင်း ဘာတံတိုင်းမှ ခြားမနေခဲ့ဘူး။ ကျွန်တော်က သူ့ကို ငုံထားချင်တယ်။ သူက ကျွန်တော့်ရင်ခေါင်းထဲမှာ ခိုအောင်းတွယ်ကပ်နေချင်တယ်။ အဲသလောက် မေတ္တာကြီးခဲ့ကြကြောင်းပါခင်ဗျား...။

ကျွန်တော်တို့ ၁၀ တန်း စာမေးပွဲမှာ ပြိုင်တူကျရှုံးပြီးနောက်ပိုင်း မကြာခဏ လူမမြင်ကွယ်ရာမှာ ချိန်းတွေ့ဖြစ်ခဲ့ကြပါတယ်။

ကျွန်တော်တို့ ချိန်းတွေ့ကြတဲ့နေရာက သူ့အိမ်နဲ့လည်းမနီး၊ ကျွန်တော့်အိမ်နဲ့လည်း မနီးတဲ့ ခြံကျယ်ကျယ်ကြီးတစ်ခုထဲမှာပါ၊ ဥယျာဉ်ခြံကြီးပါ။ ဘူး၊ ဖရုံ၊ သခွား၊ ခရမ်း၊ မုန်လာ၊ ဘာဘာညာညာတွေလည်း ရှိတယ်။ ငှက်ပျော၊ သဘော်၊ မာလကာ၊ ပိန္နဲ၊ သရက်တွေလည်း ရှိတယ်။ ခြံထဲမှာ လူကြီးပိုင်း လင်မယားနှစ်ယောက်ပဲ နေထိုင် လုပ်ကိုင်စားသောက်ကြတယ်။ ခြံရှင်တွေပေါ့။ ခရစ်ယာန် ဘာသာဝင် တိုင်းရင်းသားမောင်နှံပါပဲ။ ဦးဂျိုးဇက်နဲ့ ဒေါ်အေမီလို့ ခေါ်ပါတယ်။ သူတို့သားသမီးတွေက နိုင်ငံခြားမှာ အလုပ်ထွက်လုပ်ရင်း ဟိုမှာပဲ အိမ်ထောင်ကျကုန်ကြလို့ သူတို့ဟာ သားသမီး ငတ်မွတ်နေကြပုံပါပဲ။ ကျွန်တော်တို့ ခွင့်ပြုချက်မရဘဲ ခြံထဲခိုးဝင်တာမိတော့လည်း သူတို့က ခွင့်လွှတ်ကြတယ်။ ခွင့်လွှတ်တဲ့အပြင် ကျွန်တော်တို့သွားတိုင်း ကော်ဖီတောင် အဝတိုက်ပါသေးတယ်။ သူတို့လင်မယားက တစ်နေကုန် ကော်ဖီ တစွတ်စွတ် သောက်ရင်း ခြံထဲမှာ တကုပ်ကုပ် အလုပ်လုပ်နေကြတာကလား။ ကျွန်တော်တို့ပြန်တော့မယ် ဆိုပြီး နှုတ်ဆက်တဲ့အခါ သူတို့က ...

"စိုးဝေနဲ့ ဥမ္မာကို ဘုရားသခင် ကောင်းချီးပေးသနားပါစေ" လို့ အမြဲတမ်းဆုတောင်းပေးလေ့ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ညားခဲ့ကြ၊ ပေါင်းဖက်ဖြစ်ခဲ့ကြတာဟာ ဘုရားသခင် အလိုတော်သက်သက်ကြောင့်တော့ မဟုတ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်။ ကျောင်းမှာ သင်ရတဲ့ သမိုင်းဖတ်စာထဲကလို ဒုတိယကမ္ဘာစစ်ကြီးဖြစ်ရတာ ဟစ်တလာ တစ်ယောက်တည်းကြောင့် မဟုတ်ဘူးဆိုတဲ့ ဆင်ခြေစကားလိုပါပဲ။ တခြားအကြောင်း ခံတွေလည်း ရှိတာပေါ့။

တစ်နေ့တော့ ဦးဂျိုးဇက်တို့ ခြံထဲမှာ ဥမ္မာထွန်းက ...

"ငါ အိမ်မှာ မနေချင်တော့ဘူး စိုးဝေ" လို့ အရင်းမရှိ အဖျားမရှိ ကောက်ကာငင်ကာ ပြောလာပါတယ်။ သိပ်အံ့သြစရာ မရှိလှပါဘူး။

"မင်းက မင်းအိမ်မှာ မနေချင်တာ၊ ငါက အိမ်ပေါ်ကနေ မောင်းချ ခံရတော့မယ့် ဆဲဆဲပဲ ဥမ္မာ၊ အိမ်ပေါ်ကနေ ငါ ခေါင်းနဲ့ဆင်းရမလား၊ ခြေထောက်နဲ့ပဲ ဆင်းရမလားတော့ မပြောတတ်ဘူး" လို့ ကျွန်တော်က ပြန်ပြောတယ်။

သူက သူ့ပထွေးရဲ့ ယုတ်မာစုတ်ပဲ့တဲ့ အကြံအစည် အပြုအမူတွေနဲ့ ဆေးရာကို ထွက်ပြေးချင်တာ။ သူပြောပြပုံအတိုင်းဆို သူဟာ အပျိုရည် မပျက်ရုံတစ်မည်၊ ချောက်ထဲကျဖို့ တည်းတည်းကလေးပဲ လိုတော့တာ။ အသုံးမကျတော့တဲ့ ကြွက်အိုမကြီးကလည်း သမီးကြွက်မကလေးကို ကြောင်ပါးကြီး မစားနိုင်အောင်လုံလောက်တဲ့ အကာအကွယ် မပေးနိုင်တော့ဘူး။ ဒေါ်စိန်ရွှေဟာ သူ့နောက်ယောကျ်ား အရက်သမားကို တယ် ကြောက်ရဆိုပဲ။

ကျွန်တော့်ကျ ပထွေးက ...

"ဟိတ်ကောင် ... မင်း ဆိုက်ကားနင်းမလား။ ကားဂိတ်မှာ ဆေးလိပ်ကွမ်းယာရောင်းမလား၊ ဒါမှမဟုတ် အိမ်ပေါ်က ဆင်းမလား" လို့ ရာဇသံအပေးခံရတာ။ ကျွန်တော့်မွေးမာတာ ဗေဒင်ဆရာမကြီးက လည်း ဒီအရေးအခင်းမှာ ဘာမှဝင်ရှင်းမပေးနိုင်ဘူး။ သူ ဗေဒင်ဟော တာကလည်း ဟုတ်တိပတ်တိ ဝင်ငွေမရှိပါဘူး။ ချောက်ချီးချောက်ချက် ပါ။ သူကလည်း ဒေါ်စိန်ရွှေလို လင်ကလေးက "ငါးခြောက်ဟော့ ... မကြည်တင့်" လို့ ဆိုလိုက်ရင် ပျာပျာသလဲ မနဲ့လေးအသံနဲ့ "ဟုတ်ကဲ့... ဖုတ်ပြီးသား ဆီဆမ်းပြီးသားပါရှင့်" ဆိုတဲ့ အစားထဲကလေ။ အဲသလို ဘဝခံစားချက်ချင်းတူလို့ ကျွန်တော်နဲ့ ဥမ္မာထွန်းတို့ လက်တွဲပေါင်းဖက် ဖြစ်ခဲ့သလား ဆိုတာတော့ ဖထီးဦးဂျိုးဇက်တို့ရဲ့ 'အဘ ဘုရားသခင်'သာ

**သိနိုင်ပါလိမ့်မယ်**။ ကျွန်တော်တို့ ရေစပ်ချောက်ကမ်းပါးထိပ် ရောက်နေ**ကြပြီ**။ နောက်က အစွယ်ဖွေးဖွေးနဲ့ ဝံပုလွေအုပ်က တရကြမ်းလိုက်လာနေကြတယ်။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။

ရေထဲပဲ လက်တွဲပြီး ခုန်ချကြရမယ် မဟုတ်လား Bobby ဆိုတဲ့ ကုလားရုပ်ရှင်ကားထဲက မင်းသမီးလေးနဲ့ မင်းသားကလေးလိုပေါ့။ သေအတူရှင်မကွဲ လက်တွဲမဖြုတ် စတမ်းလေ။ ရေထဲမှာ မိကျောင်းပဲရှိရှိ၊ ငါးမန်းပဲရှိရှိ၊ ဂျပ်မြွေပဲ ရှိရှိပေါ့။

"ငါတို့ လက်ထပ်ကြစို့ ဥမ္မာ" လို့ ကျွန်တော်က ရဲရဲရင့်ရင့် နှုတ်ဆော်ဟစ်ကြွေးလိုက်ပါတယ်။ "ငါတို့ အတူတူ နေကြစို့" လို့လည်း အခိုင်အမာ ထပ်ပြောလိုက်ပါသေးရဲ့။ ကျွန်တော်ဟာ ရန်သူရဲ့အင်အား၊ ရန်သူရဲ့ သေနင်္ဂဗျူဟာကို သေချာဆန မလေ့လာဘဲ စစ်မြေပြင်ကို ထွက်လာတဲ့ ရူးသွပ်သွပ် လူရိုင်းတပ်ဖွဲ့နဲ့ တူနေတယ်။ ကျွန်တော်ရူးတဲ့ အရူးအမျိုးအစားကတော့ 'အချစ်ရူး'ပါ။

တရားသူကြီးမင်းခင်ဗျား ... ကျွန်တော်တို့ဟာ သောင်ပြင်လွတ်တဲ့ ခွေးတွေ ဖြစ်နေပါပြီ။ ကျွန်တော့်အိမ်ကိုလည်း ဥမ္မာထွန်းလိုက်လို့မရ။ သူ့အိမ်အနားလည်း ကျွန်တော် ယောင်လို့တောင် ဖြတ်မလျှောက်ရဲ။

တရားသူကြီးမင်းခင်ဗျား .. ကျွန်တော်တို့ ရေနစ်ခဲ့ကြပါတယ်။ ရေနစ်သူများပီပီ မိုရာကို လှမ်းဆွဲခဲ့ကြရတာပါပဲ။ တော်ပါသေးရဲ့။ ကျွန်တော်တို့လှမ်းဆွဲတာ ဝါးလုံးအဆွေးတစ်ချောင်း မဟုတ်ဘူး။ ဝါးဖောင်ကြီးတစ်ဖောင် ဖြစ်နေတယ်။ ဆွေမတော် မျိုးမတော်၊ အယူဘာသာကွဲပေမဲ့ သားသမီးငတ်နေတဲ့ ဦးဂျိုးဇက်နဲ့ ဒေါ်အေမီတို့ဟာ ကျွန်တော်တို့ကို ရေထဲက ဆွဲတင်ခဲ့ကြပါတယ်။

ကျွန်တော်ကစာသင်ကျောင်းတွေရဲ့ အဝင်ဝတစ်ဝိုက်မှာ ကစားစရာကလေးတွေ၊ ပို့စကတ်ဓာတ်ပုံကလေးတွေကို ပလတ်စတစ်စ

ကလေးခင်းပြီး ချရောင်းတယ်။ ဥမ္မာထွန်းက ခြံထဲမှာ ရေလောင်း ပေါင်းသင် ဝိုင်းလုပ်တယ်။ ကျွန်တော်တို့ရဲ့ ဟန်းနီးမွန်းဟိုတယ်ကတော့ မြေစိုက်ဝါးတဲကလေးတစ်လုံးပေါ့။

ကျွန်တော်တို့ကို နှစ်ဖက်အုပ်ထိန်းသူတွေက ရာဇဝင်စုံစမ်းခြင်း မပြု လုပ်ခဲ့ကြတာ မဆန်းကြယ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော့် ဘက်ကတော့ ကျွေးစရာ ပါးစပ်တစ်ပေါက် လျော့သွားပြီဆိုပြီး ဝမ်းသာ အားရ လွှတ်ထားလိုက်တာဖြစ်မယ်။ ဥမ္မာထွန်းဘက်ကတော့ ... (အဓိက ... သူ့အမေ ဒေါ်စိန်ရွှေပေါ့လေ) အရက်သမား ကြောင်ပါးရဲ့ အစား တော့ မခံဘူး။ သူကြိုက်တဲ့သူ သူ့ဘာသာ ယူပစေ၊ ဖဲသမားနဲ့ညားရင် ဖဲရိုက်ကျွေးလိမ့်မယ်။ သူခိုးနဲ့ညားရင် ခိုးကျွေးလိမ့်မယ်ဆိုပြီး ပေယျာ လကန်ပြုတာပဲ ဖြစ်ပါလိမ့်မယ်။

သမီးဦးကလေး မျိုးမူယာဝေ ကိုယ်ဝန်အရင့်အမာဖြစ်ချိန်ကျမှ အခု ဆုံးသွားတဲ့ ကျွန်တော့်ယောက္ခမကြီး ဒေါ်စိန်ရွှေ ငိုကြီးချက်မနဲ့ လိုက်လာ ဘယ်။ ငိုတာက သမီးကို လွမ်းရာက ပြန်တွေ့ရလို့ မထင်ပေါင်ဗျာ။ သူ့လင် အရက်သမားက အသည်းကြွပ်ပြီး ဇိဝိန်ချုပ်သွားပြီကိုး။

"အမယ်လေး .. သမီးတို့ သားတို့ရယ်၊ အမေနဲ့ ပြန်လိုက်ခဲ့ပါ။ အမေ့မှာ အားကိုး စရာမရှိတော့ပါဘူး" လို့ သူက နတ်သံနှောပါသေးရဲ့။ သူ့ယောကျ်ားရှိစဉ်ကကော သူအားကိုးအားထား ပြုခဲ့ရလို့လား။ ကြက်ခြံ ဘ ငှားထားတဲ့ အလုပ်သမားကောင်လေးနှစ်ယောက်နဲ့ လည်ပတ်နေ ဘာ။ ဟိုလူက ခြံထွက်ကြက်ဥကို မှောင်ခိုကြော်၊ ကြော်လိုက်၊ တစ်ဝက် ဘက်ကြော်လိုက်လုပ်ပြီး အရက်နဲ့ထိုင်မြည်းနေရုံကလွဲရင် အိမ်ထောင်ရဲ့ စီးပွားရေးကိစ္စကို ခေါင်းထဲသွင်းခဲ့တာမှ မဟုတ်ဘဲ။ မုတ်သားစရာက တော့ ကျွန်တော့်နောက်ကို ဥမ္မာထွန်းလိုက်လာကတည်းက ဟိုလူ အရက် သောက်နှုန်းတိုးလာခဲ့သတဲ့။ အရက်မူးရင် ငိုပြီး 'သမီး ... သမီး ဥမ္မာ၊

ပြန်လာပါတော့ သမီးရယ်၊ သမီးကို လွမ်းရတာနဲ့ အဖေ့အသည်းတွေ ကွဲကုန်ပါပြီ' လို့ အော်နေတတ်သတဲ့။ သူ့အလောင်းကိုတောင် ဖနောင့်နဲ့ ပေါက်ချင်လောက်အောင် ယုတ်မာတဲ့လူ။

တရားသူကြီးမင်းခင်ဗျား ... ယောက္ခမအိမ်တက် သမက်မျက်နှာ မငယ်ခဲ့လို့ ကျွန်တော်ဟာ ဘဝရဲ့အမှောင်ခြမ်းက လွန်မြောက်ပြီး အလင်း ဘက်အခြမ်းကို ကူးဝင်ခဲ့ပြီလို့ မထင်လိုက်ပါနဲ့။ ကျွန်တော်ဟာ ဆီပူအိုး ထဲကနေ ခုန်ထွက်လို့ မီးပုံထဲကျသွားတဲ့ ငါးတစ်ကောင်လိုပါပဲ။

ယောက္ခမအိမ်လိုက်သွားတော့ အိမ်ကောင်းကောင်းမှာတော့ နေရ တာမှန်ပါတယ်။ သွပ်မိုးပျဉ်ထောင် ၄ ပင်အိမ်ကြီးပဲ၊ ပရိဘောဂတွေက လည်း လက်လက်တောက်လို့။ လျှာထိုးကြမ်းပြင်က ပျားဖယောင်းတိုက် ထားလို့ မှန်ရောင်ထနေတယ်။ အိမ်သားတွေ အိမ်ပေါ်မှာ လမ်းလျှောက် တဲ့အခါ ခြေဖဝါးက ဖုန်တွေ ကြမ်းမှာမကပ်အောင် အုန်းဆံဖတ်အပြား နှစ်ခုနင်းပြီး ရေထဲမှာ စမ်းလျှောက်ရသလို ရှပ်တိုက်လျှောက်ရတယ်။ ဒီအဆောင်အယောင်တွေကို ဥမ္မာထွန်းတို့ဖခင် အရာရှိကြီးက စုဆောင်း ရှာဖွေ ဖန်တီးပေးခဲ့တာ။ ကြက်ခြေဟာလည်း သူ စီစဉ်ခဲ့တဲ့ စီးပွားရေး လမ်းပြမြေပုံပဲ။ အသားဝါဝင်းပြီး အရပ်အမောင်းကောင်းကောင်း၊ ကိုယ် ခန္ဓာအချိုးအဆက်ပြေပြစ်တဲ့အပြင် မျက်ခုံးမျက်လုံးလှတဲ့ ဥမ္မာထွန်းဟာ လည်း သူ့အဖေရဲ့ သွေးများလို့သာပဲ။ ဒေါ်စိန်ရွှေကတော့ အသားညို ညို၊ ပုအိုင့်အိုင့်၊ မျက်လုံးပြူး၊ ပါးစပ်ပြကြီးနဲ့ပါ။ မျက်မှန်ကြီးတပ်ထား တော့ သူ့မျက်လုံးက ပိုပြူးထွက်နေတော့တာပေါ့။ ကျွန်တော် မမီလိုက် တဲ့ ယောက္ခထီးကြီးကို မြားနတ်မောင် ကျီစားလိုက်တာတော့ လွန်လွန်း ပဗျာ။ ဒီမိန်းမကြီးက ရုပ်ဆိုးသလောက် စိတ်ပုပ်လိုက်သေး။ သေပြီးသူကို အတင်းမပြောသင့်လို့ လူယဉ်ကျေးတချို့ကတော့ ဆိုကြပါလိမ့်မယ်။ မှန်သောစကား၊ ကောင်းသောစကားကိုပြောရင် အတင်းမဖြစ်နိုင်ဘူးလို့

ကျွန်တော်ယူဆတယ်။ ကွယ်လွန်သူရဲ့ ဗီဇစရိုက် Personality ကို အများသိအောင် ကျွန်တော် ဖွင့်ဟနေတာပါ။

တရားသူကြီးမင်းခင်ဗျာ ... ကျွန်တော် ယောက္ခမ မုဆိုးမနှစ်ထပ်ကွမ်း အိမ်ရောက်လို့ ၄၈ နာရီမပြည့်ခင် အလုပ်သမားနှစ်ယောက်အနက် အသက်ကြီးပြီး နားထိုင်းတဲ့ တစ်ယောက်ကို ဒေါ်စိန်ရွှေက (နို့တစ်) မပေးဘဲ အလုပ်ဖြုတ်လိုက်တယ်။ အဲဒီလူနေရာကို ကျွန်တော် အစားဝင်ရပါပြီ။

"ဝိုင်းလုပ်ဝိုင်းစားပဲပေါ့ ... စိုးဝေ" လို့ သူပြောလိုက်တဲ့စကားက ကျွန်တော့်ကို သူစိမ်းအလုပ်သမားလို လခငွေကြေးမပေးနိုင်ဘူးဆိုတဲ့ သဘော သက်ရောက်နေပါတယ်။ ဒါကတော့ တရားနည်းလမ်းကျပါတယ်။ ကျွန်တော်က မပိုင်ပေမဲ့ ဆိုင်တဲ့မိသားစုဝင် သားသမက်ကြီး ဖြစ်နေပြီကိုး။

ဒေါ်စိန်ရွှေက ဝက်အူတစ်ရစ် ထပ်တင်းပြန်ပါတယ်။ အိမ်မှာ ခုနစ်ရက်တစ်ပတ်ကို သုံးရက်လာပြီး အဝတ်လျှော်၊ မီးပူထိုးတဲ့ 'အမာဘီ' ဆိုတဲ့မိန်းမကို အလုပ်က ရပ်စဲစေလိုက်တာပါပဲ။ ကျွန်တော် 'ဒိုဘီဝါလား စိုးဝေ' ဖြစ်သွားပြီပေါ့။ ဒါလည်းပဲ မိသားစုထွက်ငွေ တစ်ပေါက်ပိတ်ဆို့လိုက်နိုင်ခြင်းမို့ ဝေဖန်စရာ မလိုပါဘူး။ ဥမ္မာထွန်းက ကလေးမီးဖွားရင် မီးဖွားစရိတ်ကို ဒေါ်စိန်ရွှေပဲ အကုန်အကျခံမှာ မဟုတ်လား။ ဒီတော့ ကျွန်တော်က ကြက်ခြံအလုပ်လည်း အားကြိုးမာန်တက်လုပ်တယ်။ အိမ်မှုကိစ္စ ဗာဟီရတွေမှာ ထဘီနဲ့ စပ်စမိုင်နာကလွဲလို့ မညည်းမညူ လျှော်တယ်။ အိမ်သာဆေးတယ်။ ရေဖြည့်ပေးတယ်။ ခြံထဲမှာ အမှိုက်တစ်စမရှိရအောင် ရှင်းတယ်။ ကုန်ကုန်ပြောရရင် ယောက္ခမဘော်လီ အင်္ကျီအဝတ်လျှော်ခုံမှာ ပုံထားတာတွေ့ရင် အမြင်မတော်လှတာနဲ့ ကောက်လျှော်လိုက်တာပဲ။ တစ်ပတ်လောက် ဝတ်ထားတဲ့ဘော်လီပဲ။

ကြေး(ကျီး)အထပ်ထပ်မစွဲဘဲ ခံနိုင်ပါ့မလား။ ဒါတောင် ဂါတော်ကျကြီးက "နင်လျှော်တာ ကြေး(ကျီး)လည်းမပြောင်ဘူး၊ ဆပ်ပြာကျတော့ အရမ်းကုန်တာပဲ" လို့ အပြစ်တင်တော်မူပါသေးရဲ့။

အိမ်နီးချင်းတွေ၊ အိမ်ကိုလာတဲ့ ဧည့်သည်တွေ ဥမ္မာထွန်းတို့ ဆွေမျိုးနီးစပ်တွေက ကျွန်တော့်ကို တစေ့တစောင်း အကဲခတ်နေကြပြီဆိုတာ ကျွန်တော်သိတယ်။ သူတို့ အကောင်းပဲ ဝေဖန်ဖန်၊ အဆိုးပဲ ဝေဖန်ဖန် ကျွန်တော် အာရုံမစိုက်အားပါဘူး။ ကျွန်တော်အာရုံစိုက်တာက ကောင်းတဲ့အတွေးတွေးပြီး ကောင်းတဲ့အလုပ်တွေပဲ လုပ်နေဖို့ပါ။ ပြီးတော့ ကျွန်တော်တို့လင်မယားရဲ့ ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းအရှည်ကြီး အကြောင်းကို ကျွန်တော် အမြဲစဉ်းစားတယ်။ မစဉ်းစားလို့ မဖြစ်ဘူး။ ရှင်းရှင်းကလေး တွေးကြည့်ရင် ကျွန်တော် ယောကျ်ားဈေးကျနေပြီ။ ကျွန်တော်ဟာ ယောက္ခမ မုဆိုးမရဲ့ နို့သက်ခံစို့နေတဲ့ ကျွန်သမက်ဖြစ်နေပြီ။ ကြည့်လေ ... သူကျွေးတာစား၊ သူခိုင်းတာ လုပ်နေရတယ်။ ပိုက်ဆံလည်း တစ်ပြားမှ မမြင်ရဘူး။ ယုတ်စွအဆုံး လူပျိုဘဝကပါလာတဲ့ ပုဆိုး၊ အကျႌကလေးတွေက ချွေးထွက်သံယိုအလုပ်တွေ လုပ်ရလွန်းလို့ ပါးရိပေါက်ဖွာနေတာတောင် ယောက္ခမက ပုဆိုးကလေးတစ်ထည်၊ စွပ်ကျယ်ကလေးတစ်ထည် ဝယ်ပေးဖော်မရဘူး။ သူ့သမီးကိုတော့ မဆင်ဘဲ ဘယ်နေလိမ့်မလဲဗျာ။ ဗိုက်ဖုံးအကျႌဆိုရင် (ရှစ်) ထည်လောက် ချုပ်ပေးတယ်။ ဘရာစီယာအသစ်တွေလည်း ဟောတစ်ထည် .. ဟော တစ်ထည်။ အဝတ်လျှော်နေရတဲ့ ဒိုဘီဝါလား စိုးဝေ ဒါတွေကို မသိလို့ မရဘူးလေ။ ကျွန်တော့်မှာ ဂျပန်ဖိနပ် သည်းကြိုးပြတ်တာတောင် သွပ်နန်းကြိုးနဲ့ချည်ပြီး စီးနေရတဲ့ဘဝ။ ကြက်ချေးအပူငွေ့ကြောင့် ဆံပင်တွေကျွတ်၊ အသားရောင်ညင်းသိုးသိုးဖြစ်။ အင်း လေ ... ဝက်ဖြစ်မှတော့ ချေးကြောက်လို့ မရတော့ဘူးပေါ့။ ဒါပေမဲ့ တစ်နေ့တော့ 'ငါ့ သူငယ်ချင်း

ဘစ်ယောက် အဆက်အသွယ်နဲ့ (----) စက်ရုံမှာ ငါ အလုပ်ရမယ် ဥမ္မာ၊ လစာနည်းပေမဲ့ ...' လို့ ... ဇနီးကို ဖွင့်ပြောဆွေးနွေးကြည့်တယ်။ ဥမ္မာထွန်းက မကန့်ကွက်ပါဘူး။ အခုဆိုရင် သူလည်း အဖျိုဘဝတုန်းက လို မအေးဆီမှာ လက်ဖြန့်ပိုက်ဆံတောင်းနေရရဲ့ မဟုတ်လား။ ကျွန်တော် အလုပ်ရလို့ ဝင်ငွေရှိလာရင် သူအလိုရှိတဲ့အခါ ကျွန်တော့်အိတ်ကပ်ထဲက နှိုက်သုံးရုံပဲလေ။ မယားများဟာ လင်သားရဲ့ လုပ်စာဝင်ငွေကို သုံးစွဲရ ဘာလောက် ပီတိဖြစ်တာမျိုး ဘယ်ကမှ မရနိုင်ဘူးလို့ ကျွန်တော် ကြားဖူး ဘယ်။

"အို ... မီးဖွားပြီးရင် အလျှော်အဖွပ် ကိစ္စက လိုလာဦးမှာ" ဘာညာနဲ့ ယောက္ခမက ဗျစ်တီးဗျစ်တောက် လုပ်သေးရဲ့ဗျာ။ သူ့သမီးက ခပ်တိုးတိုး ကပ်ပြီး ပြောလိုက်တော့ မှ လေးလုံးမှန်ကြောင်မကြီး ငြိမ်ကျသွားလေရဲ့။

တရားသူကြီးမင်းခင်ဗျား ... ကျွန်တော့်သမီးလေးမမွေးခင် တစ်လ ယောက်မှာ ကျွန်တော် စက်ရုံဝန်ထမ်းတစ်ဦး ဖြစ်လာခဲ့ပါတယ်။

ပထမတော့ သန့်ရှင်းရေးဝန်ထမ်း၊ နောက်တော့ လုံခြုံရေး၊ နောက် တော့ ကျွန်တော့်ရဲ့ ရိုးသားကြိုးစားမှု၊ ယဉ်ကျေးဖော်ရွေမှုတွေကြောင့် ပစ္စည်းထိန်းအကူစာရေးကလေး ဖြစ်လာခဲ့ပါတယ်။ သမီးကလေးလည်း ရပါပြီ။ 'ပစ္စည်းထိန်း' Storeman ဆိုတော့ အပိုဝင်ငွေကလေးကလည်း ရလာပါပြီ။ ကျွန်တော် ရည်ရွယ်တာက ပိုက်ဆံစုမယ်။ ကိုယ့်အိုး ကိုယ့် အိမ်နဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် လုပ်မယ်ပေါ့လေ။ ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါဘူး။ လစာငွေကို ယောက္ခမက ထမင်းဖိုး အဖြစ် သိမ်းပါတယ်။ အပိုဝင်ငွေကတော့ ဥမ္မာထွန်း ဝတ်ဖို့စားဖို့ သရေစာစားဖို့ အပ်လိုက်ပါတယ်။ ဒီနေရာမှာ ဒေါ်စိန်ရွှေ လူမဆန်ပုံကို ကျွန်တော် ရင်ဖွင့်ပါရစေ။

ကျွန်တော်အလုပ်သွားရင် မနက်စာ ထမင်းချိုင့် အိမ်က ယူသွားရ

ပါတယ်။ သွေးနု သားနုမို့ မီးဖိုချောင်မဝင်နိုင်သေးတဲ့ ဥမ္မာထွန်းကိုယ်စား ဒေါ်စိန်ရွှေက စားဖို့မှူးတာဝန် ယူတဲ့အပြင် ထမင်းချိုင့်ကို သူစီစဉ်ပေးတယ်။ တစ်နေ့ ကျွန်တော်အလုပ်အသွားမှာ ရင်းနှီးနေတဲ့ အိမ်နီးချင်း မိန်းမကြီးတစ်ယောက်က ...

"မောင်စိုးဝေတို့များ နေ့တိုင်း သားငါး အဆီအအိမ့်တွေ စားနေရတာတောင် ဝဖြိုးမလာဘူးဟေ့" လို့ လမ်းမှာဖြတ်ပြောတော့ ကျွန်တော်အူကြောင်ကြောင် ဖြစ်သွားတာပေါ့။

"နေ့တိုင်း သားငါးမစားရပါဘူးဗျာ၊ ချဉ်ပေါင်ကြော်တစ်လှည့်၊ ဘဲဥကြော်တစ်လှည့်၊ ပဲပြုတ်ကြော်တစ်လှည့်ပါ။ မယုံရင် ကျွန်တော့်ထမင်းချိုင့် ဖွင့်ကြည့်ပါ။ ဒီနေ့ ငါးပိထောင်းနဲ့ တညင်းသီးဆားစိမ်တို့စရာပဲပါတယ် အဒေါ်။ ကဲ ... ကြည့် ဒီမှာမြင်လား" လို့ဆိုပြီး ကျွန်တော်က ထမင်းချိုင့်ဖွင့်ပြတော့ မိန်းမကြီး ငိုမလိုရယ်မလို ဖြစ်သွားတယ်။

"မစိန်ရွှေတို့ကတော့ သမက်အလိမ္မာကလေးကို ဘာဟင်းနဲ့ ထမင်းချိုင့်ထည့်ပေးလိုက်သလဲလို့ မေးလိုက်ရင် ... ကြက်သား၊ ဝက်သား၊ ဆိတ်သားနဲ့ ငါးမြင်းက မလျှော့ဘူးဟေ့။ သားငါးသည်တွေ အိမ်ရှေ့က ဖြတ်လျှောက်သမျှ အကုန်ခေါ်ပြီး ဝယ်နေတာ ငါတို့အမြင်ပဲ။ အသည်မလာရင်လည်း သူကိုယ်တိုင် ဈေးသွားပြီး သားတွေ၊ ငါးတွေ ဝယ်ခြမ်းလာတာ" လို့ အိမ်နီးချင်းပြောတာကို နားထောင်ရင်း ကျွန်တော် မအီမသာ ဖြစ်လာတယ်။ အသားငါးဆိုတာ ကျွန်တော့်ထမင်းချိုင့်ထဲမှာ တွေ့ရခဲတဲ့အရာပဲ။ ညစာ စားတော့လည်း ခြံထွက်ကြက်ဥကြော်နဲ့ပဲ ပြီးတာများပါတယ်။ အိမ်နီးချင်းမိန်းမကြီးရဲ့ သတင်းစကားက စဉ်းစားစရာ ဖြစ်လာခဲ့ပါပြီ။

ကျွန်တော်တို့အိမ်က ထမင်းစားခန်းထဲမှာ သံဆန်ခါအလုံတပ်ထား

တဲ့ ကြောင်အိမ်ဗီရိုကြီးတစ်လုံးရှိတယ်။ အဲဒီထဲမှာ ထမင်းဟင်းနဲ့ စားသောက်စရာတွေ သိမ်းတယ်။ ကြောင်အိမ်တံခါးက အမြဲလိုလို သော့ခတ်ထားတာ။ စီမံသူ သော့ကိုင်က အိမ်ကြီးသခင် ဒေါ်စိန်ရွှေပေါ့ဗျာ။

"ကြောင်တွေ၊ ကြွက်တွေ ခိုးစားမယ့်ရန်က ကာကွယ်ရတာ" လို့ သူက စီမံချက်ကို ရှင်းပြလေရဲ့။ ကြောင်အိမ်ထဲမှာ ဘာတွေသိမ်းထားမှန်း ကျွန်တော် ယောင်လို့တောင် မစဉ်းစားမိပါဘူး။ အိမ်မှာ ကြွက်လည်းမရှိ၊ ကြောင်လည်းမမွေး၊ ဘေးအိမ်က ကြောင်တွေကလည်း လာလေ့လာထ မရှိပါဘူး။ ကြောင်အိမ်တံခါးကို မင်းတုပ်အသေးစား ဒလက်ကလေးနဲ့ ပိတ်ထားရင် လုံခြုံရဲ့သားနဲ့ သော့ခတ်တာကို ဝီရိယပိုတဲ့ အလုပ်ဖြစ်ရုံမက လျှို့ဝှက်ချက်တစ်ခုခု ဖုံးကွယ်ထားသလို ကျွန်တော့်စိတ်ထဲ သံသယဝင်လာခဲ့ပါတယ်။ အိမ်နီးချင်းအဒေါ်ကြီးရဲ့သတင်းစကားနဲ့ သော့ခတ်ထားတဲ့ ကြောင်အိမ်မည်းကြီးတို့ ဆက်စပ်နေတယ်လို့ ကျွန်တော်သဘောပေါက်လိုက်ပြီ။

ကျွန်တော်တို့စက်ရုံက စက်မှုပစ္စည်း လက်သုံးကိရိယာထုတ်လုပ်တဲ့ စက်ရုံပဲ။ သော့ခလောက်အတော်များများကို ဖွင့်နိုင်မယ့် သော့တံတစ်ချောင်းရဖို့ ဘာခဲယဉ်းမှာလဲ။ လက်သုံးကိရိယာတစ်ခုကို စက်မပါဘဲ လက်နဲ့တင်လုပ်နိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေ တစ်ပုံကြီး။

"သော့ဘုရင် Master-key တစ်ချောင်းရတဲ့နေ့၊ ညသန်းခေါင်ကျော်မှာပဲ ကြောင်အိမ်ဆိုတဲ့ လျှို့ဝှက်ရတနာသိုက်ဂူတံခါးကို ဖွင့်နိုင်ခဲ့ဘယ်။ ဟုတ်ပဗျာ ... ဟိုအဒေါ်ကြီးစကား မှန်လိုက်ပါဘိခြင်း။ ကြောင်အိမ်ထဲမှာ ဆိတ်ကာလီစာဟင်းနဲ့ ပုစွန်တုပ်ကြော်က စလို့ ဆီစိမ်ထားတဲ့ ဘန်ဖိုးကြီး ငါးပုတ်ခြောက်ကိုတောင် တွေ့ရပါသေး။

ကျွန်တော်သာ ကျွန်တော့်ပထွေး ဆိုက်ကားသမားလို စိတ်ကြမ်းကိုယ်ကြမ်း ခပ်ရမ်းရမ်းသမားဆိုရင် အဲဒီဟင်းအိုးဟင်းခွက်တွေ အကုန်

ရိုက်ခွဲမိမှာပဲ။ ကျွန်တော်ခံပြင်း စိတ်ကို ကြိတ်မှိတ်အောင့်အည်းပြီး ကြောင်အိမ်ကို ခြေရာလက်ရာမပျက် ပြန်ပိတ်ထားလိုက်တယ်။ မိန်းမကိုလည်း အိပ်ရာကနှိုးပြီး ပြောပြဖို့ စိတ်မကူးတော့ဘူး။ ကျွန်တော့် စိတ်ကူးက တစ်မျိုး။

ကျွန်တော့်ကို 'စာရေးကြီး'သီချင်းထဲကလို 'ပဲပြုတ်နဲ့ ချဉ်ပေါင်ကြော်' ချည်း ကျွေးနေတာ ကျွန်တော်အပ်တဲ့လခနဲ့ကိုက်အောင် လုပ်တာလား ဆိုပြီး ပြင်ပက ကုန်ဈေးနှုန်းတွေ၊ ထမင်းဆိုင်က ဟင်းလျာဈေးနှုန်းတွေ လျှောက်လေ့လာကြည့်တယ်။ ဒီတော့မှ ... ယောက္ခမမျက်ပြူးမကြီးဟာ ကျွန်တော့်ကုပ်ပေါ် ခွစီးတဲ့အပြင် ကျွန်တော့်ကို မတူမတန် အဆင့် အတန်းခွဲ ချိုးနှိမ်နေတာပါလားဆိုတာ သိလိုက်ရတယ်။ ကျွန်တော့်လစာ ငွေနဲ့ဆိုရင် ထမင်းဆိုင်မှာ ဆီပြန်ဟင်း၊ သားငါး၊ ပုစွန်တုပ်နဲ့ တဝစား နိုင်တဲ့အပြင် လစာထဲကတောင် အပိုထွက်လာနိုင်ဦးမယ်။

ဒီကိစ္စ ဥမ္မာထွန်းကို ပြောလိုက်ရင် သားအမိကို ရန်တိုက်ပေးသလို ဖြစ်သွားနိုင်တယ်လို့ ကျွန်တော်ဆင်ခြင်တယ်။ ဩော် ... ဒီမိန်းမကို ချစ်လို့ယူမိမှတော့ ဒီယောက္ခမရဲ့ဆိုးမျိုးကို အောင့်ခံရမှာပဲလို့ ဖြေသိမ့်ခဲ့ ပါတယ်။ ကျွန်တော့်ကို ပျော့ညံ့တယ်လို့ ဆိုချင်ဆိုပါ။ အစားတစ်လုတ် အတွက်တော့ လူစင်စစ်က ခွေးမဖြစ်ချင်ဘူး။ ခွေးတွေသာ အစာလု စားမာန်ခုတ်ပြီး ကိုက်ကြတာ မဟုတ်လား။ စားတော့ ပဲပြုတ်၊ ဝတ်တော့ အစုတ် ဘဝနဲ့နေရင်း စိတ်ကောင်းနှလုံးကောင်းပဲ မွေးနေတယ်။ တည်ငြိမ် နေတဲ့ အိမ်ထောင်ရေးလမ်းမှာ ဆူးညှောင့်ကန်သင်းတွေ မဖန်တီးချင်ဘူး။ ယုတ်စွအဆုံး ဒီမိန်းမကြီးက နှပ်ချေးကို ငါးပိလုပ်ကျွေးလည်း မျိုချရ တော့မှာပဲ။

တရားသူကြီးမင်းခင်ဗျား .. ကျွန်တော့်သမီးကလေး နှစ်လသမီး ပြည့်တဲ့ အထိ ကျွန်တော်ဟာ အိမ်ရှေ့ခန်းမှာ တစ်ကိုယ်တော် အိပ်စက်ခဲ့

ရပါတယ်။

"တို့အမျိုးက သားသမီးသိပ်နီးတယ်။ သမီး နှစ်နှစ်လောက်အထိ ဘို့တွေ ခုလိုပဲ ခွဲအိပ်ရအောင်" လို့ တစ်သားမွေးပြီးမှ ပိုလှလာတဲ့ ဥမ္မာထွန်းကပြောတော့ ကျွန်တော့်လို ကျန်းကျန်းမာမာ သွေးနဲ့ကိုယ်သား နဲ့ကိုယ် ယောကျ်ားတစ်ယောက် ဘယ်လိုခံစားရမလဲဆိုတာ စဉ်းစားသာ ကြည့်တော်မူပါ။

'ကွန်ဒုံး' 'ဒက်ပို' 'ကွန်ဘိုင်နေရှင်းဖိုက်' စတာတွေကို ကျွန်တော် ပြောပြတော့လည်း ဥမ္မာထွန်းက လက်မခံဘူး။

"အဲဒါတွေက ဘာမှစိတ်ချရတာမဟုတ်ဘူး။ တော်ကြာ မတော် ဘဆ ဟိုကိစ္စဖြစ်သွားရင် ငါတို့ ဒုက္ခရောက်မယ်။ ငါတို့မှာ ဘယ်မှာ ငွေဆောင်းငွေရှိလို့လဲ။ ဆွဲကြိုးနဲ့ လက်စွပ်တောင် မေမေဆင်ထားလို့။ မေမေသာ ခေါ်မထားရင် ငါတို့ဖထီးတို့တဲထဲက ထွက်နိုင်မှာမဟုတ်ဘူး။ သမီးကိုလည်း မွေးနိုင်မှာ မဟုတ်ဘူး" လို့ ဥမ္မာထွန်းပြောတဲ့ စကားက သူ့အမေကို ဂုဏ်တင်ပြီး ကျွန်တော့်ကို ရှုတ်ချချိုးနှိမ်လိုက်တာပဲ။ သား ဘွားစက သူ့ထဘီတွေတောင် လျှော်ပေးခဲ့တဲ့ ကျွန်တော့်ကို သူ မေ့ပစ် လိုက်တာ အတော်မြန်ဆန်တာပဲဗျာ။

ဥမ္မာထွန်း ထူထူထောင်ထောင်နဲ့ အအိုသွေးအကြွ အပျိုကလေးလို လှလာပြန်တဲ့အချိန်မှာ ကျွန်တော့်မှာ တာဝန်တစ်ခု တိုးလာပြန်ပါရော။ အလုပ်ကပြန်ရင် သူ ညဘက်နဲ့ နောက်နေ့ဖတ်ဖို့ လုံးချင်းဝတ္ထု နှစ်အုပ် စာအုပ်အငှားဆိုင်က ဝင်ငှားလာခဲ့ရတာပဲ။ ညဘက်ကျတော့ ဖတ်ပြီး သားစာအုပ်တွေ ကျွန်တော်ပဲ သွားအပ်ရတယ်။ စာအုပ်ငှားခကို သူက ထုတ်ပေးမယ်မထင်နဲ့။ ကျွန်တော်ပဲ ဒိုင်ခံရှင်းနေရတယ်။

တရားသူကြီးမင်းခင်ဗျား ... ကျွန်တော်ဟာ ဥမ္မာထွန်းနဲ့ သမီး ဦးစားဘဝ မရောက်ခင်ကတည်းက သူ့ကို ခံစားမှုပုံစံအမျိုးမျိုးနဲ့

တစ်မှိုစိမ့်ကြည့်နေခဲ့လေ့ရှိပါတယ်။ ဆိုလိုတာက ကျွန်တော် တဏှာပေမ စိတ်နဲ့ ကြည့်တာမျိုး မဟုတ်ခဲ့ပါဘူး။ သူ့ရဲ့အလှအပဟာ နာရီတိုင်း နာရီတိုင်းမှာ အပြောင်းအလဲရှိနေတတ်တော့ မနက်ပိုင်းမှာ ကျွန်တော် တွေ့စဉ်က ခံစားလိုက်ရတဲ့ အလှဓာတ်နဲ့ နေ့ခင်းပိုင်းမှာ သူ့ကိုတွေ့တော့ ခံစားရတဲ့ အလှဓာတ်မတူတော့ပါဘူး။ အဲဒီတော့ သူ့ကို ကလေးတစ်ယောက်အမေဘဝအထိ ဘယ်တော့ကြည့်ကြည့်၊ ကြည့်လို့ကို မဝနိုင်ပါဘူး ခင်ဗျား။

အဲသလို အာရုံတစိုက်နဲ့ ကြည့်မိတဲ့အကျင့်ကြောင့် သူအလှပြင်တဲ့ ဒီဂရီ၊ အားထုတ်မှု၊ မွန်းမံခြယ်သမှုအဆင့်တွေကို ကျွန်တော် ခွဲခြားတတ်လာခဲ့ပါတယ်။ ဥမ္မာထွန်းဟာ သမီးမွေးပြီးမှ အလှပြင်တဲ့ဒီဂရီတွေ အရမ်းတက်လာတယ်လို့ ကျွန်တော်ပြောရဲပါတယ်။ ကျွန်တော် အိမ်မှာ ရှိတဲ့အချိန်တွေမှာ သူ့ကိုများသောအားဖြင့် ပွဲနေပွဲထိုင်သွားတော့မယ့် အတိုင်း ပြင်ဆင်ခြယ်မှုန်းထားတာ သတိပြုမိခဲ့ပါတယ်။ ဒါပေမဲ့ ... သူ အပြင်အပကို သွားလာခဲပါတယ်။ ဝေးဝေးလံလံလည်း မသွားပါဘူး။ အလှပြင်ဆိုင်နဲ့ ရပ်ကွက်ထဲက သူငယ်ချင်းတွေရဲ့အိမ်လောက်ပါပဲ။ သူအပြင်သွားရင် ကျွန်တော်အားပေမဲ့ ကျွန်တော့်ကို ခေါ်လေ့မရှိဘူး။ သူ့အမေကို ကလေးထိန်းခိုင်းပြီး တစ်ယောက်တည်း ထွက်သွားတာပဲ။ 'ဥမ္မာ ဘယ်သွားတာလဲ' လို့ ကျွန်တော်က အရဲစွန့်မေးမိရင် ကျွန်တော့် မေးခွန်းက သူ့ကို စိတ်အနှောင့်အယှက်ပေးသလိုမျိုးပုံစံနဲ့ 'ဒီနားလေးပဲ'လို့ ကျွန်တော့်ကို မကြည့်ဘဲ ဖြေတတ်ရဲ့။

ကျွန်တော့်မယား ဥမ္မာထွန်း တစ်ခုခု ပြောင်းလဲနေပြီဆိုတာ ကျွန်တော်ရိပ်မိပေမဲ့ အလှပိုပြင်လာတာလောက်ပဲ ကျွန်တော် သိနိုင်ခဲ့တယ်။ သူ့ရဲ့ အဇ္ဈတ္တအတွင်းစိတ် ပြောင်းလဲမှုတွေကို ကိုယ်ပထမဆုံး တွေ့ဖူးတဲ့ ရေကန်တစ်ကန်ရဲ့ အတိမ်အနက်ကို မခန့်မှန်းနိုင်သလို၊ ကျွန်တော်

ခန့်မှန်းသိရှိဖို့ရာ မစွမ်းသာခဲ့ပါဘူး။

တစ်ကြိမ်မှာတော့ သူတို့သားအမိရဲ့ သီးသန့်စကားဝိုင်းကနေ ကလေးခြောက်လကျော်ရင် နို့ဘူးပြောင်းတိုက်မယ်) ဆိုတဲ့ စကားပုဒ်ကို ကျွန်တော် နားစွန်နားဖျား ကြားလိုက်မိသလိုပဲ။ သူ့အပြင်မှာ အလုပ် တစ်ခုခု ထွက်လုပ်မှာလား။ မဖြစ်နိုင်ဘူး။ သူ့ဘဝက အလုပ်ထွက်လုပ်ဖို့ မလိုအပ်အောင် ပြည့်စုံနေတယ်။ ဒီလိုဆိုရင် သမီးကို သူနို့ရည်မတိုက်ဘဲ နို့ဘူးတိုက်မယ်ဆိုတာ သူ့အလှကို သူထိန်းချင်လို့သာ ဖြစ်ရမယ်။ ရုပ်ရှင်မင်းသမီး သားသည်မိခင်တွေလိုပေါ့။ သူက ရုပ်ရှင်မင်းသမီးများ ဝင်လျှောက်ဦးမလို့ လား။ ဒါလည်း မဖြစ်နိုင်ဘူး။ သူက ရုပ်ရှင်မကြည့်၊ သီချင်းနားမထောင်ဘဲ ဝတ္ထုတွေပဲ လိမ့်ဖတ်နေတာ။ ဒါပေမဲ့ စာတစ် ကြောင်းရေးဖို့တောင် အလွန်ဝန်လေးတဲ့ မိန်းမဖြစ်နေလို့ စာရေးဆရာမ လုပ်ဖို့ စိတ်ကူးနေတာလည်း မဖြစ်နိုင်ပြန်ဘူး။

တရားသူကြီးမင်းခင်ဗျား ... ကျွန်တော်ဟာ အခွင့်ရတိုင်း ဥမ္မာထွန်း ကို အသစ်၊ အသစ်သော ခံစားမှုတွေနဲ့သာ တစိမ့်စိမ့် ကြည့်နေခဲ့ရပါ တယ်။ သူဟာ အစားဆာနေတဲ့ လှောင်အိမ်ထဲက ကျားမြင်သာအောင် လှောင်အိမ်အပြင်ကနေ အမဲသားတွဲကြီး မြှောက်မြှောက်ပြနေတဲ့ လူရွတ် သူနောက်ထက် ပိုမိုဆိုးရွားတဲ့ ဇနီးမယားတစ်ယောက်ဖြစ်လာခဲ့ပါပြီ။ သူက အမဲသားတွဲတော့ မပြဘူး။ လက်ညှိုးနဲ့ လက်ခလယ်ထောင်ပြီး နှစ်နှစ်၊ နှစ်နှစ်လို့ သတိပေးနေခဲ့တာပါ။ ကြာတော့ သူလက်ကလေး နှစ်ချောင်းထောင်ပြတာကို ကြည့်ရမှာတောင် ကြောက်မိပါရဲ့။

တရားသူကြီးမင်းခင်ဗျား ... ပုထုဇဉ်လူသားဟာ မှားတတ်ပါ တယ်လို့ ကျွန်တော် မိကျောင်းမင်းရေကင်း မပြလိုပါဘူး။ ကျွန်တော့်ကျ တော့ မှားရုံတင်မဟုတ်ဘူး။ မိုက်မိတာပါ။ စိတ်အလိုလိုက်ရင် မိုက်ရာ ရောက်တတ်တယ်လို့ ကျွန်တော်ယူဆချင်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ဌာနမှာ ခပ်ပွေပွေ အသိတစ်ယောက်ရှိတယ်။ ကိုယ့်ဒုက္ခအတွက် သူ့ကို အားကိုးမိလိုက်တာ ဒုက္ခကိုရောက်ပါလေရော။ အဲဒီငပွေကလွဲပြီး ဘယ်သူမှမသိအောင် ကျိတ်ဆေးကုလိုက်ရတာ အကြွေးတောင် တော်တော်တင်သွားတယ်။ နောက်ဆုံး ရောဂါပျောက်လို့ ဆေးစစ်ရပြန်တော့လည်း ငွေက သောက်သောက်လဲ ကုန်သေး။ ဒီကိစ္စ ဥမ္မာထွန်းသာသိရင် ကျွန်တော့်ကို ချက်ချင်းကွာပစ်မှာ။ အိမ်ပေါ်ကနေ သူ ကိုယ်တိုင် မောင်းချမှာ။

ရောဂါကင်းရှင်းပြီး သွေးသန့်ပြီလို့ သိရတဲ့နေ့မှာ ကျွန်တော်စာမေးပွဲမှာ ဂုဏ်ထူးတွေတသီကြီးနဲ့ အောင်သလို အတိုင်းမသိ အူမြူး တက်ကြွပြီး အိမ်ပြန်လာခဲ့တယ်။ အဲဒီအချိန်မှာ သမီးကလေးက တစ်နှစ်ခွဲလောက်ရှိနေပါပြီ။ သဘာဝလည်းမကျ၊ ဓနီးမောင်နှံတို့ရဲ့ ထုံးစံစည်းမျဉ်းကို ဖောက်ဖျက်ရာလည်းရောက်တဲ့ ဥမ္မာထွန်းရဲ့ပိတ်ပင်တားဆီးမှုကို ကျွန်တော် ဒီညချိုးဖောက်ဖြိုလှဲမယ်လို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒီအဆင့်လောက်အထိပဲ ကျွန်တော်ရည်ရွယ်ခဲ့တာပါ။ နောက်ပိုင်းဝင်လာတဲ့ ပြဿနာကွင်းဆက်တွေကတော့ ကျွန်တော်ဘယ်လိုမှ အစိုးမရနိုင်တဲ့ အဖျက်အင်အားစုရဲ့ တွန်းအားတွေပါပဲ။ ဒီလိုပေါက်ကွဲမှုကြီးဖြစ်အောင် ယမ်းတွေကို ဘယ်သူစုခဲ့သလဲ။ စနက်တံကို ဘယ်သူမီးရှို့ခဲ့သလဲဆိုတာတော့ တရားသူကြီးမင်း ဆုံးဖြတ်ပေခွဲတော်မူပါ။ လောလောဆယ်မှာတော့ ကျွန်တော်ဟာ လူသေမှုနဲ့ စွဲချက်တင်ခံထားရတဲ့ တရားခံဖြစ်နေပါပြီခင်ဗျား။

အဲဒီနေ့က ကျွန်တော် အူမြူးပြီး အိမ်ပြန်ရောက်တော့ ည ၈ နာရီ ထိုးလုပါပြီ။ အိမ်ရှေ့ခန်း ဘုရားစင်ရှေ့မှာ သူတော်ကောင်းမကြီးက ယောဂီတာဘက်ကလေး ပခုံးတင်လို့ ပုတီးစိပ်နေပါတယ်။ ဒါက သူ့ရဲ့ ညစဉ် အပြုအမူပါ။ ထီဆုကြီးပေါက်ဖို့၊ ကြက်ဥတွေ အထွက်တိုးဖို့၊

ကြက်ဥဈေးကွက်တက်ပြီး ကြက်အစာဈေးတွေကျဖို့ သူ ဆုတောင်းနေမှာ သေချာပါတယ်။ ကျွန်တော့်ကို ညာပြီး ပဲပြုတ်နဲ့ချဉ်ပေါင်ကြော်ကျွေးတာလောက် မပြောနဲ့၊ သူက ဘုရားဗုဒ္ဓကိုတောင် ညာလို့ရရင် ညာဦးမယ့်မိန်းမကြီး။

ဥမ္မာထွန်း သေချာပေါက်ရှိနေမယ့် အိပ်ခန်းထဲကို ကျွန်တော် ဘန်းဝင်သွားတယ်။ ကျွန်တော် ကြိုတင်မြင်ယောင်ထားတဲ့ ပုံဟန်အတိုင်း ခိုက်ကွင်းထဲမှာ ရောက်နေတဲ့ ရုပ်ရှင်မင်းသမီးနီးပါး ပြင်ဆင်ထားရင်း ခုတင်ဘေးက ပက်လက်ကုလားထိုင်ပေါ်မှာ ဝတ္ထု ဖတ်နေတယ်။ သမီးကလေးက သူ့ဘေးက စောင်ပန်းပုခက်ထဲမှာ နို့ဘူးကလေးပိုက်ရင်း အိပ်လို့။

သူက မလိုလားတဲ့အကြည့်နဲ့ တစ်ချက်မော့ကြည့်ပြီး ဝတ္ထုတစ်အုပ်နဲ့ သူ့မျက်နှာကို ကာထားလိုက်ပါတယ်။ မချိုမချဉ်ပြုံးနေတဲ့ ကျွန်တော့်မျက်နှာကို လင်းထိန်တဲ့ လျှပ်စစ်မီးရောင်ထဲမှာ သူ အသေအချာ ဂရုမူခဲ့မှာပါပဲ။

ကျွန်တော်က လွန်ခဲ့သော တစ်နှစ်ခွဲလောက်အထိ ကျွန်တော်အိပ်ခဲ့တဲ့ ခုတင်ညာဘက်အခြမ်းပေါ်မှာ ပက်လက်လှဲချလိုက်တယ်။ ခံစားရတာကတော့ မနေ့ကညအထိ ဒီနေရာမှာ ကျွန်တော် အိပ်ခဲ့ရသလိုပါပဲ။

"ဥမ္မာ .. ဒီညကစပြီး ဒီမှာ ငါအိပ်တော့မယ် မိန်းမရာ" လို့ ကျွန်တော် ပြောရိုးပြောစဉ် လေသံချိုချိုနဲ့ သူ့ဘက်ကို ခေါင်းလှည့်ကြည့်ပြီး ပြောလိုက်ပါတယ်။

"စိုးဝေ .. နင် ကတိမဖျက်နဲ့၊ နင်ပဲ သမီး နှစ်နှစ်ပြည့်တဲ့အထိ စောင့်မယ်ဆို၊ သွား ...သွား၊ အခန်းထဲကထွက်သွား" လို့ သူက စာအုပ်နဲ့ မျက်နှာကို ကာထားရင်း အသံအုပ်အုပ်နဲ့ ငေါက်ထုတ်ပါတယ်။

"မင်းဟာ ငါ့ရဲ့ တရားဝင် ကာမပိုင်ဇနီးဆိုတာ မေ့နေပြီလား ဥမ္မာ၊

မင်းပါးစပ်ကနေ ချစ်ပါတယ် .. ချစ်ပါတယ်လို့ ပြောခဲ့တဲ့စကားလုံးတွေ အခု ဘယ်ကိုအတောင်ပေါက်ပြီး ပျံပြေးကုန်ပြီလဲ။ ရာသက်ပန် မမုန်း ကြေး မမေ့ကြေးပါ စိုးဝေရယ်လို့ မင်းနှုတ်ခမ်းဖျားက တဖွဖွ ပြောခဲ့တာ တွေကော၊ သမီးမွေးပြီးကတည်းက မင်းမှာ အချစ်မရှိတော့သလိုပဲ ဥမ္မာ” လို့ ခနိုးခနဲ့သံပြောရင်း လေသံမျှင်းမျှင်း ကျွန်တော် ရယ်နေတုန်းမှာ သူ ကုလားထိုင်ပေါ်က ဖြုန်းခနဲ ထလာတယ်။

“အချစ်တွေ အချက်တွေ လာလုပ်မနေနဲ့။ ဒီအချိန်မှာ ဘာအချစ်မှ ငါနားမလည်ဘူး၊ နင်ထွက်သွားတော့၊ ကလေးအိပ်ရာက နိုးသွားမယ် နော်” ဆိုပြီး သူက ကျွန်တော့်ကို တစ်ခါမှမကြည့်ဖူးတဲ့ စူးစူးဝါးဝါး အကြည့်နဲ့ ကြည့်တယ်။ သူကြည့်ပုံက ကျွန်တော့်ဗိုက်ကို ဓားချွန်နဲ့ ထောက်တဲ့အတိုင်းပဲ။ ကျွန်တော်ကလည်း ဒီညတော့ အလံမလှဲစတမ်း ဆိုတဲ့ ဆုံးဖြတ်ချက်ရှိတော့ ခုတင်ပေါ်မှာ ဒူးတောင်နန့်ပြလိုက်ပါသေးရဲ့။

“ငါ မသွားဘူး ဥမ္မာ၊ ဘာဖြစ်ဖြစ် မင်းနားမှာပဲ ငါအိပ်မယ်” လို့ ကျွန်တော်ပြောလိုက်တဲ့အချိန်မှာ လျှပ်စစ်မီးလုံးရှေ့ကနေ ငှက်မည်းကြီး တစ်ကောင် ဖြတ်ပျံလာသလို ဖျတ်ခနဲမြင်လိုက်ရပြီး ကျွန်တော့်မျက်နှာ ပူထူသွားသလို နားနဲ့နီးတဲ့နေရာမှာ ထိတွေ့ရိုက်ခတ်မှုကြောင့် ကျွန်တော့် အကြားအာရုံ တဒင်္ဂရပ်ဆိုင်းသွားတယ်။ ကတ်ပြားဖုံးစာအုပ်နဲ့ ရိုက်တာ ဟာ လက်နဲ့ရိုက်တာလောက်မနာပေမဲ့ ပိုပြီးထုံထိုင်းသွားစေပါတယ်”

“သွားစမ်း... ယောကျ်ားဖြစ်ပြီး ကတိမတည်တဲ့ကောင်” လို့ အော်ပြီး သူက စာအုပ်ကို ထပ်မြှောက်လိုက်ချိန်မှာ ရေလျှံလုလုဆဲဆဲ ရေ ကာတာက ရေလွှဲတံခါးပေါက်တွေအားလုံးကို တစ်ပြိုင်နက်တည်း ဖွင့် ချလိုက်သလို ဖြစ်သွားတာပါပဲ။ စီးဆင်းတဲ့ ရေအဟုန်ကို ဘယ်အရာ ကမှ မတားဆီးနိုင်တော့ပါဘူး။

“ငါကတိမတည်ရင် နင်နဲ့တောင် မညားဘူးပေါ့” လို့ အော်ရင်း

ကျွန်တော် ဘယ်လိုလုပ်မိလိုက်မှန်း မသိဘူး။ ဥမ္မာထွန်းဟာ သူထိုင်ခဲ့တဲ့ ကုလားထိုင်ထဲကို ပုံလျက်လဲကျသွားတယ်။ ကျွန်တော်လည်း ပါးစပ်က ဘာတွေအော်ဟစ်နေမိမှန်း မသိတော့ဘူး။ သူကလည်း အပြင်းအထန် ဒဏ်ရာရသွားတဲ့ သားရိုင်းတိရစ္ဆာန်တစ်ကောင်လို ဝမ်းခေါင်းသံနဲ့ အော်နေတော့တာပဲ။

အဲဒီတုန်းမှာ ဒေါ်စိန်ရွှေက ကျွန်တော့်ကို ကြိမ်ရိုးတံမြက်စည်းနဲ့ နောက်ကနေ ဝင်ရိုက်တယ် ထင်တာပဲ။ ကျွန်တော်က ကြုံးဝါးအော်ဟစ်ပြီး တံမြက်စည်းကို လုယူတယ်။ သူကလည်း ရှိသမျှအားနဲ့ တံမြက်စည်းရိုးကို ဆုပ်ကိုင်ထားရင်း ကျွန်တော့်ကို မိုးမွှန်အောင် ဆဲနေခဲ့တာ ကျွန်တော်မှတ်မိသေးတယ်။ ကျွန်တော်လည်း သူ့ကို ပြန်ဆဲနေခဲ့တယ်လို့ ထင်တာပဲ။ ဆဲရင်လည်း 'မိန်းမယုတ်ကြီး' ဆိုတဲ့ ဝေါဟာရကလွဲလို့ တခြား ဖရုဿဝါစာ ကျွန်တော့်ပါးစပ်ကထွက်မှာမဟုတ်ဘူး။ ဘာကြောင့်ဆို သူ့အကြောင်း စဉ်းစားမိတိုင်း အဲဒီဝေါဟာရကပဲ ကျွန်တော့် ရင်ခေါင်းထဲမှာ တရစပ်မြည်နေတတ်ခဲ့တာကိုး။

ကျွန်တော်တို့ဟာ တံမြက်စည်းကို လက်နှစ်ဖက်စီ စုံကိုင်ကြရင်း လုနေကြတာဟာ (ပြန်တွေးကြည့်တော့) ငယ်ငယ်က ဝါးရင်းတုတ်တို ဘစ်ချောင်းကို လူငယ်နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ရင်း တုတ်ကို လက်နှစ်ဖက်စီနဲ့ ကိုင်ထားရင်း ပြိုင်ဘက်ကို ထိုင်ရာက ဖင်ကြွအောင် ဆွဲကြရတဲ့ တုတ်ဆွဲပြိုင်ပွဲကို သတိရစရာ ဖြစ်နေပါတယ်။ အံ့ဩစရာ ဆော့ကောင်းသား အသက် ၅၀ ရွယ် မိန်းမကြီးရဲ့လက်ထဲက တံမြက်စည်းလက်နက်ကို အသက် ၂၅ နှစ်ရွယ် အားကောင်းမောင်းသန် ယောကျ်ားက မလုနိုင်တာပဲ။ လုရင်းနဲ့ ကျွန်တော် ဘာစိတ်ကူးပေါက်သွားသလဲ မသိဘူး။ ကျွန်တော် ဆတ်ခနဲလွှတ်အပေးမှာ သူ့ဘက်ကို သူ ဆွဲနေတဲ့အရှိန်နဲ့ သူနောက်ပြန်လဲကျသွားတော့ နောက်စေ့နဲ့ ခုတင်

ဆောင်းဟာ ၄၅ ဒီဂရီကျကျ ပြေးရိုက်မိတာပေါ့။

သားအမိနှစ်ယောက်စလုံး မထနိုင်ကြတော့ဘူး။ ဒေါ်စိန်ရွှေက တော့ လုံးလုံးကို သတိလစ်နေတာ။ နောက်တစ်နာရီကြာတော့ ဦးခေါင်း ခွံရိုးအက်ပြီး ဦးနှောက်ထဲ သွေးယိုစီးတာကြောင့် သေရတာလို့ ဆေးရုံက ပြောနေကြသတဲ့။ ဥမ္မာထွန်းရဲ့ ညာဘက်လက် (စာအုပ်ကိုင်ရိုက်တဲ့ လက်ပေါ့) ကိုတော့ ကျောက်ပတ်တီးစည်းရသတဲ့။

လန့်ငိုနေတဲ့သမီးကို ပွေ့ချီထားရင်း အိမ်ပေါ်ပြေးတက်လာကြတဲ့ အိမ်နီးချင်းတွေကို ကျွန်တော်က ...

"ကျွန်တော်ဟာ ဒေါ်စိန်ရွှေရဲ့ ကျွန်ဘဝက လွတ်မြောက်သွားပါပြီ။ ဥမ္မာထွန်းရဲ့ ခိုင်းနွားဘဝကလည်း လွတ်မြောက်သွားပါပြီ" လို့ ပြုံးပြုံး ရွှင်ရွှင် အော်ပြောလိုက်မိတယ် ထင်တာပဲခင်ဗျာ။

တရားသူကြီးမင်းခင်ဗျား ... တရားခံစိုးဝေ (အဘအမည် ဦးပို) ကို စီရင်ချက်ချပါတော့ခင်ဗျား ...။

မှုန်ရီပါးလွှာသော လအလင်းက သူ့ကိုယ်ပေါ်မှာ ဖြည်းဖြည်းချင်း ရုပ်သိမ်းသွားပုံကို သူက သူ့ထံမှ မြွေဆိုးတစ်ကောင် တရွေ့ရွေ့ လျော ဆင်းသွားနေသည်ကို ကြည့်ရှုရသည့်ပမာ ခံစားလျက် ချွေးစေးများ ကြောင့် အိုက်စပ်နေစဉ် သူ့ညာဘက်ဘေးရှိ အထုပ်တစ်ထုပ်နှင့်တူသော စောင်ခေါင်းမြီးခြုံထားသူက စောင်ကိုလှပ်၍ မျက်နှာကိုဖော်ကာ ခပ်တိုး တိုးအသံပြုသည်။

"ကောင်လေး ... ဒီနေ့ မင်းကို စီရင်ချက်ချရမှာမို့ မင်း ရင်တုန် ပန်းတုန်နဲ့ အိပ်မပျော်နိုင်ဘူး မဟုတ်လား။ မင်းပါးစပ်ကလည်း တိုးတိုး တိုးတိုးနဲ့ စကားတွေပြောနေတယ်"

ထိုသူမှာ အသေးအဖွဲ့ ခိုးလေ့ရှိသော အသက် ၆၀ ခန့် ဇောရ နကွွတ်နှင့် ယှဉ်၍မွေးလာသူ လက်ဖောင်းသူခိုးကြီးဖြစ်သည်။ သူခိုးကြီး

က ဆက်ပြောပြန်၏။

"မင်းအမှုက ခုနစ်နှစ်တော့ ကျနိုင်တယ်။ ကမ်းကုန် ၁၀ နှစ်ပေါ့ကွာ"

"၁၀ နှစ်ကျရင် ပိုကြိုက်တယ်" ဟု စိုးဝေက ပြောလိုက်၏။

"ဘာပြုလို့လဲကွ"

"ဥမ္မာထွန်းဆိုတဲ့ကောင်မနဲ့ ၁၀ နှစ်ဝေးဝေးနေရတာပေါ့"

"မင်းရဲ့သမီးကလေး ရှိသေးတယ်လကွာ"

"သမီးကိုလည်း သူ့အမေစုန်းမက ဘူးသွင်းမှာ သေချာတယ်" ဟု ပြောရင်း စိုးဝေသည် သူ၏မိခင်က သူ့ကို လွန်ခဲ့သော နှစ်နှစ်ခန့်က ပြောခဲ့ဖူးသော ထိတ်လန့်စိုးရွံ့ဖွယ် စကားတစ်ခွန်းကို ပြန်လည်ကြား ယောင်လျက် ရှိခဲ့လေသည်။

မြားနတ်မောင်မဂ္ဂဇင်း နိုဝင်ဘာ၊ ၂၀၀၄

❑

# တစ်ခါက သူသည် ဈေးခွေးဖြစ်ခဲ့သည်
■ ကြူးနှစ်

ကျွန်တော် လူပျိုပေါက်သဖြစ်စပြုချိန် နှစ်ကာလများအခါက ကျွန်တော်တို့ ရပ်ကွက်အတွင်းရှိ ရွယ်တူအပေါင်းအသင်းငယ်သူငယ်ချင်းများကြား၌ 'သန်းဝေ' ကို 'ဈေးခွေး' ဟု နာမည်ပြောင်ဖြင့် ခေါ်ဝေါ်ခဲ့ကြကြောင်း ကျွန်တော် ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပေ။ ဘာကြောင့်ဆိုပါလျှင် ထိုနာမည်ကို ကျွန်တော်ကိုယ်တိုင် ရွေးချယ်လျက်၊ သူငယ်ချင်းများကြားတွင် အသိအမှတ်ပြု တစ်ညီတစ်ညွတ်တည်း သုံးစွဲခေါ်ဝေါ်ကြစေအောင် ကျွန်တော် လုံ့လစိုက် ကြိုးပမ်းခဲ့သောကြောင့်ဖြစ်၏။ ဈေးခွေး ... ဈေးခွေး၊ ဈေးခွေးသန်းဝေ။ တစ်သက်လုံး မမေ့။

"ဒီကောင်က ဈေးထဲမှာနေ၊ ဈေးထဲမှာ သွားလာကျက်စားတဲ့ ခွေးတစ်ကောင်အတိုင်းပဲ၊ အမဲသားဆိုင်က လွှင့်ပစ်လိုက်တဲ့ အရိုးအရွဲတွေကိုလည်း ပြေးဟပ်လိုက်တာပဲ၊ ငါးစိမ်းတန်းထဲက အရိုးအရွှင်း အကြေးခွံတွေဆိုရင်လည်း ကောက်ဝါးလိုက်တာပဲ၊ ကုန်စိမ်းသည် လွှင့်ပစ်ထားတဲ့ ခရမ်းချဉ်သီးပုပ်ကိုလည်း သွားနမ်းတာပဲ၊ ကုန်စိမ်းဆိုင်အောက်မှာ ကျနေတဲ့ အာလူးပုပ်၊ ကြက်သွန်ပုပ်ကိုတောင် သူက ပြေးကိုက်ချင်ကိုက်တာကွ။ သန်းဝေဆိုတဲ့ကောင်လည်း ဈေးခွေးနဲ့ ဘာထူးလို့လဲ။ မိန်းကလေး

ချောချောလှလှမြင်ရင် အပျိုမှန်းမသိ၊ အအိုမှန်းမသိ တွေ့တာနဲ့ ကြိုက်ပစ်လိုက်ပြီး ရည်းစားစကားပြောဖို့ ကြိုးစားတော့တာပဲ၊ ပါးချခံရမှာလည်း မကြောက်ဘူး၊ ရုံးကို အတိုင်ခံရမှာလည်း ဒီကောင်မှုပုံမရဘူး၊ အခုလည်း ကြည့်ပါလား၊ သားအမိနှစ်ယောက်တည်း ရပ်ကွက် အစွန်အဖျားမှာနေတဲ့ အပျိုကြီး မစန်းလှိုင်တို့အိမ်ကို ဒီကောင် ညဘက်သွားသွားလည်နေတယ်။ အပျိုကြီးက ဟိုင်းစပြုနေပြီဆိုတော့ မီးရာကားနဲ့လိုက်မယ်ဆိုပြီး သန်းဝေလို နုနုထွတ်ထွတ် လူပျိုစစ်စစ်ကို အမိဖမ်းလိုက်ရင် ဒီကောင်တော့ ကိုယ့်ဒေါ်လေးဒေါ်ကြီးအရွယ် အပျိုကြီးနဲ့ညားပြီး လူညွှန့်တုံးမှာပဲ၊ ဈေးခွေးဟာ နောက်ဆုံးတော့ စည်ပင်သာယာ အမှိုက်တင်ကားကြီးပေါ် တောင့်တောင့်ကားကားကြီး ပါသွားသလိုပေါ့ကွာ" ဟု ကျွန်တော်က သန်းဝေကို 'ဈေးခွေး'နာမည်ခေါ်သင့်ကြောင်း မိတ်ဆွေတွေကို ရှင်းလင်းပြောဆို ဆွဲဆောင်စည်းရုံးခဲ့ပါသည်။

"ဘာပဲဖြစ်ဖြစ် သန်းဝေက ရည်းစားထည်လဲတွဲနိုင်တယ်ကွ။ ငါတို့မှာ မူးလို့တောင် ရှူစရာမရှိ။ ဘယ်ကောင်မလေးတွေကမှ တို့ကို အကပ်မခံ၊ တို့ကျတော့ ဝေါ်ပြတ်ပိန်ကပ်နေတဲ့ ခွေးလေခွေးလွင့်တွေနဲ့ မတူဘူးလားဟင်" ဟု အပေါင်းအသင်းတစ်ယောက်က ပြုံးစပ်စပ်နှင့် စောဒကဝင်သည်။ စဉ်းစားစရာတော့ကောင်းလှ၏။ ကျွန်တော်တို့က ဟေးလားဝါးလားသမားတွေ၊ ဆေးလိပ်သောက်ကွမ်းဝါးနှင့် လတ်လျားလတ်လျားနေသူတွေ၊ တစ်ခါတလေ ငွေရှင်အဖော်ကောင်းလျှင် (ထိုခေတ်အခေါ်) ဘီအီးဒီစီ မသောက်တတ် သောက်တတ်နှင့် မော့ကြပြီး မမူးတတ်မူးတတ်နှင့် မူးကြကာ မတန်မရာပေးသော 'အရက်သမား'ဘွဲ့ခံယူ၍ အချောင်သက်သက် နာမည်ပျက်ခံနေသူတွေ။

"ဘာဆိုင်လို့လဲကွ၊ သန်းဝေက နှမချင်းမစာမနာနဲ့ မိန်းကလေးတွေကို ဟင်းရွက် ကန်စွန်းရွက်လို သဘောထားနေတဲ့ လူယုတ်မာပဲ

ဥစ္စာ။ ငါတို့က ကြိုက်ရင် အတည်ပဲ။ မိန်းကလေးတွေ သိက္ခာကျအောင် ဘယ်တော့မှ မလုပ်ဘူး။ နမချင်းစာတယ်ကွ" ဟု ကျွန်တော်က ဒေါသတကြီး အော်သည်။

သမာသမတ်ကျကျ စဉ်းစားမည်ဆိုလျှင် သန်းဝေက ကျွန်တော်တို့ထက်သာသည့် အရည်အသွေး၊ အခြေအနေ၊ ရုပ်တည်မှုတွေရှိထားကြောင်း ဝန်ခံရပေမည်။ သူ၏ဖခင်သည် အစိုးရစက်မှုအလုပ်ရုံကြီးတစ်ခုမှ စက်ပြင်အင်ဂျင်နီယာကြီးတစ်ဦးဖြစ်၏။ သန်းဝေတို့ ဆွေမျိုးအသိုင်းအဝိုင်းကလည်း လူလတ်တန်းစား ဥစ္စာစုနေတောင့်တင်းသူတွေဖြစ်ကြ၏။ သန်းဝေသည် အသားညိုညို၊ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်ပုပုနှင့် ဆံပင်နည်းနည်းကောက်သည်။ မျက်နှာပေါက်က အင်ဒီယန်းရုပ်ရှင်တွေထဲမှ လူငယ်မင်းသားအချို့ကဲ့သို့ နုနုနွဲ့နွဲ့နှင့် မိန်းမချောချောသည်။ သူက ကျွန်တော်တို့အုပ်စုကဲ့သို့ ခေတ်မီမီ (လမ်းသရဲဆန်ဆန်) ဝတ်ဆင်ခြင်းမပြုပါ။ ဆံရှည်လည်း မထားပါ။ သူက အလယ်အလတ်တန်ဖိုးရှိသော မရိုးမဆန်းဝတ်စုံမျိုးကိုသာ ကြွနွေရရ ဝတ်ဆင်၍ မတိုမရှည် ဆံပင်နက်နက်ကွေးကွေးတို့ကို ကပိုကရို ကနွဲ့ကလျထားလေ့ရှိသည်။ စကားပြောတော့လည်း တိုးတိုးအေးအေး၊ ဖြည်းဖြည်းနှေးနှေးနှင့် ဖြူစင်သော ရှေ့သွားတွေကို ဖော်ထားတတ်၏။ ကျွန်တော်တို့တွေကတော့ ပြုံးလိုက်လျှင် ဆေးရွက်ကြီးချေးစွဲစပြုနေသော ရှေ့သွားတွေ မလှမပ ပေါ်ထွက်လာကြမည်ဖြစ်၏။

ကျွန်တော်တို့က သန်းဝေနှင့် ရုပ်ရည်ချင်း၊ ကာယဗလချင်း ယှဉ်ကြည့်ကြသည်။ သည်ကောင် မသာနိုင်ပါ။ မိဘကျောထောက်နောက်ခံချင်း ယှဉ်ကြည့်ကြသည်။ သည်ကောင် မဆိုစလောက်တော့ သာသည်။ ကျောင်းပညာအရည်အသွေးချင်း ယှဉ်ကြည့်ကြသည်။ တန်းတူပါပဲ။ ပေါင်းသင်းဆက်ဆံရေးချင်း ယှဉ်ကြည့်ကြသည်။ သည်ကောင်က ဇက

ဇာရီ တောမိုယောဂီလို အေးအေးကုပ်ကုပ်၊ ကျွန်တော်တို့က ရှစ်စပ်က ဘှင်ခြေလည်သူတွေ...။

သည်ကောင်က ဆေးလိပ်မသောက်၊ ကွမ်းမဝါး၊ ယမကာမမှီဝဲ။ ကျွန်တော်တို့က (ကာမေဘညာနွယ်ဆင်ကိစ္စကလွဲလျှင်) ပြီးတော့ (ဥပဒေ လွတ်ကင်းသော မူးယစ်မှုကလွဲလျှင်) လိုင်းပေါင်းစုံထိန်းသိမ်းရေးသမား တွေ၊ အပျော်အပါး၊ အမော်အကြွားကလေးတွေနှင့် 'စီ'ခနဲဆို 'လူကြီး' အိမ်ရောက်ရ၊ 'ရုံး'ရောက်ရတတ်သူတွေ။ သန်းဝေက ဘာနာမည်ဆိုးမှ ထွက်မလာ။ ရပ်ကွက်ထဲမှာ သည်ကောင် နေထိုင်သည်ဟုပင် မထင် ရအောင် သိုသိပ်ငြိမ်ဝပ်လွန်းသည်။

"ဟင် ... သန်းဝေဆိုတဲ့ကောင်က စံပြကုပ်ကမြင်းပဲ" ဟု ကျွန်တော် က မိမိကြံရွယ်နေသော မိန်းကလေး သန်းဝေနှင့် ငြိမိသွားသောသတင်း ကို ကြားသည့်အခါ ဤသို့ပင် မှိုချိုးမှျစ်ချိုး အမနာပပြောပစ်လိုက်၏။

"ပူမနေနဲ့ပေါ့ကောင်၊ ဘာမှကြာမှမဟုတ်ဘူး၊ ထုံးစံအတိုင်း ချာပြ သွားကြဦးမှာပဲ၊ သန်းဝေ လွှင့်ပစ်လိုက်တော့မှ အကြွေပန်းကလေးကို သွားကောက်နမ်းလိုက်ပေါ့" ဟု ရင်းနှီးသောသူငယ်ချင်းက ကျွန်တော့်ကို ဆယာင်ပါသည်။

"ဘာလို့ကောက်နမ်းရမှာလဲ၊ ငါက ဒီကောင့်လို ဈေးခွေးမှမဟုတ် ဘာ"

ကျွန်တော် စိတ်ဆိုးမာန်ဆိုး ရှက်ကိုးရှက်ကန်း အော်မိပါသည်။ သန်းဝေလွန်လှပြီ။ ကျွန်တော်ကြံရွယ်ဆဲ မိန်းကလေးတွေကို သူ အမိအရ ချိတ်ယူသွားခဲ့သည်မှာ နှစ်ယောက်ရှိနေပြီ။ စင်စစ် ကျွန်တော်က အုံ့ပုန်း သမားလိုနေခဲ့၊ ဆေးလိပ်ဖွာရင်း မျက်ထောင့်နီကြီးတွေဖြင့်သာ အမျိုး သမီးကို ခပ်လှမ်းလှမ်းမှ (အရက်ဆော်နံမှာစိုး၍) ကြည့်နေခဲ့သူ။ သန်းဝေ က လက်တွေ့သမား။ မြွေလို ပိရိသိုသိပ်ပြီး လျင်မြန်တဲ့ကောင်စား။

သည်ကောင်က ကံထူးရှင်လည်းဖြစ်သည်။ သူ့ကို ယောကျ်ားအချင်းချင်း မနာလိုကြသလို မိန်းကလေးအချို့ကလည်း သူ့အပေါ် မကျေမချမ်း နှုတ်ခမ်းစူ၊ တက်ခေါက်ကြသည်။ သူတို့မှာ နေရာပေးခြင်း မခံရရှာသော အချစ်ရူးမကလေး အချို့ပင်ဖြစ်ကြ၏။ အချို့ဆိုလျှင် သန်းဝေကို လုယက်ကြရာမှ ကျော်မကောင်းကြားမကောင်း ရန်ပွဲတွေပင် ဖြစ်ပေါ်လာခဲ့ရပါသည်။ ထိုသို့ပြဿနာပေါ်လျှင် လူပါးသန်းဝေက ရပ်ကွက်ထဲကနေ သုံးလတန်သည်၊ လေးလတန်သည်အထိ ကြာအောင် ရှောင်တိမ်းသွားလေ့ရှိ၏။ သူပြန်ရောက်လာပြီး မကြာမီမှာပဲ သူ့နံဘေးမှာ မိန်းမချောကလေးတစ်ဦး ရောက်ရှိနေပြန်တော့သည်။ သောက်ကျိုးနည်း၊ ကံထူးသူလေတကား…။

ကျွန်တော်နှင့် သန်းဝေတို့က တစ်ရပ်ကွက်တည်းသားချင်း၊ ငယ်မွေးခြံပေါက် ကျောင်းနေဖက်တွေဖြစ်ကြရာ စရိုက်မတူ၍ မပေါင်းဖော်ဖြစ်ကြသော်လည်း 'ရည်းစားလုဖက်' ကိစ္စကြောင့် အချင်းမများခဲ့ကြ။ ကျွန်တော်က "သန်းဝေက လူရိုး၊ ငါက လူဆိုးပဲလေ။ မိန်းမတွေက လူရိုးကို ရွေးကြတာ သဘာဝပဲ" ဟု အကောင်းမြင်ဝါဒီကြီးလို ခံစားပြီး ဖြေသိမ့်ခဲ့သည်။ စင်စစ် 'မယားထိ မားကြည့်' သမားတွေမှာ စိတ်သဘောထား အလွန်ကျဉ်းမြောင်းပြီး 'တစ်ဘို့သမား' နွားလို လောဘကျေးကျွန်တွေသာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ဤသဘောကြောင့် ကျွန်တော် ရည်စူးထားခဲ့သော မိန်းကလေးနှစ်ဦး သန်းဝေနောက်သို့ ကောက်ကောက်ပါခဲ့ကြသည့်တိုင် သန်းဝေကို ကျွန်တော် ပုံမှန်ရန်ငြိုးနှောင်ဖွဲ့ခြင်း မရှိခြင်းဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ နောက်ဆုံးတွင် ထိုမိန်းကလေးနှစ်ဦးစလုံးကို သန်းဝေလည်းမရ၊ ကျွန်တော်လည်း မရဘဲ ဒင်း(သင်း)တို့ တခြားကောင်တွေနှင့်သာ အိမ်ထောင်ကျသွားခဲ့ကြပါသည်။

'ကျော်တော့လှေသူကြီး၊ ညားတော့လှေထိုးသား' ဟူသော ရှေးရိုးမြန်မာစကားပုံ တစ်ခုရှိသည်။ သန်းဝေအဖြစ်က ထိုစကားပုံနှင့် ခပ်ဆင်ဆင်ကလေးတော့ တူသွားသည်ဟု ထင်ပါသည်။ ရပ်ကွက်ထဲမှာလည်း သန်းဝေ အိမ်ထောင်ကျပုံက အုတ်အော်သောင်းတင်းဖြစ်သွားစေ၏။

"သူနောက်ဆုံးတွဲနေတဲ့ ကုလားဆင်မလေးနဲ့ ညားပြီမှတ်နေတာ၊ ခုကျတော့လည်း တစ်မျိုးကြီးပါလား" ဟု တစ်ယောက်က မြည်တမ်း၏။

"အပျိုကြီး မစန်းလှိုင်ရဲ့ ထောင်ချောက်ထဲ မကျအောင်တောင် လိမ်လိမ်မာမာ ပါးပါးနပ်နပ် ရှောင်တိမ်းနိုင်ခဲ့တဲ့ကောင် အခု ပိစိညှောက်ခလုတ်ကလေးကိုကျမှ ခလုတ်ဝင်တိုက်ပြီး ဟပ်ထိုးလဲတော့တာပဲ" ဟူ၍ အားမနာပါးမနာ မလိုတမာဝေဖန်သူလည်း ရှိသည်။

"ကောင်မလေးရဲ့အဖေ အရက်သမားကြီးက ထောင်ထွက်လည်း ထောင်ထွက်ကွ၊ လူသတ်မှုနဲ့ ထောင်ကျဖူးသတဲ့၊ ကောင်မလေးကို စပြီးမှ မယူရင် အဘိုးကြီးက သတ်မှာစိုးလို့ ဒီကောင်အဘိုးကြီးကို ရှိန်ပြီး ယူလိုက်ရတာဖြစ်မယ်" ဟု သတင်းအချက်အလက် အမှားကြီးကို ရမ်းသမ်းဖြီးသူလည်း ရှိခဲ့ပါသည်။

"ကြီးရင်မီ၊ ငယ်ရင်ချီလို့ ဆိုသမှတ်လား၊ အပျိုကြီး မစန်းလှိုင်ကို ယူရင် ဒီကောင် မီရမယ်၊ အခု အေးသီတာကလေးကိုယူတော့ ဒီငနဲ ချီရပြီပေါ့။ ကောင်မလေးက ၁၆ နှစ်တောင် ပြည့်မယ်မထင်ပေါင်ကွာ၊ လူကောင်ကလည်းသေး၊ အသားကလည်း မည်းကြုတ်ကြုတ်နဲ့ ၈ တန်းနဲ့ကျောင်းထွက်ပြီး ဈေးရောင်းနေတဲ့ကလေးမကလေး၊ အသက် ၃၀ လောက်နီးနီးဘွဲ့ရပညာတတ်သန်းဝေ စိတ်မှန့်သေးရဲ့လားကွာ"

နှစ်ဖက်မိဘများ၏ သဘောမတူ ဆူပူကန့်ကွက်သံတွေ အုံးအုံးထနေသည့်ကြားကပင် သန်းဝေနှင့် အေးသီတာ တရားဝင်လက်ထပ်ဖြစ်

အောင် (တစ်နည်းနည်းဖြင့် ကြိုးစားခဲ့ပုံရသည်။ အထက်လမ်းနည်းလား၊ အောက်လမ်းနည်းလားတော့ ကျွန်တော် မသိ။) ကြဲစည်လုံးပန်းကပြီးသော် လက်မခံဆန့်ကျင်နေကြသည့် နှစ်ဖက်မိဘတွေကို ကျောခိုင်းကာ ဘယ်ဆီဘယ်ဝယ် မသိနိုင်သော တစ်ရပ်တစ်ကျေးသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြလေသည်။

သူတို့မျှောပုံက မြစ်ထဲမှာ ညာဘက်ကမ်းရော၊ ဘယ်ဘက်ကမ်းပါ မမှီတွယ်မခို ကပ်နိုင်ကြရှာသော မျှောပုံမျိုး၊ သန်းဝေဘက်မှ ငယ်ရွယ်ဆင်းရဲ၊ ပညာမဲ့ပိန်ကပ်၍ ဖအေယစ်ထုပ်ကြီး၏ သမီးကို ယူရကောင်းလောဆိုကာ သန်းဝေကို ပစ်ပယ်ခြင်းဖြစ်၏။ အေးသီတာဘက်ကတော့ အိမ်မှာ လူချောင်သွားပြီး အေးသီတာတခြားမှာပဲနေ၊ ကိုယ့်ဓာတ်ကိုယ်နိုင်အောင်ကတော့ဆိုပြီး အတ္တာဟိ အတ္တနော နာထော ဒေသနာတရားတော်နှင့်အညီ ကိုယ့်ကိုယ်ကိုယ်အားကိုးရန် သမီးငယ်ကို ပညာပေးမောင်းထုတ်ခြင်းဖြစ်ပေ၏။

"လင်စံရွေး လင်ရွေးနဲ့ညားဆိုတဲ့စကားလုံးက မိန်းမသားတွေအတွက် ဆုံးမထားခဲ့တာကွ၊ အခု ရည်းစားပေါင်းသောင်းခြောက်ထောင်ထားခဲ့ပြီး မယားစံရွေးရင်း လမ်းဘေးမှာ ခေါင်းရွက်ဗျတ်ထိုးရောင်းရရှာတဲ့ အရက်သမားသမီး ငါးကျည်းခြောက်မကလေးနဲ့ ညားသွားလို့ အိမ်ပေါ်ကခေါင်းနဲ့ဆင်းသွားရတဲ့သန်းဝေအတွက် ဘယ်လိုစကားပုံထွင်ကြရင်ကောင်းမလဲ" ဟု အရက်ဝိုင်းမှာ ကျွန်တော်တို့ ရယ်ပွဲဖွဲ့မိကြပါသည်။

"လိုက်ဖ်အစ်စ်အ့ေစထရယ်ဂဲလ် Life is a struggle ဘဝဆိုတာ တိုက်ပွဲဆိုတဲ့ စကားပုံအရှိသားပဲ။ ဒီကောင် တိုက်ပွဲဝင်တုန်းပေါ့ကွာ။ သူလည်း ဒီဂရီရပညာတတ်၊ ကောင်မလေးကလည်း စာမတတ်ပေမဲ့ ရောင်းတတ်ချတတ်တာပဲ" ဟု တစ်ယောက်က သန်းဝေဘက်မှ အားပေး

ဆောက်ခံသံဖြင့် ပြောသည်။ တမန်တော်က ဘဝင်မကျပါ။ ပုထုဇဉ်ပီပီ...။ ကျွန်တော့်အပေါ် 'ရည်းစားခေါင်းပုံဖြတ်' သွားခဲ့သူ၊ ပျိုတိုင်းကြိုက်တဲ့ နင်းဆီခိုင်လိုကောင်၊ လည်လွန်းတဲ့ဘီးချေးသင့်ပြီး ဗိုမဟုတ်။ ပတ်မဟုတ် အနုတ်စုတ် ကုပ်စုတ်မကလေးနှင့် ညားသွားခြင်းအတွက် ကျွန်တော် အုံ့ပုန်းကျေနပ်နေမိခဲ့ပါသည်။ မှတ်ထားကွ၊ ရည်းစားဓားပြ ဖြစ်မှုအတွက်၊ မင်းပေးဆပ်လိုက်ရတဲ့ ပြစ်ဒဏ်ပဲသူငယ်ချင်း။ ငါမိန်းမ ရတဲ့အခါ မင်းလို ဗလချေးနန်းမဖြစ်စေရဘူး။ အေးသီတာထက် အဆ တစ်ရာသာတဲ့ အထက်တန်းအကောင်းစားကို ငါရှာယူပြမယ် .... ဟု သည်း ကျွန်တော် သေရည်တန်ခိုးဖြင့် ဘဝင်စိတ် ငယ်ထိပ်ကပ်ကာ ခမ်းထဲမှာကျိတ်၍ ကြွေးကြော်ခဲ့၏။

ကံကြမ္မာက ကျွန်တော့်ကို မျက်နှာသာမပေးခဲ့ပါ။ မူးမူးယစ်ယစ် ဒိတ်ကူးဉာဏ်တွေ တစ်လွဲသစ်ဆန်းခဲ့သော ကျွန်တော်သည် တစ်ခုလပ်၊ မဆိုးမ၊ မိန်းမလည်သိန်းကြွယ်တစ်ယောက်၏ မာယာကွန်ရက်ထဲ ဆောက်လျက်လဲ ဖမ်းချုပ်မိသွားခဲ့ပါသည်။ မိန်းမကြီး (ကျွန်တော့်ထက် ငါးနှစ်နီးပါး အသက်ကြီး၏၊ သားကြီး၊ သမီးကြီးလည်း ရှိသေး၏။) က မည်းမည်းကြုတ်ကြုတ် ဘုတ်ပွကြီးလည်း ဖြစ်သေး၏။ အဆိုးဆုံး မှာ ပန်းနာရင်ကျပ်ရောဂါသည်ဖြစ်၍ ညတိုင်းညတိုင်း သူ့ရောဂါကို ပြုစုနေရသည်နှင့် ကျွန်တော် ကောင်းကောင်းမသောက်ရတော့။ သူက တော့ ကျွန်တော့်ကို 'မောင် ... မောင်' တမောင်မောင်နှင့် အလိုလိုက် ရှာပါ၏။ ကျွန်တော့်မှာမူ ဖြ လလောက် စိတ်ကြည်ကြည်သာသာနှင့် ပေါင်းသင်းခဲ့ပြီးနောက် အိမ်တွင်းငရဲခံရသလို မွန်းကျပ်ဆင်းရဲလာခဲ့ပါ သေ၏။ စိတ်ဖိစီးမှုကို ကျွန်တော်က အရက်ဖြင့် တွန်းလှန်သောအခါ သူ့ရာနတ်သမီးက ကျွန်တော့်ကို 'ယစ်ထုတ်'ဘွဲ့ထူးကြီး အပ်နှင်းလိုက် ခြင်းဖြင့် ကျွန်တော့်မိန်းမကြီးနှင့် ကျွန်တော်တို့ အပေးအယူ မတည့်ကြ

တော့ပေ။ ဝိရောဓိအခြေအနေမှဲ့ ဆိုက်ရောက်လာတော့၏။ မယားပါ သား လူပျိုပေါက်ကလည်း ကျွန်တော့်ကို ဓားကြိမ်း ကြိမ်းစပြုလာ၏။ မယားပါသမီးအပျိုဖြန်းကလေးကလည်း နေ့စဉ် ကျွန်တော့်ကို မကြား တကြား ကျိန်ဆဲနေခဲ့ပါသည်။ ကျွန်တော်သည် ငရဲမှထွက်ပေါက် အဖြစ်...။ မိန်းမကြီး ငါးမူးသား ရွှေဆွဲကြိုးကို မလိမ့်တပတ် ယူငင်၍ ရောင်းချကာ ရောင်းရငွေကို အသုံးပြု၍ ခြေဦးတည့်ရာသို့ တစ်ကိုယ် တော် ရှက်လွှင့်လိုက်တော့သည်။

နှစ်ပေါင်း ၂၀ နီးပါး ကြာခဲ့ပါသည်။ အနယ်နယ်အရပ်ရပ်မှ ကြုံရာကျပန်း အလုပ်လုပ်၊ တွေ့ကရာလူတွေနှင့် သင့်အောင်ပေါင်း လွယ်ရာမိန်းမတွေနှင့် တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ကြာအောင် ညား၊ ကံအလှည့်မသင့်တော့ အချုပ်ထဲဝင်၊ ကံသာကံထူးတဲ့အခါ ပျော်ရွှင်စွာ မူးရူး၊ သည်လိုနှင့် နှစ်ပေါင်း ၂၀ နီးပါးကို ကျွန်တော် ဘယ်လို အလဟဿ ဖြုန်းတီးပစ်ခဲ့မှန်း အတိအကျမသိတော့။

"ငါဟာ လိမ့်နေတဲ့ကျောက်တုံးပဲ။ လိမ့်နေခြင်းဟာ ငါ့ဘဝရဲ့ အနှစ်သာရ၊ လိမ့်နေတာကို ရပ်လိုက်ရင် ငါ့ဘဝမှာ အနှစ်သာရကင်းမဲ့ သွားလိမ့်မယ်။ ဒီတော့ ဆက်လိမ့်နေရမှာပဲ။ ငါ့ကို မတားကြနဲ့ မရဘူး"

ဆွေမျိုးမိတ်သင်္ဂဟတွေက ကျွန်တော့်ဘဝ တည်ငြိမ်အေးချမ်းစေလို သော စေတနာဖြင့် ဝိုင်းဝန်းဖျောင်းဖျနားချကြသည်ကို ကျွန်တော်က ခါးသီးစွာဆန့်ကျင်ပြီးပယ်ပစ်ခဲ့ပါသည်။

"ခင်ဗျား ဒီအတိုင်းသွားရင်တော့ လျှောမှာပဲ" ဟု ကျန်းမာရေး စောင့်ရှောက်ပေးနေသူ မိတ်ဆွေဆရာဝန်က အရက်အလွန်အကျွံသောက် ခြင်းကို သတိပေးခဲ့ပါသည်။ ကျွန်တော်က ပြန်၍ရန်လုပ်ခဲ့ပါသည်။

"လျှော .. လျှောဗျာ၊ လူဆိုတာ သေမျိုးချည်းပဲ။ ကိုယ့်လူလည်း တစ်နေ့လျှောမှာပဲ။ ဟိုတစ်နေ့ကပဲ ကျုပ်တို့ရပ်ကွက်ထဲက ဆရာဝန်

ဘစ်ယောက် အသက်လေးဆယ်ကျော်ကလေးနဲ့ လျှောသွားပြီ။ ကျုပ်က အခု အသက်ငါးဆယ်ပြည့်ပြီ။ အလတ်ကြီးရှိသေးတယ်ဗျ"

"ကျွန်တော်က စေတနာနဲ့ ပြောတာပါဗျာ" ဟု သဘောမနော ဖြူစင်လှသည့် ဆရာဝန်က သက်ပြင်းရှိုက်ရင်း ဆိုသည်။

"ကိုယ့်လူမှာ စေတနာတကယ်ရှိရင် ကျုပ်ကို ဆိုက်ကားခကလေး လှူဒါန်းဦး။ ကျုပ် လမ်းကောင်းကောင်းမလျှောက်နိုင်ဘူးဗျ"

ဆရာဝန်ပေးလိုက်သော ဆိုက်ကားငွေကို အဆင်သင့်သောအရက် ဆိုင်မှာ ကျွန်တော်က အရက်ဝယ်သောက်ပစ်လိုက်သည်။ ထို့နောက် ဆရာဝန်က တစ်ပတ်စာပေးလိုက်သည့် ဈေးကြီးလှသော သောက်ဆေး များကို ကွမ်းယာဆိုင်မှာ ပေါပေါလောလော ပြန်ရောင်းပြီးနောက် အခြား အရက်ဆိုင်ထဲသို့ ပျော်မြူးစွာ ဝင်ရောက်သွားခဲ့ပြန်ပါသည်။ အိပ်မပျော် ဘားမဝင်တာတွေ၊ ဆီး၊ ဝမ်းမကောင်းတာတွေ၊ ဒူးတွေချောင်၊ မျက်စိတွေ ဆနေတာတွေ မေ့ထားစမ်းကျောက်တုံး။ ဆက်လို့သာ လိမ့်နေစမ်း။

တစ်ခါသော် ... လိမ့်နေသော ကျောက်တုံးသည် ရန်ကုန်တိုင်း၏ အရှေ့မြောက်ဘက် မြို့ငယ်တစ်မြို့တွင် ယာယီရပ်ဆိုင်းသွားလေ၏။ သည်လိုလိမ့်နေရာမှ မကြာခဏ ဤသို့ ခေတ္တခဏရပ်နားလေ့ရှိပါ သည်။ ကြာရှည်ကြာမောတော့ မရပ်တန့်ချေ။ မလှုပ်ရှားဘဲ အနေကြာ လျှင် သူ့ဘဝ၏ အနှစ်သာရက အနက်အဓိပ္ပာယ်ပါ ပျောက်ဆုံးသွား သိမ့်မည်ဖြစ်သည်။

ကျွန်တော်သည် (...)မြို့အဝင် ရပ်ကွက်တစ်ခုအရောက်တွင် ဘတ်စ်ကားကို ရပ်ခိုင်း၍ ဆင်းသက်လိုက်ပါသည်။ လမ်းဘေးမှာ ကျွန်တော် မျှော်လင့်ထားတတ်သည့် ဆိုင်းဘုတ်လှလှကလေးတစ်ခုကို တွေ့လိုက်၍ဖြစ်၏။ 'ဘုရင်မစားသောက်ဆိုင်'တဲ့။ အိုကေ...။

နံနက် ၉ နာရီခန့်သာရှိသေး၍ နယ်ဘက်မှ မြို့ငယ်ကလေးရှိ

ရပ်ကွက်အမိန့်ရ အရက်ဆိုင်ပီပီ စားသုံးသူအရိပ်အယောင် မတွေ့ရပါ။ ဤနေရာတွင် တောနယ်သား၊ ယမကာလုလင်တို့ကို ချီးကျူးရမလိုလို။ အတုခိုးရမလိုလိုပင် ဖြစ်နေသည်။ သူတို့က "နေအတက်မှာ လေမသက်အောင်" အရက်သောက်လေ့မရှိကြ။ ထမင်းကြမ်းစားပြီး အလုပ်ခွင်ထဲမှာ ကုန်းရုန်းကြိုးစားနေတတ်ကြ၏။ ညနေဘက်ကျမှ အပန်းလည်းပြေစေလို "နေအကျမှာ လေမထအောင်" ယမကာနှင့် နှိမ်နင်းကာကွယ်လိုကြသဖြင့် ဆည်းဆာစည်းစိမ်ကို ခံစားလေ့ရှိကြသည်။ မြို့ပြယမကာလုလင်ကြီးတွေကတော့ (ကျွန်တော့် နည်းတူ) အချိန်မရွေး လေသက်၊ နာရီမရွေး လေထနေတတ်ကြသဖြင့် မိုးစင်စင်လင်းသည်မှ မိုးစုန်းစုန်းချုပ်သည့်တိုင် စားသောက်ဆိုင်တွေထဲမှာ ကွန်းခိုအပန်းဖြေနေတတ်သည်။ မြို့ပြမှာ ငွေအရှာရလွယ်တာလည်း ပါသပေါ့။ တောနယ်ဘက်ကတော့ ငွေ တွင်းနက်လှပါသည်။ တကယ်ပါ။

ကျွန်တော်က 'ဘုရင်မစားသောက်ဆိုင်'ကလေး ရှေ့သို့အရောက်မှာ ဆိုင်မျက်နှာစာ တံစက်မြိတ်အောက် ရေတိုင်ကီအနီးမှာ ယောကျ်ားကြီးတစ်ဦး ဒူးထောင်ပေါင်ကား ထိုင်၍ ငါးအကြေးခွံထိုးနေသည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်မှာ ကျွန်တော်နှင့် ရွယ်တူလောက်ရှိကာ နဖူးပြောင်ပြောင် ဝဝဖိုင့်ဖိုင့်ဖြစ်၍ ငါးကိုင်နေရင်းမှာပင် ရွှေရောင်လက်ပတ်နာရီကြီးကို ဝတ်ဆင်ထား၏။ ရွှေလက်စွပ်ကြီးကလည်း ဝင်းနေ၏။ အကုသိုလ်လုပ်ငန်းဖြင့် ငွေဝင်လမ်း အတော်ဖြောင့်နေလေသလား မဆိုနိုင်။ ကျွန်တော့်ကျတော့ အကုသိုလ်အလုပ် နေ့စဉ်လုပ်ပါသော်လည်း ဘာကြောင့်မွဲတေစုတ်ပြတ်နေပါလိမ့်။ သြော် ... ရေးကြမ္မာဝဋ်ကြွေးကြောင့်ထင်ပါရဲ့။

ဆိုင်ရှင်ဖြစ်ပုံရသော ထိပ်ပြောင်ငနဲသားက ကျွန်တော့်ကို မော့၍ပင် မကြည့်ပါ။ လာနေကျဖောက်သည်လို့ ငနဲထင်နေလိမ့်မည်။ အလင်း

ဆောင် မှုန်ကုပ်ကုပ်ဆိုင်ထဲသို့ ကျွန်တော် အလျင်စလို လှမ်းဝင်လိုက်၏။ ဆာဆောက ပြောခဲ့သလိုပါပဲ။ ဆိုင်ထဲမှာ စားသုံးသူလုံးဝမရှိ။ ကောင်တာကဲ့သို့သော ခုံတစ်ခုံမှာ အမျိုးသမီးခပ်ရွယ်ရွယ်တစ်ယောက်က စာအုပ်တစ်အုပ်မှာ ဘောပင်တစ်ချောင်းဖြင့် စာရင်းတွက်နေရင်း ကျွန်တော့်ကို မျက်လွှာတစ်ချက် ပင့်ကြည့်၏။ အမျိုးသမီးက အသက် ၃၀ ကျော်တစ်ဝိုက်လောက်ရှိပြီး ညိုညိုလွှင်လွှင် မျက်နှာစုတ်ချွန်းချွန်းဖြစ်သည်။ လည်ပင်းပိန်ပိန်မှာ ဆွဲထားသော ရွှေဆွဲကြိုးကြီးကမူ ဆင်တစ်ကောင်ကိုပင် ကူးခပ်လို့ရမတတ် တုတ်ခိုင်ကြီးမား ဝင်းဝင်းတောက်နေ၏။ 'ဘုရင်မ' ဆိုသော ဆိုင်နာမည်နှင့်လိုက်အောင် သူ့မျက်နှာထားကလည်း ဘင်းမာအေးစက်လှပါသည်။ ဤမျက်နှာက ကျွန်တော့်မှတ်မိဉာဏ်ကို နှိုးဆွနေ၏။

"ဘယ်လောက်ဖိုးယူမလဲ ဦးလေး"

အမျိုးသမီး၏ မေးခွန်းထုတ်သံက အရက်သည်မတစ်ယောက်၏ လေသံမျိုးမဟုတ်။ မြို့စားကတော်တစ်ဦး၏ လေသံဆန်နေသည်ဟု ကျွန်တော်ထင်သည်။

"တ ... တ.. တစ်ပိုင်းလောက်"

ကျွန်တော့်မှာ အမျိုးသမီး၏ တစ်ကိုယ်လုံးကို အပြေးအလွှား ခုးစမ်းလေ့လာရင်း အသံမထွက်ချင်သလိုလို လည်ချောင်းတွေ၊ အာခေါင်တွေ ခြောက်ကပ်နေ၏။ အမျိုးသမီးလှုပ်ရှားလိုက်သော လက်ချောင်းဆီမှာ ရွှေလက်ကောက်တွေ ချွင်ချွင်မြည်သံကို ကျွန်တော် ကြားလိုက်ရပြန်သည်။

"ရှယ်လား ... ရိုးရိုးလား"

သူမက သံပြတ်ဖြင့် စိတ်မပါ့တပါဟန်မျိုး ထပ်မေးသည်။ ကျွန်တော်ကဲ့သို့ ဦးထုပ်ဟောင်းကလေးဆောင်း၊ ဂျင်းအကျီအနွမ်းကြီး

ဝတ်၊ ပုဆိုးအဆင်မွဲမွဲ လွှမ်းပတ်ထားသူ၊ နေလောင်အသားပွရောင်း ညိုမြွဲနေသည့် 'လမ်းပေါ်ကလူ' ကုပ်ချောင်းချောင်းငနဲ့ထံမှ ငွေများများရဖို့ မမျှော်လင့်နိုင်မှန်း သူမက ပါးနပ်စွာသိထားပေလိမ့်မည်။ ကျွန်တော်က သူမကိုသာ ရီဝေဝေမှိုင်းပျပျအကြည့်ဖြင့် ငေးနေမိ၏။

"ဘီအီးရိုးရိုးပါပဲ" ဟုပြောပြီး ကျွန်တော်က စားပွဲပုကလေးတစ်လုံး ဆီမှာ သွားထိုင်ကာ အမျိုးသမီးက လျှင်မြန်ဖျတ်လတ်စွာ အရက်ထည့်နေပုံ၊ ဖန်ခွက်ကို စင်ပေါ်မှ လှမ်းယူပုံတို့ကို လိုက်ကြည့်နေမိပြန်သည်။ ဆိုင်ရှေ့မှာ ငါးကိုင်နေသော ထိပ်ပြောင်လူဝကြီးနှင့် ညိုညိုသွယ်သွယ် အမျိုးသမီးတို့ကို ကျွန်တော် လင်မယားအဖြစ် ဆက်စပ်၍မရပါ။ အခြား သွေးသားတော်စပ်ပုံဖြင့်ကလည်း ညှိနှိုင်းဆက်သွယ်ပေး၍ မရပါ။

"အမြည်းယူဦးမလား ဦးလေး၊ ဇီး(ဆီး)ထုပ်ရှိတယ်၊ ပဲကြီးလှော်ထုပ်၊ ငါးမုန့်ကြော်ထုပ်ရှိတယ်" ဟု အမျိုးသမီးက ဝတ်ကျေတန်းကျေ ဈေးခေါ်နေသော်လည်း ကျွန်တော့်ဘက်ကို လှည့်မကြည့်။ ကျွန်တော်က သာ အညှို့ခံရသလို ငေးကြောင်ကြောင်နှင့် အိုးတို့အ,တကြီး ပြူးကြည့်နေ၏။

"မ ... မ ... မယူတော့ပါဘူး ညီမလေးရာ"

ကျွန်တော့်အသံက ရေငုပ်နေရာမှ ခေါင်းဖော်ပြီး အော်လိုက်သော ဝမ်းဘဲတစ်ကောင်၏ အသံမျိုးဖြစ်နေလိမ့်မည်။ မတတ်နိုင်ပါ။ ကျွန်တော် က ကျန်းမာရေးကောင်းလှသည်မဟုတ်။ ဘုရင်မဆိုင်ထဲ ရောက်လာမှ ရုတ်တရက် အဖျားဝင်သလိုလိုပင် ခံစားလာမိပါသည်။

"ငွေချက်ချင်းရှင်းပါ၊ တစ်ရာ့ငါးဆယ်ကျတယ်"

အရက်ပုလင်းနှင့်ဖန်ခွက်ကို ကျွန်တော့်စားပွဲပေါ် လာချရင် အမျိုးသမီးက စက်ရုပ်လူလို လေယူလေသိမ်းဖြင့် ပြောသည်။ လူတွေသည် ရုပ်ဆင်းသွင်ပြင်အပြောင်းအလဲ လွယ်ကူသော်လည်း မွေးရာပါ ပင်ကို

အသံနှင့် လေယူလေသိမ်းကိုတော့ လွယ်လင့်တကူ မပြောင်းနိုင်ကြပါ။

ကျွန်တော် လူပျိုဘဝ၊ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ အေးသီတာဆိုသော ငါးကျည်းခြောက်ရုပ်နှင့် ကောင်မလေး၊ လမ်းဆောမှာ တဲကလေး ထိုး၍ ရာသီပေါ် သရေစာ သီးနှံ၊ သစ်ဥသစ်ဖုကလေးတွေ ရောင်းချနေစဉ်ကလည်း ထိုကောင်မလေး၏အသံက စက်ရုပ်လူအသံလို အက်တက်တက်နှင့် သတ္တုသံပေါက်နေတတ်ပါသည်။ ထိုမွေးရာပါအသံက ယခုထက်ထိ နှစ်ကာလတွေကို ဖြတ်သန်း၍စွဲမြဲနေပုံရပါသည်။

ကျွန်တော်က တုန်ရီသောလက်များဖြင့် ငွေထုတ်ပေးလိုက်၏။

အမျိုးသမီး ပိုက်ဆံယူပြီး ပြန်ထွက်သွားသည်အထိ အရက်ပုလင်းဆီသို့ ကျွန်တော် အာရုံမကျဖြစ်သေး။ ကျွန်တော့်ရင်ခေါင်းထဲမှာ ပွက်ပွက်ဆူအောင် စိတ်လှုပ်ရှားနေသည်။

အမျိုးသမီးက ဆိုင်ရှေ့ဘက်သို့ လှမ်းထွက်သွားပြန်သည်။ ကျွန်တော်က မျက်စိတွေစွေ၍ လိုက်ကြည့်ပြန်သည်။ မိန်းကလေးတွေ အပျိုဘဝမှာ ငါးကျည်းခြောက်ခန္ဓာကိုယ်နှင့် ရှင်သန်ခဲ့ရာက အိမ်ထောင်ကျပြီး တစ်သားမွေး၍ တစ်သွေးလှလာချိန် စိုပြည်ဖွံ့ဖြိုးသွားတတ်ပုံမှာ သဘာဝမိခင်ကြီး၏ ကျေးဇူးတော်ဟု ကျွန်တော်ထင်ခဲ့ဖူး၏။ ယခု လက်ရှိမှာ ထိုကဲ့သို့သော မ,သဘာဝဆိုင်ရာ ခန္ဓာဗေဒအပြောင်းအလဲတွေ အကြောင်း စဉ်းစားဖို့ ကျွန်တော့်ခေါင်းထဲမှာ နေရာလပ် လုံးဝမရှိ။

"အစ်ကိုကြီး ဘာလုပ်လုပ် × × × အသုံးကိုမကျပါဘူး။ ငါးအကြေးထိုးတာ အသားတွေပါ ပဲ့ပါသွားကုန်ပြီ၊ ဖယ်စမ်း အဝတ်တွေ သာ သွားလျှော်ချေ"

စူးရှခက်ထန်သောအသံကြောင့် ကျွန်တော်၏ လည်ပင်း မတ်ထောင်သွား၏။

"မပုနဲ့ညီမလေး၊ အသားတွေကပ်ပါသွားတဲ့ အကြေးခွံနဲ့ အရေပြား

တွေကို အစ်ကိုကြီး ကြော်စားမယ်။ အလဟဿမဖြစ်စေရဘူး"

သန်းဝေ၏အသံကတော့ ဟိုစဉ်တုန်းကလိုပင် ကန္တကလျတိုးညင်းညင်းပျော့ပျောင်းဆဲ။ သည်ကောင်လည်း အသံမပြောင်းသေး။ ကျွန်တော်ကသာ အသံရော၊ ရုပ်ရော အကုန်အစုံ ပြောင်းလဲပျက်ယွင်းနေသကိုး။

"စား စား ခွေးကျွေးမယ့်ဟာတွေ ရှင်ပဲစား"

အို .. မြတ်စွာဘုရား၊ ဈေးခွေး သန်းဝေဆိုတဲ့ကောင် ခုကျမှပဲ တကယ်ခွေး ဖြစ်သွားပြီကွဟုတွေးရင်း ကျွန်တော် ပထမဆုံးအရက်ခွက်ကို ကျေနပ်ကြည်နူးစွာ အမြန်ဆုံး မော့ချပစ်လိုက်ပါ၏။ ချိုလိုက်တဲ့အရက် very good။

"အရေခွံမှာ အသားကလေးတွေ ကပ်နေတာကွ၊ ခွေးကျွေးရင်နမြောစရာကြီး အစ်ကိုကြီး ညနေကျရင် ဝီစကီနဲ့ မြည်းမကွာနော် ... နော်"

"အို ခွေးစာကို စားဦးမလို့လား၊ ဒုက္ခပါပဲနော်။ ခွေးစာစားတဲ့လူက ခွေးပဲ၊ နားလည်လား။ ဖယ် .. ဖယ် ဒီနေရာကထပြီး အဝတ်တွေသွားလျှော်တော့။ ဘာပဲခိုင်းလိုက်ခိုင်းလိုက် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ။ နဖူးပြောင်တဲ့လူတွေ ဦးနှောက်ကောင်းတယ်လို့ ကြားဖူးတာအစ်ကိုကြီးကျမှပဲ မှားမှန်းသိတော့တယ်။ နဖူးကြီးကို ပြောင်နေပေမဲ့ခေါင်းထဲမှာက ချေးဦးနှောက်ပဲ ရှိတယ်"

သန်းဝေပြန်ပြောသံက တိုးလွန်း၍ ကျွန်တော်မကြားရ။ အေးသီတာကို လေပျော့ကလေးနှင့် ဆင်ခြေကန်နေခြင်းပဲ ဖြစ်ရမည်။

အို ... သမ္မာဒေဝနတ်အပေါင်းတို့ .. ဈေးခွေးကို ဒဏ်ခတ်တော်မူတဲ့အတွက် အကျွန်ုပ် ချီးကျူးပူဇော်လိုက်ပါ၏။ ကျွန်တော်က လက်ကျန်အရက်ကို တစ်ရှိန်ထိုး ပုလင်းလိုက်မော့ကာ ဆိုင်ထဲမှ ခပ်သုတ်သုတ်လှမ်းထွက်ခဲ့ပါသည်။ ဆက်ထိုင်နေလျှင် ကျွန်တော် ရယ်မိပါတော့မည်။

မရပ်မနား ရယ်မိပါတော့မည်။ ရယ်ရင်းသေသွားနိုင်ပါသည်။

ဆိုင်ထဲကအထွက်မှာ မျက်နှာကြီးအိုနေသော သန်းဝေကို ကျွန်တော်က လှစ်ခနဲ စောင်းကြည့်သည်။ သူကလည်း ကျွန်တော့်ကို ကြည့်နေ၏။ ကျွန်တော့်ကို လုံးဝမှတ်မိဟန်မရှိပါ။ နေရစ်တော့ သူငယ်ချင်း ဈေးခွေးရေ ...။

**နှလုံးအိမ်မဂ္ဂဇင်း မေ၊ ၂၀၀၃**

❑

# ညစ်မပတ်တဲ့ ဝတ္ထု

■ ညီပုလေး

ပြူးကြောင် မြို့တစ်ခါတက်ရင် ရောဂါတစ်မျိုးရလာတတ်တယ်လို့ ရွာမှာ ပြောစမှတ်ကြီးကိုဖြစ်လို့။

ဟိုလွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက ပြူးကြောင် ရန်ကုန်ကို တစ်ခေါက်ရောက်သွားတယ်။ ဒါ ပထမဆုံးအကြိမ် မြို့ကြီးပြကြီးကို ရောက်ဖူးတာ။ ဟိုမှာ လေးငါးရက်နေပြီး ပြန်လာတော့ သူ့နာမည်ကို 'တင်မောင်မောင်' လို့ ပြောင်းလိုက်တယ်။ အရက်တန်တဲ့ လူ အရက်၊ လက်ဖက်တန်တဲ့လူ လက်ဖက်နဲ့ ငွေဆယ့်လေးငါးကျပ် ချော့သွားတယ်။ ထန်းရည်ဖိုး မပါသေးဘူး။ ထန်းရည်က အလကားရလို့ ထန်းရည်ဖိုးပါ ထည့်တွက်ရင် တော်တော်များမယ်။

'တင်မောင်မောင်' ဆိုတဲ့ နာမည်က လှတဲ့အကြောင်း အာလေး လျှာလေးနဲ့ ပြောသံတွေ ကြားလိုက်ရတယ်။ အဲဒီတစ်ရက်ပါပဲ။ နောက်တော့လည်း ပြူးကြောင်ဟာ ပြူးကြောင်ပါပဲ။ သိပ်ရင်းတဲ့ မြင့်အောင်တို့၊ ချစ်ဆွေတို့လို သူငယ်ချင်းတွေကတော့ ငပြူးလို့ ခေါ်မြဲခေါ်ကြတယ်။ တစ်ရွာလုံးက ပြူးကြောင်လို့ပဲ နှုတ်ကျိုးနေကြတာ နှစ်တွေကြာလှပေါ့။

တလောဆီကတော့ ပြူးကြောင် ရွာကနေပျောက်သွားလိုက်တာ

ရက်နှစ်ပတ်လောက်ကြာတော့ ပြန်ပေါ်လာတယ်။ ဒီတစ်ခါတော့ ပြူးကြောင်ရဲ့ရောဂါက တစ်မျိုးမကတော့ဘူး။ အတော်စုံလာတယ်။

တင်မောင်မောင် ဆိုတဲ့နာမည်က သူ့ကိုစီးနေတယ်။ သူနဲ့ မတည့်ဘူးတဲ့၊ ရန်ကုန်က ဆရာတစ်ယောက်က ဟောလိုက်တယ်။ နားထောင်နေကြတဲ့ သူငယ်ချင်းတွေ စိတ်ဝင်စားသွားကြတာပေါ့။ ပြူးကြောင်က သူ့အကျင့်အတိုင်း စကားပြောရင် အားပါးတရကြီး ပြောနေကျမဟုတ်လား။ အခုလည်း မြို့တော်ရန်ကုန်အတွေ့အကြုံကို အပိုစာသားလေးတွေပါ ထည့်ပြောနေတယ်။ မျဉ်းကျားကမကူးလို့ အဖမ်းခံရပေမဲ့ သူများတကာက ဒဏ်ငွေဆောင်ရတာ သူတော့မဆောင်ခဲ့ရဘူး ဆိုတာမျိုးက အစ မြို့ထဲမှာ ရေခဲမုန့်လည်ရောင်းတဲ့ ကားပေါ်က မဒီကာလေးတစ်ယောက်နဲ့ သူနဲ့ ကြည်ခဲ့တဲ့အကြောင်းလည်း ပါတယ်။

တင်မောင်မောင်ဆိုတဲ့နာမည်က စီးနေတယ်လို့ ဟောတဲ့ဆရာကို ငွေ ၃၀ ကန်တော့ခဲ့ရတယ်လည်းဆိုရော သူငယ်ချင်းတွေ အတော်အံ့သြကုန်ကြတာပေါ့။ ဆရာက တင်မောင်မောင်ဆိုတဲ့ နာမည်အစား သူနဲ့လိုက်ဖက်တဲ့နာမည်ကို ချက်ချင်းရွေးမပေးသေးဘဲ နောက်တစ်နေ့မနက် ကိုးနာရီချိန်းသတဲ့။ ခင်ဗျား စနေသားပါ။ မနက်ဖြန် စနေနေ့မနက် ကိုးနာရီရောက်အောင်လာခဲ့လို့ မှာလိုက်သေးသတဲ့။ အဲဒီလိုချိန်းပြီးတော့ ဆရာလည်း သူ့ကိစ္စအဝဝအတွက် အာရုံယူရအောင် ဆူးလေဘုရားပေါ်ကို တက်သွားသတဲ့။

ပြူးကြောင်က တကယ်ကိုပဲ ဆရာချိန်းတဲ့ ကိုးနာရီ တိတိကျကျရောက်အောင်သွားတယ်။ သူ့မှာ နာရီတွေဘာတွေ ရှိတာမဟုတ်ဘူး။ လမ်းဘေးက အိမ်တွေထဲက နာရီတွေကိုလှမ်းကြည့်လိုက်။ လက်ပတ်နာရီပတ်ထားတဲ့လူတွေ့ရင် ဘယ်နှနာရီရှိပြီလဲခင်ဗျာလို့မေးပြီး သုတ်ခြေတင်ရတာ။ သူတည်းတဲ့တာမွေထဲက ဦးအာဒိစ္စကျောင်းနဲ့ ဆရာ့နေရာ

ဆိုရင် ရွာကနေ 'လေပွေချောင်း'လောက်တော့ ဝေးမယ်တဲ့။ ဆရာ့ဆီရောက်တော့ သူ တော်တော်မောနေပြီ။ ချေးပေါက်တွေသီးလို့။

ဆရာက သူ့ဘဝတစ်လျှောက်လုံး အောင်မြင်မှုသရဖူ အမြဲဆောင်းနေရအောင် 'နွေမိုးဆောင်းကိုကို' လို့ နာမည်လှလှလေး ရွေးပေးလိုက်သတဲ့။ ငါးအစ သုံးအဆုံး ထီငါးစောင်လည်း ထိုးခိုင်းသတဲ့။ ပြူးကြောင်က ထီလက်မှတ်တွေ ထုတ်ပြနေတယ်။ ဟောဒီ ဆင်မြီးလက်စွပ်ကလေးကိုလည်း အမြဲဝတ်ထားဆိုပြီး ချွတ်ပေးလိုက်တယ်။ ဆရာရဲ့ လက်သူကြွယ်က ဆင်မြီးလက်စွပ်က ပြူးကြောင်နဲ့ကျတော့ ဘယ်ဘက်လက်သန်းတောင် ခပ်ကျယ်ကျယ်ပဲ။

ဒါကြောင့် ဒီကနေ့ကစပြီး သူ့ကို ပြူးကြောင်လို့၊ ပြေူးလို့မခေါ်ကြတော့ဘဲ 'နွေမိုးဆောင်းကိုကို' လို့ ခေါ်ကြစေလိုကြောင်း ပြောပြနေတယ်။ ဒီတစ်ခါတော့ ပြူးကြောင်က အရက်တွေဘာတွေ တိုက်မနေတော့ပါဘူး။ ရန်ကုန်ကဝယ်လာတဲ့ ဒူးယားစီးကရက်တွေပဲ တိုက်နိုင်တော့တယ်။ ရန်ကုန်မှာ ငွေအတော်ကုန်ခဲ့တာလေ။

အပေါင်းအသင်းတွေလည်း အစီခံမပါတဲ့ ဒူးယားတစ်လိပ်စီကောက်ဖွာလိုက်ကြတယ်။

စီးကရက်ကို အလကားရလို့သာ ဖွာနေကြတာ သူတို့ပါးစပ်မှာ ဒူးယားက ဂဠုန်နှစ်ကောင်၊ မြင့်ကျော်ရင် ဖက်ကြမ်းဆေးလိပ်လောက်ဆေးမပြင်းလို့ အရသာမတွေ့လှဘူး။ ချင်ခြင်းမပြောဘူး။ ဘတ်သတ်ကြီးဖြစ်နေတယ်။ အဲဒီလိုပဲ ပြူးကြောင်ခေါ် ပြေူးခေါ် တင်မောင်မောင်ကို 'နွေမိုးဆောင်းကိုကို' လို့ ခေါ်ရမှာလည်း သူတို့စိတ်ထဲမှာ ဘတ်သတ်ကြီးဖြစ်နေကြတယ်။

ဒီတစ်ခေါက်ပြန်လာတော့ ပြူးကြောင်က အဆင့်မြင့်လာတယ်။ ရောဂါတစ်ခုတည်းမကဘူး။ ဖီးလ်ဂျက်ကက်ကြီးတစ်ထည်နဲ့ လောင်းပင်

နှစ်ထည် ပါချလာတယ်။ လောင်းပင်နှစ်ထည်အနက် တစ်ထည်က ဂျင်းဘောင်းဘီ။ တစ်ထည်က တက်ထရက်လို့ ထင်တာပဲ။ ဘာအမျိုးလို့ တစ်ရွာလုံး မခေါ်တတ်ဘူး။ လွယ်လွယ်ပဲ သက္ကလတ်ပျော့ကလေးလို့ ခေါ်လိုက်တယ်။ ဖိုးလ်ဂျက်ကက်က ပြူးကြောင်လို ငပိန်လေးအတွက် ဖိုးရိုးဖားရားနိုင်သလို လောင်းပင်နှစ်ထည်က နည်းနည်းစီပွနေကြတယ်။

ပြူးကြောင်ကလည်း ပြူးကြောင်ပဲ။ ဒီလောက် ပူလောင်ပြီး အိုက်နေတာကို ဘောင်းဘီကြီးတကားကားနဲ့။ တိမ်စိုင် တိမ်ပုပ်ကလေး ကြက်မ တစ်ဝပ်စာလောက် နေကလေး ရိပ်သွားရင်ကိုပဲ ပြူးကြောင်က မိုးရွာတော့မယ်ထင်တယ် အေးလာလိုက်တာဆိုပြီးတော့ ဖိုးလ်ဂျက်ကက်ကြီး ကောက်လှျိုတော့တာ။ ကျောက်ရောဂါ ကမ္ဘာပေါ်မှာ အမြစ်ပြတ်သွားပြီလို့ပြောကြတာပဲ။ တကယ်လို့များ အမြစ်မပြတ်သေးဘဲ ငုပ်နေတာဆိုလို့ရှိရင် ငပြူး ကျောက်ကြီးအရင်ဆုံးပေါက်မှာလို့ ရွာက လူကြီးသူမတွေ ပြောယူကြရတယ်။

ပြူးကြောင်ဝတ်နေတဲ့ လောင်းပင်တွေက အသစ်တွေတော့ မဟုတ်ရှာပါဘူး။ "ပေါချောင်ကောင်း၊ ပေါချောင်ကောင်း" လို့ အော်ရောင်းတဲ့ သူဂုက်ဈေးက ဟာမျိုးတွေပါ။ ဘယ်သူ့အားကျပြီး ငပြူး ဒီလိုဝတ်စားနေတယ်မသိဘူး။

ဒီထက်ဆိုးတာက စကားပြောတဲ့လေ ပြောင်းသွားတာပါပဲ။ သူနဲ့ လည်ပင်းဖက်ပြီးနေကြတဲ့ မြင့်အောင်တို့၊ ချစ်ဆွေတို့၊ တောကြီးတို့က တောင်မှ အံ့သြယူရတယ်။ ဒီကောင် ရန်ကုန်က ဆေးများမိလာသလား မသိဘူးလို့ ထင်ကုန်ကြတယ်။ စကားပြော လက်ဟန်ခြေဟန်က များလာပြီး ဘိုလို ညှပ်ပြောလိုက်သေးတယ်။

"ရန်ကုန်သွားတုန်းကကွာ အော့ဂုတ်စ်လကြီးမို့ မိုးတွေက ရွာလိုက်တာ။ ဘာပြောကောင်းမတုံး။ ငါဝတ်ထားတဲ့ စပို့စ်ရှပ်ကလေးဆိုတာ

ရွှဲရွှဲကိုနစ်လို့"

ချစ်ဆွေတို့၊ တောကြီးတို့က စိတ်ထဲကနေ အော့ဂုတ်စ်ဆိုတာ ဝါခေါင်လကို ပြောတာနေမှာ။ ပြူးကြောင်သွားတာ ဝါခေါင်လထဲမှာ ပဲလို့ စိတ်တွက်တွက်ကြည့်နေကြရတယ်။

ရွာမှာ ဒီရက်ပိုင်း လူမစုမိလိုက်နဲ့၊ စုမိလိုက်တာနဲ့တစ်ပြိုင်နက် စကားဝိုင်းမှာ တစ်ယောက်မဟုတ် တစ်ယောက်ကတော့ ပြူးကြောင် အကြောင်း ပြောဖြစ်သွားတာပဲ။ သူ့မှာ တစ်ရွာလုံးရဲ့ပြောဖတ်ကြီးကို ဖြစ်လို့။

ဒီကောင့်မလည်း နေထွက်ကနေဝင် ဒီနေ့ ဒီလောင်းပင်နဲ့ ဒီရုပ် အကျီဝတ်ပြီးပြီ။ နောက်တစ်နေ့ဘာဝတ်ပြီး ဘာအကြောင်း ဖောက်သည် ချရင်ကောင်းမလဲ ဒါပဲစဉ်းစားနေတာ။ သူဝယ်လာတဲ့ ဒူးယားတွေက တော်တော်နဲ့မကုန်ဘူး။ သူတစ်ယောက်တည်းပဲ စတိုင်လ်ထုတ်ပြီး ဟန် ပါပါနဲ့ မနည်းကုန်အောင် သောက်ပစ်ဖွာပစ်နေရတယ်လေ။

ပြူးကြောင် ရွာပြန်မယ့်နေ့မနက်က တစ်ကျောင်းတိုက်တည်း အတူတည်းနေတဲ့ မောင်လမြိုင်က ညွှံ့သည်တစ်ယောက်နဲ့ မင်္ဂလာဈေးကို လိုက်သွားတယ်။ ဟိုရောက်တော့ ပစ္စည်းတွေက စုံလှပါလား။ လိုချင် စရာတွေချည်းပဲ။ ဘာဝယ်ရမှန်းမသိဘူး။ ပိုက်ဆံကလည်း များများ စားစားကျန်တော့တာ မဟုတ်ဘူး။ သင်္ဘောပေါ်မှာ ကုန်မယ့်စရိတ် ချန်ရ သေးတယ်။ ဝယ်လည်းဝယ်ချင် ဝယ်ရင်လည်း သူ့ကို ဗိုက်ရွှဲ့တွေနဲ့ အကောင်ဆိုပြီး အချဉ်ဖောက်မှာလည်း စိုးရသေးနဲ့။ နောက်ဆုံးတော့ ပြူးကြောင်က ဟိုညွှံ့သည်ဝယ်တဲ့ နောက်ဖေးကုန်းတဲ့ စက္ကူလိပ်တစ်လိပ် ဝယ်လိုက်တယ်။ စက္ကူလိပ်ရောင်းတဲ့ မိန်းကလေးက ရွာက သူ့ရည်းစား ဟောင်းရုပ်နဲ့ ခပ်ဆင်ဆင်တူတယ်။ စက္ကူလိပ်ဖိုး ၁၃ ကျပ်ကျတာကို ကျပ်တန်တွေ၊ ၁၀ တန်တွေရှိပါလျက်နဲ့ ၁၅ ကျပ်တန် ထုတ်ပေးလိုက်

ဘယ်။ နှစ်ကျပ်ပြန်အမ်းတာကိုယူရင်း ရင်နည်းနည်း ခုန်သွားလိုက်သေးဘယ်။ စက္ကူလိပ်အဖြူရယ်၊ အဝါရယ်၊ ပန်းရောင်ရယ် သုံးရောင်ရှိတာဘယ်အရောင်ကို ယူမလဲလို့မေးတော့ သူက ပန်းရောင်ကို လက်ညှိုးထိုးပြလိုက်တယ်။ ရောင်းတဲ့မိန်းကလေးက ဖာပန်းရောင်လေး ဝတ်ထားတာကိုး။ သူများဝယ်လို့သာ ဒီစက္ကူလိပ်ကို လိုက်ဝယ်ရတာ။ ၁၃ ကျပ်ကဈေးမှန်လား၊ တန်သလား မတန်ဘူးလား ပြေူး မသိဘူး။

ကျောင်းကိုပြန်ရောက်တော့ လက်ဆွဲအိတ်ထဲကို ဘုန်းကြီး မမြင်အောင် စက္ကူလိပ်ထည့်လိုက်တယ်။ တော်ကြာ ဘုန်းကြီးက မေးပြနေမှာသူစိုးတယ်။ ဟိုညေ့်သည်ကတော့ တကယ်ကို အသုံးလိုလို့ ဝယ်လာတာမဟုတ်လား။ ကျောင်းရောက်ရောက်ချင်း ပလတ်စတစ် အပတ်ကိုခွာပြီးချက်ချင်းသုံးပစ်လိုက်တယ်။ ဧည့်သည်ထားခဲ့တဲ့ စက္ကူလိပ်ကလေးကိုသေသေချာချာကိုင်ကြည့်တော့ တယ်လည်းနူးညံ့လှပါလား။ သုံးရက်စရာတောင်မရှိဘူး။ ၁၃ ကျပ်ကတော့ တကယ်တန်ပါပေတယ်လို့ သူတွေးမိတယ်။

စက္ကူနှစ်ရွက် ထပ်လျက်ကလေးပါလား။ ဒါဆိုရင် ပိုတန်တာပေါ့။ ဘာလို့မှန်းမသိဘူး။ ပြူးကြောင်စိတ်ထဲမှာ ဈေးမများဘူး၊ တန်တယ်လို့ပဲ ထင်နေမိတယ်။ ဧည့်သည်ရဲ့စက္ကူလိပ်ကို ဧည့်သည်လုပ်သလို ဆွဲဆုတ်ကြည့်တော့ ထုတ်ထုတ်ထုတ်နဲ့ စက္ကူလေးကအလိုက်သင့်ပြတ်သွားတယ်။ သူ သိပ်သဘောကျသွားတယ်။ ဧည့်သည်ရဲ့စက္ကူလိပ်ကို နောက်တစ်ခါ ထပ်ဆုတ်လိုက်တယ်။ ခုနကလိုပဲတထုတ်ထုတ်နဲ့။ ဆုတ်ရတာကိုက အရသာရှိသလိုလို။ လက်ထဲရှိတဲ့စက္ကူပိုင်းကလေးနှစ်ခုကို ထပ်ပြီးကိုင်းကြည့်တော့ အရွယ်အစားကလည်းအတူတူ။ ပြူးကြောင် တော်တော်ကို သဘောကျသွားတယ်။ နောက်မှသတိရပြီး သူဆုတ်ထားတဲ့စက္ကူစလေးတွေကို လက်ဆွဲအိတ်ထဲ ထိုးသိပ်

ထည့်လိုက်ရတယ်။

ရှာပြန်တဲ့ ခရီးတစ်လျှောက်လုံး ပြူးကြောင်ရဲ့ရင်ထဲမှာ ဒီအကြောင်း ပဲပါလာတယ်။ စက္ကူလိပ် သိပ်နူးညံ့တယ်။ အရောင်ကလေးက ပန်းရောင်ကလေး။ အို ပလတ်စတစ်အပတ်ပေါ်မှာ ရိုက်ထားတဲ့ သစ်ရွက်ပုံကလေးကိုက ချစ်စရာလေး။ ပြီး စက္ကူသားက နှစ်ထပ် တောင်မှ ဆွဲဆုတ်လိုက်ရင် ထုတ်ထုတ်နဲ့။ ပြီးတော့ အရွယ်အစားက လည်း အတူတူ။ သူ့စက္ကူလိပ်ကို သူ သိပ်သဘောကျနေမိတယ်။ ဒါပေမဲ့ ခက်တာက နောက်ဖေးကုန်းတဲ့စက္ကူလိပ်တစ်လိပ်ကို ပြူးကြောင် ရန်ကုန်ကနေ ၁၃ ကျပ်ကြီးများတောင် ပေးခဲ့တာတဲ့ဆိုတဲ့ အပြောမျိုး အပြောခံရမှာ၊ ရွာကလူတွေ သူ့ကို နားမလည်မှာကို သူ စိုးရိမ်မိတယ်။ တစ်ရွာလုံး ပြောစမှတ်ကြီးကိုဖြစ်လို့ဆိုတာမျိုး သူ အဖြစ်မခံချင်ဘူး။ ရွာရောက်တော့ ဖီးလ်ဂျက်ကက်၊ သောင်းပင်တွေနဲ့ စီးကရက်ဘူးတွေသာ လူမြင်ခံဝံ့တာ၊ သူ့စက္ကူလိပ်ကို သောက်ရေအိုးဟောင်းတစ်လုံးအောက် ဝှက်ထားလိုက်တယ်။ ဒီအကြောင်း ဘယ်သူ့မှ ပြောလည်းမပြောဘူး၊ ပြလည်းမပြဘူး။ စိတ်ထဲမှာ တစ်ဆို့ကြီး ဖြစ်နေရတာပေါ့။

တစ်ရက်လောက်တော့ တစ်ဆို့ကြီးကို ကြိတ်မှိတ်ခံစားနေနိုင် သေးတယ်။ နောက်တစ်နေ့တော့ သူမနေနိုင်တော့ဘူး။ စက္ကူလိပ်ရဲ့ ကောင်းခြင်းငါးဖြာကို သူ့အချစ်ဆုံး သူငယ်ချင်းချစ်ဆွေကို ပြောပြ လိုက်ပြီး တစ်တောင်သာသာလောက် လက်ဆောင်ပေးလိုက်တယ်။ ပြီးတော့ ရန်ကုန်မှာ ဒီလိုစက္ကူမျိုး တော်ရုံလူ သုံးနိုင်တာမဟုတ်ဘူး လို့လည်း ပြောလိုက်သေးတယ်။ ဘယ်သူ့မှမပြောဖို့တော့ နှစ်ကြိမ်နှစ်ခါ မှာလိုက်တယ်။

အဲဒီလို လက်ဆောင်ပေးလိုက်ရတော့မှ ပြူးကြောင် နည်းနည်း နေသာထိုင်သာ ရှိသွားတယ်။

ချစ်ဆွေ နောက်ဖေးစက္ကူ စသုံးတဲ့နေ့က ပြူးကြောင် စသုံးတဲ့ နေ့ကလိုပဲ စက္ကူပေါက်သွားပြီး လက်ကိုပေတဲ့ပြဿနာနဲ့ စတွေ့ရ တယ်။

ဟ ...။ ကောင်းတော့ကောင်းတယ်၊ လက်ပေတယ် နောက်ဆိုရင် ဆင်ခြင်မှုဆိုတဲ့အသိ ကိုယ်စီရသွားတယ်။

တကယ်တော့ ချစ်ဆွေက သူ့အတွေ့အကြုံကို ပြူးကို ပြန်ပြော ဖို့ကောင်းတာပေါ့။ အခုတော့ ချစ်ဆွေက သူစိတ်ချရတယ်လို့ထင်တဲ့ သာခင်ကိုပြောပြလိုက်တယ်။ သာခင်ကလည်း သူနဲ့သိပ်ရင်းတဲ့ အောင်ပို ကို ပြောပြမိနဲ့။ ဒီလိုနဲ့ပဲ ...။

တစ်ညနေတော့ ဘကြီးမောင်ရဲ့ နွားမကြီးက နွားကလေးတစ် ကောင်ကျပါရော။ နွားမကလေးကျတယ်၊ အချင်းကို ပြုတ်သုပ်စား ကြမယ်။ အရက်နဲ့မြည်းကြမယ်လို့ ဆုံးဖြတ်ပြီးချိန် ပြူးကြောင် ရောက် ချပါလေရော။ အဲဒီဝိုင်းက ခုနကတင် ပြူးကြောင်ရဲ့ စက္ကူလိပ်အကြောင်း ပြောနေကြတာလေ။

စကားဝိုင်းကို နားသာစွင့်နေတာ မျက်လုံးက သာခင့်လက်ထဲက မဆလာထုပ်လောက်ရှိတဲ့ အထုပ်ကလေးတစ်ထုပ်ဆီ ရောက်နေတယ်။ အထုပ်ကလေးက လှလှပပနဲ့ အရောင်စုံကလေး။ သူ ဒါမျိုးတွေ ရန်ကုန် မှာ အများကြီးတွေ့ခဲ့ဖူးသား။ ဘာအထုပ်လဲလို့ မေးမယ် မေးမယ်နဲ့ မမေးဖြစ်တဲ့ အထုပ်ကလေး။ ပြူးကြောင်စကားဝိုင်းကို နားစိုက်လိုက်၊ သူ့ရဲ့မဟာရန်ကုန်အတွေ့အကြုံထဲက ဘယ်ဟာကိုပြောရရင် ကောင်း မလဲလို့ တွေးနေလိုက်နဲ့။ မျက်လုံးကတော့ သာခင့်လက်ထဲက အထုပ် ကလေးဆီ ရောက်နေတယ်။

အဲဒီအထုပ်ကလေးက ဘာအထုပ်ကလေးလဲလို့ သူ သိပ်သိချင် နေမိတယ်။ ဒီစကားဝိုင်းမှာ မေးရမှာလည်း ခပ်ခက်ခက်ပဲ။ ရန်ကုန်က

ပြန်လာတဲ့လူက ဒါလေးမှမသိရကောင်းလားလို့ ဝိုင်းရယ်ကြမှာလည်း သူစိုးတယ်။

အရက်ဖိုကို သွားတဲ့လူကို တစ်ဝိုင်းလုံးကမျှော်ကြလှပြီ။ ပြူးကြောင်ကလည်း နေစောင်းလေ သာခင့်လက်ထဲကဟာလေးကို သိချင်လေ။ သိချင်စိတ်က တရွရွတက်နေတယ်။ နောက်ဆုံး မနေနိုင်တော့တာနဲ့ မင်းလက်ထဲဟာလေးက ဘာလေးလဲလို့ မအောင့်နိုင် မအည်းနိုင်တော့ဘဲ ခပ်တိုးတိုး ကျိတ်မေးလိုက်တယ်။

သာခင်က တစ်ချက်တွေသွားပြီး "သြော် ငါ့သမီး ခတ်ချုပ်နေတာနဲ့ ကိုကြီးတင်ဆီက ဝမ်းနုတ်ဆေး တောင်းလာတာပါ"လို့ ပြောရင်း သူ့လက်ထဲက အထုပ်ကလေးကို လက်ဆင့်ကမ်းလိုက်တယ်။ သာခင်ပြောတဲ့လေသံက တစ်ဝိုင်းလုံးကြားလောက်အောင် ကျယ်တာကြောင့် ပြူးကြောင် မျက်နှာနည်းနည်းပျက်သွားတယ်။

ဝမ်းနုတ်ဆေးဆိုတာနဲ့ ပြူးကြောင် အရောင်လက်သွားတယ်။ ရေပြောင်းရေလဲနဲ့မို့ သူ့မှာလည်း ဝမ်းကောင်းကောင်းမသွားတာ နှစ်ရက်လောက်ရှိနေပြီး အပူလည်း ကန်တန်တန် ဖြစ်နေတယ် မဟုတ်လား။ ကိုကြီးတင်က မြို့နဲ့ရွာ တစ်လနှစ်ခေါက် ကူးနေတဲ့လူ သူသာလိုချင်ရင် ကောန်အလကားပေးမယ်ဆိုတာ သိပ်သေချာတယ်။ ဒါကြောင့် ကိုကြီးတင်ဘက် လှည့်ကြည့်လိုက်တော့ ကိုကြီးတင်က

"မင်းဥစ္စာ ဟုတ်ရဲ့လား ငပြူးရ၊ ဝမ်းချုပ်တာ သေချာရဲ့လား" လို့ မေးတယ်။

"ဟုတ်တယ် ကိုကြီးတင်၊ ရန်ကုန်တုန်းက အိုကေနေတာ၊ ရွာရောက်မှ ဘယ်လိုဖြစ်တယ်မသိဘူး" တဲ့။

"မသိပါဘူးကွာ၊ ချေးတုံးက မင့်စက္ကူကို ကြောက်နေတာလားမှ မသိတာ" လို့ ကိုကြီးတင်က နောက်လိုက်တော့ နံဘေးကလူတွေက

ပြုံးစိစိနဲ့။ ပြူးကြောင်ရဲ့မျက်နှာကတော့ မည်းခနဲ တစ်ချက်ဖြစ်သွားတယ်။

ငပြူးက ရှက်ရှက်နဲ့ "တကယ်ပါ ကျွန်တော် ဝမ်းမသွားတာ နှစ်ရက်ရှိသွားပြီ" လို့ ပြန်ပြောလိုက်တယ်။ ပြောမယ့်သာ ပြောနေတာ ဒီလူတွေ စက္ကူလိပ်အကြောင်းက ဘယ်လိုသိနေပါလိမ့်လို့ တွေးနေရတယ်။

ကိုကြီးတင်က သာခင့်ကို မေးဆတ်လိုက်ရင်း မင့်ဥစ္စာ ငပြူးကို ပေးလိုက်။ မင်းက ငါ့အိမ်လိုက်ယူပေါ့၊ ရော့ ငပြူးဆိုပြီး ကိုကြီးတင်က နောက်တစ်ထုပ် ထပ်ထုတ်ပေးလိုက်တယ်။ လူကြီးဆိုရင် နှစ်ထုပ်သောက်ရတယ်တဲ့။

ငပြူးက "အိုကေ သိုင်းကျူးစ်" လို့ ပြောပြီး ကိုကြီးတင်လက်ထဲက လှမ်းယူလိုက်တယ်။ အထုပ်ကလေးတွေကို သေသေချာချာကိုင်ကြည့်၊ လှန်လှောကြည့်ပြီး သူ့ဘောင်းဘီအိတ်ထောင်ထဲ ထည့်လိုက်တယ်။

တစ်ဝိုင်းလုံးမှာရှိတဲ့ လူတွေက ဓာတ်တိုက်ထားကြသလိုပဲ။ မှင်ကောင်းကောင်းနဲ့ ခပ်တည်တည် လုပ်နေကြတယ်။ အဲဒါ ဝမ်းနုတ်ဆေး မဟုတ်ဘူး ငပြူးရလို့ ဘယ်သူကမှ ပြင်မပြောကြဘူး။

ကိုကြီးတင်တို့ လုပ်လွှတ်လိုက်တာက ပြူးကြောင်တစ်ယောက် ဘောင်းဘီကြီးတကားကားနဲ့ ဘိုလိုညှပ်ပြောနေတာ တစ်ရက်နှစ်ရက်လောက်မှ နားမျက်စိနောက် သက်သာပါစေတော့ဆိုပြီး လုပ်လွှတ်လိုက်တာ။

နောက်တစ်နေ့မနက်ကျတော့ ဒီအကြောင်းသိတဲ့ လူတွေက ပြူးကြောင်ကို အသာ အကဲခတ်နေကြတာ။ ပြူးကြောင်က သူတို့ ထင်သလို မဟုတ်ဘူး။ ဘောင်းဘီကြီးတကားကားနဲ့ ထုံးစံအတိုင်း လမ်းသလား နေပြန်တယ်။ ဒီတစ်ခါ မအောင့်နိုင် မအည်းနိုင် ဖြစ်ရတာက မနေ့က

ပြူးကြောင် ခေါင်းလျှော်ရည်နှစ်ထုပ် ယူသွားမှန်းသိကြတဲ့ လူတွေပဲ။ ကိုကြီးတင်က သတင်းလာမေးတယ်။

"ပြေူး ဘယ့်နှယ်လဲ ဆေးကစွမ်းရဲ့လား" လို့မေးတော့ ပြူးကြောင်က ခေါင်းခါရင်း–

"ကိုကြီးတင်ဆေးက မွှေးတေးတေးနဲ့ အဝင်ကောင်းတော့ ကောင်းပါရဲ့၊ ကျွန်တော်ဖြင့် ဝမ်းတစ်ခါပဲသွားသေးတယ်"တဲ့။

သူ့ဟာနဲ့သူတော့ ဟုတ်လို့။

ရှင်ခုနှစ်ပွင့်မဂ္ဂဇင်း စက်တင်ဘာ၊ ၁၉၉၀

❑

# အပြောင်မြောက်ဆုံးလက်ရာ

■ ညီပုလေး

"မင်း ဆက်ရေးထားလိုက်ကွာ"လို့ ပြောရင်း ကိုလှပိုင်က သူ့လက်ထဲက စုတ်တံကို ကျွန်တော့်လက်လွှဲပေးခဲ့တယ်။ သူ ဘာလုပ်သွားတယ်ဆိုတာ နားမလည်တော့ စုတ်တံကိုကိုင်ထားပြီး ကြောင်ကြည့်နေမိတယ်။

"ဟိုမယ် မယ်မြင့်လာခေါ်နေပြီ"တဲ့။

သူ့မိန်းမ မမြင့်ခင်က ခေါင်းမဖြီး ဘာမဖြီးနဲ့ ရောက်ချလာတယ်။ စုတ်တံကို ယူထားလိုက်တာ မှန်သလား၊ မှားသလား ဝေခွဲလို့မရဘူး။

"ကိုပိုင် အိမ်မှာ နိုပါတ်တော်ကား အပ်မယ့်သူတွေ ရောက်နေပြီ"

ကိုလှပိုင်က ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ဆပ်ကပ်ဆရာကို ဘာတွေသွားပြောနေတယ် မသိဘူး။ ရယ်လို့ မောလို့ လက်ဟန်ခြေဟန်တွေနဲ့၊ ကျွန်တော့်ကိုလည်း လက်ညှိုးထိုးပြလိုက်သေးတယ်။

ဒီဆပ်ကပ်အဖွဲ့ထဲကို ကျွန်တော်ရောက်လာတာဟာ ကြိုတင်ပြင်ဆင် စဉ်းစားဆုံးဖြတ်ပြီးမှ ရောက်လာခဲ့တာ မဟုတ်ဘူး။ မတော်တဆဆက်လာတာပါ။ ကိုလှပိုင်နဲ့ ကျွန်တော်တို့ဆိုတာ ညီအစ်ကိုလို ချစ်ခင်ကြတာမဟုတ်လား။ ဆရာဦးအောင်သိန်းဆီမှာ ပန်းချီအတူသင်ဖက်ဆွေပေါ့။ သူက ကျွန်တော့်ထက် အသက်နည်းနည်းကြီးတယ်။ အခု

တော့ သူလည်း မြို့တောင်ဘက်အပိုင်းမှာ ပန်းချီလှပိုင်ဆိုပြီး နာမည် ရစပြုနေပြီ။ ဆရာဦးအောင်သိန်းရဲ့ လက်ရာတွေကတော့ အငြိမ့်တိုင်း ဇာတ်တိုင်းမှာလိုလိုပါနေတော့ လူအတော်များများက မြင်ဖူးပြီးသားပါ။ ကိုလှပိုင်က ဆရာ့ခြေရာ နင်းနိုင်တယ်။

သူတို့လင်မယား ထွက်သွားတော့မှ ကျွန်တော် ဆက်ရေးရမယ့် ပန်းချီကားကို ထပ်ပြီး သေသေချာချာ ကြည့်မိတယ်။ ကိုလှပိုင် ရေးနေတာ ဇာတ်ရဲ့နောက်ခံကား သုံးဖို့ 'တောကား' တစ်ကားကို ရေးနေတာ ပါကလား။ တချို့နေရာတွေက အောက်လိုင်းပဲ ကောက်ထားရသေးတယ်။ တချို့နေရာတွေက ဆေးရောင်နဲ့တို့ပြီး အရောင်ပြထားတယ်။ နေရာတော်တော်များများက ဆေးခြယ်ပြီးသား။ အောက်ခံအရောင် ခြယ်ထားတာ။ ကျွန်တော်က 'တုန်း' (Tone) အနုအရင့်လေးတွေ ကစားပေးရမယ်။ အနုစိတ်မွှန်းရမယ့်နေရာလေးတွေလည်း မြင်မိတယ်။ သူ့အောက်လိုင်းတွေကို ကျွန်တော်က လိုက်ဖက်တဲ့အရောင် သွင်းပေးရမယ်။

အစကတော့ ပန်းချီသိပ်ရေးချင်နေတဲ့ အကောင်။ အခုလို ဆေး၊ စုတ်၊ ပိတ်စ အဆင်သင့်ဆိုတော့ ဘာပြောကောင်းမလဲ။ စူဠလိပ် ရေထဲ ချလိုက်သလိုလို့ အောက်မေ့မိတာ။ နောက်တော့မှ တဖြည်းဖြည်း ဇာတ်ရည်လည်လာတယ်။ ကိုလှပိုင်က ပိုင်လည်း ပိုင်ပါပေတယ်။

ကောင်းကင်ပြာကြီး နောက်ခံပေါ်မှာ တိမ်စိုင်တိမ်လိပ်တွေကို စုတ်ပြားကြီးနဲ့ ရေးပစ်လိုက်တယ်။ တိမ်တွေကို ရေးရာမှာ အနီးက တိမ်တွေက တိမ်ဖြူတွေ၊ အဝေးက တိမ်တွေကိုတော့ ဆွတ်ဆွတ်ဖြူ မဟုတ်ဘဲ အပြာနုလေး မသိမသာစွက်ပြီး စုတ်ပြားလေးနဲ့ လိုက်ခတ်လိုက်တယ်။ ဒီနောက် ပြာတစ်ကွက်၊ စိမ်းတစ်ကွက်၊ ကတ္တီပါရောင် ထနေတဲ့ တောင်တန်းကြီးတစ်ခုက ပိတ်သားရဲ့ တစ်ဝက်မရှိတရှိလောက်

မှာ နေရာယူထားတယ်။ သူ့ရှေ့မှာ သစ်ပင်တောတန်းလေး၊ ထန်းပင်စုစုလေးတွေပါ စိမ်းပြာပြာ၊ စိမ်းညိုညို အရောင်တွေနဲ့ ပွတ်သပ်ရေးလိုက်တယ်။

ပြီးတော့မှ ရွာထဲဝင်တဲ့ လမ်းကွေးကွေးလေး။ နီးရာက ဝေးရာကို တဖြည်းဖြည်း ဆွဲခေါ်သွားတဲ့ မြေဖုန်ဖုန် လမ်းကလေး၊ ဝေးတော့ အရောင်ကို တဖြည်းဖြည်း လျှော့ချရေးလိုက်တယ်။ လမ်းရဲ့ တစ်ဖက်တစ်ချက်မှာမှ စပါးခင်းတွေ။ လယ်ပြင်ကျယ်ကြီးကို စိမ်းဝါဝါအရောင်နဲ့ ရေးတယ်။ တချို့နေရာက စပါးတွေ မှည့်စပြုနေပြီ၊ ရွှေဝါရောင်ပေါ့။

ကျွန်တော် လက်စသတ်ရေးနေတဲ့ မန်ကျည်းပင်ရိပ်ကို ဆပ်ကပ်ဆရာရောက်လာတယ်။ ပုဆိုးကွက်ထောက်ကြီးကို ဒူးဆစ်ပေါ်အောင် စည်းထားလို့။ ကြောင်ကျားကျား ရှပ်လက်တိုကို ကြယ်သီးတစ်လုံးမှ မတပ်ဘဲ ရင်ဘတ်ဟောင်းလောင်းနဲ့။ လူကမည်းမည်းဝဝ၊ ထောင်ထောင်မောင်းမောင်း၊ ရင်ဘတ်မှာလည်း အမွေးတွေ ဗရပွနဲ့။

ဒီလူကို တစ်ချက်ကြည့်လိုက်မိတာ ကျွန်တော့်အမှားပဲ။ သူ့မျက်နှာကို တွေ့လိုက်ရတာ စိတ်အနှောင့်အယှက် တော်တော်ဖြစ်သွားတယ်။ ကျွန်တော် ပန်းချီဆက်မရေးချင်တော့ဘူး။ အာရုံနောက်သွားပြီး ဖြစ်နိုင်ရင် ထွက်တောင်မှ ပြေးချင်စိတ်ပေါက်တယ်။ ကြောက်တာ၊ ရွံ့တာမျိုးလည်း မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ စက်ဆုပ်စရာကောင်းတဲ့ မျက်နှာမျိုးကြီး။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ မေးစေ့၊ နားရွက် တစ်ကွက်မှ တစ်စက်ကလေးမှ ကြည့်ပျော်ရှုပျော် မရှိဘူး။ နှလုံးနာစရာကောင်းတဲ့ မျက်နှာထက် ဆိုးတယ်။ သူ့မျက်ခွက်နဲ့ လိုက်ဖက်တဲ့ စကားလုံး မတွေ့မိဘူး။ ပြုံးခြင်း ရယ်ခြင်းလည်း မရှိ။ ကျွန်တော့်ကို ကြည့်တဲ့အကြည့်က မိတ်ဆွေဖြစ်လိုဟန် မပေါ်ဘူး။ ဖော်ရွေမှုဆိုတာ ဒီလူ့အသိဉာဏ်မှာ ရှိပုံမရဘူး။ မိတ္တဗလဆိုတာ ဗလကြီးတဲ့သူတွေ နေ့ရာသီမှာ မိတ်တွေ

အများကြီးထွက်တာကို ပြောတာလားလို့ မေးမယ့်လူမျိုး။

ကျွန်တော့်စိတ်တွေကို ပြန်ထိန်းရင်း ပြန်စုစည်းယူရတယ်။ လက်ကတော့ နောက်ခံကားကြီးကို တော်တော်နဲ့ ပြန်မရေးဖြစ်ဘူး။ သူကြည့်ရတာ ကျွန်တော့်လက်ရာကို အဝေးကကြည့်နေရင်း ဟုတ်မှ ဟုတ်ပါ့မလား၊ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ အနီးကပ် လာစူးစမ်းစစ်ဆေးတဲ့ပုံပဲ။ ကျွန်တော် ထင်နေတာတစ်ခုရှိတယ်။ ဆပ်ကပ်ဆရာလို ဥပဓိရုပ်မျိုးက ပန်းချီအနုပညာကို ဘာမှနကန်းတစ်လုံးမှ နားလည်လိမ့်မယ် မဟုတ်ဘူးဆိုတာပါပဲ။ လွဲချင်ရင်လည်း လွဲလိမ့်မယ်။

စိတ်ကို ပြန်စုစည်းရင်း နောက်ကိုလည်း နည်းနည်းဆုတ်ပြီး မန်ကျည်းရိပ်အစပ်ကနေ ပန်းချီကားကြီးကို ခွာကြည့်မိတယ်။ ဘာများလိုနေသေးသလဲ။ ရုပ်လုံးတော့ အတော်ပေါ်နေပါပြီ။ အရောင်နုသင့်ဖျော့သင့်တာလေးတွေ စိတ်နဲ့မှတ်လိုက်တယ်။ စိတ်ကူးထဲက ရေးချက်လေးတွေ၊ အရောင်လေးတွေ လက်က လိုက်ရေးနိုင်ဖို့ပါပဲ။

ကျွန်တော်ပြန်ရေးတာကို ခဏတစ်ဖြုတ်ကြည့်ပြီး ဆပ်ကပ်ဆရာပြန်လှည့်ထွက်သွားတယ်။ ဘာမှတ်ချက်မှ ပြောမသွားဘူး။ ပန်းချီကားကြီးကိုရေးရင်း၊ ကိုလှပိုင်ကိုစောင့်ရင်းနဲ့ ကားလိပ်ကြီးသာ ရေးပြီးသွားပါလေရော၊ မောင်မင်းကြီးသားက ပေါ်မလာတော့ဘူး။ စုတ်တံတွေကို ကျကျနနဆေး၊ ဆေးခွက်တွေနဲ့ ဆေးစပ်ပြားကို သပ်သပ်ရပ်ရပ် ပြန်စီထားလိုက်တယ်။ ပန်းချီကားကြီးကို ငေးကြည့်နေတုန်း မျှော်နေတာက ကိုလှပိုင်၊ ရောက်လာတာက 'ကိုဖိုးချွန်' ဆိုတဲ့လူ။ ကိုဖိုးချွန်က ဆပ်ကပ်ဆရာရဲ့ ညီဝမ်းကွဲတော်သတဲ့။ ဒီလူက ဟိုလူ့ပုံနဲ့ ပြောင်းပြန်။ မျက်နှာချိုချို၊ ရုပ်ရည်က သန့်သန့်၊ ဝတ်ပုံစားပုံက သပ်သပ်ရပ်ရပ်။ မင်းသားရုပ်နဲ့။ ကြည့်ရတာ တစ်ဝမ်းကွဲတောင် မကလောက်ပါဘူး။

ကျွန်တော် လက်စသတ်ထားတဲ့ နောက်ခံပန်းချီကားကြီးကို

ချီးမွမ်းလိုက်တာ ကိုဖိုးချွန်ပြောမှ ပန်းချီကားက ပိုကောင်းနေသလိုပဲ။ နောက်ထပ် ရေးစရာကားတွေပါ ဆက်ရေးပေးဖို့ ကမ်းလှမ်းနေတယ်။ ဆံပင်ကို ဆီရွှဲရွှဲလူးထားပြီး မီးပူကျ အင်္ကျီလက်ရှည်နဲ့ ပလေကတ်ပုဆိုး အညိုကွက်စိပ်လေးဆင်လို့ သူ့ကိုတော့ မြင်မြင်ချင်းခင်မိတယ်။ စကား ပြော အလွန်ကောင်းတဲ့သူဆိုတော့ ကြာလာတော့ သိသိလာတယ်။

ကျွန်တော် ဆပ်ကပ်ထဲရောက်လာတာ နံပါတ် ၁ တရားခံက ပန်းချီ ကိုလှပိုင်၊ နံပါတ် ၂ တရားခံက စည်းရုံးရေးကောင်းတဲ့ မန်နေဂျာ ကိုဖိုးချွန်တို့ကြောင့်ပဲ။

နောက်တစ်နေ့ နောက်ခံကားကြီး အသစ်တစ်ချပ်ရေးဖို့ ပြင်ဆင် ရတယ်။ ဒီတစ်ခါရေးရမှာက "မြို့ကား" ရေးရမှာ။ ကိုဖိုးချွန်က တစ်နေ့ တည်း အပြီးရေးနိုင်ရင် အပြီးရေးပေးပါတဲ့၊ ဆပ်ကပ်က မနက်ဖြန်၊ သန်ဘက် နယ်ထွက်တော့မှာလို့ ပြောတယ်။ ဒါနဲ့ လိုအပ်တဲ့ ဆေးရောင် တွေ ထပ်ဖြည့်ပြီး မြို့ကားတစ်ကားကို အမြန်ရေးရတယ်။ တစ်လက်မ စုတ်နဲ့ အောက်လိုင်း အရင်ကောက်တာပေါ့၊ အစအဆုံး ကိုယ့်တာဝန်ဆို တော့ အောက်လိုင်းကောက်ရမှာကိုပဲ နောက်ကို ခဏခဏ ဆုတ်ကြည့် ချာကြည့်နဲ့။ တိုက်တွေ၊ လမ်းတွေက အချိုးအစားကျဖို့ လိုတယ်မဟုတ် လား။ ဒီဇိုင်းဆန်းဆန်း ခေတ်မီမီတိုက်တွေ တန်းစီရေးပြီး ကတ္တရာလမ်း ပေါ်မှာ ဆလွန်းကားတစ်စီး၊ ပစ်ကပ်ကားတစ်စီး ဦးတည်ရာ မတူအောင် လမ်းရဲ့တစ်ဖက်တစ်ချက် ယာဉ်ကြောတစ်ခုစီ ယူရေးထားတယ်။ စူပါ ကပ် မော်တော်ဆိုင်ကယ် ဘဲခေါင်းစိမ်းရောင်ကလေးတစ်စီးလည်း ပါရ တာပေါ့။ မာကျူရီမီးလုံး၊ လျှပ်စစ်ဓာတ်အား လိုင်းအတွက် ဓာတ်တိုင် တွေ၊ အဝါနဲ့ အနက်ကျားပလက်ဖောင်း အတုံးတွေရော၊ တီဗွီအင်တင်နာ လည်း နှစ်ခုလောက် ပါလိုက်သေး။ ဒီကားလိပ်က ဆပ်ကပ်ခွင်ရဲ့ အကြား စတီတ်ရှိုးတို့၊ ဇာတ်သရုပ်ဖော်တို့၊ ကက်ဆက်ဓာတ်လမ်းတို့ကို

သရုပ်ဖော်ခေတ်ကတဲ့ နေရာမှာ သုံးဖို့တဲ့။

ကျွန်တော် ပန်းချီကားရေးနေတုန်းမှာ ကိုဖိုးချွန်က လက်ဖက်ရည် အချိုချိုန်တန် အချို၊ ပေါက်စီကလည်း ပူပူနွေးနွေး၊ ယင်ကောင်မနား စေရဘူး။ လက်ဖက်ရည်အကြမ်း ခွက်ဘူးက လျော့တယ်လို့ မရှိစေ ရဘူး။ ကျွန်တော် မြို့ကားရေးနေတာကို ဆပ်ကပ်အဖွဲ့ဝင်တွေ ခပ်လှမ်း လှမ်းကရော နီးနီးကပါ လာကြည့်ကြ၊ ဝေဖန်ကြတယ်။ တချို့က ခပ်တိုးတိုး၊ တချို့က မကြားတကြားလေး။ ကိုယ်ဝါသနာပါတာကို အခုလို လွတ်လွတ်လပ်လပ် ရေးခွင့်ရတော့ ပျော်တာပေါ့။ ကျွန်တော့် ပန်းချီကားကို ကိုဖိုးချွန် သဘောကျတယ်ဆိုတော့ သူ့ပါးစပ်က ဖွင့် မပြောခင် ထိုင်ကြည့်နေရင်း သူ ဒူးနှန့်နေတာကြည့်ရုံနဲ့ သိသာတယ်။

ကိုဖိုးချွန်က ကျွန်တော့်ကို နာမည်တပ်မခေါ်ဘူး၊ ပန်းချီဆရာလို့ ခေါ်တယ်။ သူက စပြီး ပန်းချီဆရာလို့ ခေါ်လိုက်တာ။ နောက်လူ တွေပါ 'ပန်းချီဆရာ'၊ 'ဆရာ' တွေ ဖြစ်ကုန်ရော။ သူတို့ဆပ်ကပ်ထဲမှာ ဆရာတွေကအများသား။ ဘားဆရာ၊ ဓားဆရာ၊ မီးဆရာ၊ စက်ဆရာ စုံလို့။

"နောက်ထပ်ပြခွတ်အသစ်တွေ တင်စရာရှိသေးတယ်၊ ကျွန်တော် တို့နဲ့ လိုက်ခဲ့ ပန်းချီဆရာ"။ အခုရေးတဲ့ မြို့ကားနဲ့ ကိုလှပိုင် ရေးတဲ့ ဇာတ်ကားကို လက်စသတ်ပေးတဲ့အတွက်ဆိုပြီး ပိုက်ဆံအရွက်ကြီးတွေ အတော်များတယ်။ ကျွန်တော့်လက်ထဲ ထည့်နေတယ်။

ဘယ်ရွှေ့ဘယ်မျှရမှလို့ အောက်မေ့နေတဲ့အချိန် မဟုတ်လေတော့ ကျွန်တော်က အားနာမိတယ်။ ပန်းချီရေးနေရတာကိုပဲ ကျေနပ်နေတဲ့ အချိန် မဟုတ်လား။ ပန်းချီဆရာ ကျွန်တော်တို့နဲ့ လိုက်လာတဲ့အခါ အိမ်မှာကျန်ရစ်တဲ့ မိသားစုအတွက် ဈေးသုံးဆိုပြီး အင်္ကျီအိတ်ထောင်ထဲ ငွေစက္ကူတချို့ ထပ်ထည့်ပေးပြန်တယ်။ ကျွန်တော် ရေတွက်မနေပါဘူး။

အမေ့လက်ထဲ အကုန်ထည့်ပေးခဲ့တယ်။ အမေက မင့်အတွက် လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးလေး ထည့်သွားဦးဆိုပြီး ပိုက်ဆံနည်းနည်းထည့်ပေးလိုက်တယ်။ ကျွန်တော်က ဘယ်လောက်လို့ ရေမနေပါဘူး။

လက်ဆွဲအိတ်ကိုဆွဲပြီး ဆပ်ကပ်အဖွဲ့တည်းရာ ဝင်းကြီးထဲရောက်သွားတော့ ဆပ်ကပ်အဖွဲ့သားတော်တော်များများက ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ ငါတို့အဖွဲ့အတွက် ပန်းချီဆရာပါလာပြီဟေ့၊ ကားပေါ်တော့ လူကျပ်တော့မှာပဲ။ လူများလေများ ချေးများတော့မှာပဲ။ သူငယ်ချင်းဆင်းရဲလှ ချဉ်ရည်တစ်ခွန်းကူသောက်မယ့်သူတစ်ယောက်တိုးလာပြီဆိုတဲ့ အကြည့်တွေဖြစ်ကြမှာပေါ့။

ဆပ်ကပ်ပစ္စည်းတွေ၊ သေတ္တာတွေ၊ အိပ်ရာလိပ်တွေ ကုန်ကားကြီးတွေပေါ် တင်နေကြပြီ။ တချို့ ဆပ်ကပ်သမားတွေတောင် နေရာဦးပြီးကုန်ကြပြီ။ ကိုဖိုးချွန်က ကျွန်တော့်ကို ဆပ်ကပ်ဆရာစီးမယ့်ရှေ့ကားပေါ်မှာ နေရာချထားပေးနေလို့ အသာကပ်ပြီး ခပ်တိုးတိုးပြောရတယ်။ အဲဒီကားတော့ မစီးပါရစေနဲ့၊ နောက်ကားပေါ်ကပဲ လိုက်ချင်တယ်။ ဒါကိုပဲ နောက်ကားရဲ့ခေါင်းခန်းထဲက လိုက်ခဲ့ပါလို့ ပြောနေသေးတယ်။ ကျွန်တော်က ဆပ်ကပ်သမားတွေနဲ့ မိတ်ဆွေဖွဲ့ချင်တာလေ။ မန်နေဂျာပေးတဲ့နေရာက မစီးဘဲ နောက်က ဆပ်ကပ်သေတ္တာတွေပေါ်မှာပဲ ထိုင်လိုက်လာတယ်။ ကားနှစ်စီးထွက်ခါနီးတော့ အိမ်မှာကျန်ရစ်တဲ့မိသားစုတွေက လိုက်ပို့ကြ၊ နှုတ်ဆက်ကြနဲ့ လွမ်းစရာမရှိတဲ့ ကျွန်တော်တောင် နည်းနည်းလွမ်းချင်သလိုလိုဖြစ်လာတယ်။ ကြည့်ရတာ အခုလို အိမ်ကထွက်ပြီဆိုရင် အိမ်ကို တော်တော်နဲ့ ပြန်ရောက်ကြပုံမပေါ်ဘူး။

ကားဆရာက ကားလက်ကိုင်ဘီးအပေါ်ကနေပြီး လက်အုပ်ချီပြီး ဘုရားရှိခိုးနေတယ်။ ကျွန်တော် ပန်းချီကားကြီးတွေရေးနေတုန်း တစ်ခါ

တစ်ခါလာပြီး ကူညီလုပ်ကိုင်ပေးတဲ့ 'ကိုစိန်ခို' ဆိုတဲ့ လူနဲ့ ကားပေါ်မှာ စပြီး မိတ်ဆွေဖြစ်ရတယ်။ ကားစထွက်တော့ ကလေးတစ်အုပ် အော်ဟစ်ပြီး ကားနောက်ကို ပြေးလိုက်လာကြသေးတယ်။ ဆပ်ကပ်ဝင်းကြီးထဲက ကားတွေထွက်သွားမှ ကလေးတွေနေရစ်ခဲ့ကြတာ။ ကားပေါ်မှာ ပါလာကြသူတွေထဲက အသက်နည်းနည်းကြီးတဲ့သူတွေပဲ ခပ်ကြာကြာ ငေးငေးငိုင်ငိုင်ဖြစ်ကြတာပါ။ အိမ်ကိုလွမ်းတာ ထင်ပါရဲ့။ ပျိုရွယ်သူတွေကတော့ ခဏမှ တကယ်ခဏပါပဲ။ အပြုံးတွေ၊ အပျော် တွေနဲ့ ဖြစ်ကုန်ကြရော။

ကိုစိန်ခိုစကားအရဆိုရင် ဒီဆပ်ကပ်အဖွဲ့ဝင်အများစုက 'ဝမ်းပြည့်' နယ်သားတွေ၊ ဆွေမကင်းမျိုးမကင်းတွေချည်းမို့ မိသားစု ဆပ်ကပ်လို့တောင် ပြောရမလိုဘဲ။ မီးဆရာ ဘယ်သူနဲ့ ကျွမ်းဆရာ ဘယ်သူနဲ့က ညီအစ်ကို၊ ဓားဆရာနဲ့ ရွှဲဆရာနဲ့က တူဝရီး၊ မန်နေဂျာနဲ့ ဆပ်ကပ်ဆရာနဲ့က နှစ်ဝမ်းကွဲ စုံလို့ပဲ ကောင်မလေးတွေကလည်း သားချင်းတွေတော်စပ်နေကြတာတွေချည်းပဲ။

ဆပ်ကပ်ဆရာတို့ စီးလာတဲ့ ရှေ့ကားက ကျွန်တော်တို့ကားထက် စက်ရောဘော်ဒီပါ ပိုကောင်းပုံပေါ်တယ်။ အရောင်က ကျွန်တော်တို့ကားထက် ပိုပြီးသစ်တယ်။ ကျွန်တော်တို့ကားရဲ့အင်ဂျင်က ငယ်သံပါအောင် မြည်ပြေးကာမှ သူတို့ ကားဖင်ပိုင်းမြင်ရရုံပဲ။ မီကိုမမီဘူး။ ကားက မြစ်ငယ်၊ ပလိပ်ကျော်လို့ စဉ့်ကိုင်နယ်ထဲကို ရောက်လာပြီ။ လယ်ကွင်းစိမ်းစိမ်းတွေ၊ ရှမ်းတောင်တန်းပြာပြာကြီးတွေ၊ ထနောင်းပင်ဝါဝါတွေ၊ ကုက္ကိုပင်ညိုကြိုင်းကြိုင်းတွေနဲ့ ပတ်ဝန်းကျင်က လှချင်တိုင်းလှနေတယ်။ နံဘေးက တောင်တွေအပေါ်မှာရော၊ ရွာထဲက စေတီဘုရားတွေပါမြင်ရင် ဆပ်ကပ်ထဲက ကောင်မလေးတွေက လက်အုပ်ချီပြီးဆုတောင်းကြတယ်။ လမ်းခရီးဖြောင့်ဖြူးပါစေလို့ ဆုတောင်းသလား၊ ဆပ်ကပ်ပွဲမှာ လူစည်ပါစေလို့ ဆုတောင်းသလား၊ ရပ်ဝေးရပ်နီးက

သတ္တဝါတွေ ကျန်းမာချမ်းသာကြဖို့ မေတ္တာပို့သတာရော လုပ်ကြလေသလားမသိ။ ကျွန်တော်တို့ကားက 'လက်ညှိုးထိုး' ကျော်ခဲ့ပြီ။

ပတ်ဝန်းကျင်က ရှုခင်းလှလှတွေကို ငေးနေတဲ့ ကျွန်တော့်မျက်နှာကို ရုတ်တရက် ပစ္စည်းတစ်ခုလာကပ်တော့ ဖြန်းဆို လန့်သွားတာပေါ့။ ရှေ့ပိုင်းက ကောင်မလေးတွေရဲ့ စူးခနဲအော်သံတွေပါ တစ်ပြိုင်နက်ကြားလိုက်ရတယ်။ သူတို့အထဲက တစ်ယောက်ရဲ့ ခေါင်းစည်းပဝါလေးလေတိုက်ပြီး လွင့်အကျ။ ကျွန်တော့်မျက်နှာမှာ လာငြိနေတာကိုး။ ကံကောင်းလို့ နို့မို့ရင် ကားရပ်ဦး၊ ဆင်းကောက်ဦးနဲ့ အချိန်တွေကြာပြီး ရှေ့ကားနဲ့ ဝေးသထက်ဝေးသွားရော့မယ်။ ကျွန်တော့်မျက်နှာမှာ အခုလိုလာအုပ်မိနေတော့ ကောင်မလေးတွေအဖို့ ရယ်စရာတစ်ခုလိုဖြစ်သွားပြီး သူတို့ရယ်ပွဲဖွဲ့လိုက်ကြတာ ဆူလို့ညံလို့။

ကျွန်တော်က ပဝါနီနီလေးကိုယူပြီး ဘယ်သူ့ပေးရမှန်းမသိတော့ သူတို့အထဲက အနီးဆုံး အသားနည်းနည်းညိုတဲ့ ကလေးမလေးကို လက်ကမ်းလိုက်တယ်။ ကျွန်တော်က လှမ်းပေးမယ်အလုပ်မှာ တကယ့်ပိုင်ရှင်ကောင်မလေးက ကျပ်ညှပ်ထိုင်နေရာမှ ဖွတ်အတင်းတိုးပြီး ကျွန်တော့်လက်ထဲက ပဝါနီလေးကို လှမ်းယူလိုက်တယ်။ သူတို့အဖို့ ဒီလိုယူတာကို ပျော်စရာ၊ ရွှင်စရာ၊ နောက်စရာတစ်ခုပေါ့။ ပဝါပိုင်ရှင်လေးက တစ်တစ်ရစ်ရစ်ကလေး။ သူ့ရဲ့ ထူးခြားတဲ့ မျက်တောင်မွေးရှည်ကော့ကော့လေးတွေကို ကျွန်တော် ချက်ချင်းသတိထားမိတယ်။ သူ့နံဘေးက ကလေးမက ကျွန်တော် မကြားအောင် ဘာပြောလိုက်တယ်မသိ။ သူတို့ရယ်ကြပြန်ရော။ ကျွန်တော့်ဆီက သူ့ပဝါနီလေးကို ထအယူမှာ လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက်က မျက်တောင်မွေးရှည်လေးရဲ့ တင်ပါးကို တစ်ချက် ခပ်စပ်စပ် 'ဖြန်း' ခနဲမြည်အောင် ရိုက်လိုက်တယ်။ ဒီလိုရိုက်လိုက်တာကလည်း သူတို့အတွက်ရယ်စရာပဲ။ မျက်တောင်

မွေးရှည်လေး သူ့ကိုရိုက်လို့ ယောင်လိုက်ပုံကလည်း "ဆရာရေ့" တဲ့။ ဆရာရေ့ ဆိုပါလား။ ဘယ်က ဆရာရေ့လဲ။

ကားဆရာက စက်ရှိန်မြှင့်လိုက်။ လမ်းဆိုးရင် အရှိန်လျှော့လိုက်နဲ့ ခရီးအတော်တွင်လာခဲ့ပြီ။ အနားမှာထိုင်လိုက်လာတဲ့ မီးဆရာနဲ့လည်း အတော်ခင်နေပြီ။ ဒါကြောင့် သူ့ကို မိတ်ဆွေဖွဲ့ပြီး အနားကလူတွေရဲ့ နာမည်တွေ၊ အလုပ်တွေ လျှောက်စပ်စုကြည့်တယ်။ အမှန်ပြောရရင် ကလေးမလေးတွေအကြောင်း ပိုသိချင်တာ။ ဒါပေမဲ့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလို့ မတော်ဘူးထင်လို့ နံဘေးကလူတွေ လျှောက်မေးနေရတာလေ။

မီးဆရာက သူ့လက်ထောက်ကစလို့ အသံရှဲ့စက်ဆရာတွေရော၊ ကျွမ်းဘားဆရာတွေပါမကျန် ကားပေါ်ပါသမျှ လူတွေအကြောင်း ပေအရှည်ကြီးပြောနေတယ်။ ကျွန်တော်ကလည်း တကယ်ကို စိတ်ဝင်စားဟန်နဲ့ပေါ့။ ပြီးမှ ကောင်းခန်းရောက်မှ ရပ်ထားပြီး မီးဆရာက ကွမ်းအစ်ထုတ်ပြီး ကွမ်းယာနေလိုက်သေးတယ်။ ကျွန်တော့်မှာ နားရော ပါးစပ်ပါ ခံတွင်းချဉ်တော့တာပေါ့။ ဒီလူအလိုက်သိတယ်။ အကုန်သိတာ မဟုတ်ဘူး။ တစ်ဝက်ပဲသိတာ။ ကျွန်တော့်ကို ကွမ်းတစ်ယာ ယာပေးပြီး ကွမ်းပဲဝါးနေတယ်။ ကောင်မလေးတွေအကြောင်း မပြောဘူး။ မနေနိုင်၊ မအောင့်နိုင်တော့ ဆက်ပါဦး မီးဆရာရဲ့လို့ လက်တို့ရတော့ တာပေါ့။ သဘင်သည်တစ်ပိုင်းတွေ မဟုတ်လား။ သူတို့က ဒါမျိုးတွေ နှောကျေနေပြီလေ။

"ပြောတာပေါ့ ပန်းချီဆရာရယ်၊ ပွဲခွင်တွေ အများကြီးကျန်သေး ပါတယ်"

"ဟာ မီးဆရာကလည်း ကျွန်တော်ပွဲခင်းထဲကျတော့ လက်ဖက် ရည်တိုက်ပါမယ်"ဆိုတော့ သူက ရယ်တယ်။

"နောက်တာပါ ဆရာရယ်၊ လက်ဖက်ရည်တိုက်စရာမလိုပါဘူး" ဆိုပြီး စပြောလိုက်တာ။

"ညိုညိုပျိုပျို ကောင်မကလေး၊ စပို့ရှပ်အပြာနုလေးနဲ့ သူက ကြိုးတန်းလျှောက်တယ်။ ကြိုးတန်းပေါ်မှာ စက်ဘီးစီးတယ်။ တကယ့် အသည်းယားစရာ။ ဆရာ တွေ့ပါလိမ့်မယ်။ အဲဒီကောင်မလေးနာမည်က ဆပ်ကပ်ထဲမှာ ဆန်းဆန်းအေးတဲ့။ စလုံးမဟုတ်ဘူးနော် ဆလိမ်။ မီးဆရာက ကျွန်တော့်နားအနားကပ်ပြောတော့ ကွမ်းတံတွေးတွေ ပါးတို့ နားတို့ နည်းနည်းစဉ်တာပေါ့။ ဆန်းဆန်းအေးကို ကျွန်တော်တို့ကတော့ မိသန်းလို့ပဲခေါ်တယ်။ အိမ်မှာ သူ့နာမည်က 'ခင်သန်း'ကိုး။

"ဟိုလုံးကြီးပေါက်လှ ခုနက လက်ဝါးနဲ့ ဖြန်းခနဲချလိုက်ပါရော၊ အဲဒီကလေးမနာမည်က 'လှသီဂီ' တဲ့၊ အိမ်မှာတော့ 'သိန်းသိန်းပြည့်' လို့ ခေါ်တယ်၊ သူက ကလေးတစ်ယောက်မအေ"

ကျွန်တော်က အံ့အားသင့်ပြီး မီးဆရာ မဟုတ်တရုတ်တွေ ပြော နေတာလားလို့ စူးစမ်းတဲ့အကြည့်နဲ့ ကြည့်မိတယ်။ မယုံနိုင်စရာပဲ။

"သိန်းသိန်းပြည့်က ကောင်းကင်ဘားမှာ သမ္ဘာကြီး၊ ဆရာမကြီး"

"ပြီးတော့ ထဘီနက်ပြာပြာနဲ့ သွယ်သွယ်လေး ကျစ်ဆံမြီးရှည် လေးနဲ့ သူက 'ဝါဝါခင်' သူက ပညာသင်လေး၊ ကြုံရာနေရာမှာ လူစား ဝင်နိုင်အောင် ဆပ်ကပ်ဆရာက အမျိုးစုံကျင့်ပေးနေတာ။

"နေကာမျက်မှန်တပ်ထားတဲ့ လိမ္မော်ရောင်ဝမ်းဆက်နဲ့ ကလေးမ ကလည်း အိမ်ထောင်သည်ပဲ၊ သူ့ခင်ပွန်းက ဆက်တင်မန်နေဂျာ၊ တွေ့ပါ လိမ့်မယ် ပန်းချီဆရာကို အမျိုးစုံ နားပူမယ့်သူ၊ ကောင်မလေး နာမည်က 'ဆွေခင်ဝင်း' တဲ့"

ကျွန်တော်နာမည်သိချင်တဲ့ မျက်တောင်မွေးရှည်လေးရဲ့ အလှည့် က နောက်ဆုံးမှရောက်တော့တယ်။ ကျွန်တော်က မှင်သေသေနဲ့ နေရ

တာပေါ့။ သိပ်စိတ်မဝင်စားတော့တဲ့ ဟန်နဲ့။

"ခုနက ပဝါလွင့်သွားတဲ့ ကောင်မလေး" ဆိုတာ ရှိသေးတယ်။ ကားက ဟွန်းတွေ တတီတီနဲ့ ဆူဆူညံညံတီးလို့ ဘာသံမှမကြားရတော့ဘူး။ မီးဆရာက ပြောတော့ပြောတာပဲ။ မသဲကွဲဘူး။ နွားကျောင်းသားတွေက သူတို့ရဲ့နွားတွေကို ကားလမ်းပေါ် တက်ကျောင်းနေကြလေတော့ ဒီနွားတွေ လမ်းနံဘေးဆင်းအောင်လို့ ဟွန်းကို ဆူညံနေအောင်တီးရတာနဲ့ ကားက ချိုင့်ထဲကျပြီး အမိုးကိုင်းတွေက မြည်နေတာနဲ့ ကလေးမနာမည် သဲသဲကွဲကွဲမကြားလိုက်ရဘူး။ ကားဆရာပဲ အပြစ်တင်ရမလိုလို၊ နွားကျောင်းသားတွေပဲ ဆဲရတော့မလိုလိုနဲ့ မီးဆရာက ဆက်မပြောတော့ မနေနိုင်တာနဲ့ မေးမိတယ်။

"ဗျာ ဘယ်သူတဲ့၊ ခုနက မကြားလိုက်ရဘူး"

မီးဆရာက ကြွပ်ကြွပ်အိတ်လေးထဲ ကွမ်းတံတွေးထွေးလိုက်သေးတယ်။ ပြီးမှ 'မိုးသီတာ' တဲ့။ ဘယ်သူမှ ဒီနာမည်မခေါ်ပါဘူး။ ကျွန်တော်တို့က အိမ်မှာခေါ်တဲ့နာမည်ပဲ 'ဝိုင်းတင်' လို့ ခေါ်ကြတယ်။ တွေ့ပါလိမ့်မယ်ဗျာ။ ပညတ်သွားရာ ဓာတ်သက်ပါသလား၊ မပါဘူးလားဆိုတာ တင်လေးကိုဝိုင်းနေတာပဲ။

မီးဆရာက သူတို့ဘာသာဘာဝ ခပ်ရဲရဲပြောလိုက်ပေမဲ့ ကျွန်တော့်မျက်နှာတော့ ရဲခနဲဖြစ်သွားတယ်ထင်တာပဲ။ ကျွန်တော်ကရော မျက်တောင်မွေးရှည်လေးရဲ့ နာမည်ကိုလည်း သိရရောဘာဖြစ်လို့ 'ဝိုင်းတင်' 'ဝိုင်းတင်' ဆိုတဲ့ နာမည်လေးကို လေး၊ ငါးခါ ရွတ်ကြည့်မိရတာတဲ့လဲ။

*

ဆပ်ကပ်အဖွဲ့ဟာ မြေလတ်က မြို့ပေါက်စနလေးတစ်ခုရဲ့ ဘုရားပွဲမှာလာပြီး သေတ္တာဖွင့်ကြတာပါ။ ဒီပြင် ဘယ်ဓာတ်အဖွဲ့တွေ လာကြ

ခယ်တော့ မသိဘူး။ လောလောဆယ်တော့ ဒီဆပ်ကပ်တစ်ဖွဲ့ပဲ အရင်ဆုံး ရောက်နှင့်တာ။

ရောက်ရောက်ချင်းပဲ ရုံဆောက်တဲ့လူတွေက ရုံကို အမြန်ဆုံး ဆောက်ကြတယ်။ ထမင်းချက်တဲ့သူတွေက ချက်ကြ၊ ပစ္စည်းတွေ သူ့နေရာနဲ့သူချကြ၊ ဘယ်သူမှ အနားမနေကြရဘူး။ ဆပ်ကပ်ဆရာရယ်၊ မန်နေဂျာ ကိုဖိုးချွန်ရယ်၊ ကျွန်တော်ရယ်ပဲ အလုပ်မရှိကြတာ။ ကိုစိန်ခိုကတော့ လက်ညှိုးညွှန်လိုက်၊ အောက်မေးလှုပ်လိုက်နဲ့ ညွှန်ကြားနေတယ်။ ကိုဖိုးချွန်လည်း နှစ်ခွန်းသုံးခွန်းတော့ ဝင်ပြောလိုက်သေးတယ်။

ပွဲခင်းထဲမှာ လက်ဖက်ရည်ဆိုင်တွေ၊ ခေါက်ဆွဲကြော်ဆိုင်တွေ၊ အကြော်ဆိုင်တွေက အသံချဲ့စက်တွေဖွင့်နေကြပြီ။ လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိပ်လိပ်တက်ကာ၊ အိုဟိုဝိုဝိုးတောင်ပေါ်သားတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူပါတယ်ကွာ၊ ကိုယ့်အသည်းပျားတုပ်နေ၊ ချစ်ရတာ အရသာလား၊ စဉ်းစားစဉ်းစားတွေ ညံနေပြီ။

ပစ္စည်းတွေ နေသားတကျ တော်တော်လေးဖြစ်တော့ ကိုစိန်ခိုက ကျွန်တော့်ကို လက်ဖက်ရည်သောက်ရအောင် လာခေါ်တယ်။ ကျွန်တော်က ဘာအလုပ်မှမရှိတဲ့လူ ဖြစ်နေတော့ ငြင်းမနေပါဘူး။ ဆာလည်း အတော်ဆာနေပြီ။ ပွဲဈေးကို နှစ်ယောက်သား ယှဉ်လျှောက်လာရင်း–

"ပန်းချီဆရာကတော့ ကျွန်တော့်အကြောင်း ကြားဖူးရင်လည်း ကြားဖူးပြီးသားနေမှာ"

"ဆိုစမ်းပါဦးဗျ"

"တချို့က ကျွန်တော့်ကို ဆပ်ကပ်ဆရာရဲ့ မွေးစားသားလို့ အပြောင်အပြက်လိုလို၊ အတည်လိုလို ခေါ်ကြတယ်၊ မလိုတဲ့လူကတော့ ဒူးမနာသားတဲ့" ကိုစိန်ခိုက သူ့စကားကို ခဏရပ်လိုက်တယ်။

"ဟင့်အင်း မကြားဖူးဘူး၊ ဘာလို့ ဒီလိုခေါ်ကြတာတုံး"

ကျွန်တော် အံ့ဩသွားတာတော့ အမှန်ပဲ။

"ဒီလိုဗျ၊ ကျွန်တော်က သူတို့ဝမ်းပြည့်နယ်သားမဟုတ်ဘူး၊ ကျွန်တော် ဘယ်နယ်က ဘယ်သူ့သားသမီး၊ ဘာလုပ်တတ်တယ်ဆိုတာ ဆပ်ကပ်ဆရာတောင်မှ မသိဘူး၊ ဒါပေမဲ့ ဆပ်ကပ်ဆရာက လူတစ်မျိုး၊ ခင်ဗျား နောက်တော့ သိပါလိမ့်မယ်၊ ကျွန်တော့်ကိုတော့ သူက ယုံတယ်၊ သူ့အတွင်းရေးမှူးဆိုပါတော့ဗျာ၊ ကျွန်တော်က သူခိုင်းတာတွေ ဖင်ပေါ့ ပေါ့လုပ်ကိုင်ပေးရင်း သူ့ဆိုးမျိုးသည်းခံရင်းနဲ့ သူ့အကြောင်း သူ့အထာ နားအလည်ဆုံး ဖြစ်လာတယ်"

"ဒီတော့-"

"ဒီတော့ ကျွန်တော့်ဆိုရင် ဆပ်ကပ်ဆရာနဲ့ တစ်ဂိုဏ်းတည်း ထည့်ထားပြီး အဖွဲ့သားတွေက နည်းနည်းလန့်ကြ၊ ရှိန်ကြတယ်၊ ကျွန်တော် အခုထိ ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးပါဘူး"

လက်ဖက်ရည်ဆိုင်ရောက်တော့ သူရော ကျွန်တော်ပါ 'ဖန်ဆိမ့်' သောက်ကြသူတွေ ဖြစ်နေကြတယ်။ ပလတ်စတစ်အိတ်ထဲ သွတ်ထားတဲ့ကိတ်မုန့်တွေ၊ ပေါင်မုန့်တွေ စားပွဲထိုးလေးက အရင်လာချပေးတယ်။

"ထားပါတော့ဗျာ၊ ပြောချင်တာ ဒါမှမဟုတ်ပါဘူး၊ သူများပြောမှ ဆရာသမားသိရပြီး ကျွန်တော့်ကို တစ်မျိုးထင်နေမှာစိုးလို့ပါ၊ တစ်ခုတော့ ရှိတယ်၊ ဆပ်ကပ်ဆရာက ကိစ္စတစ်ခုခု၊ ပြဿနာတစ်ခုခုအကြောင်း ဆပ်ကပ်အဖွဲ့ရဲ့ အခြေအနေမေးရင်တော့ ကျွန်တော်က ညာမပြောဘူး၊ အမှန်အတိုင်းပဲပြောတယ်၊ ခင်ဗျားမေးလည်း ဒီလိုပဲပြောမှာပဲ၊ ညာတာ လိမ်တာ ကျွန်တော်က လွတ်မုန်းတာ"

ကျွန်တော်က လက်ဖက်ရည်တစ်ငုံလောက် ကောက်ငုံလိုက်တယ်။ လက်ဖက်ရည်က မဆိုးဘူး။ အရသာရော အနံ့ပါ ကောင်းတယ်။ ဒါနဲ့ ဆိုင်နာမည် မှတ်ထားရအောင် ဆိုင်းဘုတ် ရှာဖတ်ရသေးတယ်။ မြို့မ

ကဖီးတဲ့။ ခုနက လက်ဖက်ရည်ဆိုင်ရဲ့ ကက်ဆက်ထဲမှာ အနိုင်။ အခု သွှမ်းမိုး။

"နောက်အရေးကြီးတာတစ်ခု ပြောချင်တယ်၊ အဲဒါကတော့ ကျွန်တော် ပန်းချီမတောက်တခေါက်တော့ သင်ဖူးတယ်၊ စကောစက ဖြစ်နေတာ၊ အဲဒါ ဆရာ ဆက်သင်ပေးစေချင်တယ်လေ"

"ဒါများ ကိုစိန်ခိုရယ် ဖြစ်ပါတယ်၊ ခင်ဗျားသာ တကယ်လိုချင် စိတ်ရှိရင် ဖြစ်ပါတယ်"

လက်ဖက်ရည်ဖိုး ကျွန်တော်ပေးမယ်လုပ်တော့ ကိုစိန်ခိုက အပေး မခံဘူး။

လက်ဖက်ရည်ဆိုင်မှာ တအောင့်ကြာထိုင်ပြီးတော့ ဆပ်ကပ်ရုံ ရှိရာကို ပြန်လာခဲ့ကြတယ်။ ဆပ်ကပ်ရုံနားရောက်တော့ သူနဲ့ လူချင်း ခွဲလိုက်တယ်။

ရုံနံဘေးနားရောက်တော့ ဆပ်ကပ်ဆရာရဲ့ အူလှိုက်သည်းလှိုက် ရယ်သံကြီး ကြားလိုက်ရလို့ လှမ်းကြည့်တော့ သူက တမာပင်ရိပ်မှာ ကုလားထိုင်နဲ့ ကျကျနနထိုင်လို့။ နေပူထဲမှာ ကလေးတစ်ယောက်။ ကလေးက ကျွမ်းတွေ တစ်ပတ်ပြီးတစ်ပတ် လိမ့်ထိုးနေတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ခေါင်းနဲ့မြေကြီးနဲ့ ထိပြီးတော့မှ လက်နှစ်ဖက် ထောက်ပြီးတော့မှ ခြေထောက်နဲ့အားယူပြီး ရှေ့ကိုထိုးချရတာ။ မြေကြီး ပေါ်မှာ ထိုးရတာဆိုတော့ ဘယ်သက်သာလိမ့်မလဲ။ ပြီးတော့ မျဉ်း တစ်ဖြောင့်တည်း ထိုးရတာလည်း မဟုတ်ဘူး။ စက်ဝိုင်းပုံအတိုင်း လှည့်ပြီး ကျွမ်းတစ်ပတ်ကြီး ထိုးနေရတာ။ စက်ဝိုင်းက စံချိန်မီဘောလုံး ကွင်း အလယ်ကောင်စက်ဝိုင်းလောက်ရှိမယ်။ ဆပ်ကပ်ဆရာကတော့ သဘောတွေ တအားကျပြီး ရယ်လို့ပဲ နေတော့တယ်။

ကလေးခမျာ စက်ဝိုင်းကို တစ်ပတ်ပတ်မိပြန်တော့လည်း နားရ

သေးတာမဟုတ်ဘူး။ ဆပ်ကပ်ဆရာဆီက ရင်ခေါင်းသံကြီးနဲ့ "ပေါ့ကောင် နောက်ကျွမ်း"တဲ့။

ချာတိတ်က နောက်ကျွမ်းကို စက်ဝိုင်းပုံရအောင် ကြိုးစား ထိုးရှာတယ်။ တစ်ခါတလေလည်း ဖင်ဘူးတောင်းထောင်နေပြီး တစ်ဖက်ကို တော်တော်နဲ့မကျဘူး။ ကျွန်တော်မရောက်ခင် ဘယ်လောက်ကြာကြာကတည်းက ဒီကလေး ဒီလိုကျွမ်းတွေ ထိုးနေရတယ်မသိဘူး။ တစ်ကိုယ်လုံးလည်း ပေရေညစ်ပတ်နေပြီ။ သူ့ကိုယ်ပေါ်က စွပ်ကျယ်ချိုင်းပြတ်လေးက မူလက ဘာအရောင်ပါလို့ သူ့အမေတောင် မှန်အောင်ပြောနိုင်မယ် မထင်ဘူး။

ကောင်လေးက လူကို တစောင်းအနေအထားနဲ့ လှည်းဘီးတစ်ဘီးလည်သလို ကျွမ်းထိုးလိုက်တယ်။ ကျွန်တော်က အတော်လူစိတ်မရှိတဲ့ အကောင်ကြီးပဲလို့ စိတ်ထဲတင် မှတ်ချက်ချရင်း မနည်း စိတ်ထိန်းပြီး ကြည့်နေရတယ်။

ခဏနေတော့ လူတစ်ယောက်က ထမင်းတွေကို သံပန်းကန်ပြားတစ်ချပ်နဲ့ ထည့်ယူလာတာ တွေ့တော့မှ စိတ်ထဲ နည်းနည်းသက်သာသွားတယ်။ ဒါပေမဲ့ ခဏပဲ။ တကယ့်ကို ခဏပဲ။ အဲဒီထမင်းပန်းကန်ပြားကိုင်လာတဲ့လူကို ဆပ်ကပ်ဆရာက စကားခေါ်ပြောနေတဲ့အချိန်ရယ်၊ ဆပ်ကပ်ဆရာ ခိုင်းလိုက်လို့ ပန်းကန်ပြားချပြီး ကျွန်တော်ရှိရာကို သူလျှောက်လာတဲ့အချိန် ပြီးတော့ ကျွန်တော့်ကို–

"ပန်းချီဆရာ ထမင်းစားချင်ရင် ကျက်နေပြီ စားလို့ရပြီ"လို့ ပြောပြီး လှည့်ပြန်သွားတဲ့အချိန်လောက်ပဲ ကောင်လေး နားခွင့်ရလိုက်တယ်။

"လှည်းဘီးနောက်တစ်ပတ်"တဲ့ ရင်ခေါင်းသံကြီး ပေါ်လာပြန်တယ်။

လှည်းဘီးက အရှိန်လေးယူပြီး ထိုးရတာဆိုတော့ အပတ်ရေ

နည်းနေတယ် ထင်ပါရဲ့။ ဒါပေမဲ့ ကြိုးစားပြီးထိုးနေရှာတယ်။ တစ်ပတ်ပြည့်တော့ ဆပ်ကပ်ဆရာက ဘယ်တုန်းက ဘယ်လို အချက်ပြလိုက်တယ် မသိဘူး။ ဟိုလူက ထမင်းထည့်ထားတဲ့ သံပန်းကန်ပြားကိုင်ပြီး စည်းဝိုင်းပေါ်ရောက်လာတယ်။ ကလေးတော့ မောမောနဲ့ ထမင်းတွေ တအားကြဲ့ပြီး လွေးပြီမှတ်တာ။ ထမင်းပန်းကန် ကလေးလက်ထဲ မထည့်ဘဲ ကလေးအရပ်အတိုင်းနဲ့ ကွက်တိလောက်မှာ ပန်းကန်ပြားကို မြေကြီးပေါ် ချထားတယ်။ ဆပ်ကပ်ဆရာက "ကျား ကျွမ်း" လို့ အော်လိုက်ရင် ကလေးက သူရပ်နေရာက ကျားကျွမ်းထိုးရတယ်။ တစ်လက်မ မပိုစေရဘူး။ မလိုစေရဘူး။ ထမင်းပန်းကန်နား ကွက်တိပဲ။ ဟိုလူက သံပန်းကန်ပြားကို မြေကြီးနဲ့ တရွတ်တိုက်ဆွဲရင်း အရပ်တစ်တိုင်းမှာ တစ်ခါရပ်တယ်။ ဆပ်ကပ်ဆရာက ရှေ့ကျွမ်းလို့အော်ရင် ရှေ့ကျွမ်းထိုး၊ ထမင်းပန်းကန်ပြား တစ်ခါရွှေ့၊ လှည်းဘီးဆိုရင် လှည်းဘီး၊ ကွက်တိ ကျရတာ။ ကြာလာတော့ ထမင်းပန်းကန်ပြား ရှပ်တိုက်ဆွဲတဲ့အသံကို မကြားချင်တော့ဘူး။

ကောင်လေးခမျာ ဆာလှရှာ့မယ်။ မောလည်း အတော်ကို မောနေရှာပြီ။ ထမင်းပေါ်က နန္ဒင်းရောင်ထနေတဲ့ သားပြွမ်းဟင်းထဲမှာလည်း ဖုန်တွေ မနည်းတော့ဘူး။ ကျွမ်းအပတ်ရေနဲ့အမျှ ဖုန်တွေက များလာနေပြီ။ ကျွမ်းထိုးနေတဲ့ကလေးမပြောနဲ့၊ နံဘေးကကြည့်ရတဲ့ ကျွန်တော်တောင် မူးပြီးမောလာတယ်။ ဆပ်ကပ်ဆရာ ကျေနပ်တော့မှ "တော်တော့၊ ဒီကောင့်ထမင်းကျွေးလိုက်တော့"တဲ့။

ညနေကမြင်ခဲ့ရတဲ့ ကလေးကျွမ်းပစ်နေရတဲ့ မြင်ကွင်းက အသည်းထဲကို စွဲသွားလောက်အောင်ပါပဲ။ ကျေကိုမကျေနပ်ဘူး။ ဒီကိစ္စက ဆပ်ကပ်ဆရာကို ပြောမှဖြစ်တော့မယ်။ ပြောချင်တဲ့စကားတွေက ရင်ထဲမှာအပြည့်။ ဒီလူနဲ့ ပြောလို့ အဆင်ပြေရင်ပြေ၊ မပြေရင်တော့

ကျွန်တော်နဲ့ သူနဲ့ ရုံးရောက် ဂါတ်ရောက် စာရင်းရှင်းရတော့မှာ။ ဘယ့်နှယ်ဗျာ အတော် လူမဆန်တဲ့လူပဲ။

ဒီအကြောင်း ကိုဖိုးချွန်ကိုရော၊ ကိုစိန်ခိုကိုရော ပြောမိတယ်။ သူတို့နှစ်ယောက်စလုံးက တစ်သဘောတည်းပဲ။ တစ်နေရာစီမှာ ပြောတာကိုပဲ တိုင်ပင်ထားကြသလိုပဲ။ "ခင်ဗျား ဆပ်ကပ်ဆရာ အကြောင်း မသိသေးဘူး၊ သွားမပြောနဲ့ ပန်းချီဆရာ၊ ပြောလို့လည်း ဘာမှထူးမှာ မဟုတ်ဘူး၊ ဒါမျိုး သူက လုပ်နေကျ၊ ဒါ သူ့စီးပွားရေးလေ၊ ဒီအလုပ်က အသက်နဲ့ရင်းပြီး လုပ်ကြရတာ။ ဒီလိုမှ မလေ့ကျင့်ရင် မိုးထဲလေထဲကျ ဒုက္ခဖြစ်သွားနိုင်တယ်လို့၊ သူက ကလေးအကျိုးလိုလို့ ဒီလိုလေ့ကျင့်ခိုင်းတာ"တဲ့။

သူတို့ပြောကြတဲ့စကားထဲမှာ တစ်ဖွဲ့လုံးက ဆပ်ကပ်ဆရာကို ကြောက်ပြီး ရိုသေလေးစားကြရတဲ့အကြောင်း ပါတယ်။ ကျွန်တော့် စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ ဆပ်ကပ်ဆရာကလည်း ရိပ်မိပုံပေါ်တယ်။ ကျွန်တော်ကတော့ အခုလို စိတ်မချမ်းသာစရာတွေ ကြုံတိုင်း ကိုလှပိုင်ကိုချည်း ကျိန်ဆဲမိတော့တာပါပဲ။

သူ့အဖွဲ့မှာတော့ တကယ်ပဲ ဆပ်ကပ်ဆရာက ရှင်ဘုရင်ပါ။ သူ ခိုင်းတာအတွက် ဓောဒကမရှိစေရဘူး။ ဖြစ်တာပဲ မြင်ချင်ကြားချင်သတဲ့။ "ဟော့ ဒါ ကလေးကစားနေတာ မဟုတ်ဘူး၊ အသက်နဲ့ရင်းပြီး ထမင်း ရှာစားနေတာ၊ ငါဖို့ထက် မင်းတို့ဖို့ခိုင်းနေတာ" ဒါ ဆပ်ကပ်ဆရာရဲ့ လက်သုံးစကားတွေပဲ။

ကျားပွတ်နဲ့ အရိုက်ခံထားရတဲ့လူရွယ်ကလည်း ဆပ်ကပ်ဆရာနဲ့ သွေးမဝေးဘူး၊ ဆွေမျိုးတော်တာပဲ။ စက်ဘီးဆရာတဲ့။ သူသင်ပေးထား တဲ့ကလေးတွေ စက်ဘီးကို နည်းမျိုးစုံစီးနိုင်တာ ဆပ်ကပ်ထဲမှာ အတော် များနေပြီ။ ဆရာဆင့်လည်း ဒီလူက ချမ်းသာမပေးဘဲကိုး။ ကျားပွတ်နဲ့

ဆုံးမတာကိုပဲ ကျေးဇူးတင်နေရသေးသတဲ့။

လူရွယ်လေးကို ရိုက်ပြီးပေမဲ့ သူ့ကြည့်ရတာ ဘာခံစားချက်မှ မရှိသလို ခပ်အေးအေး၊ ခပ်တည်တည်နဲ့ ခုနက ကျာပွတ်နဲ့ရိုက်တာ သူမဟုတ်တဲ့အတိုင်းပဲ။ အပြုံးအရယ် အလွန်နည်းတဲ့လူ၊ ကလေးလေး ကျွမ်းတွေပစ်နေတုန်းက အော်ရယ်တာ ကံထူးလို့ ကြုံရသလိုဖြစ်နေပြီ။ ဒီလိုလူရဲ့စိတ်ကို ခန့်မှန်းရ အလွန်ခက်တယ်။ ဒီလူ့စိတ်ထဲမှာ ဘာ အကြံအစည်ရှိတယ်ဆိုတာ ဘယ်လိုမှ၊ ဘယ်သူမှ မသိနိုင်ဘူး။ သူ့အနား မှာ ဘယ်သူမှ မနေချင်တာ ဒါကြောင့်ပဲ ဖြစ်မှာ။ ကိုစိန်ခို တစ်ယောက်က လွဲလို့ပေါ့လေ။ ဒီ ကိုစိန်ခိုဆိုတဲ့ လူကိုလည်း အံ့ဩ ချီးကျူးမိတယ်။

ကျွန်တော် လျှောက်လာရင်းနဲ့ တစ်နေရာမှာ ဓားပေါက် လေ့ကျင့် နေတာ လှမ်းမြင်ရတယ်။ တဖြည်းဖြည်း နီးနီးလာတော့ ဓားနဲ့ လှမ်း ပေါက်နေတဲ့သူက ဓားဆရာ မဟုတ်ဘူး၊ ရွဲဆရာ၊ ခြင်းဆရာ ဖြစ်နေတာ ကိုး။

ရုပ်က ခပ်ချောချော ဖြူဖြူသန့်သန့် ဆံပင်က လှိုင်းတွန့်လေး တွေနဲ့။ တကယ့်ဓားဆရာ အကြောင်းမညီညွတ်ရင် လူစားထိုး ဝင်ပစ် နိုင်အောင် လေ့ကျင့်နေတာတဲ့။ နောက်ခံ သစ်သားပြားအပိုင်းကြီးက လက်ပံသားလို ခပ်ပွပွ အသားပွကြီး။ ဓားတွေကို မှန်းဆကြည့်ရတာ အလွန်ချွန်ပြီး မြည့်နေအောင် ထက်တဲ့ပုံပဲ။ သစ်သားပြားကြီးကို မစိုက် မိဘဲ 'ဒုန်း'ခနဲ မြည်ပြီး လွင့်စဉ်လာတဲ့ ဓားတစ်ချောင်းက ကျွန်တော် နဲ့ မနီးမဝေးမှာ လာကျတယ်။ ကျွန်တော် အတော်လန့်သွားတာပေါ့။ ရှေ့ကို နှစ်လှမ်းသုံးလှမ်း စောလှမ်းမိရင် ဒီဓားနဲ့ ကျွန်တော်နဲ့ တစ်ခုခု တော့ ဖြစ်ရတော့မယ်။ ကောက်ကိုင်ကြည့်လိုက်တော့ အသွားချည်း ခုနစ်လက်မကျော်လောက်ရှိတဲ့ဓား။ ကျွန်တော် တွေးထားတာထက် ချွန်ပြီး ထင်တာထက် ထက်နေ၊ မြည့်နေတယ်။ အလေးချိန်လည်း

အတော်စီးတာပါလား။ ပထမတော့ ဆပ်ကပ်ဆရာက အကဲစမ်းတဲ့ သဘောနဲ့ အသေအချာ အပစ်ခိုင်းလိုက်တယ်လို့တောင် ထင်လိုက်မိတယ်။ ကျွန်တော် ကုသိုလ်ကံကောင်းနေသေးတယ်လို့ ဆိုရမှာပဲ။

မှင်တက်မိပြီး တကယ်လန့်သွား ခြေဖျားလက်ဖျားတွေ အေးစက်သွားစေတာ ကျွန်တော့်လက်ထဲက ဓားမြှောင်ကြီးကြောင့် မဟုတ်ဘူး။ သစ်သားပြားကြီးမှာ ခြေထောက်ကားရားချပြီး ဓားပေါက်ခံနေတာ တခြားလူ ဟုတ်ပါရိုးလား။ မျက်တောင်မွေးရှည်လေး။ ဒီကောင်မလေးက လက်သင်ဓားသမား ရွှဲဆရာ ဓားတစ်စင်း ပစ်ပေါက်လွှတ်လိုက်တိုင်း မျက်နှာတစ်ချက် မပျက်ဘူး။ တကယ့် ထိမထင်တဲ့ဟန်နဲ့။ ကျွန်တော်ကသာ ကြည့်နေရင်းနဲ့ ကျောရိုးထဲက စိမ့်ခနဲဖြစ်သွားလို့ ယောင်ယမ်းပြီး မျက်စိမှိတ်လိုက်မိတာ။ သူကတော့ ဘယ်လိုမှ ခံစားချက်မရှိတဲ့ စတိုင်နဲ့လေ။

တကယ်တော့ လက်သင်ဓားသမားတစ်ယောက် လေ့ကျင့်နေတာဆိုရင် ဆေးနဲ့ ရေးထားတဲ့ လူရုပ်တစ်ရုပ်ဖြစ်ဖို့ ကောင်းတယ်။ ကျွန်တော့် ရေးပေးပါဆိုရင် ဘာမှအပန်းကြီးတာမဟုတ်ဘူး။ လူတစ်ယောက် သစ်သားပြားမှာ ကားရားချပြီး ဆေးနဲ့လိုက်လျှာတာ ကိုစိန်ခိုတောင် ရေးတတ်လျှာတတ်ဦးမယ်။ ဒီလိုမှမဟုတ်ရင် ကောက်ရိုးနဲ့ လူရုပ်တစ်ရုပ် လုပ်မယ်ဗျာ။ ဘာမှမခက်ဘူး။ အခုတော့ ဒီလူတွေ လူစိတ်မရှိတာ၊ ကိုယ့်သဘောကိုယ်ဆောင်နေကြတာလားဆိုတော့လည်း ကျွန်တော်နဲ့ မျက်စောင်းထိုး ခပ်လှမ်းလှမ်းမှာ ဆပ်ကပ်ဆရာ ကြည့်နေတယ်။ ဒါဆိုရင် ဒီကိစ္စ ဒီလူတရားခံပဲ။။ အလိုတူ အလိုပါပဲ။

ဓားတွေကတော့ လူနဲ့ နီးလိုက်ဝေးလိုက်၊ ဓားအပြားနဲ့ သွားမှန်ပြီး မစိုက်တဲ့ ဓားချက်တွေရော၊ မျက်တောင်မွေးရှည်လေးရဲ့ လည်ပင်းနား၊ မျက်နှာနား၊ ပေါင်ခြံအနီး၊ ရင်ဘတ်အနား ဓားခြောက်ချောင်း၊ ခုနစ်

ချောင်းလောက် စိုက်နေကြတယ်။

ခြင်းဆရာ၊ ရွဲဆရာ လက်သင်ငှားသမားက မျက်စိကို အဝတ်စည်းပြီး ပစ်ကြည့်ချင်သတဲ့။ အဲဒီလိုပြောပြီး ရွဲဆရာက ဆပ်ကပ်ဆရာကို လှမ်းကြည့်လိုက်သေးတယ်။ မျက်လုံးနဲ့ အခွင့်တောင်းတဲ့ သဘော၊ အမိန့်ခံတဲ့သဘောပါ။ တကယ့် ငှားဆရာက သူ့နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ပြီး စဉ်းစားတယ်။ ဝိုင်းတင်ကို တစ်ချက်မှ လှည့်မကြည့်သလို ထည့်စဉ်းစားပုံလည်း မပေါ်ဘူး။ မျက်တောင်မွေးရှည်လေးကလည်း အရုပ်မှ တကယ့်အရုပ်။ ဒီလို ငှားအပစ်ရပ်နေတုန်း၊ စဉ်းစားနေကြတုန်း သက်သောင့်သက်သာ နေသာသလို နေပါတော့လား။ အခုတော့ ခုနက အတိုင်း ကားစင်မှာ သံမှိုနဲ့တေပြီး ကားကြက်ထားသလို နေမြဲပဲ။

"နေပါဦးဗျာ၊ ထပ်လေ့ကျင့်ပါဦး၊ နောက်မှ မျက်စိကို အဝတ်စည်းပြီး ပစ်တာပေါ့၊ ခင်ဗျားပစ်ချက်တွေက လူနဲ့ နည်းနည်းဝေးနေသေးတယ်"

ဘုရား ဘုရား ဒါကိုပဲ လူနဲ့ ဝေးတာတဲ့လား။ ရွဲဆရာက သိပ်တော့ ဘဝင်ကျပုံမပေါ်ဘူး။ ကျန်တဲ့ငှားတွေနဲ့ ဆက်ပြီးပေါက်ပြန်တယ်။ သစ်သားပြားကြီးမှာ ငှားကစိုက်ရင် 'နတ်' ခနဲ အသံမြည်တယ်။ သစ်သားပြားကြီးမှာ မစိုက်ဘဲ ငှားပြားနဲ့ ရိုက်မိပြီး လွင့်စဉ်သွားရင် 'ဒုန်း'ခနဲ မြည်ပြန်ရော။ ကျွန်တော်က ဒုတ်ခနဲပဲ မြည်မြည်၊ ဒုန်းခနဲပဲ ကြားရကြားရ၊ ကျွန်တော်ကိုယ်တိုင် ငှားနဲ့ အပေါက်ခံနေရသလိုပဲ ရင်ဘတ်ထဲမှာ စူးခနဲ စူးခနဲ လာပြီး အောင့်နေတယ်။

ငှားတစ်ချောင်းက မစိုက်ဘဲ ဘေးတိုက်သွားပြီး 'ဒုန်း'ခနဲ မြည်ပြီး ဒီတစ်ခါလွင့်တော့ ဆပ်ကပ်ဆရာရှိရာဘက်ကို လွင့်သွားတယ်။ ဆပ်ကပ်ဆရာနဲ့ တော်တော်ဝေးတဲ့နေရာမှာ ငှားကစဉ်ပြီး ကျလာတာပါ။

"အလကားကောင်"

ဆိုတဲ့ ရင်ခေါင်းသံကြီး ဟိန်းထွက်လာတယ်။ နံဘေးမှာ ကြည့်နေကြတဲ့ လူတချို့က လှောင်ပြုံး ပြုံးကြ၊ ကျိတ်ရယ်ကြနဲ့ ရယ်သံလေးတောင် တိုးတိုးထွက်လာသေးတယ်။ ရွှဲဆရာရဲ့ မျက်နှာအရောင်ပြောင်းသွားလိုက်တာ မျက်နှာကြီး ချက်ချင်းနီသွားတယ်။ ဓားတစ်စင်းကိုအမြန်ကောက်ယူပြီး ရှက်စိတ်မှာ ဒေါသစွက်ပြီး ဓားတစ်စင်း အမြန်ပစ်ပေါက်လိုက်တယ်။ ဒီဓားချက်မှာ ဘယ်လောက်အားတွေ ပါသွားတယ်ဆိုတာ ကြည့်နေသူတွေရော ကာယကံရှင်ပါ အားလုံးသိကြတယ်။ ဆပ်ကပ်ဆရာရဲ့ မှတ်ချက်ကို ရွှဲဆရာက ရွဲ့ပြီး တုံ့ပြန်လိုက်တဲ့ ဓားချက်ပေါ့။ ဓားကြီးက မျက်တောင်မွေးရှည်လေးရဲ့ ရင်ညွန့်ဆီကို တန်းတန်းမတ်မတ်ကြီး။ ကျွန်တော် ကြည့်နိုင်စွမ်း မရှိတော့ဘူး။ လက်သီးနှစ်ဖက်အားကုန်ဆုပ်ထားပြီး မျက်လုံးကို စုံမှိတ်ထားလိုက်တယ်။ ဗိုင်းတင်ရဲ့ ငယ်သံပါအောင် အော်မယ့်အသံ ကြားရလေမလား၊ အော်ကော အော်နိုင်ပါ့မလား။ 'ဒုန်း' ဆိုပြီး ဓားနှောင့်နဲ့ သစ်သားရိုက်သံကြီးပဲ ကြားရလေမလား။ ကျွန်တော် အသက်ရှူဖို့ မေ့နေတယ်။

'ဒုတ်'

ဆိုတဲ့အသံက ခါတိုင်း 'ဒုတ်'ထက် ပိုကျယ်လို့ မျက်စိဖွင့်ကြည့်လိုက်တော့ ဓားကြီးက မျက်တောင်မွေးရှည်လေးရဲ့ လည်ပင်းနဲ့ လက်မဝက်တောင် မကွာဘူး။ အရှိန်ပြင်းလွန်းလို့ ဓားရိုးက တဆတ်ဆတ်လှုပ်ယမ်းနေတယ်။ ရွှဲဆရာက နောက်ထပ် ဓားတစ်ချောင်းကို ကောက်ကိုင်လိုက်ပြန်တယ်။ ရှက်သွေးမွှန်တဲ့ မျက်နှာနီကြီးက မပျောက်သေးဘူး။ ဒီတစ်ခါတော့ ဓားဆရာက တားလိုက်တယ်။

"ခင်ဗျား ဆက်မပေါက်ရင်ကောင်းမယ်၊ ဒုက္ခတွေဖြစ်ကုန်လိမ့်မယ်"

ဓားဆရာရဲ့စကားက အိပ်မှုန်စုံမွှားဖြစ်နေတဲ့ ရွှဲဆရာကို ရေအေး

နဲ့ပက်နှိုးလိုက်သလိုလို၊ ချောက်နက်ကြီးထဲ ကျတော့မယ့် သူ့ရဲ့ လည်ကုပ်ကို ဖမ်းဆွဲလိုက်သလိုပဲ။ ရွှဲဆရာရဲ့လည်ပင်းမှာ စွပ်တော့မယ့် ကြိုးကွင်းကြီးကို ခေးဆရာက ဖယ်လိုက်လို့သာပေါ့။

*

အဲဒီမြို့ပေါက်စနလေးနဲ့ ဘုရားပွဲမှာ ဆပ်ကပ်အဖွဲ့ကို လာယှဉ်တာ မြေလတ်ဇာတ်တစ်ဇာတ်ပဲ ရှိတယ်။ ဂိတ်ရှိုး အပြင်အဆင်ရော၊ ကြော်ငြာလှည့်တာရော ဆပ်ကပ်အဖွဲ့က အစစအရာရာ သာတယ် ထင်တာပဲ။ ဆပ်ကပ်မှာ လူစည်တာတော့ အမှန်ပဲ။

ဆပ်ကပ်ထဲရောက်တာ ဘာမှမကြာသေးပေမဲ့ ကျွန်တော်လည်း ကိုယ်လိုက်လာခဲ့တဲ့ အဖွဲ့ကို လူစည်စေချင်တယ်။ လက်ခုပ်သံတွေ၊ ဩဘာသံတွေ ကြားချင်နေမိတယ်။ ကောင်းသတင်းတွေကို နားစွင့်နေမိတယ်။

ပထမညမှာ ကျွန်တော်က အရင်ပန်းချီဆရာတွေရေးခဲ့တဲ့ နောက်ခံကားအဟောင်းတွေထဲက အရောင်လွင့်နေတာ၊ ဆေးကွာတာလေးတွေ နောက်တစ်နေ့ကျရင် ဖာရ၊ ထေးရ၊ ရေးရအောင် သေသေချာချာ ဖြန့်ကြည့်မိတယ်။ အနားမှာ ကိုစိန်ခိုလည်း ရှိတယ်။ သူ့ကို အရင်ရေးခိုင်းဖို့ပါ။ သူရေးပြီးမှ အပြီးအမောက်မတည့်ရင် ကိုယ်က တည့်ပေး၊ မတ်ပေးမယ်လို့ ကိုစိန်ခိုကို သင်ပေးရင် ဘာလေးတွေ လုပ်ချင်တယ်၊ ဘယ်လိုလေးပြင်လိုက်ရင် ပိုကောင်းမယ်ဆိုတာလေးတွေ သင်ပြောပြောလိုက်တယ်။ နောက်တစ်နေ့မနက် သူ့ကို ဒီနေရာမှာ ပန်းချီလာရေးဖို့ ချိန်းလိုက်တယ်။

ကိုစိန်ခို ထွက်သွားပြီး ခဏကြာတော့ ‘ဝမ်းပြည့်သူလေး’ ထဲက တစ်ယောက် ပြုံးစိစိနဲ့ ကျွန်တော့်ဆီ ရောက်လာတယ်။ လှသီဂီဆိုတဲ့ အမျိုးသမီးပေါ့။ ဖြီးပြီး၊ လိမ်းပြီးသားပါ။ ကျွန်တော့်ပန်းချီဆေးထဲမှာ

ပါးနီခြယ်စရာ ဘာများရှိသလဲလို့ လာမေးရှာတာ။ အမျိုးသမီးတွေရဲ့ အလှပြင်ပစ္စည်းဆိုတာ အမျိုးကောင်း အမျိုးမှန်လေ အဖိုးတန်လေ မဟုတ်လား။ သူတို့လို ဆပ်ကပ်သမလေးတွေ အကောင်းစားမပြောနဲ့ အတော်အသင့် အမျိုးကောင်းတာမျိုး မလိမ်းနိုင်ရှာကြဘူးလေ။

ကျွန်တော်က နောက်ခံပန်းချီကားလိပ်တွေ ရေးဖို့ ဝယ်လာခဲ့တဲ့ ခဲမှုန့်လို့ခေါ်တဲ့ အမှုန့်တစ်မျိုးပါလာတယ်။ အရောင်က လိမ္မော်နီလေး။ အဲဒါတွေက ဆီနဲ့လည်း ရောရေးလို့ရတယ်။ ဆီနဲ့ဖျော်ရင် သဘော်ဆေးလိုဖြစ်သွားတယ်။ ရေနဲ့ဖျော်တော့ ရေဆေး အရသာပေါ့။ ကြည့်မှန်တွေရဲ့နောက်မှာ ဟသံပဒါးနဲ့ ရောသုတ်တဲ့အမှုန့်။ အဲဒီ ဆေးမှုန့်နဲ့ စိန်ပန်းပင်တွေ၊ ပန်းရုံပန်းချုံတွေရေးရင် သိပ်လှပြီး ကြည့်လို့ အလွန်ကောင်းပေါ့။

ကျွန်တော်က လှသီဂီရဲ့ပါးလေးတွေအပေါ် ခဲမှုန့်လေးတွေ ခြယ်ပေးလိုက်တော့ သူ သိပ်သဘောကျသွားတယ်။ သူ့ပါးပြင်လေးက လိမ္မော်ရဲရဲလေး ဖြစ်သွားတယ်။

"ညည်း ဘယ်သူ့မှလျှောက်ပြောမနေနဲ့ဦး၊ ဒီဆေးက အရပ်တကာ ဝယ်လို့ရတာ မဟုတ်ဘူး" ဆိုတော့ သူက–

"ဟုတ်ကဲ့ပါ ဆရာ" တဲ့။ ဒါပေမဲ့ လှသီဂီ ကျွန်တော့်အနားမှာ သူ့ပါးကို မှန်ထဲကျကျနနကြည့်ပြီး သဘောကျနေတာကို ဆန်းဆန်းအေးနဲ့ ဝါဝါခင်တို့က တွေ့ဖြစ်အောင်ကို တွေ့လိုက်ကြသေးတယ်။ သူတို့ လှသီဂီရဲ့ပါးအို့ကို ကြည့်လာပြီး ကျွန်တော့်ဆီ ရောက်လာကြတော့တာပါပဲ။ လှသီဂီကို လိမ်းပေးလိုက်ပြီး သူတို့မလိမ်းပေးပြန်ရင်လည်း မကောင်းဘူးမဟုတ်လား။ ဒီတော့ လိမ်းပေးရပြန်တာပေါ့။ ကျွန်တော့်မှာ တကယ်တော့ ခဲမှုန့်က အတော်များများ ပါပါတယ်။ ဒါပေမဲ့ ထင်တိုင်းကြဲပစ်လိုက်ကြမှာစိုးလို့ ထိန်းထားရတာ။ ဆန်းဆန်းအေးတို့၊

ဝါဝါခင်တို့လည်း သဘောတွေကျပြီး ပြန်သွားကြလေရဲ့။ ကျွန်တော် ထင်တဲ့အတိုင်းပဲ မျက်တောင်မွေးရှည်လေးပါ ရောက်လာတာပဲ။

သူရောက်လာတော့ ပွဲစတော့မလို့ ရုံတောင်ခါနေပါပြီ။ အမှန် ပြောရရင် ကျွန်တော်ကိုယ်တိုင် လိမ်းပေးချင်တာ။ ဒါပေမဲ့ စေတနာ ရေစီးကမ်းပြိုလိုက်တော့မှာ၊ ကိုယ့်အကြောင်းကိုယ်သိတာနဲ့ ညည်း ဘာသာလိမ်း၊ သိပ်အများကြီး မလိမ်းနဲ့၊ ဆေးက ရှားတယ် ဘာညာနဲ့ ပြောပြီး သူလိမ်းတာ အသာစောင့်ကြည့်နေလိုက်တယ်။ မျက်တောင် မွေးရှည်လေးက အစတော့ ရှက်နေသေးတယ်။ အောက်နှုတ်ခမ်းလေးကို အပေါ်သွားလေးနဲ့ ဖွဖွလေးကိုက်ထားလေတော့ ရှက်တာလို့ပဲ ထင်မိ တယ်။ ဟိုကောင်မလေးတွေကျ ကျွန်တော်ကိုယ်တိုင် လိမ်းပေးလိုက်ပြီး သူ့ကျမှ လိမ်းမပေးလို့ စိတ်ကောက်နေတာလား မပြောတတ်ဘူး။ ပန်းချီ ရေးတဲ့ လူတစ်ယောက်အမြင်အရတော့ ဝိုင်းတင်ဝတ်ထားတဲ့ ဘော်ကြယ် အကျီနက်ပြာပြာ လက်လက်လေးနဲ့ဆိုရင် သူ့ပါးပြင်မှာ အရောင် သိပ် လွင်ဖို့ မလိုဘူးမဟုတ်လား။

ကျွန်တော် ပြောထားပါရက်နဲ့ မျက်တောင်မွေးရှည်လေးက ထူထူ ရဲရဲလေး လိမ်းဖြစ်အောင် လိမ်းလိုက်သေးတယ်။

"ညည်း ငါ့ပြောစကား နားမထောင်ဘူး၊ ကြည့်စမ်း ပါးကို ရဲတွတ် နေပြီ"လို့ ချစ်ခင်ဖောနဲ့ အပြစ်တင်စောမိတယ်။

ကျွန်တော့်ကို သူ့မျက်လုံးရွှဲကြီးနဲ့ ကြည့်ရင်း သရော်ပြုံး ပြုံးလို့–

"ဆရာ ဘာမှမသိပါဘူး၊ မီးရောင်အောက်ရောက်ရင် သေသေ ချာချာကြည့်၊ ဒီလောက်လိမ်းကာမှ တော်ကာတန်ကာ ကျလိမ့်မယ်"တဲ့။

မျက်တောင်မွေးရှည်လေးက ကျွန်တော့်ကို အသိအလိမ္မာတစ်ခု တိုးအောင် လုပ်လိုက်ပြီ။ တကယ်တော့ ကျွန်တော်ဟာ စင်တင်မိတ်ကပ် ပညာကို လုံးဝနားမလည်သူ တစ်ယောက်ဆိုတာ စင်ပေါ်မှာ သူတို့ကို

ဂရုတစိုက်နဲ့ နှိုင်းယှဉ်ကြည့်တော့မှ သိရတယ်။ မျက်တောင်မွေးရှည်လေး ဝိုင်းတင်က ကျွန်တော်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတစ်ယောက် ဖြစ်သွားပြီ။ ဆန်းဆန်းအေးတို့၊ ဝါဝါခင်တို့ထက် မျက်တောင်မွေးရှည်လေးက ပိုပြီး ကြည့်လို့ကောင်းတာတော့ အမှန်ပဲ။

ဝိုင်းတင်က ပြောပြောဆိုဆိုနဲ့ ခါးမှာစည်းထားတဲ့ ထဘီကို ဖြန့်ချလိုက်တော့ အထက်ဆင့်ကြားထဲက ဆေးတောင့်တစ်တောင့် ကျလာတယ်။ အဲဒါလေးကို သူ ကပျာကယာကောက်ပြီး သူ့နှုတ်ခမ်းကို ဆေးခြယ်ပေးပါဦးတဲ့။

"ဩော် လက်စသတ်တော့ တရုတ်ဆီဆေးအနီတွေ ရှားနေတာ ညည်းတို့လက်ချက်ကိုး"

ကျွန်တော် သူ့ရဲ့နှုတ်ခမ်းထူထူလေးနဲ့ လိုက်ဖက်မယ့် နှုတ်ခမ်းပုံလေးတစ်ခု အမြန်စိတ်ကူးပြီး စုတ်သေးသေးနဲ့ ရေးခြယ်ပေးလိုက်တယ်။ ရေးပေးရင်းနဲ့ သူ့ရှိတဲ့ဆေးနီလေးမှာ အရောင်ပိုလွင်အောင် ကျွန်တော် ပါလာတဲ့ ဝင်ဆာနဲ့ ချူတန်ဆေး ဗာမေးလျှန်းလေး နည်းနည်းစွက်ပြီး ရေးပေးလိုက်တယ်။ သူ့နှုတ်ခမ်းလေးက ထူထူလေး မဟုတ်တော့ဘူး။ နှင်းဆီအဖူးအငုံလေးတစ်ငုံ ဖြစ်သွားပြီ။ ပြီးတော့မှ သူ့ကို မှန်အကြည့်ခိုင်းလိုက်တယ်။ မျက်တောင်မွေးရှည်လေး သူ့ပုံရိပ်သူကြည့်ပြီး ကျေနပ်ဝမ်းသာသွားလိုက်ပုံက တကယ်သဘောကျစရာပဲ။ သူ့ပီတိတွေ ကျွန်တော့်ဆီပါ ကူးလာတာပေါ့။

သူ့ဆီက ကိုရာစနီးအနံ့လား၊ သနပ်ခါးအနံ့လေးလားမသိ ခပ်သင်းသင်းလေးလည်း ရမိရဲ့။ သူ့ရဲ့ ဘော်ကြယ်အင်္ကျီ နက်ပြာပြာလေးဟာ ပရိသတ်အမြင်မှာတော့ အသစ်လို သစ်သစ်လွင်လွင်လေးပေါ့။ ကျွန်တော် အနီးကပ်ကြည့်မိမှ အင်္ကျီလေးက တော်တော်ကို ဟောင်းနေပြီပဲ။ သူ့နဲ့လည်း တော်တော်ကျပ်နေပြီ။ ကောက်ညှင်းဆိုင်းထုပ်လောက်သာ

မဆိုးသေးတာ။ သူ့ရဲ့ မို့မို့မောက်မောက်လေးတွေကို ပိုပြီး ထင်ရှားနေတော့တာပေါ့။

အခုလို အနားကပ်ကြည့်မိတော့မှ မျက်တောင်မွေးရှည်လေးရဲ့ လက်မောင်းပြည့်ပြည့်လေးမှာ သလဲစေ့၊ ဩဇာစေ့လောက် အမာရွတ်တွေနဲ့ပါလား။

"အဲဒါတွေက ဘာဖြစ်တာလဲ"

"ခြားပေါက်ခံရတာပါဆရာ"

သူကတော့ ခပ်အေးအေးပြောလိုက်တာပါ။ ကျွန်တော့်မှာ ခေါင်းနပန်းကြီးသွားတယ်။

"ကိုယ့်နှမလေးလို အောက်မေ့လို့ ပြောဦးမယ်။ နောင်ကျရင် အဲဒီလို ခြားပေါက်ကျင့်တဲ့နေရာ ဝင်မပါပါနဲ့လား"

"ဆရာရယ်၊ ဒါ ကျွန်မအဖို့ အထူးအဆန်း မဟုတ်ပါဘူး၊ ကျွန်မဝင်မရပ်လည်း ဒို့ပြင်တစ်ယောက်ယောက် ဝင်ရပ်ပေးရမှာ၊ ဒို့ပြင် ကောင်မတွေက လျှောက်ဆင်ခြေကန်နေကြဦးမှာ၊ ကျွန်မက အားနေတာပဲ ဆရာရဲ့"

ဝိုင်းတင်အဖို့ ခြားပေါက်လေ့ကျင့်တဲ့နေရာမှာဝင်ပြီး မတ်တတ်ရပ်တာဟာ လယ်ထဲယာထဲ လက်စားလိုက်သလောက် သဘောထားနေပါလား။ ကျွန်တော် တော်တော်အံ့ဩပြီး ဝမ်းနည်းသွားတယ်။

"မျက်တောင် အဲ ဝိုင်းတင်၊ ငါ့ကိုခင်ရင် ငါ့စကား နားထောင်စမ်းပါ၊ ကြည့်စမ်း နင့်လက်မောင်းလေးတွေ အလွန်လှရမယ့် လက်မောင်းလေး၊ အခုတော့ အမာရွတ်တွေနဲ့"

ကျွန်တော်ပြောလို့သာ ပြောလိုက်တာ သူကတော့ ကျွန်တော့်ကို မနေ့တစ်နေ့ကမှရောက်တဲ့ 'လုံးစိမ်းလေး' လို့ အောက်မေ့ချင် အောက်မေ့ပေလိမ့်မယ်။ သူ ပြုံးပြသွားတဲ့ အပြုံးကို ကျွန်တော် အဓိပ္ပာယ်မဖွင့်

တတ်ဘူး။

အဲဒီညက ကျွန်တော်လည်း ပွဲကြည့်ပရိသတ်တစ်ယောက်ပါပဲ။ ကျွန်တော်လည်း လက်ခုပ်တွေတီး၊ လက်ခေါက်တွေ မှုတ်မိတာပေါ့။ တစ်ခါတလေလည်း ဆပ်ကပ်သမားတွေအတွက် ဒီပြင်ပရိသတ်တွေ တီးတဲ့ လက်ခုပ်သံ နားထောင်ပြီး ပီတိတွေဖြစ်လို့။ ကျွန်တော်ဟာ ဘာဖြစ်လို့ ဒီလောက်မြန်မြန်နဲ့ ဆပ်ကပ်အဖွဲ့ဝင်တစ်ယောက်လို ခံစားမိသွားရတာလဲ။ မနက်နဲ့ ညနေက အတူစားခဲ့တာ ထမင်းမှ နှစ်နပ်ပဲ ရှိသေးတယ်မဟုတ်လား။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩနေမိတယ်။

'စိုးမိုးမေတ္တာ' ပြဇာတ်ကျတော့လည်း ပြဇာတ်မို့ ဒီလူတွေ တော်ကြပါပေတယ်။ ကောင်းကင်ဘားကစားကြတဲ့အခါ မျက်တောင် မွေးရှည်လေးအတွက်တော့ အစိုးရိမ်ပိုမိသား။ လက်ခေါက်တွေ ခဏ ခဏမှုတ်နေတဲ့ ကျွန်တော့်ကို ကိုဖိုးချွန်က ဝိုင်းတင်မလေးက ကပ်စေးနဲ့ပြီး ပိုက်ဆံတွေ ကျိတ်ကျိတ်စုတတ်တဲ့အကြောင်း ပြောပြတယ်။ ရွာမှာ ကျန်ရစ်ခဲ့တဲ့ မောင်လေးနှစ်ယောက်ရဲ့ ကျောင်းစရိတ်တဲ့။ သူ့မောင်လေးတွေက စာတော်ကြသတဲ့။ စုတာမှ ဘာမှမဝယ်၊ ဘာမှ မစားဘဲကို စုတာတဲ့။ ကိုဖိုးချွန်က တစ်ခါတစ်ခါ အလွန်အကျွံတွေ ပြောတတ်လို့ ယုံရခက်ခက်ပဲ။ ဒါကတော့ အလွန်အကျွံတွေ ဟုတ်ပုံမရပါဘူး။

ဆပ်ကပ်သမားတွေ ညတစ်ချက်ခွဲလောက်မှ ပွဲသိမ်းပြီး အိပ်ကြရတယ်။ ကျွန်တော်လည်း သူတို့နဲ့အတူ အိပ်ရေးပျက်တာပေါ့။

အခု သူတို့အားလုံး အိပ်ရာတွေထဲကနေ စောစောစီးစီး ဝရုန်းသုန်းကား ထကြတာ ဘာဖြစ်တာလဲ။ မီးလန့်တာလား။ ရုတ်ရုတ်သဲသဲနဲ့။ ကျွန်တော်ဖြင့် လန့်ဖျပ်သွားတာပဲ။ ရင်ထဲမှာ တလှပ်လှပ်နဲ့။

အိပ်ရာကနိုးလို့ ကမန်းကတန်း ထကြတာတဲ့။ သိပ်ပြီး အိပ်လို့ ကောင်းတဲ့ မနက် ၆ နာရီမှာ ဆပ်ကပ်ဆရာက သူတို့ကို နှိုးတာတဲ့။

နှိုးပုံနှိုးနည်းက ဆိုင်းထဲက မောင်းကို ထုနှိုးတာလည်း မဟုတ်ဘူး။ အသံချဲ့စက်ဆင်ပြီး ကြည်နူးဖွယ်ဖွင့်ပြီး နိုးရင်နိုး၊ ဒါမှမဟုတ် ကြာနီကန် ဆရာတော်ရဲ့ ဓာရဏပရိတ်တရားတော်ဖွင့်ပြီး နှိုးတာမျိုးလည်း မဟုတ်။ ဘယ်သူရေ ထကွာ၊ မောင်ဘယ်ဝါ ထတော့နော်လို့ နိုးစပ်ရာနှိုးတဲ့ နှိုးနည်းကားလည်း မဟုတ်ဘူး။

ညတုန်းက ပွဲကရင်း ရထားတဲ့ အကြွေတွေ အနုပ်တွေ ရှိတယ်။ အဲဒါတွေကို သူက လွယ်အိတ်တစ်လုံးထဲ ထည့်ထားတယ်။ တစ်ည တစ်ညဆိုရင် တောတွေမှာဆိုတော့ အကြွေတွေ၊ အနုပ်တွေက အများကြီး ရတာ။ အဲဒီငွေ အကြွေတွေကို တစ်ညလုံး ပင်ပင်ပန်းပန်းနဲ့ ကထားတဲ့ သူ့ဆပ်ကပ်အဖွဲ့သားတွေ အိပ်နေတဲ့ဆီ လှမ်းကြဲလိုက်တာ။ အိပ်ကြ ရတာလည်း စနစ်တကျ ညီညီစီစီလည်း မဟုတ်၊ ကိုယ့် ခင်ရာမင်ရာ ခြေခင်းလက်ခင်းသာသလို အစုအပေါင်းလေးတွေဖွဲ့ပြီး အိပ်နေကြတာ။ သူတို့ခမျာ အိပ်ရေးဝဝ၊ မဝဝ အကြွေစေ့တွေ ကြံသံကြားရင်၊ ဝုန်းဝုန်း ဆိုတဲ့ အသံတွေကြားရင်၊ ကျားစီးဖားစီး ကမန်းကတန်း လုယက် ကောက်ကြရတာ။ တချို့လည်း ငါးကျပ်၊ ခြောက်ကျပ် ရကြ။ တချို့ လည်း ကိုးကျပ် တစ်ဆယ်ရတယ်။ များများရတဲ့လူတွေက ပျော်ကြ၊ နည်းနည်းရတဲ့သူတွေက ထပ်များကြဲလေဦးမလားလို့ မျှော်ကြတယ်။ ဆပ်ကပ်ဆရာကတော့ သူရည်ရွယ်ထားသလောက် လက်ခုပ်နဲ့ ဆုပ်ကြဲ ပြီးရင် စိတ်က ပြတ်တယ်။ နောက်ထပ် ငါးပြားတစ်စေ့ မကြဲတော့ဘူး။ သုံးလေးကျပ်ပါရင် ပွဲဈေးမှာ မိတ်ဆွေတစ်ယောက် နှစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်လို့ ရသေးတယ်။ ခြောက်ကျပ်တန် ခေါက်ဆွဲ ကြော်က ကြက်ဥနဲ့ ဝက်အူချောင်းနဲ့ ကြော်ပေးတာ။ အစားနည်းတဲ့လူ ဆိုရင် ခေါက်ဆွဲကြော်တစ်ပွဲက စားလို့မကုန်ဘူး။

ပိုက်ဆံ လုယက်ကောက်ပြီးရင် ဆပ်ကပ်သမားတွေ ပိုက်ဆံကို

ရေတွက်မနေအားကြဘူး။ မျက်နှာ ကပျာကယာသစ်၊ မနက်စာကို ဗိုက်ထဲ ခပ်သွက်သွက်ထည့်ပြီးရင် ဆပ်ကပ်လေ့ကျင့်ခန်းတွေ လုပ်ကြရတော့တာပဲ။

သူတို့လေ့ကျင့်ခန်းတွေ လုပ်နေချိန်မှာ ကျွန်တော်နဲ့ ကိုစိန်ခိုနဲ့ ပိတ်ကားအဟောင်းတွေ ဆေးဖာတန်ဖာ၊ ရေးသင့်သလောက် ပြင်ရေး လုပ်ကြရတယ်။ ကိုစိန်ခိုကို အရေးခိုင်းပြီး ပြင်သင့်တာလေး အပေါ်က မွမ်းမံပြင်ပေးလိုက်တာလေးတွေလည်း ရှိတယ်။ လေ့ကျင့်ခန်းလုပ်ပြီးတဲ့ သူတွေ ရေချိုးသူချိုး၊ အဝတ်လျှော်သူလျှော်၊ ထမင်းချက်တဲ့အုပ်စု ကလည်း ချက်ကြနဲ့။

ဆပ်ကပ်အဖွဲ့ဝင်တွေ တစ်ကားတည်းစီး၊ တစ်ခရီးတည်းသွားပြီး အနေနီးကြတော့ သူတို့ချင်း အိမ်ထောင်ရက်သားကျကုန်ကြတာလည်း ရှိသတဲ့။ အိမ်ကထွက်သွားတုန်းက အပျိုပါပဲ၊ ဘုရားပွဲ နှစ်ပွဲက သုံးပွဲ ကပြတင်ဆက်ပြီး ကိုယ့်ဆရာသမား၊ ဆပ်ကပ်ထဲက လူကြီးတစ်ယောက် ကို မိဘနေရာထားပြီး ကန်တော့ပွဲနဲ့ တောင်းရမ်းလက်ထပ်လိုက်ကြ တာပါ။ သူတို့မှာ အိမ်ထောင်ဦး ပျားရည်ဆမ်းခရီးမပြောနဲ့ ထန်းလျက် ရည်တောင် မဆမ်းနိုင်ကြရှာဘူး။ တချို့ရဲ့ မင်္ဂလာဦးညတွေဟာ ချေးပုံ တက်နင်းမိတဲ့ မင်္ဂလာဦးညတွေ အများကြီး။ အသက်နဲ့ရင်းပြီး ကောင်းကင် ဘားကစားကြ၊ စက်ဘီးကို ကြိုးတန်းပေါ်မှာစီး၊ ဓားအပေါက်ခံကြရနဲ့ 'အချစ်ရေ'၊ 'အသက်ရေ' တွေ ခေါ်မနေအားကြရှာပါဘူး။ အပတ်ဆွေ တော့ နှမ်းဖတ်ဖြစ်အောင် ကြိုးစားကြရရှာတာပါပဲ။ အလှည့်ကျ မနွဲ့ ကြစတမ်းဆိုတဲ့ ဘဝတွေ မဟုတ်လား။

မောင် ကောင်းကင်ဘားကစားတာ ခြေမှ မြဲပါ့မလား၊ မယ်က စကပ်တိုတိုလေးနဲ့ ကြိုးတန်းပေါ်မှာ စက်ဘီးစီးတာ အဆင်ပြေပါ့ မလားလို့ တွေးမပူအားကြဘူး။ ဆူညံနေတဲ့ အသံချဲ့စက်သံတွေ၊ ညော်နံ့

မျိုးစုံတွေကြား ပရိသတ်ကို သည်းထိတ်ရင်ဖို စွန့်စားခန်းတွေ စွန့်စားပြရင်း ဩဘာသံတွေကို စားသောက်ကြပြီး သားသမီးလေးတွေ လစေ့တော့ မွေးတော့တာပါပဲ။ သူတို့ရဲ့ ကလေးတွေလည်း အများစုက သူတို့မိဘတွေလိုပဲ ကျောင်းပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ကြရရှာပါဘူး။ ဗဟုသုတ ခေါင်းပါးခဲ့ကြတယ်။ မျက်တောင်မွေးရှည်ကားက ကျွန်တော့်ဆီမှာရှိတဲ့ နားဖာချေးကော်တဲ့ နားကြပ်တောင်လေးကို ပန်းချီရေးတဲ့စုတ်တံတစ်မျိုးလို့ ထင်နေရှာတယ်။ လူတစ်ယောက်က ကွမ်းယာစားကြတဲ့ ကွမ်းရွက်နဲ့ ကွမ်းသီးတွေက ကွမ်းပင်တစ်မျိုးတည်းက ခူးလို့ရတာလို့ပြောရင် ယုံမယ့်သူတွေ ဒီဆပ်ကပ်အဖွဲ့ထဲမှာ ရှိနေတယ်။

ပြဇာတ်ကတဲ့နေရာမှာတော့ အနုပညာ အရည်အသွေး၊ အဆင့်အတန်းတွေ အထူးပြောဖို့မလိုဘူး။ သူတို့လေးတွေဟာ ကက်ဆက်ဇာတ်လမ်းက ထွက်လာတဲ့ စကားသံအတိုင်း လိုက်သရုပ်ဆောင်ကြရတာလေ။ ကက်ဆက်ခွေက ထွက်တဲ့အသံကို သူတို့နှုတ်ကလည်းပြောသလိုလိုဖြစ်အောင် သဏ္ဍာန်လုပ်ကြရတာ။ အသံနဲ့ ကိုယ်လက်အမူအရာနဲ့ တစ်ထပ်တည်းကျရင် သိပ်ဟုတ် သိပ်ကောင်းနေပြီပေါ့။ ဒါဟာ သူတို့အတွက် အနုပညာပဲ။ သူတို့ကြည့်ဖူးတဲ့ ရုပ်ရှင်တွေ၊ ပြဇာတ်တွေဟာ သူတို့အတွက် အနုပညာတက္ကသိုလ်တွေ၊ ကျောင်းတွေပဲ။ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဘီအီးဒီအောင်သိုက်၊ မြို့တော်သိန်းအောင်၊ လူငယ်ကြည်ခိုင်၊ အပယ်ခံကျည်းတန်တို့ဟာ သူတို့အနုပညာအကယ်ဒမီကျောင်းကြီးရဲ့ ပါမောက္ခတွေ တွဲဖက်ပါမောက္ခတွေပေါ့။

အထပ်ထပ် မမောနိုင်၊ မပန်းနိုင် လေ့ကျင့်ထားလေတော့ကက်ဆက်ထဲက အပြောနဲ့ သူတို့လှုပ်ရှားပုံနဲ့ ကွက်တိပဲ။ အမူအရာလှုပ်ရှားဟန်တွေက ကောင်းတာထက်တောင် လွန်လွန်ပြီး အိုဗာဖြစ်ဖြစ်

သွားလိုက်သေးတယ်။ နယ်ဝေးလေ ခေါင်လေ ပရိသတ်ကြိုက်လေပါပဲ။

*

ပွဲခင်းတွေသာ များလာရော၊ နောက်ခံကားကြီးတစ်ချပ်နဲ့ အဟောင်းအမြင်း ဖာထေးတာလောက်ပဲ ကျွန်တော် ရေးပေးရတယ်။ အလုပ်ရယ်လို့ ဟုတ်ဟုတ်ညားညားမရှိတော့ ကျွန်တော် ပြန်ချင်ပြီ။ ဆပ်ကပ်ထဲမှာ ကြာတော့ မပျော်တော့ဘူး။ ဆပ်ကပ်ဆရာစရိုက်နဲ့ ကျွန်တော့်စရိုက်က ဖီလာဆန့်ကျင်ဘက်ကြီး။ အခြေအနေပေးတိုင်း ကိုဖိုးချွန်တို့၊ ကိုစိန်ခိုတို့ကို ပြန်တော့မယ့်အကြောင်း ခဏခဏ ပြော တယ်။ သူတို့က တားနေကြတယ်။ ကျွန်တော့်ကို ကြံဖန် အလုပ်ရှာပေး တယ်။ ကိုယ့်ဆပ်ကပ်ထဲမှာ ရေးစရာကားချပ်မရှိတော့ ကိုစိန်ခိုက သူများ ဇာတ်က ကားချပ်ကို လက်ခံလာပြီး ကျွန်တော်ပိုက်ဆံရအောင်၊ မပျင်း အောင်၊ မပြန်ချင်အောင် စပ်ဟပ်ပေးတယ်။

ယောနယ်ထဲမှာ ဆပ်ကပ်ပြနေရင်း တစ်ညတော့ ကျွန်တော် အကြီးအကျယ် ဖျားပါလေရော။ ကိုစိန်ခို ယူလာတဲ့ မြေလတ်က ဇာတ် တစ်ဇာတ်ရဲ့ မြို့ကား ပိတ်ကားကြီးက ရေးလက်စ တန်းလန်းကြီး။ ဆပ်ကပ်ထဲက လူတွေပဲ ကျွန်တော့်ကို ဝိုင်းပြုစုကြတာ သူတို့ငန်းနီကျော် တွေ၊ အခိုးပွင့်ဆေးတွေ၊ အဖျားပြတ် လျှာပွတ်ဆေးတွေ၊ ပိပွလိကွန်ချာ တွေနဲ့ ကျွန်တော် အဖျားသက်သာတာ။ လက်ခံထားတဲ့ ပန်းချီကား ကြီးလည်း ကိုစိန်ခိုက ၇၀ ရာခိုင်နှုန်းလောက်ရေး၊ ကျွန်တော်က နည်းနည်းသက်သာတော့ လက်စသတ်ပေးလိုက်ရတာလေ။ ဆန်းဆန်း အေးတို့၊ လှသီဂီတို့က နေမကောင်းတုန်း ကျွန်တော့်အဝတ်အစားတွေ လျှော်ပေးကြတယ်။ ကပ်စေးနဲ့တယ်ဆိုတဲ့ မျက်တောင်မွေးရှည်လေးက ဆန်ပြုတ်သည်မရှိတာကို ခေါက်ဆွဲကြော်ဆိုင်မှာ ကြက်သားဆန်ပြုတ်ကို

ပိုက်ဆံပေး အပြုတ်ခိုင်းပြီး တိုက်ရတာတယ်။ ဆန်းဆန်းအေးတို့လျှော်တဲ့ အဝတ်အစားတွေ မျက်တောင်မွေးရှည်လေးပဲ မီးပူတိုက်ပေးတာ။ နည်းနည်းသက်သာတော့ မုန့်ကြွပ်လေး၊ တောပေါင်မုန့်လေးတွေ ဝယ်ထားပေးပြန်ရော။ ဝါဝါခင်တို့၊ လှသီဂီတို့ကတောင် ညည်းလင် ဘယ်လိုနေသေးလဲ၊ သက်သာပြီလား၊ ပြုစုထား ပြုစုထား။ တော်တော်ကြာကောင်မ ငယ်ငယ်ရှုယ်ရှုယ်နဲ့ မုဆိုးမ ဖြစ်နေမယ်၊ ဘာညာ မကြားတကြား စကုန်ကြ၊ နောက်ကုန်ကြတယ်။

ကျွန်တော် နာလန်ထစတစ်နေ့မှာ ပရိသတ် အလွန်ပွဲတောင်းတဲ့ ဗိုလ်အောင်ဒင်ဇာတ်လမ်းကို ဝတ်စုံပြည့် ဇာတ်တိုက်နေကြတယ်။ အဲဒီလို ဇာတ်တိုက်နေတုန်းမှာ ဦးဘချစ်အဖြစ် သရုပ်ဆောင်ရတဲ့ ရွှဲသမား၊ ဟိုတစ်ခါ ဓားဝင်စမ်းပေါက်ကြည့်တဲ့ ရွှဲဆရာရဲ့တပည့်က ပုလိပ်ယူနီဖောင်းဝတ်လာတာ ကြယ်သီးပေါက်က တလွဲတပ်လာမိတယ်။ ဇာတ်စင်ရှေ့မှာ လက်ဖက်သုပ်ပန်းကန်နဲ့ ကျကျနန ထိုင်နေတဲ့ ဆပ်ကပ်ဆရာက မြင်သွားတော့ ချက်ချင်းပဲ ဟိုး ... ဟိုး ... လို့ လှမ်းအော်ပြီး ဦးဘချစ် ရဖို့ရှိတဲ့ ညကြေးထဲက ငါးကျပ်ဖြတ်လိုက်တယ်။ ကျွန်တော့်အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်။ သူတို့ရကြတာ ပွဲခွင်တစ်ခွင်နှစ်ည က,ချင်ကမယ်၊ သုံးည လေးည က,ချင်ကမယ်။ အဲဒီသုံးလေးညတစ်ခွင်မှ ညကြေး နှစ်ဆယ် အစိတ်ရတာ။ မနက်အိပ်ရာနိုးတော့လုယက်ကောက်ရတဲ့ ပိုက်ဆံလေးနဲ့ ပေါင်းပြီး နေထိုင်ကြရတာ။ ဦးဘချစ်အဖို့ ငါးကျပ်ဆိုတာ ဘယ်နည်းမလဲ။ ဒါပေမဲ့ ဆပ်ကပ်ဆရာကတော့ ပြတ်တယ်။ ဒါစည်းကမ်းပဲ။ ဘယ်သူမှလည်း ဓောဒကတက်ခွင့်မရှိဘူး။ သူတို့က တက်လည်း မတက်ကြဘူး။ အံ့ဩစရာဗျာ။

ကျွန်တော့်ကိုကျတော့ နောက်ခံကားရေးရင် အဲဒီကားရေးခ သတ်သတ်ပေးတယ်။ ဖာတာထေးတာတွေအတွက်တော့ မပေးဘူး။

ပွဲကတဲ့ည ဆပ်ကပ်ပြတဲ့ညတွေဆိုရင် ရုံဝင်ပေါက်မှာ လက်မှတ်ရောင်းတဲ့သူက ကျွန်တော့်ကို တစ်ည ငွေအစိတ်ပေးတယ်။ များသောအားဖြင့်တော့ မန်နေဂျာ ကိုဖိုးချွန်ပေါ့။ ဒီဆပ်ကပ်တစ်ဖွဲ့လုံး ဘယ်သူမှ အရက်မသောက်ရဘူး၊ မသောက်ကြဘူး။ ကိုဖိုးချွန်တစ်ယောက်က လွဲလို့။ ဆပ်ကပ်ဆရာက ကိုဖိုးချွန်ကျတော့ နားလည်မှုထားတယ်။ တရားဝင်မဟုတ်ပေမဲ့ မသိချင်ယောင်ဆောင်နေတယ်။ ဟိုလူကလည်း အရက်မှသောက်ထားရင် ဆပ်ကပ်ဆရာနဲ့ မတွေ့အောင် ရှောင်နေတယ်။ မရှောင်နိုင်လို့ တွေ့ကြရင်လည်း ခပ်လှမ်းလှမ်းကပဲ နေတယ်။

ဆပ်ကပ်ဆရာရဲ့ မွေးစားသား၊ ကိုစိန်ခိုကလည်း ဆပ်ကပ်ပြတဲ့ညဆိုရင် ကျွန်တော့်တွေ့တာနဲ့ ငွေ ၂၀၊ အစိတ် ထုတ်ပေးတော့တာပဲ။ ကိုဖိုးချွန်ဆီက ရပြီးသားပါဆိုရင်လည်း မရဘူး၊ ဇွတ်အတင်း ပေးနေတော့တာပဲ။ သူတို့နဲ့ မတွေ့တဲ့ညကျတော့ တစ်ကျပ်တစ်ပြားမှ မရတဲ့ညတွေလည်း ရှိတယ်။ ပွဲမပြရင်တော့ ပိုက်ဆံမရဘူး။ ကျွန်တော့်အတွက်ပိုက်ဆံမရှားပေမယ့် ဒီအဖွဲ့မှာ မပျော်ဘူး။ ကျွန်တော့်စိတ်ကူးနဲ့ အိမ်ပြန်နေတာလည်း ခဏခဏပဲ။ ကျွန်တော်တစ်ယောက်တည်း ပြန်တာရော နည်းလမ်းကျရဲ့လား။ ကမောက်ကမနိုင်လှတဲ့ ဆပ်ကပ်အဖွဲ့၊ လူမဆန်တဲ့အချိုးတွေ ချိုးချိုးနေတဲ့ ဆပ်ကပ်အဖွဲ့မှာ ကျွန်တော် ဒီအတိုင်း ထွက်လိုက်ရင် မှန်ပါ့မလား။ တော်တည့် မှန်ကန်သွားအောင် ဘယ်လိုလုပ်ရမလဲ။ ဆပ်ကပ်သမားတွေ ဒီထက် ညကြေးတွေ ပိုရသင့်တယ်။ အာမခံချက်တွေ ရှိသင့်တယ်။ ဆပ်ကပ်သမားတွေကို ကျွန်တော် ဖြစ်နိုင်သလောက်တော့ ချဉ်းကပ်ပြောပြရတာပေါ့။ ကျွန်တော်ပြောနေတုန်းတော့ သူတို့လည်း သူတို့ဘဝကို တဖြည်းဖြည်း မြင်လာ သိလာပြီး စိတ်မကောင်းဖြစ်ကြ၊ နာကြည်းကြတယ်လေ။ ဆပ်ကပ်ဆရာနဲ့ တွေ့ပြန်တော့လည်း နာကြည်းစိတ်၊ ဝမ်းနည်းစိတ်တွေပျောက်ပြီး အရင်တုန်းကလိုပဲ မီးထေး

ချိပ်တွေ ပြန်ဖြစ်ကုန်ကြပြန်ရော။

ကြာလာတော့ ကိုစိန်ခိုက ကျွန်တော့်ကို စေတနာနဲ့ စကားတစ်ခွန်း လာပြောတယ်၊ "ပန်းချီဆရာ၊ ဆရာရဲ့ စိတ်စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဆရာပြောတာတွေ ဆပ်ကပ်ဆရာနှား ပေါက်သွားရင် မိုးမီးလောင် အဲ–ဘယ်ကောင်းမလဲ၊ ဆရာပြောတာ အမှန်တွေချည်းပဲ၊ ဒါပေမဲ့ ဆပ်ကပ်သမားတွေရဲ့ဘဝက ခေါက်ရိုးကျိုးနေပြီ၊ သူတို့ ဒီအလုပ်ကို စွန့်ပြီး ဒီပြင်အလုပ်ကို စွန့်စားပြီး မလုပ်ရဲ ကြဘူး၊ စမ်းပြီး လုပ်ဖူးတဲ့ သူတွေ၊ ရှေ့ပြေးတွေရှိတယ်၊ သူတို့လည်း အပြင်မှာ အခြေအနေမကောင်း ကြဘူး၊ ဒါကြောင့်မို့ သူတို့ခမျာ ဆရာပြောသလို ချေးတွင်းထဲက ပိုး အကောင်တွေလို ဖြစ်နေရှာတာ၊ ဆပ်ကပ်ရဲ့ ထမင်းစားနေကြရတာ ကြာလှပြီ ဆရာ၊ တချို့ကိစ္စတွေ ဆရာ့ထက်ပိုပြီး ခံစားမိပြီး သိတာပေါ့"

ကိုစိန်ခိုရဲ့စကားကို ကျွန်တော် လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော် ကတော့ ခေါင်းမာမာပဲ။ တစ်ယောက်ပဲ ထွက်သွားသွား၊ တစ်ဖွဲ့လုံး အောင်ကြ၊ နိုင်ကြရင်တော့ အကောင်းဆုံးပေါ့။ ဒါကြောင့် ကိုယ်ပြောနိုင် သလောက်တော့ ပြောနေတာပဲ။

*

ဘုရားပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ကူးလာရင်း မိတ်ကပ်ခြယ်တဲ့ အလုပ် ကို အသက်မွေးဝမ်းကျောင်းအလုပ် တစ်ခုလောက်နီးနီး ကျွန်တော်က တတ်ကျွမ်းလာပြီလို့တောင် ထင်မိတယ်။ ကျွန်တော့်မှာ လေ့ကျင့်စရာ ကွင်းတွေက ပေါတယ်မဟုတ်လား။ မျက်ခွံအရောင်တွေ အမျိုးမျိုး စမ်းဆိုးကြည့်၊ လိုင်နာဒီဇိုင်းတွေ အမျိုးမျိုးရေးကြည့်၊ ဆံပင်ပုံစံလည်း သူတို့ကို ဟိုလိုထုံးကြည့်ပါလား၊ ဒီလိုစည်းကြည့်ပါလား အမျိုးမျိုးစမ်းထုံး ကြည့်နဲ့။ ပန်းချီဆရာဆိုတာ နာမည်လောက်ပဲကျန်ပြီး အလှဖန်တီးရှင်

ဖြစ်လုလုပဲ။

မျက်တောင်မွေးရှည်လေးအပေါ်လည်း တစ်ပွဲပြီးတစ်ပွဲ၊ တစ်ည ပြီးတစ်ည မေတ္တာသက်ဝင်လာမိတယ်။ ဝိုင်းတင်လေးကလည်း မျက်စိ အောက်တင် လှသည်ထက်လှလှလာလိုက်တာ။ နောက်ဆုံး ကောက်ရိုး ပုံစောင့်တဲ့အကောင်တော့ မဖြစ်စေရဘူးလို့ စဉ်းစားပြီး ဆုံးဖြတ်လိုက် တယ်။

ကျွန်တော်ချစ်တဲ့အချစ်က ဖြူစင်ရဲ့လား။ တကယ် နှစ်နှစ်ကာကာ ချစ်တာလား။ ကိုယ့်ကိုယ်ကိုယ် ခဏခဏ မေးနေမိတယ်။ အသက် ၂၅ နှစ်သာ ရှိနေပေမဲ့ ဘယ်အမျိုးသမီးကိုမှ ဟောဒီ မျက်တောင်မွေး ရှည်လေးလောက် မချစ်ခဲ့မိဘူး။ ကျွန်တော်က တော်ရုံမိန်းကလေးကို လည်း မချစ်ချင်ဘူး၊ စိတ်မဝင်စားဘူး။ ချစ်မိပြီဆိုရင်တော့ ကျွန်တော့် ဘက်က အတည်ယူမယ့် ချစ်နည်းမျိုး။ နောက်ဆုံး ဝိုင်းတင်လေး ကျွန်တော့်မိဘ ဆွေမျိုးအသိုင်းအဝိုင်းကြား ဝင်ဆံ့ပါမလား၊ ဒီအထိအောင် စဉ်းစားမိတယ်။

ခက်တာက ကျွန်တော် သူ့ကို ဒီလိုချစ်နေမိတာ ဘယ်သူမှ သိသွား လို့ မဖြစ်ပြန်ဘူး။ တစ်ယောက်စကား တစ်ယောက်နားနဲ့ ဒီအကြောင်း ကိုစိန်နိုတို့၊ ကိုဖိုးချွန်တို့နားရောက်မယ်။ အဲဒီကတစ်ဆင့် ဆပ်ကပ်ဆရာ ပါ သိသွားနိုင်တယ်။ အဲဒီလူကြီးသာသိသွားရင်… ကျွန်တော် ဖြစ်လာ နိုင်တာတွေ လျှောက်စဉ်းစားရတယ်။

ဘာဖြစ်လဲ။ အပျို၊ လူပျို ချစ်ကြတာပဲ။ ဆပ်ကပ်ဆရာ သိသွား လည်း ဘာအရေးလဲ။ ကျွန်တော်နဲ့ ဝိုင်းတင်နဲ့ သူ့ သဘောမတူစရာ အကြောင်း မရှိဘူးလို့ထင်တာပဲ။ ဒါပေမဲ့ မိုးမပြိုဘူး၊ ပြိုခဲ့သော်…။ ဒီလူက သူ့သဘောမတူတာကို ပါးစပ်က ဖွင့်မပြောဘဲ ဝိုင်းတင်လေးကို ပညာသားပါပါနဲ့ ခွင်ရှာပြီး နှိပ်စက်နိုင်သေးတယ်။ ချစ်ကြောင်းဖွင့်ပြော

ပြီးရင် ဘယ်သူ့ကိုမှ လျှောက်ပြောမနေဖို့ ပိတ်ထားရဦးမယ်။ အခါအခွင့် သင့်တာကတော့ နှုတ်ခမ်းနီ၊ ပါးနီဆိုးပေးရင်း ချစ်တဲ့အကြောင်း ဖွင့်ပြောဖို့ အကောင်းဆုံးအချိန်ပဲ။

*

ပွဲခွင်တစ်နေရာက တစ်နေရာကူးရင် ဆပ်ကပ်ဆရာ ကိုယ်တိုင် သယ်ယူလာနေကျ ပလတ်စတစ်ပုလင်းကို ကျွန်တော် စိတ်ဝင်စားမိတယ်။ တစ်နေရာကို ပြောင်းကြမလို့ ကားပေါ်ပစ္စည်းတွေတင်ပြီး ကားထွက်တော့မယ်ဆိုရင် ဆပ်ကပ်ဆရာက ဒီပလတ်စတစ်ပုလင်းကို ကိုင်ပြီး ရှေ့ခန်းမှာ ဝင်ထိုင်လိုက်တယ်။ လမ်းမှာ တစ်နေရာရာဝင်ပြီး လက်ဖက်ရည်ဆင်းသောက်ကြမယ်ဆိုရင် ဆပ်ကပ်ဆရာက ဒီပုလင်းကို ယူပြီး ဆင်းလာတယ်။ ပုလင်းထဲမှာ ဘာအရည်လဲတော့ မသိဘူး။ ပုလင်းနဲ့အပြည့်တော့ မဟုတ်ဘူး။ လေးပုံသုံးပုံလောက်ပဲရှိမယ်။

ကျွန်တော်က အဲဒီပလတ်စတစ်ပုလင်းကို စိတ်ဝင်စားတာနဲ့ မျက်တောင်မွေးရှည်လေးကို မေးကြည့်တော့ အဲဒါ 'ကျားဆီ' တွေတဲ့။ ဘာကျားဆီဟုတ်လား။ အံ့ဩစရာပဲ။ ဗိုင်းတင်က အရင်က သူတို့ ဆပ်ကပ်ထဲမှာ ကျားတစ်ကောင်ရှိသတဲ့။ ဆပ်ကပ်ဆရာက ငယ်ငယ် ကတည်းက မွေးထားပြီး သင်ပေး၊ လေ့ကျင့်ပေးတာ သိပ်လိမ္မာတယ်။ ကြိမ်ကွင်း၊ မီးကွင်းတွေတောင် ခုန်နိုင်တယ်။ ပါးစပ်ဖြဲပြီး ခွေးလိမ္မာ လေးတွေရဲ့ ဦးခေါင်းတွေ၊ လူ့လက်သီးဆုပ်တွေ သွင်းပြ၊ ထုတ်ပြလို့ လည်း ရသတဲ့။ ဒီကျားအမှီပြုပြီး သူတို့ဆပ်ကပ် တော်တော် နာမည် ကြီးခဲ့ဖူးကြတယ်လေ။ ဆပ်ကပ်ဆရာက 'စိန်တိုး' လို့ နာမည်ပေးထား လေတော့ ကျားက သူ့နာမည်ခေါ်ရင်တောင် သိနားလည်တယ်တဲ့။ မင်းတုန်းနယ်က ရလာခဲ့တာတဲ့။

တစ်နေ့တော့ 'စိန်တိုး' ခမျာ မမျှော်လင့်ဘဲ သေဆုံးသွားပါရောလား။ ဒီတော့ ဒီကျားသေသွားတာနဲ့ပတ်သက်ပြီး သတင်းတွေ အမျိုးမျိုး ထွက်လာတော့တာပေါ့။ မနာလိုတဲ့ ပြိုင်ဘက်ဆပ်ကပ်အဖွဲ့တစ်ခုခုကပဲ သေကြောင်းကြံသလိုလို အဆိပ်တုံးမိထားတဲ့ ခွေးသားပဲ ကျွေးမိသလိုလို။ တချို့ကတော့ နေမကောင်းဖြစ်ပြီး ရောဂါတစ်ခုနဲ့ သေတာပါလို့ ပြောကြပြန်သတဲ့။ ဘာကြောင့်ပဲသေသေ 'စိန်တိုး' သေဆုံးသွားတာ ဆပ်ကပ်တစ်ဖွဲ့လုံးအတွက် နစ်နာသွားတာတော့ အမှန်ပါ။ ပရိသတ်တော်တော်ကို နည်းသွားလို့ ဆပ်ကပ်ဆရာ နောက်ထပ်ကျားတစ်ကောင် မရရအောင် သဲသဲမဲမဲ လိုက်ရှာတယ်၊ မရဘူး။

စိန်တိုး သေသွားပြီးမှ ဆပ်ကပ်ဆရာရဲ့ အရိုက်အနှက်၊ အထိုးအကြိတ်တွေ ပိုပိုကြမ်းလာတယ်။ "ကျားကို အရေခွံဆုတ်ပြီး မီးသဂြိုဟ်တုန်းက ထွက်တဲ့အဆီတွေကို စုထားတာလေ ဆရာ" မျက်တောင်မွေးရှည်လေးက ပြောရှိုးပြောစဉ် ပြောတာပေမဲ့ စိတ်ဝင်စားစရာပဲ။

"ဒီကျားဆီတွေကို သူက ဘာလုပ်တာလဲ"

"ကျွန်မလည်း မသိဘူး ဆရာ"

ကျွန်တော့်သိချင်စိတ်က ပိုပြင်းလာတယ်။ ကိုဖိုးချွန်တို့၊ ကိုစိန်ခိုတို့လည်း ဒီအကြောင်း မပြောဖူးကြဘူး။ တစ်နေ့နေ့တော့ 'စိန်တိုး' ရဲ့ အဆီအကြောင်း မေးကြည့်ရဦးမယ်လို့ စိတ်ထဲမှာ တေးထားမိတယ်။

"နွားနို့သောက်တဲ့အခါ၊ လက်ဖက်ရည်သောက်တဲ့အခါ တစ်စက်နှစ်စက် ထည့်သောက်တယ်လို့ ဆန်းဆန်းအေးကတော့ ပြောဖူးတာပဲ ဆရာ"

ကျွန်တော့်မှာ အံ့ဩပြီးရင်း အံ့ဩရင်း–

"တစ်ခါတလေ ထမင်းစားတဲ့အခါ လက်ဖက်ရည်ဖျော်ဇွန်းနဲ့ တစ်ဇွန်းဆမ်းပြီး နယ်ဖတ်စားတယ်လို့ ကြားဖူးတယ်၊ နောက်ပြီး

ဈေးကောင်းရရင် ရောင်းမယ်လို့လည်း ကြားဖူးတယ် ဆရာ"

ကျားဆီက ဆေးဖက်ဝင်လေသလား၊ ဘာစွမ်းတာတဲ့လဲ။ ဘာပဲဖြစ်ဖြစ် ကျားဆီရဲ့ အစွမ်းသတ္တိလား၊ ပင်ကိုက ပေါ့ပါးဖျတ်လတ်တာလားတော့မသိဘူး။ ဆပ်ကပ်ဆရာက သူ့ခန္ဓာကိုယ်အလေးချိန်ကြီးနဲ့ နိုင်းယှဉ်ရင် အတော်ပေါ့ပါးသွက်လက်တာတော့ ငြင်းမရဘူး။ အထိုင်အထ၊ အသွားအလာ၊ အလှမ်းအပြု၊ အတက်အဆင်း လူငယ်တစ်ယောက်လို သွက်လက်တယ်။

မနေတတ်မထိုင်တတ်တာပဲလား။ အပြောအဆို မတတ်ဘူးလို့ပဲ ပြောမလားတော့ မသိဘူး။ ဝိုင်းတင်ကို ကျားဆီမမြင်ဖူးလို့ မြင်ဖူးချင်တယ်လို့ လျှာရှောင်ပြီးပြောလိုက်မိတယ်။ ပြောပြီး တအောင့်ကြာတော့ ကျွန်တော့်စကား မှားသွားပြီ၊ လွန်သွားပြီဆိုတာ သတိရလိုက်မိတယ်။

မျက်တောင်မွေးရှည်လေးက ဘားပလက်ပုလင်းပြားလေးနဲ့ ကျားဆီတွေ ပြည့်လုပြည့်ခင်ထည့်လာပြီး လူသူအလစ်မှာ လာပေးပါရောလား။ သူလုပ်လာပုံက ဒီကိစ္စ ဘယ်သူမှမသိအောင် လုပ်လာတဲ့ ပုံစံမှန်း သိသာနေတယ်။

ပုလင်းကိုဖွင့်ပြီး အနံ့ရှူကြည့်မိတော့ ငါးကြီးဆီနံ့မျိုးလည်း မဟုတ်၊ ပဲဆီ၊ နှမ်းဆီ အနံ့မျိုးလည်း မဟုတ်ဘူး။ ဘယ်လိုအနံ့မျိုးကြီးမှန်း မသိဘူး။ အညှီအဟောက် အလွန်ကြိုက်တဲ့အကောင်ရဲ့ အဆီက ဘာနံ့လို့ပြောရမှန်းကို မသိဘူး။ ကျားဆီကို လက်ညှိုးနဲ့ တို့ကြည့်ပြီး လက်မနဲ့ ပွတ်ခြေကြည့်တော့ ဒီပြင်ဆီတွေထက်ပိုပြီး စေးပျစ်တယ်လို့ ထင်မိတယ်။

ဝိုင်းတင်ကို ကျားဆီပုလင်းကို ပြန်ပေးတဲ့အခါ ကလေးမလေးက မယူဘူး။ ဆရာပဲ လုံလုံခြုံခြုံ သိမ်းထားလိုက်ပါတော့တဲ့။ ဘယ်သူမှ မမြင်အောင် ဝှက်ထားနော် ဆရာတဲ့။

ယူတုန်းက ဆပ်ကပ်ဆရာနဲ့ မမိဘဲ ပြန်ထားကာမှ ဒီလူနဲ့မိရင် ချမ်းသာပေးနေမှာမဟုတ်ဘူး။ မျက်ထောက်ကြီးနီပြီး စံပြအနေနဲ့ လူပုံအလယ်မှာ ပြောပြောပြီး ဆုံးမခံရမှာ။ ကံကောင်းလို့ပါလား။ ပုဆိုးတိုတို၊ မျက်နှာပေါက်ဆိုးဆိုး၊ ညာလက်မှာ ကျာပွတ်လက်ကိုင် ကိုင်ထားပြီး ဘယ်လက်က ကျာပွတ်အဖျားကို ကိုင်ထားတဲ့ ဆပ်ကပ်ဆရာကို မြင်ယောင်နေမိတယ်။

ကျွန်တော် လျှာချောင်မိတာ ဝိုင်းတင်လေး အဆော်အနက် ခံရတော့မလို့ပါလား။ ကိုစိန်ခိုတို့၊ ကိုဖိုးချွန်တို့ကိုလည်း ကျားဆီနဲ့ပတ်သက်လို့ မေးမလို့ဟာ မမေးတော့ပါဘူး။ တော်ကြာ မေးကာမှ သတိထားမိပြီး ကျားဆီတွေလျော့တယ်ဆို ပြဿနာလျှောက်ရှာနေရင် အကုန်လုံး စိတ်အနှောင့်အယှက်ဖြစ်ကြရမှာ။

*

"ငါ မင်းသားလုပ်မယ့်နှစ်ကျမှ သီချင်းဆန်းပေါ်နေတယ်" ဆိုသလိုပါပဲ။ မျက်တောင်မွေးရှည်လေးကို ချစ်တဲ့အကြောင်းပြောမယ်လို့ ဆုံးဖြတ်ပြီးကာမှ သူမလာပြီး ဖြီးလိမ်းတယ်ဆိုရင် အနားမှာ တခြားလူတစ်ယောက်ယောက်ကတော့ ရှိနေတော့တာချည်းပဲ။ လူမလစ်လို့ တစ်ညပြီးတစ်ည ရွှေ့ခဲ့ရတာ မြို့ထောင့်စေတီဘုရားပွဲသာ ရောက်ပါလေရော။

အလောင်းမင်းတရား ဦးအောင်ဇေယျအတွက် ငါးမည်ရ ပြည်ရွှေဘိုဟာ အောင်မြေတဲ့။ ကျွန်တော့်အတွက်လည်း မြို့ထောင့်စေတီပွဲဟာ အောင်မြေဖြစ်စေရမယ်။

မှတ်မှတ်ရရ အဲဒီညက ဆပ်ကပ်ပြီးရင် "ငုရယ်၊ ပိတောက်ရယ်၊ ခေါင်ရန်းရယ်" ကကြမယ့်ညပေါ့။ မျက်တောင်မွေးရှည်လေးက သူ့ရဲ့

တင်ဝိုင်းဝိုင်းလေးကို ကျွန်တော့်လက်ဆွဲအိတ်နားမှာ ထိုင်အချ။ ကျွန်တော်ကလည်း လှိုက်လှိုက်လှဲလှဲ ပြုံးပြမိတယ်။ ရင်ထဲမှာ မျိုသိပ်အောင့်အည်းထားရတာတွေ မိုးကာလ ရေမရတဲ့ခွန်ကြီးတစ်ခုလို အားရပါးရ သွန်ချတော့မယ့်အလုပ်မှာ–

"ဒီည၊ ငါ နင့်ကို ..." ပဲ ရှိသေးတယ်။ သူ့ဆရာမ လှသီဂီက ရောက်ချလာတာနဲ့ မနည်း ဘရိတ်အုပ်လိုက်ရတယ်။

"အဲဒါမှ ဒုက္ခပဲ၊ နင်တို့က နှစ်ယောက်၊ ငါက တစ်ယောက်တည်း၊ လက်နှစ်ဖက်ရှိပေမဲ့ ငါက ညာတစ်ဖက်နဲ့ပဲ ရေးတတ်တာ၊ ကိုင်း ပြောကြစမ်း၊ ဒီည ဘယ်သူ့အခန်းက အရင်လဲ"

တကယ်တော့ ဒီည တင်ဆက်မယ့်ခွင်တွေ၊ အစီအစဉ်တွေကို ကိုဖိုးချွန်ဆီမှာ မေးထားပြီးသား။ လှသီဂီကို အရင်လိမ်းခြယ်ပေးလိုက်ပြီး မျက်တောင်မွေးရှည်လေးကို နောက်ဆုံးမှ လိမ်းပေးရင်း လူပျိုစကားပြောမယ်လို့ အချစ်ဇယားဆွဲထားတာ။

"မမသီဂီက အရင်ထွက်ရမှာ ဆရာ"

"အေး ဒီလိုဆိုရင် နင် နောက်မှလာခဲ့၊ လာမရှုပ်နဲ့၊ နင့်ကို နောက်မှ ငါလိမ်းပေးမယ်၊ သွား၊ ငါ့သောက်ရေပုလင်းပါ ယူသွားပြီး ပြန်လာရင် ရေဖြည့်ခဲ့"

ကောင်မလေးက အဟုတ်မှတ်လို့ ရေပုလင်းယူသွားလေရဲ့။

လှသီဂီကို ခပ်မြန်မြန်ရေးခြယ်ပေးရင်း ခေတ်စကားနဲ့ပြောရရင် ဈေးချုပ်ချုပ်ပေးပြီး ဝိုင်းတင်လေး ပြန်အလာကို မျှော်နေမိတယ်။ စိတ်ထဲမှာလည်း ဒီကောင်မလေးနှယ် ကြာရန်ကောလို့ အောက်မေ့မိတယ်။ မျက်တောင်မွေးရှည်လေး ရေပုလင်းကိုင်ပြီး ပြန်လာတာ လှမ်းမြင်လိုက်တော့မှ အနားမှာရှိတဲ့မှန်ကို လှသီဂီထောင်ပြရင်း

"ကောင်မလေး သေချာကြည့်ဦး၊ ဘာလိုသေးလဲ"

လှသီဂီက မှန်ကို အနေအထားအမျိုးမျိုးပြောင်း၊ သူ့ကိုယ်ဟန်ကို အမျိုးမျိုးရွှေ့ရင်း အပျိုရှုံးလောက်တဲ့ ကလေးအမေက–

"မျက်ခွံလေး အရောင်နည်းနည်းရင့်ပေးပါဦး ဆရာ" တဲ့။ မျက်ခွံဆေးနည်းနည်းတင်ပေးပြီးပြန်တော့လည်း အနားမှာရောက်နေတဲ့ ဝိုင်းတင်ကို အကူအညီလှမ်းတောင်းလိုက်တယ်။

"ညီမလေးရေ သေသေချာချာကြည့်ပါဦး၊ ဒီည ကိုကိုလာပြီး အားပေးမှာတဲ့"

ကျွန်တော့်မှာ အရင်တုန်းက ဒီလိုစကားမျိုး၊ အပြောမျိုးတွေကို အဟုတ်ထင်ခဲ့ဖူးတာကို ပြန်သတိရမိပြီး ပြုံးမိတယ်။

"မမသီဂီ နှုတ်ခမ်းထောင့် နှစ်ဖက်ညီအောင် ညှိပြီးရင် ရပါပြီ။ မမက လှပြီးသားပဲဥစ္စာ"

အရေးထဲ မျက်တောင်မွေးရှည်လေးက မကြာကြာအောင် ပေရှည်နေလိုက်သေးတယ်။

"ဆရာရေ နှုတ်ခမ်းထောင့်စွန်းလေးတွေပဲ ညှိပေးပါတော့"

မှန်တာပြောရရင် ရှစ်ည၊ ကိုးည ရှိနေပြီ။ မျက်တောင်မွေးရှည်လေးကလွဲပြီး တခြားလူတွေ သိပ်ရေးပေးချင်တာ မဟုတ်ဘူး။ တော်တော်သည်းညည်းခံနေရတာ။ စိတ်ရှည်လက်စနဲ့ လှသီဂီရဲ့ နှုတ်ခမ်းထောင့်စွန်းလေးတွေ ညီအောင် ညှိပေးလိုက်တယ်။

လှသီဂီထသွားတော့မှ မျက်တောင်မွေးရှည်လေးအတွက် စပါယ်ရှယ်သိမ်းထားတဲ့ ဘယ်သူ့မှ ရေးမပေးတဲ့အရောင်တွေ၊ ဆေးတွေ ဗုက်ထားရာက ထုတ်လိုက်တယ်။ ပါးစပ်ကတော့ ပြောချင်လှပြီ။ ဘယ်ကစပြောရမှန်းမသိဘူး။ ခေါင်းကုတ်မိတာလည်း ခဏခဏ။ ဝိုင်းတင်ခပ်လာတဲ့ ရေပုလင်းကိုင့်ပြီး တစ်ခွက်အပြည့် သောက်ချလိုက်တယ်။ ဒီကောင်မလေး ခပ်ပေးတဲ့ရေက ပိုအေးသလိုပဲ။ ဗုက်ထားရာက ထုတ်

လာတဲ့ ပန်းချီဆေးတွေကို သူမြင်အောင်ပြရင်း–

"ဝိုင်းတင်လေး"

"ရှင် ဆရာ"

"ဒီဆေးတွေက နိုင်ငံခြားကလာတဲ့ဆေးတွေ၊ ဘယ်သူ့မှ ငါ လိမ်းခြယ်ပေးတာ မဟုတ်ဘူးနော်၊ နင်သိပါတယ်"

ကောင်မလေးက သူ့ရဲ့ပင်ကိုက ရှည်ပြီးကော့နေတဲ့ မျက်တောင်မွေးတွေကို အသာပင့်ပြီး မျက်လုံးပြူးလေးနဲ့ ပြူးကြောင်ကြောင်ကြည့်နေတယ်။ ခဏနေမှ ခေါင်းကို အသာညိတ်တယ်။ ကျွန်တော့်ဆီက စကားအထူးအဆန်းတွေထွက်လာလို့ အံ့ဩနေတာလည်း ဖြစ်နိုင်တယ်။

သူ အဲဒီလို ကြည့်ပြီး အဲဒီလို ခေါင်းညိတ်လိုက်တာလေးကိုက ချစ်စရာကောင်းနေတယ်။

"ဟဲ့ ဘယ်တော့မှ ခေါင်းမညိတ်ရဘူး၊ ခေါင်းညိတ်တယ်ဆိုတာ ရိုင်းတယ်၊ အထူးသဖြင့် ကိုယ့်ထက်အသက်ကြီးတဲ့ လူကြီးသူမတွေနဲ့ စကားပြောတဲ့အခါပေါ့၊ ကြားလား၊ မှတ်ထားနော်"လို့ ဆုံးမခဲ့ဖူးတာတွေလည်း ကျွန်တော်လည်းမေ့၊ သူလည်း သတိမရတော့ဘူး။

"ဘာလို့ ဒီဆေးတွေကို ဂုက်ဂုက်ထားရတာလဲ နင်သိသလား"

မသိပါဘူးရှင့်၊ မသိဘူးရှင့်လို့ ဖြေလိမ့်မယ်လို့ မျှော်လင့်ထားတာ–

"နှမြောတတ်လို့ နေမှာပေါ့"တဲ့။

ကောင်းကြရော။ ဒါနဲ့ ရောင်းသူဝယ်သူ အသံတူ သံယောင်လိုက်ရတော့တာပေါ့။

"အေး ဟုတ်တယ်၊ ငါက နှမြောတတ်တယ်၊ ငါ့ရဲ့အဖိုးတန်ဆေးတွေကို နင်ကလွဲပြီး ဘယ်သူ့မှ ရေးခြယ်မပေးချင်ဘူး၊ ဒီဆပ်ကပ်အဖွဲ့ထဲမှာ နင်အလှဆုံး ဖြစ်နေအောင်လို့"

ဝိုင်းတင်လေးက ကျွန်တော့်စကားကို အံ့အားသင့်နေရှာတယ်။

မျက်လုံးပြူးလေးနဲ့ မျက်တောင်မွေးရှည်လေးတွေကို ပုတ်ခတ်ပုတ်ခတ်လုပ်နေရှာတယ်။

"ဆရာ ဘာကိုဆိုလိုတာလဲ ဆရာ"

ကျွန်တော်က အဆုတ်ထဲကို လေတွေ တဝရှူသွင်းလိုက်တယ်။

"ငါ နင့်ကိုချစ်လို့ ရည်းစားစကားပြောမလို့"

မျက်တောင်မွေးရှည်လေးက ခေါင်းကလေးငုံ့၊ ဇက်ကလေးပုပြီး တစ်ဖက်လှည့်သွားတယ်။ အကြာကြီးပဲ ငြိမ်ကျသွားတယ်။ သူ့ကျောပြင်လေး ကြည့်မိတော့ တသိမ့်သိမ့်နဲ့ လှုပ်နေတယ်။ ကျွန်တော် အပြောမှားလို့၊ အပြောလောဘကြီးလို့ ခများလေး ရှက်သွား၊ ဝမ်းနည်းသွားပြီး တသိမ့်သိမ့်နဲ့ ရှိုက်ငိုနေရှာပြီလို့ထင်မိတယ်။ ခဏကြာတော့-

"ဆရာက ကျွန်မကို ချစ်လို့ဟုတ်လား"

ငိုသံပါလေးနဲ့ ကျွန်တော့်မျက်နှာကို သူမကြည့်ဘူး၊ မကြည့်ရဲဘူး။ ကျောပေးထားတယ်။

"ဟုတ်တယ်"

ဝိုင်းတင်က မျက်နှာကို နီရဲအောင် မျက်ရည်ကျထားတာလား၊ ကျွန်တော့်စကားကြောင့် မျက်နှာလေး ရဲသွားတာလားတော့ မသိဘူး။ မျက်နှာရဲလေးနဲ့။

ကျွန်တော်က လေးနက်သလောက် သူက ပေါ့တန်နေတာလား။

"ငါမပြောတတ်လို့ဟ၊ နေဦး၊ ငါ့မှာ ပြောစရာတွေ တစ်ပုံကြီး ရှိသေးတယ်"

ဆပ်ကပ်ရဲ့ အသံချဲ့စက်ဆရာက "သံသာလေကမ်းတိုင်" သီချင်းကို အထစ်ကုန်ဖွင့်နေလို့ သူပြောတာ သဲသဲကွဲကွဲမကြားလိုက်ရဘူး။

"ဘယ့်နှယ်လဲ နင့်သဘောက၊ ငါ့ကို ပြန်ပြီးချစ်နိုင်ပါ့မလား"

ဒါမှမဟုတ် ကောင်မလေးက ကျွန်တော့်အချစ်ကို ရင်မခုန်

တာလား။ ရင်ခုန်ပြီး တောင်ပြောတောင်ပြောတွေ ပြောနေတာလား။ တစ်ချက် တွေတွေကလေး ငြိမ်သွားပြီးမှ–

"ကျွန်မက ဆပ်ကပ်ကစားတာကလွဲလို့ ဘာမှ လုပ်ကိုင်စားတတ်တာ မဟုတ်ဘူး၊ စိတ်ကူးမယဉ်ချင်ပါနဲ့ ဆရာရယ်"

ကောင်မလေးကို ဆပ်ကပ်ကထွက်ပြီး အပြင်ထွက် စီးပွားရှာစားမယ်လို့လည်း မပြောရသေးဘဲနဲ့ ကောင်မလေးက ဘာလို့ ဒီစကားမျိုး ပြောရတာလဲ။ တစ်နေ့နေ့ ကျွန်တော့်ဆီက ဒီစကားမျိုးလာမယ်ဆိုတာ သူ ကြိုတင်တွက်ထားမိလို့လား။ ဒါမှမဟုတ် လန့်ဖျပ်ပြီး အမြီးအမောက်မတည့်တာတွေ ကယောင်ကတမ်း ပြောနေတာတွေလား။ မိန်းမမာယာနဲ့ အရှုးအမူးဖြစ်နေတဲ့ ငနဲကို ပိုပြီး ရောဂါသက် ရင့်လာအောင် ကြိုးရှည်ရှည်နဲ့ လှန်ထားတာလား။ ကျွန်တော့်ပန်းချီပညာနဲ့တော့ အိမ်ထောင်တစ်ခု မထူထောင်နိုင်ပါဘူး၊ ကျွန်မကပါ တစ်ခုခုလုပ်ကိုင်စားရမှာလို့ ပြောလေသလား။ ဒါဆိုရင် ပန်းချီရေးနေတဲ့ ကျွန်တော့်လက်က အိမ်ထောင်တစ်ခုရဲ့ မီးဖိုချောင်က မီးခိုးထွက်ဖို့ မမြင်ဘူးလို့ ဆိုလိုလိုက်တာလေလား။

ကျွန်တော် သူ့ရဲ့မျက်နှာလေးကို အလှဆုံးဖြစ်အောင် ဆေးရေးခြယ်ပေးရင်း စဉ်းစားစရာတွေ များလာတယ်။ သူ့နှုတ်ခမ်းထူတွဲတွဲလေးကို စိတ်တိုင်းကျဆေးခြယ်ပေးရင်း လက်တွေ မတုန်အောင် တော်တော်ဂရုစိုက်နေရတယ်။ ဟိမဝန္တာ တောကြီး တောင်ကြီးတွေ၊ ဆင်တွေ၊ ကျားတွေ၊ ကြံ့တွေ၊ ခြင်္သေ့တွေ၊ ဘီလူး၊ ကုမ္ဘာဏ်၊ ယက္ခတွေကို ရေးခဲ့ဖူးတဲ့ ဒီလက်က ကောင်မလေးတစ်ယောက်ရဲ့ နှုတ်ခမ်းလေးကျမှ တုန်ယင်နေလိုက်သေးတယ်။

"ဘာပဲဖြစ်ဖြစ် ငါ နင့်ကို စဉ်းစားဖို့ တစ်ရက်အချိန်ပေးမယ်ဟာ၊ မနက်ဖြန်ညကျတော့ အဖြူအမည်းတစ်ခုခုတော့ အဖြေပေးရလိမ့်မယ်၊

ခြွေမသေ တုတ်မကျိုး၊ အဖြူလည်းမဟုတ် အမည်းလည်းမဟုတ်၊ မီးခိုးရောင်တော့ မလုပ်နဲ့နော် နှမလေး"

ကောင်မလေးကို စိတ်တိုင်းကျ လိမ်းခြယ်စည်းနှောင်ပေးလိုက်တာ တော်တော်လေးကိုလှတဲ့ ကျွမ်းဘားမယ်လေးဖြစ်သွားပြီ။ ဒီလို လှပြန်တော့ ဒီပြင်လူတွေက ချစ်ရေးဆိုကြမှာတွေကို တွေးပူမိပြန်ရော။

"မပြီးသေးဘူးလား ဆရာ" ကောင်မလေးက မှန်ကို ယူကြည့်ရင်း မေးလိုက်တယ်။

"အေး ပြီးလုပါပြီ၊ ခဏလေး မျက်ခုံးမွေးတွေ ဆေးတင်ပေးလိုက်ဦးမယ်"

နဂိုကတည်းက သန်ပြီး မည်းမှောင်နေတဲ့ မျက်ခုံးမွေးတွေကို ကျွန်တော်က နီးနီးကပ်ကပ် ကြာကြာကြည့်နေချင်တာနဲ့ စေတနာတွေပိုပြီး ဆေးအကုန်ခံနေမိတယ်။ အခုနေသာ မိတ်ဆွေကာတွန်းဆရာ တစ်ယောက်ယောက်က ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ကယ်ရီကေးချားဆွဲရင် ကျွန်တော့်ပါးစပ်က 'ဘွတ်အဲ' ဒါမှမဟုတ် 'ဝတ်ထရိန်း' ဆိုတဲ့ အသံထည့်ပြီး ရေးကြလိမ့်မယ်။ ဒါမှမဟုတ်ရင် ကျွန်တော့်ပုံရဲ့ ချိုးစောင်းမှာ ချိုတပ်ပေးကြလိမ့်မယ်။

ရေးခြယ်ပြီးတော့ ကောင်မလေးက အဟောင်းလွန်ပြီး ဆွေးစပြုနေတဲ့ ဘော်ကြယ်တွေနဲ့ ပြည့်နေတဲ့ ကိုယ်ကျပ်အင်္ကျီနက်ပြာပြာလေးကို ခါးနားအထိ ဆွဲချရင်း ခပ်သွက်သွက်ထွက်သွားတယ်။ သူထွက်သွားမှ သူ့ကျောပြင်နဲ့ ခါးကျဉ်းကျဉ်းလေးကိုကြည့်ရင်း အရေးကြီးတဲ့ စကားတစ်ခွန်း ကျန်သွားတာသတိရပြီး လှမ်းအော်ပြောရတယ်။

"နင် ဒီည ကောင်းကင်ဘားကစားရင် ကောင်းကောင်းဂရုစိုက်နော်၊ သတိလက်လွတ်မဖြစ်စေနဲ့"

ခေါင်းမညိတ်ပါနဲ့ဆိုတဲ့ကြားက မျက်တောင်မွေးရှည်လေးက

လည်ပြန်လှည့်ကြည့်ပြီး ခေါင်းညိတ်သွားလိုက်သေးတယ်။ ကျွန်တော်သာ ကောင်းကင်ဘားသမားဆိုရင် ဒီည လွဲချော်မှုတစ်ခုခုတော့ ဖြစ်တော့မှာ သေချာတယ်။ အောက်ခံထားတဲ့ ပိုက်တွေက ခိုင်မှခိုင်ပါလေရဲ့လား။

"ဝိုင်းတင် ဝိုင်းတင် လာဦး၊ ပြန်လာခဲ့ဦး၊ အရေးကြီးဆုံးစကားပြောဖို့မေ့သွားတယ်၊ ငါ့နယ်နော်"

ရှစ်လှမ်းကိုးလှမ်းရောက်ကာမှ ကောင်မလေး ပြန်လာရတယ်။

"နင့်ကို ငါက ရည်းစားစကားပြောတဲ့အကြောင်း သူများတွေကို ပြောမနေနဲ့ဦး၊ ဘယ်သူ့မှမပြောနဲ့နော်"

ကောင်မလေးက ရဲနေတဲ့မျက်နှာလေးနဲ့ ခေါင်းကို စိတ်မပါလက်မပါ ညိတ်သွားလေရဲ့။

*

အဲဒီညကတော့ ကျွန်တော် ရုံထဲမှာမနေချင်ဘူး။ ဝိုင်းတင် တစ်ခုခုဖြစ်မှာ စိုးနေတယ်။ သူ တစ်ခုခုဖြစ်တာ ကြားလည်းမကြားချင်ဘူး၊ မြင်လည်းမမြင်ချင်ဘူး။ မကြားရဲ၊ မမြင်ရဲတာလို့ပြောရင် ပိုမှန်မယ်။ ရုံအပြင်ဘက် ပွဲဈေးတန်းလျှောက်၊ ဘုရားဆီသွားပြီး ပန်းချီရေးလို့ဖြစ်မယ်ထင်တဲ့ ပုံကြမ်းတွေ လျှောက်ခြစ်နေလိုက်တယ်။

ကျွန်တော့်ပုံကြမ်းစာအုပ်ထဲမှာ ဘုရားစေတီတွေရဲ့ ပုံတွေ၊ အိုးသည်တွေ၊ အိုးဈေးတန်းပုံကြမ်းတွေ၊ အကြော်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ၊ ဆေးမင်ကြောင်ထိုးဆရာနဲ့ ဆေးမင်ကြောင်အထိုးခံနေတဲ့သူတွေရဲ့ပုံတွေ အတော်စုမိနေပြီ။ ဒီညတော့ စေတီရင်ပြင်မှာ ရှိတဲ့ အလှူခံသေတ္တာ၊ ဘုရားပန်းအိုး၊ ဆွမ်းတော်ကြီးပွဲတွေနဲ့ ဖယောင်းတိုင် မီးပူဇော်ထားပုံတွေ ရေးခြစ်နေမိတယ်။

ဆပ်ကပ်အဖွဲ့ထဲကလူတွေ လေ့ကျင့်နေပုံ၊ အနားယူနေကြပုံ၊ သူတောင်းစားမိသားစုတွေရဲ့ပုံတွေက စာအုပ်ရဲ့ကျောဘက်ကနေ ပြန်ရေးထားတယ်။ တချို့ပုံတွေက ခဲနဲ့ရေးထားတယ်။ တချို့ပုံတွေက မင်ခြစ်တွေ၊ တချို့ပုံတွေကိုတော့ ဖယောင်းတောင့်တွေနဲ့ ရေးခြစ်ထားတာတွေ။

ဆပ်ကပ်ထဲမှာ အခုအချိန်ဆိုရင် ကလေးတွေရဲ့ ကျွမ်း အစီအစဉ် ပြနေလောက်ပြီ။ ကလေးတွေက ငယ်စဉ်ကြီးလိုက် အရွယ်အမျိုးမျိုး၊ အစွမ်းတွေအမျိုးစုံ ပြနေကြမှာ။ ကျွန်တော် ရောက်ခါစက မြေကြီးပေါ်မှာ ပုံလဲနေအောင် ကျွမ်းထိုးရရှာတဲ့ 'သိန်းဌေးအောင်' ဆိုတာ ကလေးတွေထဲမှာ အသက်အငယ်ဆုံး။ သူ့အင်္ကျီမှာ ဆုချခံရတဲ့ ပိုက်ဆံတွေ ညတိုင်း တသီကြီးပေါ့။ အပ်ချိတ်တွေနဲ့ တွယ်ထားရတာ။

အသံချဲ့စက်ကလည်း "တကယ့်ဘား၊ အမယ့်ဘား၊ ငါ့သားလေးဖြင့် ခိုင်းမစားရက်ပါဘူး၊ ငါ့သမီးလေးဖြင့် ခိုင်းမစားရက်ပါဘူးဟဲ့"

"ဟိုက်ရှော့–ဟိုင်းရှော့–နှစ်ထပ်ကျော့တဲ့ ပုတတ်ကော့လေး ပါလား" ဆိုတဲ့ အသံတွေက ညံလို့။

ရုံထဲကို တော်တော်မိုးချုပ်မှ ပြန်ဝင်လာခဲ့တယ်။ အိပ်ရာထဲမှာ တော်တော်နဲ့ အိပ်မပျော်ဘူး။ အိပ်ပျော်ပြန်တော့လည်း ပျော်တစ်ဝက် နိုးတစ်ဝက်နဲ့။ ထောင်ကလွတ်မယ့်သူ နောက်တစ်နေ့ကို အမြန်ရောက်ချင်သလိုမျိုး။ ကျွန်တော့်အတွက်တော့ ညတာက ရှည်လွန်းတယ်လို့ ထင်မိတယ်။

မျှော်လင့်တဲ့ နောက်တစ်နေ့ရောက်ပြန်တော့လည်း မျက်တောင် မွေးရှည်လေးနဲ့ ဆုံကြဖို့က မလွယ်ဘူး။ တွေ့ပြန်တော့လည်း အနားမှာ လူတစ်ယောက် နှစ်ယောက် အမြဲလိုလို ရှိနေတာနဲ့ စကားပြောဖို့ အခြေ အနေ မပေးဘူးလေ။ ကောင်မလေးကတော့ မှင်သေသေပဲ။ မနေ့ညက

ကျွန်တော်ပြောလိုက်တဲ့စကားတွေဟာ သူ့ဘ၀အတွက်တော့ ဘာမှ မဟုတ်သလိုလို၊ ထမင်းစားရေသောက်ကိစ္စ တစ်ခုလို့တောင် သဘော ထားပုံမရဘူး။ ကက်ဆက်ဇာတ်လမ်းကို သရုပ်ဆောင်တာထက်တောင် မျက်တောင်မွေးရှည်လေး နေထိုင်ပုံလေးက ပိုပြီး ပီပြင်သေးတယ်။ ကောင်မလေးက ဒီလို မှင်သေလေ ကျွန်တော်က မနေတတ် မထိုင်တတ် လေပါပဲ။ သူ့သူငယ်ချင်းတွေပြောတဲ့၊ ကိုဖိုးချွန်တို့ပြောတဲ့ ရည်းစား တစ်ခါမှ မထားဖူးဘူးဆိုတာ ဟုတ်မှဟုတ်ရဲ့လား။

ညပိုင်း မိတ်ကပ်လိမ်းကြတဲ့အချိန်ကို ရောက်ချင်လှပြီ။ အဲဒီနေ့က မနက်စာရော ညစာပါ ဘာဟင်းနဲ့ ဘယ်လိုစားလိုက်မိမှန်းတောင် မသိ လိုက်ဘူး။ စားလို့လည်း မကောင်းဘူး။ ရင်ပြည့်ရင်ကယ်နေသလိုပဲ။

ဆန်းဆန်းအေးတို့၊ လှသီဂီတို့၊ ဝါဝါခင်တို့ကို လိမ်းပေးပြီးမှ ဝိုင်းတင်ကို မနေ့ညကလိုပဲ နောက်ဆုံးမှ လိမ်းပေးရတယ်။ ဒါကို ကိုဖိုးချွန်က တောစကား တောင်စကားတွေ လာပြီးပြောရင်း လေကန် နေတာ အကြာကြီး။ မော်မော်မြင့် လိမ်းပေးတော့မှ ရုံဝင်လက်မှတ် သိမ်းရအောင် ထသွားလို့–

ကျွန်တော့်အနား ဝိုင်းတင်ရောက်လာတော့ သရုပ်မဆောင်နိုင် တော့ဘူး ထင်တာပဲ။ ဟန်မလုပ်နိုင်ရှာတာ ထင်ပါရဲ့။ မျက်နှာ သိပ် မကောင်းရှာဘူး။ ကျွန်တော်က သူ့အတွက် သတ်သတ်သိမ်းထားတဲ့ ဆေးဘူးတွေ ထုတ်ရင်း သူ့ဘက်မကြည့်ဘဲ–

"မနေ့က ငါမေးထားတာလေး အဖြေပေးပါဦး"

လို့ မျက်နှာပူပူနဲ့ မေးမိတယ်။ ဝိုင်းတင်ဆီက ဘာစကား၊ ဘာသံမှ ထွက်မလာဘူး။ ကျွန်တော် သူ့ဘက်လှည့်လိုက်တော့ သူ့မျက်လုံးမှာ မျက်ရည်တွေနဲ့။ ပါးပြင်ပေါ်မှာ တချို့။ အတော်ကြာမှ သက်ပြင်းရှည် တစ်ချက် မှုတ်ထုတ်သံ ကြားလိုက်ရတယ်။

"ဆရာရယ်၊ ကျွန်မကိုမချစ်ပါနဲ့တော့၊ ကျွန်မ သတ္တိမရှိဘူး ဆရာ၊ ကျွန်မတို့နှစ်ယောက်က ဘဝအလှမ်း ကွာလွန်းပါတယ်"

သူ့ကိုခြယ်ပေးဖို့ ကိုင်ထားတဲ့စုတ်တံ လွတ်ကျတော့မလို့။

"ဝိုင်းတင် သေသေချာချာနားထောင်နော်၊ နင်တို့ဘဝက သူများတွေနဲ့ မတူဘူး၊ အသက်နဲ့ရင်းပြီး လုပ်ကိုင်စားရတာ၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဆရာ"

"လောကမှာ လူ့အသက်လောက် အဖိုးတန်တာ ဘာမှမရှိဘူး၊ ဒီလောက်အဖိုးတန်တဲ့ အသက်နဲ့ရင်းပြီး ဆပ်ကပ်ကပြရတာ နင်တို့ရတဲ့ ညကြေးက ဘယ်လောက်ရလို့လဲ။ နောက်ပြီးတော့ လူလိုသူလို ရတာ မဟုတ်ဘူးနော်။ တောင်းစားတဲ့လူတွေထက် ဆိုးသေးတယ်။ တောင်းစားတဲ့လူတွေကမှ အိပ်ရေးဝကြေလိမ့်ဦးမယ်။ နင်တို့ကျတော့ အိပ်ရေးမဝဘဲနဲ့ တောင်းစားတဲ့လူတွေလို ပိုက်ဆံအကြွေအနုပ်တွေကို တိုးဖွေ့လုယက် ကောက်ကြရတာ။ နင်တို့အားလုံးအတွက် ငါ စိတ်မကောင်းဘူး။ အားလုံးရဲ့ဘဝကို ဒီထက် လုံခြုံမှုရှိပြီး ဖူလုံစေချင်တယ် နှမလေး။ ငါလည်း တတ်နိုင်သလောက်တော့ သူတို့ကို ပြောပြတာပဲ။ ဒါပေမဲ့ ငါပြောတာက ပါးစပ်၊ ဆပ်ကပ်ဆရာပေးတာ၊ ကျွေးတာက လက်တွေ့ဘဝ။ နီးစပ်တဲ့လူတွေကို ရှင်းပြပေမဲ့ သူတို့က ဒီလောကမှာ ခေါက်ရိုးကျိုးနေပြီ။ ငါပြောတာတွေကို သဘောပေါက်ပေမဲ့ ဒီဆပ်ကပ် အဖွဲ့ထဲကနေ စွန့်စွန့်စားစားထွက်သွားပြီး အပြင်မှာ ဘာမှလုပ်ကိုင်မစားတတ်ဘူး။ ငါကလည်း အလုပ်မပေးနိုင်ဘူး။ တစ်ဖွဲ့လုံးအတွက် တာဝန်မယူနိုင်ပေမဲ့ နှမလေး ဝိုင်းတင် နင်တစ်ယောက်အတွက်တော့ ငါ တာဝန်ယူနိုင်တယ်။ နင့်ကို ဒီဘဝမှာ အရိုးမထုတ်စေချင်ဘူး။ နင်ကမွေးတဲ့နင့်ကလေးတွေ ဒီဆပ်ကပ်ထဲမှာပဲ ကျင်လည်နေကြပြီး စာမတတ်၊ ဘာမတတ်နဲ့ ကျွမ်းထိုးမှ ထမင်းစားရတဲ့ကလေးတွေ မဖြစ်ကြစေချင်ဘူး"

ဝိုင်းတင်ရဲ့ မျက်တောင်မွေးရှည်လေးတွေက သူ့မျက်ရည်တွေကို ထိန်းနိုင်စွမ်း မရှိကြတော့ဘူး။

ကောင်မလေးက ခေါင်းကို တွင်တွင်သာယမ်းနေတော့တာပါပဲ။

"နင်သာလိုက်မယ်ဆိုရင် မနက် ပွဲပြီးပြီးချင်း မန္တလေးကို ပြန်ကြမယ်၊ ဒီဘဝမှာ အနှစ်မွှန်း မခံစေချင်ဘူး"

"မဖြစ်ပါဘူး ဆရာ၊ ဆရာ့ကို ကျွန်မ အစ်ကိုတစ်ယောက်လိုပဲ ချစ်–အဲ– ခင်ပါရစေ၊ အစ်ကိုတစ်ယောက်လို အောက်မေ့ပါတယ်"

"သေသေချာချာ စဉ်းစားပြီး ပြောနေတာလား နှမလေး"

သူ ခေါင်းညိတ်တယ်။

"သေချာတယ်နော်"

ကောင်မလေးက ခေါင်းပဲညိတ်ပြန်တယ်။

အနားမှာရှိတဲ့ ပုံကြမ်းစာအုပ်ကိုလှန်ပြီး စာရွက်လွတ်တစ်ခုမှာ ကျွန်တော့်လိပ်စာကို ခပ်သွက်သွက်ရေးလိုက်တယ်။

"ဟောဒီမှာ ငါ့လိပ်စာ၊ နင်တစ်ယောက်တည်းဆိုရင် ဘယ်အချိန် မဆို ငါ့ဆီလာခဲ့၊ နင့်အတွက် ငါ တံခါးအမြဲဖွင့်ထားမယ်"

ကျွန်တော်လည်း ကက်ဆက်ဓာတ်လမ်းတွေကြည့်ပြီး ပြဇာတ် ဟန် ပေါက်နေသလား မသိဘူး။

အဲဒီညက ကျွန်တော် သူ့ကို အလှဆုံးဖြစ်အောင် အစွမ်းကုန် ရေးခြယ် လိမ်းခြယ်ပေးလိုက်တယ်။ မျက်တောင်မွေးရှည်လေးဟာ အလှ နတ်သမီးလေးတစ်ပါး ဖြစ်သွားပြီ။ သူ့အဖော်တွေက သူ့ကို လှတဲ့ အကြောင်း ထုတ်ဖော်ပြောယူရလောက်အောင် လိမ်းပေးမယ်လို့ပြောရင်း တကယ်ကို အလှဆုံးဖြစ်အောင် လိမ်းခြယ်ပေးလိုက်တယ်။ ဝိုင်းတင်ရဲ့ မျက်နှာလှလှလေးအပေါ်မှာ ကျွန်တော့်ရဲ့ နောက်ဆုံးလက်ရာပါပဲ။ ဒီလက်ရာမှာ စေတနာပါတယ်၊ မေတ္တာပါတယ်၊ ပြီးတော့ အလွမ်းဓာတ်

ပါတယ်။

လိပ်စာ စာရွက်ကို သေးသေးဖြစ်အောင် ကိုင်ထား၊ ဆုပ်ထားရင်း မှန်ကို ကောက်ကြည့်လိုက်တော့ ညှိုးငယ်နေရာက ဝိုင်းတင်မျက်နှာလေး ဝင်းပပျော်ရွှင်သွားလိုက်ပုံ။ ဒါပေမဲ့ အူလှိုက်သည်းလှိုက် ပျော်တာလည်း မဟုတ်ဘူး။ ဝမ်းနည်းဟန်တစ်ဝက်နဲ့၊ ဒီမျက်နှာလေး မျက်စိထဲကကို မထွက်ဘူး။ ပျော်ရွှင်နေတဲ့ မျက်နှာလေးက ခဏပါပဲ။ နောက်တော့ ဝမ်းနည်းအားငယ်တဲ့ မျက်နှာပိုင်ရှင်လေး ပြန်ဖြစ်သွားတယ်လေ။

"ဝိုင်းတင် နှမလေး၊ နောက်ညတွေ မင်း မိတ်ကပ်လိမ်းရင် ငါ့ကို အမြဲသတိရနေအောင်လို့ အလှဆုံးဖြစ်အောင် ခြယ်ပေးလိုက်တာ"

သူ့ခမျာ ဘာမှ ပြန်မပြောနိုင်ရှာဘူး။ အလွမ်းမျက်နှာလေးနဲ့ ငေးရီနေရှာတယ်။

"ဒီပြင်အချိန် သတိမရရှိရမယ်၊ ဆပ်ကပ်ပြဖို့လိမ်းရင် ခြယ်ရင် တော့ သတိရနေလိမ့်မယ်ထင်တယ်"

လေးကန်တဲ့ခြေလှမ်းတွေနဲ့ မျက်တောင်မွေးရှည်လေး ထွက်သွား တော့ သူ့နောက်ကျောပြင်လေးနဲ့ တင်ဝိုင်းဝိုင်းလေးကို မကြည့်ဖြစ်အောင် တစ်ဖက်လှည့်ပြီး တောင်အီအီ မြောက်အီအီတွေလုပ်၊ ဆေးဘူးတွေ အဖုံး ပြန်ပိတ်၊ စုတ်တံတွေ ဆေး၊ လျှော့က်လုပ်နေလိုက်တယ်။

ဆပ်ကပ်နှစ်ခန်းပြီးလို့ တတိယအခန်းလည်းစရော ကျွန်တော် ကိုဖိုးချွန်ကို ရုံအပြင်ဘက် အသာခေါ်လာပြီး လက်ဖက်ရည်ဆိုင် ထိုင် ကြတယ်။ ဖန်ဆိမ့်နှစ်ခွက် မှာလိုက်ပြီး–

"နေ့လယ်က မန္တလေးကမိတ်ဆွေတစ်ယောက် လိုက်လာတယ် ကိုဖိုးချွန်၊ ပန်းချီကိုလှပိုင်က ဒီရက် ကျွန်တော် ရွှေဘိုမှာ ရှိမယ်ဆိုလို့ လိုက်လာတာတဲ့၊ အမေ နေသိပ်မကောင်းလို့ ကျွန်တော့်ကို လိုက်ခေါ် တာတဲ့၊ မနက်ဖြန် မန္တလေးဖြတ်သွားတော့ ကျွန်တော် ဆင်းနေရစ်ခဲ့မယ်၊

အမေသက်သာတော့ မတ္တရာကို လိုက်လာခဲ့မယ်"

ကိုဖိုးချွန်က ပြောသမျှ သေသေချာချာနားထောင်ပြီး အတည်ပြောနေတာလားလို့ တစ်ချက်လှမ်းပြီး အကဲခတ်တယ်။

"သက်သာရင်တော့ ဆက်ဆက်လိုက်ခဲ့ဗျာ၊ ခဏနေဦး၊ အမေ့ဖို့ ဓာတ်စာဖိုး၊ ဆေးဖိုးယူဦး၊ ဆရာလည်း သုံးစရာရှိရင် သုံးရအောင် အသုံးယူထားလိုက်ဗျာ"

ကိုဖိုးချွန်က သူ့အိတ်ထဲက ပိုက်ဆံတွေ အထပ်လိုက် ပေးလိုက်တယ်။ ကျွန်တော်က အဲဒီပိုက်ဆံနဲ့ လက်ဖက်ရည်ဖိုး ရှင်းမယ်လုပ်တော့ သူက အရှင်းမခံဘူး။ လက်ဖက်ရည်ဖိုး သူကပဲ ရှင်းလိုက်တယ်။

အိပ်ရာထဲရောက်တော့ စိတ်ထဲကနေ ခင်မင်တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို တစ်ယောက်ချင်း နှုတ်ဆက်နေမိတယ်။

အဲဒီညကတော့ လုံးဝ အိပ်မပျော်တဲ့ညပါပဲ။

*

ကားဆရာကို ကျိတ်မှာထားတဲ့အတိုင်း မန္တလေးအဝင် ကျောက်ဆစ်တန်းမှာ ကားကို ခဏရပ်ပေးတယ်။ ရပြီ၊ ဒီနေရာက နေအိမ်ကို ခြေကျင်လျှောက်ပြန်ရုံပဲ။ ကားလည်းရပ်ရော အနားမှာရှိတဲ့ မိတ်ဆွေတွေအားလုံးကို နှုတ်ဆက်လိုက်တယ်။ ကျွန်တော်ဆင်းနေရစ်မှာကို သူတို့က ကြိုမသိကြဘဲကိုး။ ဒီတော့ အံ့သြကုန်ကြတာပေါ့။ နှုတ်ဆက်သံတွေက စည်စည်ညံနေတော့ နံဘေးအိမ်တွေ၊ ပလက်ဖောင်းပေါ်က လူတွေပါ ဝိုင်းကြည့်ကုန်တာပေါ့။ ဆပ်ကပ်သမားတွေ ကျွန်တော့်အပေါ်မှာ စေတနာမေတ္တာ ဘယ်လောက်တောင် ထားကြတယ်၊ အတိုင်းအတာတစ်ခုအထိ သံယောဇဉ်ရှိကြတယ်ဆိုတာ အခုလို ခွဲရခါနီးလို့ နှုတ်ဆက်ကြတော့ ပိုသိလာရတယ်လေ။

မျက်တောင်မွေးရှည်လေးကတော့ အပီအပြင် သရုပ်ဆောင်နေတယ်။ မှင်သေဖို့ သူ ကြိုးစားနေရှာတယ်။ ကျွန်တော် သူ့ကိုမကြည့်ဘဲ မနေနိုင်ဘူး။ ခမျာလေးလည်း တံတွေးတစ်ချက် မျိုချနေတာ တွေ့လိုက်ရတယ်။ မျက်တောင်မွေးရှည်ကြီးတွေ နှစ်ချက်သုံးချက် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး တစ်ဖက်ကို ဖွတ်လှည့်သွားတယ်။ အဲဒါ ကျွန်တော် နောက်ဆုံးမြင်လိုက်ရတဲ့ သူ့မျက်နှာလေးပါ။ တစ်ဖက်လှည့်ပြီး ဝိုင်းတင်ရဲ့ မျက်တောင်မွေးရှည်လေးတွေက ဘာတာဝန်တွေ ထမ်းဆောင်နေတယ်ဆိုတာ သူ့အနားထိုင်နေကြတဲ့ ဆန်းဆန်းအေးတို့၊ မော်မော်မြင့်တို့မှ သိမယ်။

ဆပ်ကပ်ကားပေါ်က လူတွေအားလုံး၊ အားလုံးဆိုပေမဲ့ ဟိုကောင်မလေးတစ်ယောက်ကလွဲလို့ အားလုံးက ကျွန်တော့်ကို လက်ပြနှုတ်ဆက်ကြရင်း မတ္တရာဘက် ခရီးဆက်သွားကြပြီး လမ်းနံဘေးမှာ ကျွန်တော်တစ်ယောက်တည်း မတ်တတ်ရပ်ကျန်ရစ်တယ်။ ဆပ်ကပ်ကား မြင်ကွင်းထဲက ပျောက်မှ ခြေလှမ်းစရွေ့တယ်။ နေရာက တစ်ဖဝါးရွေ့ဖို့ အတော်အားစိုက်ရတာပါလား။

*

အိမ်ပြန်ရောက်ပြီးစ တစ်ရက်နှစ်ရက်မှာ နေသားမကျသေးဘူး။ သုံးလေးရက်ရှိမှ နည်းနည်းနေသားတကျ ဖြစ်လာတယ်။ အိမ်ရောက်လို့ အဝတ်ဟောင်းတွေ လျှော်စရာရှိတာတွေထုတ်၊ သိမ်းစရာရှိတာတွေ သိမ်းဖို့ လက်ဆွဲအိတ်ကို ရှင်းတော့ စာအိတ်တစ်လုံးပါလား။ ဘားပြာစက္ကူနဲ့ လုပ်ထားတဲ့ ရောင်းတမ်းပေးစာအိတ်လေး။ စာအိတ်ပေါ်မှာ ဘာမှရေးမထားဘူး။ စာအိတ်က ကော်နဲ့ပိတ်ထားပေမဲ့ စာအိတ်မှာပါတဲ့ ကော်ကကပ်တဲ့နေရာက နည်းနည်း၊ မကပ်တဲ့နေရာက များနေတယ်။ ဒါနဲ့

အလိုက်သင့် ဖွင့်လိုက်တော့ ဓာတ်ပုံလေးတစ်ပုံ။ ဝိုင်းတင်ရဲ့ ဓာတ်ပုံ။ ဒီကောင်မလေး ဘယ်အချိန်က ဒီလက်ဆွဲအိတ်ထဲ လာထည့်သွားပါလိမ့်။ စဉ်းစားမရဘူး။

နယ်လှည့်ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ ရိုက်ထားတဲ့ ဓာတ်ပုံလေး။ ကြည့်ရတာ ကျွန်တော်က အောင်မြေလို့ ကြွေးကြော်ခဲ့တဲ့ မြို့ထောင့်စေတီပွဲမှာပဲ ရိုက်လိုက်ပုံပေါ်တယ်။ ရှေးဦးဆူပါကပ် ၅၀ စီစီ ဆိုင်ကယ်အနီလေးပေါ်မှာ မျက်တောင်မွေးရှည်လေးက သူ့ဆီမှာရှိတဲ့ အကောင်းဆုံး အဝတ်အစား၊ ဒါမှမဟုတ် သူ့လုပ်ဖော်ကိုင်ဖက်တွေရှိတဲ့အထဲက သူအကြိုက်ဆုံး အဝတ်အစားတွေ ဆင်ယင်ပြီး ရိုက်ထားတယ်ထင်ရဲ့။ တီရှပ်စိမ်းပြာလေးနဲ့ ထဘီက အဝါခံမှာ အနီပွင့်တွေနဲ့။

ဓာတ်ပုံရဲ့ နောက်ခံပန်းချီကားက ပင်လယ်ပြင်နောက်ခံနဲ့ သဲသောင်ပြင်မှာ ဆိုင်ကယ်ရပ်ထားတဲ့စတိုင်လ်။ အုန်းပင်တွေ တန်းစီလို့။ ထိန်နေတဲ့ နေလုံးကြီးနဲ့ လှိုင်းခေါင်းဖြူသေးသေးလေးတွေ ကမ်းကို ဦးတည်လာနေတဲ့ပုံပါ။ မျက်တောင်မွေးရှည်လေးက သူ့ရဲ့လှပတဲ့ လက်မောင်းအစုံက ဆိုင်ကယ်လက်ကိုင်ကို ကိုင်ထားရင်း ကင်မရာဘက် လှည့်ကြည့်နေတဲ့ပုံ။ ဆံထုံးက သူနဲ့လိုက်ဖက်တယ်လို့ ကျွန်တော် ပြောဖူးတဲ့ ဆံထုံးပုံစံလေးနဲ့။ အပြုံးကတော့ ကြိုးစားပြုံးနေတဲ့အပြုံး။ ပင်ကိုအပြုံးမဟုတ်ဘူး။ ကင်မရာကိုကြောက်လို့ ဟက်ဟက်ပက်ပက် မပြုံးနိုင်တာလား၊ ဒါမှမဟုတ် စိတ်ထဲမှာ ဖိစီးမှုတစ်ခုခု ရှိရှာလေသလား မသိ။ အံမယ် နောက်ကျောမှာလည်း ပဲပင်ပေါက်ကွေး လက်ရေးနဲ့ စာရေးလိုက်သေးတယ်။

"မလှပေမဲ့ ဆရာတွက် ထာရဝ၊ ဝိုင်းတင်မ"တဲ့။

ကောင်မလေးက 'ထာဝရ'လို့ ရေးချင်ပေမဲ့ တကယ်ရေးတော့ 'ထာရဝ'တဲ့။ နောက်ပြီး ဆိုင်ကထည့်ပေးလိုက်တဲ့ နဂ္ဂတစ်ပါ ကျွန်တော့်

ကို ပေးလိုက်ရှာတယ်။ ကောင်မလေးရေ ညည်းသိပ်အတာပဲ။ ဒီနဂ္ဂတစ်က ငါ့ကိုပေးစရာမလိုဘူး။ နင်သိမ်းထားရမှာ။ နောင် ခာတ်ပုံကူးချင်ရင် ဒီနဂ္ဂတစ်နဲ့ ထပ်ပြီးကူးလို့ရတယ်။ ဒီလို 'အ' လို့ ငါ နင့်ကို လိုက်ခဲ့ဖို့ ခေါ်ခဲ့တာပဲ မျက်တောင်မွေးရှည်လေးရေ။

*

နေသားကျတယ်ဆိုပေမဲ့လည်း စိတ်ကတော့ မတ္တရာကိုချည်းရောက်နေတော့တယ်။ ပန်းချီကားရေးဖို့ ပြင်ဆင်ရင်လည်း သတိရမိတယ်။ ပုံကြမ်းစာအုပ်ကို လှျောက်လှန်လှောကြည့်မိတယ်။ ပုံကြမ်းစာအုပ်ထဲက ပုံတွေကို ရေးချင်စိတ်မပေါ်ဘူး။ ဒါနဲ့ စာရွက်အလွတ်တွေပေါ်မှာ မျက်တောင်မွေးရှည်လေးရဲ့ပုံတွေ ရေးပစ်လိုက်တယ်။ ပုံတွေကကောင်းလိုက်တာ။ တူလိုက်သမှ ကောင်မလေးနဲ့ တစ်ထေရာတည်း။ နောက်ဆုံးည အလှဆုံးမျက်နှာလေးတောင်မှ ပါလိုက်သေးတယ်။ ဒီပုံကောင်းတွေ အနားပတ်ပတ်လည်ချထားပြီး ကင်းဗတ်ပေါ်မှာ မီးသွေးချောင်းနဲ့ ပုံကြမ်းတစ်ပုံ ရေးလိုက်တယ်။ ရေးရင်းခြစ်ရင်းနဲ့ ကြက်သီးတွေထလာမိတယ်။ ဟုတ်တယ်၊ ဒီပုံပဲ။ ကျွန်တော့်အာရုံထဲမှာ စွဲနေတာ ဒီမျက်နှာလေး။ ဒီအာရုံကို အမိအရ ဆေးရောင်သွင်းမှ။

ပြည့်ဖြိုးဖြိုး လက်မောင်းအလှပိုင်ရှင်ရဲ့ လက်မောင်းကနေ တံတောင်ဆစ်နားထိ ရေးခြစ်လိုက်တယ်။ လက်မောင်းပေါ်က ဓားဒဏ်ရာတွေတော့ မပါစေရဘူး။ မျက်နှာက တည်တည်ကြည်ကြည်ရဲရင့်တဲ့ မျက်နှာလေး။ လူစားဝင်ပြီး ဓားအပေါက်ခံနေတုန်းက မျက်နှာ။ ပုံကြမ်းရေးတုန်းက မရဘဲ ကင်းဗတ်ပေါ်ကျမှ ဒီမျက်နှာကို ရတယ်။ ဖြောင့်စင်းတဲ့ နှာတံလေး၊ ရှည်ပြီးကော့နေတဲ့ မျက်တောင်မွေးတွေ၊ ထူထဲတဲ့ နက်မှောင်တဲ့ မျက်ခုံးမွေးတစ်စုံ၊ သူ့ချစ်စရာနှုတ်ခမ်းထူတွဲတွဲ

လေးကို ကျွန်တော်က အလွတ်ရနေပြီလေ။ ပါးအိုးဖောင်းဖောင်းလေး၊ နက်မှောင်နေတဲ့ ဆံစတွေက လေပြင်းတိုက်နေတဲ့ဘက် မျက်နှာမူထားသလို။ တချို့ဆံစတွေက လေထဲမှာလွင့်လို့။ ဘော်ကြယ်တွေနဲ့ ဝင်းလက်နေတဲ့ သူ့ကိုယ်ကျပ်အင်္ကျီလေး ဝတ်လို့။

ဆေးရောင်သွင်းဖို့ အရောင်တွေလည်း စိတ်ကူးပေါ်ပြီးကာမှ ငါးကြီးဆီလည်း မရှိ၊ လင်းစေ့ဆီလည်း မရှိပြန်ဘူး။ ခက်တာပဲ။ တာပင်တိုင်တစ်မျိုးတည်း ရှိတယ်။ ရေးချင်စိတ်ကလည်း အတော်ကို ပြင်းပြနေပြီ။ ကိုင်း မတတ်နိုင်ပါဘူး။ ဖြစ်ချင်ရာဖြစ်ပစေကွာ၊ မျက်တောင်မွေးရှည်လေး ထည့်ပေးလိုက်တဲ့ ကျားဆီနဲ့ တာပင်တိုင်နဲ့ပဲ ပန်းချီကားကို ရေးပစ်လိုက်တယ်။ ဆီဆေးတောင့် အနီအုပ်စုကို မြင်တော့လည်း သူ့ကို သတိရမိပြန်ရော။

စိတ်ပါလက်ပါရေး၊ စိတ်ဝင်တစား ခြယ်လိုက်တော့ မျက်တောင်မွေးရှည်လေးရဲ့ ပုံတူက ဘာကြာလိုက်လို့လဲ။ သုံးနာရီကျော်ကျော်လောက်ပဲ ထင်တယ်။ ဟိုးအရင်က ရေးဖူးတဲ့ ပုံတူပန်းချီကားတွေထက် ဒီပုံကမြန်တယ်လေ။ ကျွန်တော်ရေးဖူးသမျှ ပန်းချီကားတွေထဲမှာ ဒီကားလောက် အသက်ပါပြီး ရေးရတာ အရသာရှိတဲ့ကားမျိုး မကြုံဖူးဘူး။ ကြည့်လို့ မဝတဲ့ကား။ စိတ်တိုင်းအကျဆုံး ပန်းချီကား။ ရေးပြီးတော့ ပီတိတွေ တစ်လှေကြီး ခံစားရတဲ့ ပန်းချီကား။ ဒီပီတိမျိုးကလည်း ရခဲမှု။ ကျွန်တော်ရဲ့ အပြောင်မြောက်ဆုံးလက်ရာပဲ ဆိုပါတော့။ ဒီပန်းချီကားရေးပြီးတော့ နောက်ထပ်ပန်းချီကားတွေ တော်တော်နဲ့ မရေးချင်တော့ဘူး။

*

တစ်မနက်တော့ ပန်းချီကျောင်းအုပ်ကြီး ဆရာဝင်းနဲ့ ဆရာပေါ်ဦးသက်တို့နှစ်ယောက် တွဲပြီး အိမ်ကို မလာစဖူး အလာထူးကြတယ်။ ဆရာဝင်းက သူလက်ခံထားတဲ့အလုပ်တွေ မနိုင်မနင်းဖြစ်နေရင် ကျွန်တော့်ဆီ ပေါက်ချလာတတ်တယ်။ အခုလည်း ဘာများခိုင်းစရာရှိတယ်မသိဘူး။ ဆရာပေါ်ဦးသက်ကတော့ သူရေးတဲ့စာအုပ်အဖုံးမှာ စာလုံးရေးစရာရှိရင် လာခိုင်းတတ်တယ်။ ကျွန်တော့်ဆီကအပြန်မှာ သူတို့နှစ်ယောက် အမရပူရတောင်လေးလုံးဆရာတော် ဦးပညာဇောတကို သွားကန်တော့ကြမလို့တဲ့။

ဆရာပေါ်က စားပွဲပေါ်တင်ထားတဲ့ မျက်တောင်မွေးရှည်လေးရဲ့ ပုံတူကို မြင်တော့ သေသေချာချာ ကြည့်နေတယ်။ ဆရာဝင်းကလည်း ပါးစပ်ကသာ ကျွန်တော်နဲ့ အလုပ်စကားပြောနေတာ မျက်စိက ပန်းချီကားဆီ ခဏခဏရောက်နေတယ်။

"ခင်ဗျား ရေးတာလား"

"ဟုတ်ပါတယ် ဆရာပေါ်"

"တယ်ကောင်းပါလား၊ ဘယ်ကကောင်မလေးလဲ၊ ကောင်မလေးကြည့်ရတာ ကျားပျိုမလေးတစ်ကောင်လိုပဲ"

"ကျွန်တော်လည်း သတ္တိခဲမလေး၊ အာဂချာတိတ်မလေး တစ်ယောက်လို ခံစားမိတယ်"

ဆရာဝင်းက ထင်မြင်ချက် ဝင်ပေးပြန်တယ်။ သူတို့စကားတွေကြားရတော့ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတွေ ထလို့-

"ဒီပန်းချီကားကို ကျားဆီနဲ့ ရေးထားတာ ဆရာပေါ်"

"ဗျာ... ကျားဆီ... ဟုတ်လား၊ ကြဲကြဲဖန်ဖန်၊ ကြက်သီး ထလိုက်တာဗျာ"

ဆရာနှစ်ယောက်ရဲ့ မျက်နှာတွေဟာ တည်ကြည်ဝင်းပတဲ့ အပြုံး

ကိုယ်စီနဲ့ ကျွန်တော့်ကို ကြည့်နေကြတယ်။

ကျွန်တော့်ခေါင်းပေါ်မှာ ဆရာဝင်းနဲ့ ဆရာပေါ်ဦးသက်တို့ ချီးမြှင့်တဲ့ သံလွင်ခက်သရဖူတစ်ခု ရှိနေသလို ခံစားနေရတယ်။

ရွှေအမြုတေမဂ္ဂဇင်း ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာ၊ ၂၀၀၀ ပြည့်

❑

# မီးမှူကျ အရိပ်အာဝါသ

■ ညီပုလေး

နာမည်ရင်းက 'ဦးမောင်ကို' ပါ။ ဒါပေမဲ့ လေးစားကြတာကြောင့်ရော၊ အသက်အရွယ်ကြောင့်ရော လူအများစုက 'ဘကြီးကို' လို့ ခေါ်ကြတယ်။ ဩဇာလေးလည်း ရှာနဲ့ ရှာဝန်းကျင်မှာ အတော်ရှိတယ်လေ။ ပိုက်ဆံနဲ့ ဩဇာတွဲလျက်ရှိနေတဲ့ ဘကြီးကိုပေါ့။ အရင်ကတော့ ပိန္နဲကုန်းမှာ ဘကြီးကိုကို ဟော့ကောင်မောင်ကို၊ ဟော့ ... ဖိုးကိုလို့ ခေါ်တဲ့သူတွေရှိတယ်။ သက်တူရွယ်တူ မတိမ်းမယိမ်း သူငယ်ချင်းတွေပေါ့။

တချို့ အသက် ဉာဏ်မစောင့်တာပဲ ထင်ပါရဲ့။ ဘကြီးကိုရဲ့ ခေတ်ပြိုင်တွေ တစ်နှစ် တစ်ယောက်နှစ်ယောက် ပြုတ်ပြုတ်ကုန်ကြတယ်လေ။

အများစုက ဘကြီးကိုနဲ့ သောက်ဖော်စားဖက်တွေ။ တချို့လည်း ပုလင်းမဖက်၊ တရားဖက်ကြတာပဲ။ ဒါပေမဲ့ သူ့ကံနဲ့သူ လာကြတယ် ထင်ပါရဲ့။ ဘုန်းကြီးပြီး သက်မရှည်ကြဘူး။ ဦးထွန်းပေါ်တို့၊ ဦးဘခွေးတို့ ဆိုရင် ဘုန်းလည်းမကြီးဘူး။ အသက်လည်း မရှည်ကြဘူး။

ဘကြီးကိုက အသက်ဉာဏ်စောင့်တဲ့အထဲမှာ ပါတယ်။ အသက် ၆၀ သာ ကျော်လာရော။ ခပ်ပျော်ပျော်ပဲ နေတယ်။ သူ့မှာ နာမည်ကျော်

ကဗျာဆရာကြီးလို ရန်သူမရှိ၊ မိတ်ဆွေသာရှိ ဆိုတဲ့လူမျိုး။ အသက် ဘယ်လိုဉာဏ်စောင့်သလဲဆိုတော့ သူ ဖတ်ဖူးတဲ့အထဲမှာ ပါတယ်။ ဆရာကြီးရွှေဒေါင်းစာ ထင်ပါရဲ့။ အရက်ကို လူကြီးလူကောင်း သောက် သလိုသောက်တယ်။ သူ့မှာ လစ်မစ်ရှိတယ်။ နေ့တိုင်းသောက်တယ်။ ဒါပေမဲ့ သူ့လစ်မစ်သုံးပက်ထက် မကျော်ဘူး။ ညနေတိုင်း သုံးပက်ပဲ။ ဘယ်သူနဲ့ တွဲသောက်လို့မှ သုံးပက်ထက် မပိုဘူး။ ချော့တိုက်လည်း မသောက်၊ မြှောက်ပင့်ပြောလည်း မသောက်ရေးချ မသောက်ဘဲ။

ဘကြီးကိုက မုဆိုးဖို၊ ဇနီးသည်ဒေါ်ပျော့ ဆုံးသွားတော့ ဒေါ်ပျော့ ဘက်က ပါတဲ့ လယ်လေးယာလေး သူ့ရလိုက်တယ်။ သူ့မှာလည်း ယာလေးလယ်လေးက ရှိပြီးသား။ ဒေါ်ပျော့ ဆုံးတော့ ဒေါ်ပျော့လည်း အရွယ်ကောင်း၊ ဘကြီးကိုလည်း အရွယ်ကောင်း ၄၀ သာသာတွေ။ နွားတွေ၊ ကျွဲတွေ၊ ဆိတ်အုပ်တွေနဲ့။ ပိန္နဲကုန်းသာမက ရောက်တောတို့၊ ပိတောက်စုတို့ ရွာနီးချုပ်စပ်က အပျိုကြီးတွေ၊ တစ်လင်ကွာတွေ၊ မုဆိုးမတွေ ဘကြီးကို့ကို ပြစ်မှားမယ်ဆို ပြစ်မှားစရာပေါ့။ ပြီးတော့ ဘကြီးကိုတို့မှာ သားထောက်သမီးခံမှ မရှိဘဲ။ တချို့က သူပိုင်ဆိုင် တာတွေ တိမ်သလ္လာခံပြီး မုဆိုးဖိုလို့တောင် တချို့သမီးရှင်တွေက မအောက်မေ့ကြဘူး။

ဒေါ်ပျော့ ဆုံးလို့ အရက်တွေ နေ့တိုင်းသောက်နေတာ မဟုတ် ပါဘူး။ မဆုံးခင်ကတည်းက သောက်ခဲ့တဲ့သူလေ။

နိုင်ငံခြားအရက် ကောင်းပေ့ဆိုတဲ့ ဝီစကီဝယ်ပြီး အိမ်မှာသောက် နိုင်တယ်။ သောက်နိုင်တဲ့ အခြေအနေရှိတယ်။ တားမယ့်သူ၊ ကြောက် ရမယ့်သူမှ မရှိတာ။ ဒါပေမဲ့ မသောက်ဘူး။ ဆိုင်မှာ သောက်တယ်။ ပြီးတော့ ကိုယ်တိုင် ချက်သောက်မယ်ဆိုရင်လည်း သူ ကောင်းကောင်း ချက်တတ်တယ်။ ထန်းလျက်တွေ၊ ထနောင်းခေါက်တွေ၊ ကောက်ညှင်း

တွေ သူအလုမ်းမီတယ်။ ကူညီချက်ပေးကြမယ့် တပည့်လက်သားတွေ လည်း ရှိတယ်။ အရက်ကို လက်ညှိုးနဲ့ တို့၊ စားပွဲပေါ်မှာ ကကြီး အက္ခရာရေး၊ ပြီးရင် မီးခြစ်နဲ့ ခြစ်လိုက်။ ကကြီးမီးတောက်လေးရရော။ ဒါမျိုး ချက်သောက်ချင်သလား။ ဖြစ်တယ်။

အရင်ကတော့ ရွာထဲကဆိုင်တွေလှည့်ပြီး ကြုံရင်ကြုံသလို သောက်တာပါပဲ။ နောက်တော့ ဘကြီးကို မူပြင်လိုက်တယ်။ လူခင်လို့ မူပြင်လိုက်တာ။

အိမ်မှာဝယ်သောက်လည်း ရတယ်။ ဘယ်သူ့မှလည်း ဂရုစိုက် စရာမလိုတဲ့ ဘကြီးကို နှစ်နှစ်ကျော်ကျော်လောက်ရှိပြီ။ တစ်ဆိုင်တည်းပဲ သတ်သတ်မှတ်မှတ် သောက်တော့တယ်။ ရွာအရှေ့ပိုင်း ကျော့ကျော့ခင် ရဲ့ ဆိုင်ပေါ့။ နေပူပူ၊ မိုးရွာရွာ ကျော့ကျော့ခင်ဆိုင်မှာ သွားထိုင်မယ်။

"ငါ့အတွက် ပေးစမ်းဟေ့၊ ကောင်မလေး အမြည်းဘာရှိသတုံး" ဒါ ဘကြီးကို နေ့စဉ်ပြောနေကျစကား။

ကျော့ကျော့ခင်ကလည်း ဘကြီးကို မနိုင်းပေမဲ့ ဘကြီးကို သောက်နေကျ သီးသန့်ခွက်ထဲ သုံးပက် ထည့်ပေးမယ်။

ရွာက ကာလသားတွေကရော ဘကြီးကိုထက် နည်းနည်းငယ် ကြတဲ့ ၅၀ ကျော် ၆၀ တွင်းတွေကရော မြွေမြွေချင်း ခြေမြင်ကြတယ်။ ဘကြီးကို ကျော့ကျော့ခင်ကို သမာဓိပိုး ပိုးနေတယ်ဆိုတာ ရိပ်မိကြတယ်။ တချို့က ဗေဒင်မေး ဆန်ကုန်သတဲ့။ အတပ်သိတာပေါ့တဲ့။

တချို့ မိတ်ဆွေအပေါင်းအသင်းတွေကလည်း ဘာရယ်မဟုတ် ပါဘူး။ စကားအဖြစ် ပြောတတ်ကြတယ်။ ရာသီဥတုကလည်း ပူပါဘိ နဲ့။ ကျွန်တော်သာ ဘကြီးကို နေရာမှာဆို အိမ်မှာတင် ဝီစကီ နေ့တိုင်း သောက်နေမှာ။ ဘရန်ဒီတွေ နေ့တိုင်းသောက်မှာ။ ဘကြီးကိုမို့ ခြေ အညောင်းခံလို့။ ဟိုနှယ် ဒီနှယ် ပြောကြတယ်။

ပြောကြတဲ့လူတွေ၊ ငေါ့ကြတဲ့လူတွေ ဘယ်လိုပြောကြ ငေါ့ကြ ပစေ။ မမှုဘူး။ ဂရုမစိုက်ဘူး။ ဘကြီးကိုရဲ့မူကို ပြင်လောက်အောင်လည်း လူက ခင်စရာကောင်းနေတယ် ဟုတ်လား။

ကျော့ကျော့ခင်ဟာ ရှိရင် သူ့သမီး အငယ်ဆုံးလောက် ရှိမှာ။ ၂၀ ကျော်ကျော် အစိတ်တောင် မပြည့်သေးဘူး။ ခါပင်အုံကောင်း ကောင်း၊ မျက်တောင်ကော့ကော့နဲ့ အလုံးအဖန်ဖွံ့ဖွံ့၊ အရပ် ငါးပေငါး လက်မဆိုတာ မြန်မာမထဲမှာ မြင့်တဲ့အထဲပါတယ်။ ရွှေဘိုသူ ဝင်စား သလား၊ မွန်အမျိုးသမီးတစ်ယောက် ဝင်စားသလား တစ်ခုခုပဲ။

အဖေရော အမေရော မရှိကြတော့။ ဦးလေးနဲ့ အဒေါ်ဆိုင်မှာ ကူညီလုပ်ကိုင်ပေးနေတာ။ ကျော့ကျော့ခင်ကြောင့် သူတို့စားသောက် ဆိုင်လေး ရောင်းရပါရဲ့။ ဒါပေမဲ့ ဘကြီးကိုကြောင့် သိပ်မရောင်းရတာ။ နို့မို့ရင် ဒီထက်ရောင်းရမှာလို့ အပြစ်တင်ကြသူတွေလည်း ရှိရဲ့။ မနာလို လို့ ပြောကြတာတွေပေါ့။

ဘကြီးကို ဒီဆိုင်ကိုလာရင် သူထိုင်နေကျ နေရာမှာပဲ ထိုင်တယ်။ ဆိုင်ရှင်တွေကလည်း အချိန်တန်ရင် ဘကြီးကို နေရာမှာ ဘယ်သူမှ မထိုင်ရအောင် ရှင်းပေးထားကြတယ်။ နေ့စဉ် ပုံမှန်လာသောက်တဲ့ ဖောက်သည်လေ။ ပြီးတော့ ဒီဖောက်သည်က နှစ်ချီပြီးသောက်တဲ့ ဖောက်သည်။ ကျော့ကျော့ခင်ဦးလေးနဲ့ အဒေါ်တို့ကလည်း ဘကြီးကို ဘာလို့ လာသောက်နေတယ်ဆိုတာ ရိပ်မိကြတယ်။ ပြောကြစို့။ လာ မသောက်မှာကို စိုးနေတာ။ ပြောပြီးကော ပိန္နဲကုန်းက တချို့အပျိုကြီးတွေ ဘကြီးကိုကို စိတ်ကူးနဲ့ ဘူကြီး ရိုက်နေကြတာ။ လက်တွေ့ ရိုက်ကြည့်ရင် သူတို့ ဘူကျကုန်မှာ။

ပိန္နဲကုန်းကတင် မကပါဘူး။ ရှောက်တောရော၊ ပိတောက်စုက အပျိုတွေလည်းပါ၊ မုဆိုးမ တစ်လင်ကွာတွေလည်း ပါတယ်။ ဒေါ်ပျော့

ထားခဲ့တဲ့ စတီလက်ကောက်တွေ ပြစ်မှားကြ၊ ဘကြီးကိုနဲ့ ဒေါ်ပျော့တို့ အိပ်ခဲ့ကြတဲ့ ကနုတ်တွေနဲ့ ထွင်းထားတဲ့ ကျွန်းသားခုတင်ကြီးပေါ် စိတ်ကူးနဲ့ အိပ်ကြည့်ကြ။ စိတ်အားရှိတိုင်း ဘကြီးကိုနဲ့ သုံးချပ်တစ်ထွေ၊ လေးချပ်တစ်ထွေ ခင်းနေကြတာ။ သူတို့ခမျာ သနားပါတယ်။ စိတ်ကူးနဲ့ ဘေားစိပ်ပြီး ရင်ခုန်နေကြတာ။

နေစောင်းရင် ရေမိုးချိုးကြမယ်။ တပည့်ကျော်သာအောင် ပြန့်နေအောင် တိုက်ပေးထားတဲ့ ရှပ်အင်္ကျီနဲ့ ပုဆိုးမီးပူကျ ဝတ်မယ်။ ချွေးနံ့ ပျောက်ဆေး နှစ်ချက်သုံးချက်စီ ချိုင်းကြားပွတ်မယ်။ ပြီးရင် ဆံပင်ကို ကျကျနန ဖြီးမယ်။ တပည့်ကျော်က ကတ္တီပါသဲကြိုးတွေကို ဘရပ်ရှ်နဲ့ ကျကျနန တိုက်ထားတဲ့ ဖိနပ်ကို ကောက်စွပ်မယ်။ ပြီးရင် ရွာရှေ့ပိုင်းကို ချီတက်ပြီ။

သူထိုင်နေကျနေရာမှာ ထိုင်တယ်။ ဆိုင်ထဲမှာ ဘယ်သူတွေ ရှိသလဲ မသိမသာ အကဲခတ်မယ်။ လူစိမ်းရှိခဲပါတယ်။ စပါးပွဲစား၊ ပဲပွဲစားတချို့ စပါးဝယ်၊ ပဲဝယ်လာရင်း ဝင်သောက်သူရှိမယ်။ ဆိုင်နားမှာရပ်ထားတဲ့ လှည်းနဲ့ နွား မြင်ကတည်းက၊ မော်တော်ဆိုင်ကယ် မြင်ကတည်းက ညှော်သည် အစိမ်းအကျက် ဘကြီးကို သိတယ်။ ချိုးသိမ်း ငှက်များလိုပဲ ကိုယ့်ပိုင်နက်ထဲ ဒီပြင်ချိုးသိမ်း ဝင်လာရင် သိတယ် ဆိုတာမျိုး။

သူထိုင်နေကျနေရာက လက်ဖက်သုပ်တို့၊ ဟင်းပွဲတို့ ပြင်တဲ့ ကျော့ကျော့ခင်လေးရဲ့ ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး မြင်ရတဲ့နေရာ။ ပြီးရင် "ငါ့အတွက် ပေးစမ်းဟေ့ ... ကောင်မလေး အမြည်းဘာရှိတုံး" ဒါဆိုရင် ဘကြီးကို မလာခင် နာရီဝက်လောက်ကမှ ရေမိုးချိုး ဖြီးလိမ်း ပြင်ဆင်ထားသူလေးက ဘိလပ်ရည်ပုလင်းထဲမှာ အရက် သုံးပက် ထည့် ယူလာမယ်။ ပြီးရင် ကောင်မလေးက ဒီနေ့ ရနိုင်တဲ့အမြည်းတွေ ပြော

မယ်။ ဘကြီးကို ခေါ်တောကျကျ မကြည့်ပါဘူး။ တစ်ချက် လှမ်းကြည့်ပြီး စိတ်မဝင်စားသလို နေလိုက်တာပါပဲ။ ပြီးမှ ပဲလှော်ကြော်တစ်ပွဲလို့ မှာချင်မှာမယ်။ အမဲပုဆိုးကြမ်းတစ်ခွက်လို့ မှာချင်မှာမယ်။

သူ့အသက်အရွယ် ဒီပြင်လူတွေ သွားမကောင်းကြတော့လို့ ဒါမျိုး ဘယ်မြည်းကြလိမ့်မလဲ။ ဒါပေမဲ့ ဘကြီးကိုရဲ့ သွားတွေက သူများ တကာထက် ကောင်းတုန်း။ ဒါကြောင့် အရွယ်တင်တယ်လို့ ပြောကြတာပဲ။

တစ်ချက်လှမ်းကြည့်ပြီး အမြည်းလာချတဲ့အခါ "မကျော့ နင် ဒီနေ့လှတယ်" ဒီတစ်ခွန်းပြောမယ်။ ဒါ နေ့စဉ်ပြောတဲ့စကား။ ဘကြီးကို စကားရဲ့ အတိမ်အနက်ကို အပြုံးလေးနဲ့ တုံ့ပြန်လေ့ရှိတဲ့ ကျော့ကျော့ခင် ကလည်း သိတယ်။

တစ်ခါတလေတော့လည်း "မကျော့က ကျစ်ဆံမြီးအတုတ်ကြီးနဲ့ ကြည့်ကောင်းတယ်ဟေ့" ဆိုတာမျိုး ပြောတတ်တယ်။

မယ်ကျော့ရဲ့ စေတနာပါပါ သုံးပက်ကို ရေစွက်ပြီး ဖိမ်ဆွဲတော့ တာပါပဲ။ ပဲလှော်ကြော်ဖွန်းတစ်ဝက်နဲ့ ကျော့ကျော့ခင် အလှတစ်ဝက်နဲ့ ရောပြီး မြည်းတော့တာပဲ။ ဘကြီးကိုက ကျော့ကျော့ခင်လေးကို အေးမြတဲ့ သူ့အရိပ်အောက်မှာပဲ ကျော့ကျော့ရှင်းရှင်းလေး တစ်ဘဝလုံး နေစေ ချင်တာ။ ညနေ မိုးချုပ်ခါနီးမှ ကျသင့်ဖိုးငွေ ပေးချေပြီး ပြန်တယ်။

လူကြီးစိတ်ဝင်တဲ့အခါ ပြန်ခါနီး ဘာမှမပြောပါဘူး။ ကာလသား စိတ်ဝင်တဲ့အခါ မူးကလည်း နည်းနည်းလေးမူးတော့ မကျော့ခေါ်နေရာ က မိကျော့ ဖြစ်ရော ...။

"မိကျော့ ငမူးတွေကို အရောမဝင်နဲ့နော် ကြားလား" ဆိုတာမျိုး မှာတတ်တယ်။

"မိကျော့ နင့်ဦးလေးနဲ့ အဒေါ်ကို ပြောထားဦး၊ သိပ်သဘော

မကောင်းကြနဲ့၊ တော်တော် ဆိုင်မှာ အကြွေးကျလိမ့်မယ်"

ဒီလိုစကားမျိုးလည်း တစ်ခါတလေ ပြောတတ်တယ်။

ချစ်သူကို ပိုးပန်းကြတဲ့နည်း အမျိုးမျိုး ရှိလိမ့်မယ်။ လူပျိုလှည့်နည်း ဘယ်နှရာ ရှိပါလိမ့်။ နောက်ပိုးနည်း ဘယ်နှထောင် ရှိပါလိမ့်။

ဘကြီးကို လူပျိုလှည့်ပုံက အဆန်း။ ကျော့ကျော့ခင်ဆိုင်မှာ ရောင်းတဲ့ အရက်နဲ့ အမြည်းတွေအတွက် အရင်းအနှီးတွေ ဘကြီးကို ထုတ်ပေးထားတာ။ ပြီးမှ ကိုယ့်အရက်ကို ပြန်ဝယ်သောက်နေတာ။

ဘကြီးကို လူပျိုလှည့်ပုံက အဲဒီလိုမျိုး။

❑

## နက်စ်ကော်ပီ

■ နေဝင်းမြင့်

[ ၁ ]

ဇီးချဉ်ကုန်းဟာ နာမည်နဲ့လိုက်အောင် ဇီးချဉ်ပင်တွေ တောထနေတဲ့ ရွာကလေး။ အနီးဆုံးက ကျောင်းစုဆိုတဲ့ တိုက်နယ်အဆင့်ရွာနဲ့ကိုပဲ လေးမိုင်ကျော်ကျော်လောက် ဝေးတယ်။ ရေလည်းရှား၊ နေလည်းပူ၊ ဖုန်လည်းထူတဲ့ ရွာတစ်ရွာလိုပါပဲ။ သိပ်တော့မထူး။ ခေါင်တယ်၊ ဆင်းရဲတယ်၊ အိမ်ခြေနည်းတယ်။

ဇီးချဉ်ကုန်းကလူတွေဟာ ပစ္စည်းပစ္စယလေး ဝယ်ချင်လို့၊ ဥပုသ်သီတင်းလေး ဆောက်တည်ဖို့ မုန့်လေးပဲလေး စားစရာ သောက်စရာလေးဝယ်ချင်ရင် ကျောင်းစုကိုပဲ သွားရတယ်။ ရွာမှာက ဈေးရှိတယ်ဆိုရုံကလေးပဲ ရှိတာကိုး။

ဒါပေမဲ့ ရွာမှဖြစ်လာပြီဆိုတော့လည်း စက်ဘီးပြင်ဆိုင်ကလေးတစ်ဆိုင်ရှိတယ်။ ဆံပင်ညှပ်ဆိုင်ကလေးတစ်ဆိုင်ရှိတယ်။ ရွာသားတချို့စိုက်တဲ့ ကြံစိုက်ခင်းတွေ ရှိတော့ ကြံရည်ဆိုင်ကလေးတစ်ဆိုင် ရှိတယ်။ နောက် ပျစ်ချွဲချွဲ ချိုဖန်ဖန် အရသာရှိတဲ့ အုတ်နီခဲရောင် လက်ဖက်ရည်တစ်ခွက်တစ်ဖလား ရနိုင်တဲ့ လက်ဖက်ရည်ဆိုင်ကလေး ရှိတယ်။ ရွာ

အနောက်မှာ အကြော်ဆိုင်ကလေး၊ ထန်းရည်ခါးဆိုင်ကလေး ရှိတယ်။ ဒါပဲ။

ဧီးချဉ်ကုန်းရွာကို ရောက်လာတဲ့ ဧည့်သည်ဟာ ဆံပင်ညှပ်လို့ ရမယ်၊ စက်ဘီးပြင်ချင်ရင် ဖြစ်တယ်၊ ကြံရည်သောက်မယ်ဆိုရင် ငွေနှစ်ကျပ်လောက်နဲ့ ကြိုက်သလောက်သောက်နိုင်ခွင့် ရှိတယ်။ ထန်းရည်ခါး ကြိုက်ရင် ကိုလုံးထန်းတဲကို သွားနိုင်တယ်။ လက်ဖက်ရည်မှ သောက်ချင်ပြီဆိုရင် ကိုအီကွန်းဆိုင်ကို သွားထိုင်ဖို့ပဲ။

အခုပြောချင်တဲ့ကိစ္စက ကိုအီကွန်းဆိုင်အကြောင်းပဲ။ သည့်ထက် ပိုပြီး နည်းနည်းစိတ်ပြောရရင် ကိုအီကွန်းဆိုင်ရဲ့ လက်ဖက်ရည်ဖျော်ခုံ ဘယ်ဘက်ထောင့်က ကော်ဖီမှုန့်ထုပ်ကလေးအကြောင်းပဲ။

[ ၂ ]

သည်ကော်ဖီမှုန့်ကလေးကို ကိုအီကွန်း ဝယ်ထားတာ ကြာပြီ။ ဘယ်လောက်ကြာပြီလဲဆိုတာတောင် သူ မမှတ်မိတော့ဘူး။ ကြာတော့ ကြာပြီ။ ကြာဆို ဧီးချဉ်ကုန်းမှာ ကော်ဖီသောက်တဲ့လူဟာ ပြောရင် ယုံမလား မသိဘူး၊ တစ်ယောက်ပဲရှိတယ်။ အဲသည်လူနာမည်က ချန်ထွန်းအောင်လို့ခေါ်တယ်။ အရပ်ရှည်ကိုင်းကိုင်း၊ နှုတ်ခမ်းပြာပြာ၊ မုတ်ဆိတ်တွေ ထိုးထိုးထောင်ထောင်နဲ့ ကြွပ်ဆတ်ဆတ် မာကျောကျောရုပ်မျိုး။

သူဟာ မနက်တိုင်း ကိုအီကွန်းလက်ဖက်ရည်ဆိုင်ကလေးကို လာလေ့ရှိတယ်။ လာတိုင်းလည်း ကော်ဖီတစ်ခွက် မှာသောက်လေ့ရှိတယ်။ ကော်ဖီကို မက်မက်စက်စက်ကြီး ကြိုက်တယ်ဆိုတာ ချန်ထွန်းအောင်ပဲ။

ကော်ဖီတစ်ကျိုက်ကို အားရပါးရကြီးကျိုက်ချပြီးရင် ဆင်နှစ်ကောင်ဆေးပေါ့လိပ်ကို အားရပါးရ ဖွာတော့တာပဲ။ ပြီးရင် ကော်ဖီခွက်ထဲမှာ ခပ်မည်းမည်း ကျန်ရစ်ခဲ့တဲ့ ကော်ဖီနှစ်တွေကိုတောင် ရေနွေးနည်းနည်း

ထပ်ထည့်ပြီး ကျိုက်ချ၊ ပြီးရင် ဆေးလိပ်ဆက်ဖွာ၊ ပြီးရင် ရေနွေးကြမ်း နှစ်ခွက်လောက်သောက်၊ ပြီးရင် ကျို့တစ်ချက်လောက် ပြင်းပြင်းထိုးပြီးမှ ထပြန်လာတဲ့လူမျိုးကိုး။

အဲ... ညဘက်မှာတော့ လက်ဖက်ရည်ဆိုင်ကလေးက စောစောပိတ်တတ်တော့ ညဦးကတည်းက ကော်ဖီတစ်ခွက်ဝယ်ပြီး မသောက်သေးဘဲ နှပ်ထားတတ်တယ်။ အိပ်တော့မယ်ဆိုမှ အေးစက်နေပြီဖြစ်တဲ့ ကော်ဖီကို ကျိုက်ချ၊ အရသာခံပြီးမှ အိပ်တယ်။ ဒါမှလည်း အိပ်ပျော်တယ်။

ခက်တာက ကိုအီကွန်းရဲ့ဆိုင်ကလေးဟာ ဆိုင်ကြီးကနားကြီး မဟုတ်ဘူး။ ဆိုင်းဘုတ်တောင် သင်္ဘောဆေးထဲ လက်ညှိုးနှစ်ပြီး သွပ်ပြားပေါ် လက်ညှိုးနဲ့ပဲ ရေးထားတဲ့ ဆိုင်းဘုတ်ကလေးနဲ့ ဆိုင်မျိုးဆိုတော့ စဉ်းစားကြည့်ပေါ့။

ဇီးချဉ်ကုန်းရွာကလူတွေဟာ လက်ဖက်ရည်ဆိုင်ထိုင်တဲ့လူတွေ မဟုတ်ဘူး။ လက်ဖက်ရည်ယဉ်ကျေးမှုဟာ သူတို့ရွာကလေးနဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ အဲသည့်အချိန်က လက်ဖက်ရည်တစ်ခွက်ရဲ့ တန်ဖိုးဟာ ဘာမှမရှိပေမဲ့ ဘယ်သူမှ ဟုတ်တိပတ်တိ လက်ဖက်ရည်ဆိုင်ကျောက်ချ ထိုင်တာမျိုး မရှိဘူး။

မရှိဘူးဆိုပေမဲ့ တစ်ခုတော့ ပြောစရာရှိတယ်။ မရှိဘဲနဲ့ ကိုအီကွန်း ဘယ်သူ့ကို ရောင်းနေသလဲ။ မနက်ဘက် ဈေးဖွင့်ကလေးမှာ ခဏတစ်ဖြုတ် ဖြတ်သွားဖြတ်လာ မြင်းလှည်းဆရာတွေ သောက်တယ်။ ဆည်မြောင်းဘက်က ဝန်ထမ်းတချို့ သောက်တယ်။ ရွာထဲက နည်းနည်းပိုက်ဆံရှိတဲ့လူတချို့က တစ်ခါတလေ သောက်တယ်၊ ဧည့်သည်ရောက်တဲ့အိမ်က ထွက်ဝယ်တာရှိတယ်။ ဒါပဲ။ တစ်နေ့လုံးမှ ခွက် ၃၀ မပြည့်ဘူးဆိုတဲ့ ဆိုင်ကလေး။

နောက်တစ်ခုက ကိုအီကွန်းက လက်ဖက်ရည်တစ်မျိုးတည်း မဟုတ်ဘူး။ ဖုန်တသောသောတက်နေတဲ့ ဘီလပ်ရည်ကလေး၊ ဂျင်ဂျာဘီယာကလေး၊ ဝင်ကာနစ်ကလေးလည်း တင်ရောင်းတယ်။ တိုလီမုတ်စလေး စုံစီနဖာရောင်းတာလေးရှိတယ်။ ကိုအီကွန်းက ဒါနဲ့စားနေတာ။

ဒါပေမဲ့ ပြောခဲ့သလို တစ်နေ့ ခွက် ၃၀ လောက်က လက်ဖက်ရည်ဖြစ်နေတတ်ပြီး ကော်ဖီသောက်တာက ချန်ထွန်းအောင်ပဲ ရှိတယ်။ ကိုအီကွန်းက တိုက်နယ်ကြီးရှာကို ကုန်သွားချိန်ရင် ကော်ဖီမှုန့်တစ်ထုပ် ဝယ်ဝယ်လာရတာ ချန်ထွန်းအောင်ဖို့ပဲ။ တစ်ခါတလေ ကော်ဖီမှုန့်ထုပ်ကလေးဟာ မှိုတောင်တက်နေလောက်တယ်။ ကြာတော့ အနံ့အရသာတောင် မဲ့နေလောက်တယ်။ တစ်ခါတလေ တစ်ခါက ကော်ဖီမှုန့်ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ဂုဏ်သိက္ခာအနည်းအကျဉ်းကလွဲရင် ကော်ဖီမှုန့်ပါလို့ ပြောဖို့တောင် ခက်သလောက် အခြေအနေမျိုး။

ဒါပေမဲ့ ရတယ်၊ ချန်ထွန်းအောင်ကတော့ ရတယ်။ ကိုအီကွန်းဆိုင်မှာ ကော်ဖီတစ်ခွက်တလေ ရနေတာကိုပဲ ကျေးဇူးတင်နေတာ။ မနက်တစ်ခွက် ညတစ်ခွက် ကိုအီကွန်းဆိုင်က ကော်ဖီရနေသရွေ့ ဘဝဟာ ပြည့်စုံတယ်လို့ သူ တွက်ထားပြီးသား။ ကိုအီကွန်းကလည်း တရုတ်နှစ်သစ်ကူးတာတောင် မပိတ်တဲ့ဆိုင်ဆိုတော့ ညံ့ကာမှသာ ညံ့ရော။ ကော်ဖီကတော့ ရနေတာမဟုတ်လား။ သည်လိုနဲ့ ကိုအီကွန်းရဲ့ ခပ်ညံ့ညံ့ ကော်ဖီနဲ့ ချန်ထွန်းအောင် မိတ်ဆွေဖြစ်နေတာ နှစ်ပေါင်းများစွာ ကြာလာတယ်။

[ ၃ ]

တစ်နေ့ ချန်ထွန်းအောင်အိမ်ကို ဆည်မြောင်းက အလုပ်သမားလေးတစ်ယောက် ရောက်လာတယ်။ လက်ထဲမှာ ပလတ်စတစ်ခွက်

လေးတစ်လုံး ပါလာတယ်။

ချန်ထွန်းအောင်မိန်းမကတော့ တစ်ဖက်ခြံက ဆည်မြောင်းဗိုလ်တဲမှာ ထမင်းချက်လုပ်တဲ့ကောင်လေးမှန်း သိတယ်။ ကောင်လေးက ဘာမှ မပြောဘဲ ချန်ထွန်းအောင်ကို ရှာတယ်။

"ဟဲ့ လာ၊ မင်းဦးလေးရှိတယ်။ ဘာလဲ ပြောလေ"

"သည်မှာ ပေးခိုင်းလိုက်လို့"

"ဘာတွေလဲ"

"စားစရာပေါ့ဗျ၊ ဆည်မြောင်းဗိုလ်ကြီးမိန်းမက ပေးခိုင်းလိုက်လို့"

ဇီးချဉ်ကုန်းရွာသားတွေက ဆည်မြောင်းက အင်ဂျင်နီယာတွေကို ဆည်မြောင်းဗိုလ်ကြီးလို့ ခေါ်လေ့ရှိတယ်။ အင်္ဂလိပ်ခေတ်ကတည်းက ရှိတဲ့ ဆည်မြောင်းအင်ဂျင်နီယာတွေနေတဲ့ ဘန်ဂလိုကို ဗိုလ်တဲလို့လည်း ခေါ်လေ့ရှိတယ်။ ဗိုလ်တဲနဲ့ ခြံချင်းကလည်း ကပ်နေတော့ ခိုင်းစရာရှိရင် သူတို့လင်မယားကို ခေါ်ခိုင်းလေ့ရှိတာ။

သည်လိုပဲ မကြာခဏ ဟိုဟာလေး လာပေး၊ သည်ဟာလေး လာပေး လုပ်တတ်တာရှိတယ်။ သည်တစ်ခါတော့ ခွက်ကလေးတစ်လုံးနဲ့လာပေးတာဆိုတော့ ထူးဆန်းနေတယ်။ ဘာပါလိမ့်ပေါ့လေ။

သည်မှာတင် ချန်ထွန်းအောင်လည်း အိမ်ရှေ့ကို ထွက်လာတယ်။ ခွက်ကလေးတစ်လုံးနဲ့ ရပ်နေတဲ့ ကောင်လေးကို တွေ့သွားတယ်။

"ကာဖီလို့ ထင်တာပဲ။ ဗိုလ်ကတော်ပေးခိုင်းလို့"

သူတို့ရွာမှာ ကော်ဖီကို ကာဖီလို့ ခေါ်လေ့ရှိတယ်။ ဘာပဲဖြစ်ဖြစ် ကာဖီဆိုကတည်းက ချန်ထွန်းအောင် ဘာမှပြောမနေတော့ဘူး။ ခွက်လွတ်တစ်လုံး ထရှာပြီး လှယ်ယူလိုက်တယ်။ ကောင်လေး ပြန်သွားတော့ အိမ်ရှေ့ကွပ်ပျစ်မှာပဲ ဗိုလ်ကတော့်ကာဖီကို သောက်တယ်။

ကြည့်စမ်း၊ ဒါ ဘာကာဖီလဲ။ သည်ကာဖီမျိုး ဘယ်တုန်းက ပေါ်

နေတာလဲ။ ဘယ်လိုလူတွေက သောက်နိုင်တာလဲ။ သည်ကာဖီဟာ ဓီးချဉ်ကုန်းကို ဘယ်လိုရောက်လာတာလဲ။ သည်ကမ္ဘာပေါ်မှာ သည်ကာဖီမျိုး ပေါ်နေတာကို နှစ်ပေါင်း ၅၀ အတွင်းမှာ ဒါ သူ ပထမ သိလိုက်တာပဲ။

သူဟာ ကာဖီကို ကုန်သွားမှာစိုးတဲ့ပုံနဲ့ အာစွတ်ရုံပဲ သောက်လိုက်တယ်။ နှုတ်ခမ်းလေးစိုရုံပဲဆွတ်ပြီး လျှာနဲ့လျက်တယ်။ လျက်လိုက်တိုင်း လည်း သူ့တစ်ကိုယ်လုံးက အကြောအခြင်တွေဟာ ဖျဉ်းခနဲ ဖျဉ်းခနဲ အငွေ့တွေထွက်သွားသလို ခံစားနေရတယ်။

သူ့ရင်ထဲက မေးခွန်းတွေ စီကာစဉ်ကာ ဖြစ်ပေါ်နေပေမဲ့ သူ့မှာ အဖြေမရှိဘူး။ သူဟာ ကော်ဖီကုန်သွားတာတောင် ခွက်ကိုကိုင်ရင်း ငိုင် နေလိုက်တာ တစ်မနက်ခင်းလုံးပဲ။ ကိုအီကွန်းဆိုင်ကိုလည်း မသွားဖြစ် တော့ဘူး။ သည်မနက်တော့ သွားဖို့လည်း မလိုတော့ဘူးကိုး။

ကိုအီကွန်းဆိုင်မှာ နှစ်ပေါင်းများစွာသောက်လာတဲ့ ကော်ဖီဟာ လက်စသတ်တော့ အင်မတန်ညံ့ဖျင်းတဲ့ ကော်ဖီပါကလား။ မနက် တစ်ခွက်၊ ညဦးတစ်ခွက် ဝတ်မပျက်သောက်လာတဲ့ သည်ကော်ဖီဟာ လက်စသတ်တော့ အလွန်ဆိုးရွားတဲ့ အနံ့အရသာနဲ့ အော်ကလီဆန်ချင် စရာကောင်းတဲ့ ကော်ဖီမျိုးပါလား။ လူဆိုတာ နှိုင်းယှဉ်တတ်တဲ့သတ္တဝါ မဟုတ်လား။ လူမှာ ဆင်ခြင်တုံတရားဆိုတာ နည်းနည်းပါးပါးဖြစ်ဖြစ် ရှိတာပဲမဟုတ်လား။ ဒါပေမဲ့ ကိုအီကွန်းကို သူ အပြစ်တင်တာတော့ မဟုတ်ဘူး။ ကနေ့မနက် သောက်လိုက်ရတဲ့ ကော်ဖီမရှိခင်က ကိုအီကွန်း ကော်ဖီဟာ ကော်ဖီပဲမဟုတ်လား။ ကနေ့မနက်သောက်ရတဲ့ ကော်ဖီမျိုး ဟာ နေ့စဉ် ဘယ်မှာရနိုင်ပါ့မလဲ။ သူ တစ်ခုတော့ ဝမ်းနည်းသွားတယ်။ သည်မနက်သောက်လိုက်ရတဲ့ ကော်ဖီမျိုး နောင် သူ့ဘဝတစ်လျှောက် လုံး သောက်ရတော့မှာ မဟုတ်ပါလားဆိုတဲ့အသိကြောင့်ပဲ။

"ငါ ဗိုလ်တဲ သွားဦးမယ်ဟေ့၊ ဒါ ဘာကာဖီလဲ ငါ သွားမေးဦးမယ်"

သူ့မိန်းမကို အော်ခဲ့ပြီး ခွက်ကိုကိုင်ရင်းနဲ့ပဲ ခြံစည်းရိုးကိုကျော်ပြီး ဗိုလ်တဲဘက်ကို ထွက်လာတယ်။ ဆည်မြောင်းဗိုလ်ကြီးကိုတော့ မတွေ့ရဘူး။ မြောင်းကျိုးတဲ့ဆီကို သွားစစ်နေတယ်နဲ့တူတယ်။ ဗိုလ်ကြီးကတော်က ဧည့်သည်တွေအများကြီးနဲ့ စကားတွေပြောနေတယ်။ အထုပ်အပိုးတွေလည်း တွေ့ရတယ်။

"ဘာလဲဟေ့ ချန်ထွန်းအောင်"

သူ ဝင်လာတာတွေ့တော့ လှမ်းမေးတယ်။ ပထမတော့ ဧည့်သည်တွေရှိတော့ သူ မေးဖို့တွန့်သွားတယ်။

ဒါပေမဲ့ သူ မေးဖို့လာတာပဲ၊ မေးရတယ်။ ဒါ ဘာကာဖီလဲ သူ သိချင်နေတယ်မဟုတ်လား။

"ဪ... အခုန ငမှုန်လာပေးတာ ဘာကာဖီလဲလို့ပါ"

"ဪ... အေး၊ မင်း ကော်ဖီကြိုက်မှန်းသိလို့ဟဲ့ ငါ ပို့ခိုင်းလိုက်တာ။ အဖေတို့ မြို့ကပါလာတာ၊ နက်စ်ကော်ဖီလို့ ခေါ်တယ်"

"နတ်ကာဖီ"

"အေး၊ နတ်ကာဖီ"

ဟုတ်ပါပြီ၊ နတ်ကာဖီပဲ ဖြစ်ရမှာပေါ့။ နတ်များ၊ သိကြားများ သောက်တဲ့ ကာဖီဟာ နတ်ကာဖီပေါ့။ ချန်ထွန်းအောင် တော်တော်ပျော်သွားပုံလည်းရတယ်။ သည်ကာဖီတစ်ခွက်ဟာ သူ နှစ်ပေါင်း ၂၀ လောက် နုပျိုသွားစေတယ်။ သူဟာ ဝမ်းသာအားရ သူ့အိမ်ကလေးဆီကို ပြန်လာတယ်။

"မကြည် အခုန ငါသောက်တာ ဘာကာဖီလဲ သိလား"

"မသိဘူး"

"နတ်ကာဖီ"

ချန်ထွန်းအောင်က နတ်ကာဖီအကြောင်းကို တစ်အိမ်ချင်း လိုက်ပြောတယ်။ လမ်းမှာတွေ့တဲ့လူတိုင်းကို ပြောတယ်။ ဆံပင်ညှပ်ဆိုင်က ကိုသန်းကိုပြောတယ်။ အကြော်ဆိုင်က ဒေါ်ကြီးစိုးကို ဝင်ပြောတယ်။ ကြံရည်ဆိုင်က ဘာဘူကို ဝင်ပြောတယ်။ စက်ဘီးပြင်ဆိုင်က ဦးလေးပေါ်ကို ဝင်ပြောတယ်။ ပြောခဲ့သမျှလူတွေဟာ စိတ်ဝင်စားဟန် မပြဘူး။ ကိုယ်မသောက်လိုက်ရတဲ့ ကာဖီတစ်ခွက်အကြောင်းကို ဘယ်သူက စာစာနာနာ နားလည်နိုင်ပါ့မလဲ။

နောက်ဆုံး... ကိုအီကွန်းဆီကို သူ ဝင်တယ်။ နတ်ကာဖီအကြောင်းကို မြိန်ရေရှက်ရေ ပြောတယ်။ ကိုအီကွန်းကလည်း အင်းမလှုပ် အဲမလှုပ်ပဲ။ ကော်ဖီသာရောင်းနေတာ ကိုအီကွန်းကိုယ်တိုင် ကော်ဖီတစ်ခွက် ဖျော်သောက်တာ မဟုတ်တာက တစ်ကြောင်း၊ သည်နတ်ကာဖီဆိုတာ သူ ကြားလည်းမကြားဖူး၊ သောက်လည်း မသောက်ဖူးတာက တစ်ကြောင်းဆိုတော့ ချန်ထွန်းအောင် ပြောနေတာကို သူ နားမလည်ဘူး။

ချန်ထွန်းအောင်ပြန်လာတော့ သူ့မိန်းမက ထမင်းခူးတယ်။ ဒါပေမဲ့ သူ မစားတော့ဘူး။ သူ့ကိုယ်ခန္ဓာထဲမှာရှိနေသေးတဲ့၊ သူ့အာရုံခံစားမှုမှာ ပျောက်ကွယ်မသွားသေးတဲ့ ကာဖီရဲ့ ရနံ့နဲ့ အရသာကို သူ အပျောက်မခံနိုင်ဘူး။

သည်လိုနဲ့ ညရောက်လာတယ်။ သူ ကာဖီဝယ်ရတော့မယ်။ ကော်ဖီသောက်ရတော့မယ်။ ဗိုလ်တဲက နက်စ်ကော်ဖီမျိုး သူ နောက်တစ်ခွက် ဘယ်မှာရနိုင်မှာတုံး။ ဓီးချဉ်ကုန်းကို ရှားရှားပါးပါးရောက်လာတဲ့ နက်စ်ကော်ဖီဟာ ဘာနဲ့ထည့်ထားလဲဆိုတာတောင် မသိတဲ့ဟာ၊ နောက်တစ်ခွက်သောက်ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး မဟုတ်လား။ သည်တော့ သူ သောက်နေကျ ကိုအီကွန်းရဲ့ ပျစ်ချွဲချွဲကော်ဖီတစ်ခွက်

ကို သူ ဝယ်ရတော့မယ်။ ဝယ်ပြီးရင် သူ သောက်ရတော့မယ်။ သူ တော်တော်စိတ်ပျက်သွားတယ်။

ဘာပဲဖြစ်ဖြစ် သူ ဝယ်တာပါပဲ။ ဝယ်ပြီးတော့ သူ ညဉ့်နက်တဲ့အထိ မသောက်ဘူး။ သူ ရင်တွေခုန်လာတယ်။ မျက်လုံးတွေ ကြောင်လာတယ်။ အာတွေ လျှာတွေ စိုစွတ်လာတယ်။ ဘယ်လိုမှကို မရနိုင်မှန်း သိတော့မှသူ ကိုအီကွန်းရဲ့ကော်ဖီကို တစ်ကျိုက် ကျိုက်ချလိုက်တယ်။

ထွီး၊ ကြည့်စမ်း၊ နံလိုက်တာ၊ မကောင်းလိုက်တာ၊ အဝင်ဆိုးလိုက်တာ၊ အန်ချင်လိုက်တာ။ နောက်တစ်ကျိုက် မဖြစ်နိုင်တော့။ သူ ဘယ်လိုမှကို သောက်လို့ရမှာမဟုတ်တော့ဘူး။ သူ့မျက်လုံးက မနက်က ကော်ဖီခွက်ကိုပဲ မြင်နေတယ်။ မနက်က အရသာကိုပဲ တပ်မက်နေတယ်။

သူ့လက်ထဲက ကော်ဖီခွက်ထဲမှာ ကော်ဖီတွေ အများကြီးကျန်နေသေးတယ်။ သူ တစ်ကျိုက် ထပ်သောက်ကြည့်တယ်။ လည်ချောင်းထဲကို ဝင်သွားတဲ့ တောကာဖီအေးစက်စက်ဟာ သူ့မျက်နှာတစ်ခုလုံးကို ရှုံ့မဲ့သွားစေတယ်။

အေးစက်နေတဲ့ကော်ဖီကို သောက်နေပေမဲ့ သူ့မှာ ချွေးတွေ ရွှဲနစ်လာတယ်။ ရင်တွေပူလာတယ်။ ညှီစို့စို့၊ အောက်စော်နံတဲ့ ကော်ဖီအနံ့ဟာ သူ့ကို တဆတ်ဆတ်တုန်ယင်စေတယ်။ တော်တော်ညဉ့်နက်တော့မှ သူ ချောက်ချောက်ချားချား အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ပြောင်ပြောင်ပြောင်နဲ့ နတ်သားတစ်ပါးဟာ သူ့ကို ရွှေစင်ခွက်နဲ့ ကော်ဖီတစ်ခွက် လှမ်းပေးတာကို သူ သောက်ရတယ်။ သူဟာ နတ်သားပေးတဲ့ ကော်ဖီကို သောက်ရင်းက ပြုံးတယ်။ ပြီးတော့ နတ်သားကို ရွှေခွက် ပြန်ပေးလိုက်တယ်။ အလို… အိပ်မက်ထဲက နတ်သားဟာ လက်စသတ်တော့ ဆည်မြောင်းက အလုပ်သမားလေး ငမှုန်ပါလား။

[ ၄ ]

နောက်တစ်နေ့ကစပြီး ချန်ထွန်းအောင် ဒုက္ခရောက်တော့တာပဲ။ နက်စ်ကော်ဖီကို သူ စွဲလမ်းနေပြီ။ ဒါမျိုးကို တစ်သက်လုံးသောက်နေရရင် ဘယ်လောက်ကောင်းမလဲ။ ခက်တာက တစ်သက်လုံး နေနေသာသာ နောက်တစ်ခွက်သောက်ရဖို့တောင် မလွယ်ဘူးလေ။ ဒါမျိုးကော်ဖီက တိုက်နယ်အဆင့် ရွာကြီးဖြစ်တဲ့ ကျောင်းစုမှာတောင် ရှိတယ်လို့ သူ မကြားဖူးဘူး။

နောက်တစ်ခုက အဲသလိုကော်ဖီမျိုးမသောက်ရတာ ထား၊ လက်ရှိကိုအီကွန်းကော်ဖီကို သူ ဘယ်လိုမှ သောက်မရတော့တာကလည်း ပြဿနာပဲ။

ညကတင်မဟုတ်ဘူး၊ မနက်ဘက် ကိုအီကွန်းဆိုင်က ကော်ဖီကိုသောက်တော့လည်း ပျို့တာပဲ။ သည်လိုနဲ့ သူ ထမင်းပါ မစားနိုင် ဖြစ်လာတယ်။ ကော်ဖီတစ်ခွက်သောက်ရရင် ထမင်းမစားဘဲ နေနိုင်တဲ့သူဟာ ဘယ်ကော်ဖီမှ သောက်လို့မဖြစ်တဲ့အခါ ထမင်းပါ မစားချင်၊ မသောက်ချင် ဖြစ်လာတယ်။ သည်လိုနဲ့ သူဟာ အိပ်ရာထဲမှာ လဲတယ်။ ပါးစပ်က 'နတ်ကာဖီ၊ နတ်ကာဖီ' လို့ပဲ အော်နေတော့တယ်။

သူ့မိန်းမကလည်း သူ့ယောက်ျား နတ်ကာဖီကို စွဲလမ်းရင်း မစားနိုင်၊ မသောက်နိုင်ဖြစ်နေတာကို သိပေမဲ့ သည်ကာဖီမျိုး ဘယ်မှာ သွားဝယ်မလဲ။ ဗီးချဉ်ကုန်းက တောသူတစ်ယောက်အနေနဲ့ နတ်ကာဖီကို ဘယ်မှာထွက်ရှာမလဲ။ သူ တတ်နိုင်တာတစ်ခုတော့ ရှိတယ်။ ဗိုလ်တဲကို သွားပြီး ဆည်မြောင်းဗိုလ်ကြီးမိန်းမကို နောက်ထပ်တစ်ခွက်လောက်တိုက်ပါဦး၊ သည်လိုသည်လိုဖြစ်နေလို့ပါဆိုရင် ရနိုင်တယ်လို့ သူ တွက်တယ်။ သည်လိုနဲ့ သူ တစ်ဖက်ခြံကို ထွက်လာခဲ့တယ်။ အကျိုးအကြောင်းလည်း ရှင်းပြတယ်။

"အစ်မ နတ်ကာဖီ ရှိသေးလား"

"ဟဲ့ အဲဒါက ငါတို့သောက်တာမဟုတ်ဘူး။ ဧည့်သည်တွေ မြို့က ပါလာတာ။ ပုလင်းထဲမှာ နှစ်ခွက် သုံးခွက်စာတော့ ရှိဦးမယ်။ သည်လိုလုပ်လေ၊ မနက်ဖြန် ဧည့်သည်တွေပြန်တော့မှာ။ ငါတို့မိသားစု လည်း လိုက်သွားမှာ။ ခြံလည်း ကြည့်လိုက်ကြဦးနော်။ ရော့... ပုလင်း ယူသွား"

"ဘယ်လိုဖျော်ရတာလဲ အစ်မ"

"ဟဲ့ ရေနွေးတည်ပြီး ဆူရင် တစ်ခွက်စာမှန်းပြီး ဖျော်ပေါ့။ တစ်ဇွန်း ခွဲလောက်ထည့်ပြီး ခလောက်ပေါ့။ အချိုကြိုက်ရင် သကြားနည်းနည်း ထည့်ပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ချန်ထွန်းအောင်မိန်းမဟာ အိမ်ပြန်ရောက်ရောက်ချင်း ရေနွေးတည် တယ်။ တစ်ခွက်စာဖျော်တယ်။ ချန်ထွန်းအောင်ကို တိုက်တယ်။ နှစ်ပေါင်း ၅၀ အတွင်းမှာ ချန်ထွန်းအောင် သူ့မိန်းမကို သည်တစ်ခါ ကျေးဇူးအတင်ဆုံးပဲ။

သိလည်း သိသာတယ်။ သူဟာ ချက်ချင်း အားအင်တွေ ပြည့်ဖြိုး လာတယ်၊ လန်းဆန်းလာတယ်၊ ငယ်စိတ်တွေတောင် တဖျပ်ဖျပ် ပေါ် လာတယ်။ တစ်နေ့တစ်နေ့ သည်ပုလင်းလေးကိုပဲ တကိုင်ကိုင်လုပ်ရင်း မဝတမ်း ကြည့်နေတယ်။

"ဒါမျိုးတစ်ပုလင်း မြို့ကိုမှာရင် ရမှာပဲကွ"

"ဈေးကြီးမှာပေါ့တော်။ ပြီးတော့ ဘယ်သူ့ကို ဘယ်လိုမှာမလဲ။ မြို့ဆိုတာ အဝေးကြီး"

"ဘာပဲဖြစ်ဖြစ် မြို့တော့ မှာရမှာပါပဲ။ ဒါမသောက်ရရင် ငါ မနေ နိုင်တော့ဘူး"

"တော်ကလည်း... တစ်သက်လုံး ကိုအီကွန်းကော်ဖီ သောက်လာတာ၊ တော်ပါတော့လား၊ ဒီနတ်ကာဖီနဲ့ ကျွန်မတို့နဲ့ မတန်ပါဘူးတော်"

"ဘာဖြစ်လို့ မတန်ရမှာလဲ။ ကိုအီကွန်းကော်ဖီကို ငါ မသောက်ချင်တော့ဘူး။ သောက်လို့လည်းမရဘူး။ နတ်ကာဖီမှ ပုံမှန်မသောက်ရရင် ငါသေလိမ့်မယ်"

"သေရင်လည်း သေဖို့ပဲ ကိုရင်ရေ့။ ဘယ်ကရမှာတုံး။ အခုတောင် နှစ်ခွက်စာကို ၁၀ ခွက်စာလောက် ဖြစ်ရုံ၊ အနံ့ပါရုံ ဖျော်တိုက်နေတာ မနက်ဖြန်ဆို ကုန်ပြီ"

ချန်ထွန်းအောင် တော်တော်စိတ်ညစ်သွားတယ်။

တကယ်လည်း ပုလင်းထဲမှာ ကုန်တော့မယ်။ ဒါကုန်ရင် ဘယ်ကမှ မရနိုင်တော့ဘူး။

ကိုအီကွန်းဆိုင် ဖျော်ခုံ ဘယ်ဘက်ထောင့်က ကော်ဖီမှုန့် ခါးတူးတူး အောက်တောက်တောက်ကို သူ ပြန်သောက်ရတော့မယ်။ မသောက်နိုင်ဘူး။ ဘယ်လိုမှ မသောက်နိုင်ဘူး။ သူဟာ နက်စ်ကော်ဖီပုလင်းကို တအားအုပ်ထားတယ်။ ပုလင်းအဖုံးက စွဲနေတဲ့ အနံ့ကိုပါ အားပါးတရ ရှူတယ်။

[ ၅ ]

သည်လိုနဲ့...

ချန်ထွန်းအောင်ဟာ နက်စ်ကော်ဖီ ပြတ်သွားတဲ့နေ့ကစပြီး အိပ်ရာထဲ ပြန်လဲတယ်။ ပုလင်းကိုပဲ ပွတ်သပ်နေရင်းက အိပ်ရာထဲမှာ လူးလှိမ့်နေတာက သုံးရက်၊ ကယောင်ကတမ်းအော်နေတာက နှစ်ရက်လောက်ဖြစ်လာတော့ သူ့မိန်းမဟာ ကိုအီကွန်းဆိုင်ကို ပြေးတယ်။ ကိုအီကွန်းကို အကျိုးအကြောင်းပြောတယ်။ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှာပေးဖို့ ပြောတယ်။

ကိုအီကွန်းကလည်း တစ်သက်လုံး မပိတ်ခဲ့တဲ့ သူ့ဆိုင်ကိုပိတ်ပြီး မြို့ကို နတ်ကာဖီတက်ရှာမယ်လို့ ကတိပေးလိုက်တယ်။ ပြီးတော့ ကော်ဖီ တစ်ခွက် ကောင်းကောင်းလေးဖျော်ပြီး ချန်ထွန်းအောင်မိန်းမနဲ့ လိုက်လာ ခဲ့တယ်။

သူတို့နှစ်ယောက် ပြန်လာတော့ ချန်ထွန်းအောင်က သေနေပြီ။

လက်တစ်ဖက်က နက်စ်ကော်ဖီပုလင်းကို လက်ထဲမှာ ဆုပ်ထား ရင်း သေတာ။ ချန်ထွန်းအောင်မိန်းမကတော့ ရင်ဘတ်စည်တီးပေါ့။

ကိုအီကွန်းကလည်း ပါလာတဲ့ကော်ဖီလေး ချန်ထွန်းအောင် ခေါင်း ရင်းမှာပဲ ထားလိုက်ရတော့တယ်။ ပြီးတော့ သေသူ့လက်ထဲက နက်စ် ကော်ဖီပုလင်းကို ဆွဲယူတယ်။ မရဘူး၊ ချန်ထွန်းအောင်ရဲ့ လက်ချောင်း တွေက နက်စ်ကော်ဖီပုလင်းကို ဘယ်လိုမှ မလွှတ်ဘူး။

မသေခင် ဘယ်လောက် အားနဲ့ဆုပ်ထားသလဲ မသိဘူး။ ဘယ်လို မှကို ခွာထုတ်လို့မရတော့ဘူး။ လာသမျှ၊ သတင်းမေးသမျှလူတွေလည်း ခွာကြတာပဲ။ လက်ချောင်း လက်ဆစ်တွေ ကျိုးကာမှကျိုးရော ပုလင်းကို ခွာထုတ်လို့မရဘူး။ သည်တော့ ပုလင်းကို ဆုပ်လျက်သားနဲ့ပဲ ခေါင်း သွင်းတယ်။ သည်အတိုင်းပဲ မြေမြှုပ်သင်္ဂြိုဟ်ရတော့တယ်။

[ ၆ ]

သည်ဖြစ်ရပ်ဖြစ်ပြီး နှစ်ပေါင်း ၂၀ ကျော် ကြာခဲ့တဲ့ တစ်နေ့...

ဇီးချဉ်ကုန်းသင်္ချိုင်းမှာ နွားကျောင်းသားတစ်ယောက်ဟာ သင်္ချိုင်း ထဲမှာ နွားကျောင်းနေရင်း အသားတွေမရှိတော့တဲ့ ပြုတ်ထွက်နေတဲ့ လူ့လက်ဖျံရိုးတစ်ချောင်းကို သွားတွေ့တယ်။ ထူးဆန်းတာက လက်ဖျံ ရိုးရဲ့အဆုံးမှာ အရိုးစုဖြစ်နေတဲ့ လက်ချောင်းတွေဟာ ပုလင်းတစ်လုံးကို ဆုပ်ကိုင်ထားတာပဲ။

နွားကျောင်းသားက ပုလင်းကို လိုချင်လို့ ဆွဲယူလိုက်ပေမဲ့ လက်ဖျံ ရိုးကြီးတစ်ချောင်းလုံးပါ ပါလာတယ်။ လက်ချောင်းတွေကြားထဲက ပုလင်းကို အတင်းချွတ်ပေမဲ့ မရဘူး။ အရိုးငေါငေါလက်ချောင်းတွေဟာ ပုလင်းကို တအားညှစ်ပြီး ဆုပ်ထားတုန်းပဲ။ မလွှတ်တမ်း ကိုင်ထား တုန်းပဲ။ သည်သတင်း ရွာထဲရောက်လာတော့ သည်လက်ဖျံရိုးဟာ ချန်ထွန်းအောင်ရဲ့ လက်ဖျံရိုးပဲဆိုတာ ရွာက သိတယ်။

[ ၇ ]

ဓိးချဉ်ကုန်းသင်္ချိုင်းမှာ ချန်ထွန်းအောင်ရဲ့ လက်ဖျံအရိုးစုဟာ နက်စ်ကော်ဖီပုလင်းကို မလွှတ်တမ်းဆုပ်ကိုင်ထားဦးမှာပဲ။ ဓိးချဉ်ကုန်းရွာထဲ က ကိုအီကွန်းသားတွေရဲ့ လက်ဖက်ရည်ဆိုင်မှာ နက်စ်ကော်ဖီ ရနေပြီ၊ မာလ်တိုဗာ ရနေပြီ၊ မိုင်လို ရနေပြီ၊ ဟောလစ် ရနေပြီ၊ တီးမစ်စ်၊ ကော်ဖီ မစ်စ်တွေ ရနေပြီ။ ဘာသောက်ချင်သလဲ၊ အကုန်ရနေပြီ။

**ရွှေအမြုတေမဂ္ဂဇင်း၊ မေ၊ ၁၉၉၃**

❑

# ညှပ်စလီ

■ နေဝင်းမြင့်

[ ၁ ]

ညှပ်စလီ ကနေ့ အုတ်ကားမလိုက်ဘူး။ တကယ်က အုတ်ကား လိုက်ရင် တစ်နေ့ကို ၅၀ လည်းဟုတ်တယ်။ တစ်ခါတလေ ဟိုဟာလေး သည်ဟာလေးနဲ့ ၁၀၀ လောက် ရရင်လည်း ရတတ်တယ်။ ဒါပေမဲ့ ကနေ့ ညှပ်စလီ အုတ်ကားမလိုက်ဘူးလို့ ဆုံးဖြတ်ထားပြီးသား။ ကား အုံနာလည်း တစ်ပတ်လောက် ကြိုပြောပြီးသား။

အုံနာကလည်း တကယ်တော့ အရေးမကြီးရင် ခွင့်မပေးချင်ဘူး။ ညှပ်စလီက အုတ်တင်အုတ်ချ တော်တော်ကျွမ်းကျင်နေပြီကိုး။

ကားပေါ်က မကျွမ်းကျင်တဲ့လူ များနေလို့ကတော့ အလကားပဲ လေ။ အချိန်သာကြာတယ်၊ ခေါက်ရေမရတိုက်ဘူး၊ ခါတိုင်း သုံးခေါက် ရရမယ့်ဟာ နှစ်ခေါက်နဲ့ ပြီးရတယ်ဆိုရင် အုတ်ကားထောင်ရတာ တွက် သားမကိုက်ဘူးဆိုတာ သိတော့ အုတ်ကားအုံနာတွေက ကျွမ်းကျင်ပြီး သားလူ အလုပ်ပျက်မှာ တော်တော်စိုးတတ်တယ်။ အုတ်ကားတင်တာ ချတာ ပိုက်ဆံရမှန်းသိတော့ (ပင်တော့ ပင်ပန်းတာပေါ့လေ) လိုက်ချင် တဲ့လူတွေက အများကြီးပါပဲ။ တန်းကိုစီလို့။

ဒါပေမဲ့ တွဲခေါ်လို့ ခေါ်တဲ့ လက်သင်တွေ များနေရင်လည်း အလုပ်က မဖြစ်ဘူး။ ညှပ်စလီကတော့ ကျွမ်းနေပြီ။ အုတ်ခဲများ ကားပေါ်ကို ပစ်ပစ်တင်လိုက်ရင် တန်းခနဲပဲ။ တစ်လုံးစီတင်နေတာလည်း မဟုတ်ဘူး။ တစ်ခါကိုင် လေးငါးလုံး အတွဲလိုက်ဆွဲမ,ပြီး လှမ်းထိုးတင်လိုက်တာ တိခနဲပဲ။ အဲသလောက်ကျွမ်းနေတဲ့ ညှပ်စလီ ခွင့်ယူမယ်ဆိုတဲ့နေ့က အုံနာက မေးတယ်။ သူကလည်း လိုသလောက်ပဲ ဖြေတယ်။

"မင်း ဘာဖြစ်လို့ ခွင့်ယူမှာလဲ"

"သီချင်းဆိုဖို့"

အုံနာကတော့ နားမလည်ပါဘူး။ ဘာသီချင်းဆိုမှာမို့လို့လဲ။ ဘယ်မှာ ဆိုမှာမို့လို့လဲ။ ဘယ်လောက်အရေးကြီးလို့လဲ။ သူ့ကားပေါ်မှာ ယောင်လို့တောင် သီချင်းတစ်ပုဒ် လေမချွန်တဲ့ကောင်က သီချင်းဆိုဖို့ ခွင့်တစ်ရက်ယူမယ်ဆိုတော့ အုံနာမိန်းမကလည်း ဘာပြောလို့ရမှာလဲ။ ခွင့်မပေးလည်း မလာတော့ဘူးဆိုတဲ့ကောင် မဟုတ်လား။ သည်တော့လည်း ယူပေါ့။ ခွင့်ပေးလိုက်ရတာပါပဲ။

[ ၂ ]

တကယ်က သီချင်းဆိုရမှာက ညနေစောင်းမှပါ။ တိတိကျကျပြောရရင် ညနေ ၄ နာရီက ည ၇ နာရီအထိပဲ ဆိုခွင့်ရမှာပါ။ အစီအစဉ်က ရှိပြီးသား။ နေ့လယ်ပိုင်းမှာ စတုဒိသာကျွေးမယ့် မုန့်လုံးရေပေါ်ကိစ္စ၊ ဘုန်းကြီးတွေ မုန့်ဟင်းခါးဆွမ်းကပ်မယ့်ကိစ္စ၊ အဲ... မဏ္ဍပ်ကလေးထိုးဖို့ ကိစ္စ၊ ညဘက် ဗီဒီယိုပြဖို့ကိစ္စ၊ လိုနေသေးတဲ့ အလှူငွေလေး ရပ်ကွက်ထဲ လှည့်ကောက်ဖို့ကိစ္စတွေက ရှိသေးတော့ တီးဝိုင်းလေးကို လူကြီးတွေက ညနေ ၄ နာရီလောက်က ဧည့်ခံလေး တီးကွာ။ ည ၇ နာရီတော့ ဖြုတ်တာပေါ့ဆိုပြီး ခွင့်ပြုလိုက်တာပါ။

တီးဝိုင်းဆိုတော့လည်း ရပ်ကွက်ထဲက ဒုံမင်းဆရာ ကိုဘာဘူနဲ့ ဆိုင်ပြီကိုး။ အမှန်က တီးဝိုင်းရယ်လို့ ရပ်ကွက်ထဲ ရှိတာတော့ မဟုတ်ဘူး။ ကိုယ့်ဝါသနာနဲ့ကိုယ် တီးနေကြတဲ့ မယ်ဒလင်သမားတစ်ယောက် ခပ်လှမ်းလှမ်းရပ်ကွက်မှာ ရှိတယ်။ တယောဆရာတစ်ယောက်က ၆ ရပ်ကွက်ထိပ်မှာရှိတယ်။ ဒါပဲ။

သည်ရပ်ကွက်ထဲမှာက ကိုဘာဘူပဲရှိတာ။ ဒုံမင်းဘာဘူဆိုတဲ့ နာမည်နဲ့ သီချင်းတော်တော်များများရပေမဲ့ လက်ကျလက်နက သိပ်မှန်လှသေးတာတော့ မဟုတ်ဘူး။ အတီးပိုဒ်ရောက်လို့ အသွက်တီးရမယ့် အလှည့်မှာလည်း လက်က ပြေးလှတာမဟုတ်ဘူး။

ဒါပေမဲ့ ဒုံမင်းဆိုတဲ့တူရိယာက သည်နားပတ်ဝန်းကျင်မှာ ပြေးကြည့်မှ သည်တစ်လုံးတည်းရှိတာ။ သည်တစ်လုံးတည်းကို တီးရမယ့် ကိုဘာဘူကလည်း အလိုအလျောက် တီးဝိုင်းဆရာဖြစ်နေတော့ အနားက ဝါသနာပါတဲ့ လူငယ်လေးငါးယောက်ကတော့ တွဲနေကျ ဆိုနေကျကိုး။

ကိုဘာဘူကလည်း အရက်ကလေးလည်း ကြိုက်တော့ ညနေမှောင်းပြီဆိုတာနဲ့ ဗိုက်ထဲ တစ်စိတ်လောက်က ရောက်နှင့်ပြီ။ ပြီးရင် သူ့ဒုံမင်းဟောင်းလေးထုတ်ပြီး လက်သံစမ်းတော့တာ။ သူ့စိတ်ကြိုက် တစ်ပုဒ်လောက်ဆိုရင်တော့ 'မိုး' ပဲ။ ကိုမြကြီးဆိုတဲ့ 'မိုး' ပဲ။

မိုးက သီချင်းကလည်း ကောင်းတယ်၊ လက်ကွက်ကလည်း ကွက်စိပ်လေးတွေ တွဲထားတာ။ မိုးသီချင်းထဲက တေးထပ်ပိုဒ်လေးပြီးရင် ဆက်ဝင်တဲ့ တီးကွက်ကလေးကို သူ ပိုင်တယ်။ လူထူရင် ဒါပဲတီးတော့တာ။

ဘယ်သူမဆို တူရိယာတစ်ခုခု တီးတတ်တာနဲ့ ဆိုနေကျသီချင်း နှစ်ပုဒ် ရှိတတ်တယ်။ တစ်ပုဒ်က 'မိုး'၊ တစ်ပုဒ်က 'ကျေးစေတမန်'။

ကိုဘာဘူက ကျေးစေတမန်တော့ မရဘူး။ မိုးကတော့ အဆိုကို စောင့်ဆိုမယ်ဆိုရင်တော့ လိုက်မှေးလို့ရတယ်။ အတီးပိုဒ်မှာတော့ လက်ကွက်ကလေးကို စိပ်နိုင်တယ်။

ကျန်တာကတော့ နုံးကြားပေါ့။ ရတာရှိမယ်၊ မရတာလည်း ရှိတယ်။ စည်းနဲ့ ဝါးနဲ့ သပ်သပ်ရပ်ရပ် တီးနိုင်တာလည်း ရှိတယ်။ စည်းမမိ ဝါးမမိ ဖြီးတီး တီးရတာလည်း ရှိတယ်။

ဘာပဲဖြစ်ဖြစ် ဒုံမင်းဘာဘူကတော့ ဒုံမင်းဘာဘူပါပဲ။ တစ်ပြားသားမှ မလျှော့ဘူး။ သူ့တပည့် သုံးလေးယောက်ထဲမှာ အခုနပြောတဲ့ ညွှပ်စလီ ပါတယ်။

တစ်ကောင်က တွံတေးသိန်းတန် စပါယ်ရှယ်လစ်။ တွံတေးသိန်းတန် သီချင်းများတော့ အကုန်ရတယ်။

ခက်တာက ကိုဘာဘူက အကုန်မရဘူး။ ဒါပေမဲ့ ဖြစ်တာပါပဲ။ ကြားဖူးဖန်များလာတော့လည်း ဆိုလို့ဖြစ်အောင် ပို့တတ်နေပြီ။

နောက်တစ်ယောက်ကတော့ ကိုတင်ဝင်းရဲ့ စမ်းရေပဲ။ တခြားဘာမှမဆိုဘူး။ စမ်းရေမှ စမ်းရေ။

နောက်တစ်ယောက်ကတော့ ဟသာ်တထွန်းရင်ရဲ့ သီချင်းတွေကို ပိုင်တယ်။ စနေမတို့၊ စက္ကန့်လေးတွေ စိန်စီထားမယ်တို့၊ အမေနဲ့ရွာကို လွမ်းတယ်တို့ ဘာတို့ ဟဲတတ်တယ်။

ညွှပ်စလီကတော့ တစ်ပုဒ်တည်းသမား။ အခုန စမ်းရေပဲ ဆိုတဲ့ကောင်လိုပဲ။ သူကလည်း တစ်ပုဒ်တည်းပဲ။

"ညွှပ်စလီအလှည့်ဟေ့။ ဟေ့ကောင်... လာ၊ ရှေ့ကိုတိုး"

ဆိုလို့ကတော့ မေးစေ့မှာ ကွမ်းတံတွေးတွေ၊ မျက်နှာမှာ ချွေးတွေစီးကျနေရာက ထူအမ်းအမ်းမျက်နှာနဲ့ ရှေ့ကို တိုးလာတော့တာ။ မှေးတေးတေးမျက်လုံးတွေနဲ့ ဘယ်သူကများ ကြည့်နေပါလိမ့်ဆိုပြီး ဘေး

ကိုလည်း မွေးမျက်လုံးလေးတွေနဲ့ လှည့်ပတ်ကြည့်လိုက်သေးတာ။ ပြီးမှ အစီအစဉ်ကြေညာတဲ့လူကို တိုးတိုးလေးပြောတော့တာ။

"တစ်သိန်းပေးတောင် မိန်းကလေးမလာရ... နေဦး... ညှပ်စလီလို့ မကြေညာနဲ့နော်။ ရဲစွမ်းမောင်လို့ ကြေညာပေးပါ"

အစီအစဉ်ကြေညာသူ ဆိုတာလည်း သူငယ်ချင်းတွေကိုး။ မိုက်ကရိုဖုန်းလေးကိုင်ရတုန်း ပြောရမနည်းဘူးဆိုတဲ့စိတ်နဲ့ အလကားပဲတင်း အစီအစဉ်ကြေညာသူဆိုတော့ ညှပ်စလီပြောတာ သိပ်ဂရုစိုက်တာ မဟုတ်ဘူး။ မိုက်ခွက်ကို တဖူးဖူးမှုတ်ရင်းက

"ညှပ်စလီက ညှပ်စလီပေါ့ကွာ။ ဘာ ရဲစွမ်းမောင်လဲ၊ မင်းက။ မလိုချင်ဘူး၊ ညှပ်စလီပဲ။ အဟမ်း... ဟုတ်ကဲ့ခင်ဗျာ၊ အခုတစ်ဖန် အလှည့်ကျသူကတော့ တေးသံရှင် ညှပ်စလီပါ။ ဆိုမယ့်သီချင်းက တစ်သိန်းပေးတောင် မိန်းကလေးမလာရ ပါ။ ဟုတ်ကဲ့... မင်္ဂလာရှိတဲ့ ညချမ်းမှာ တေးသံရှင် ညှပ်စလီရဲ့အသံကို နားဆင်တော်မူကြပါ"

ဆိုပြီး အနားက ရေနွေးအိုးထဲထည့်ထားတဲ့အရက်ကို ပန်းကန်လုံးကလေးထဲ ထည့်ငှဲ့ပြီး ဂွပ်ဆို သောက်လိုက်တာမဟုတ်လား။

ဒါမျိုးဆို ညှပ်စလီ မျက်နှာထူပူနေတော့တာ။ ရှက်တတ်တာက လည်း အရမ်း။ နေတဲ့ထိုင်တဲ့ရပ်ကွက်ထဲ ညှပ်စလီခေါ်နေတာတော့ မဆန်းဘူးပေါ့။ ရှက်လည်း မရှက်ပါဘူး။ သီချင်းဆိုရင်တော့ တေးသံရှင် ညှပ်စလီဆိုလို့ ဘယ်ကောင်းပါ့မလဲပေါ့လေ။ သည်တော့ သူ့အဆိုတော် နာမည် သူ ရွေးထားတယ်။ ရဲစွမ်းမောင်...

တကယ်တော့ သူ ရွေးတတ်တာမဟုတ်ဘူး။ သူလိုက်တဲ့ အခုတ် ကားနာမည်ပါ။ ဒါကို သူက ကြိုက်တယ်။

အဲသလို ရဲစွမ်းမောင်ရဲ့ တစ်သိန်းပေးတောင် မိန်းကလေး မလာ ရ ကို တီးဝိုင်းရှိတိုင်း ဆိုလာခဲ့တာပဲ နှစ်အတော်ကြာခဲ့ပြီ။ တစ်ခါတစ်ခါ

ညှပ်စလီဖြစ်လိုက်၊ တစ်ခါတစ်ခါ ရဲစွမ်းမောင် ဖြစ်လိုက်နဲ့ လုံးချာ ပတ်ချာလိုက်ရင်းက သည်တစ်ပုဒ်ကကို မတက်တော့ဘူး ပြောပါတော့။

[ ၃ ]

အခုလည်း သကြီန်ရက်ထဲ ရပ်ကွက်က စတုဒီသာကျွေးမယ်ဆို တော့ တီးဝိုင်းကိစ္စ ပါလာပြီ။

ညှပ်စလီ တော်တော်ပျော်သွားတယ်။ သူ့ရဲ့ တစ်သိန်းပေးတောင် မိန်းကလေး မလာရ ကို သည်မှာ ပွဲထုတ်ခွင့်ရပြန်ပြီကိုး။ ဒါက ခါတိုင်း ကိုဘာဘူအိမ်မှာ ဒုံမင်းရျောင်ရျောင်ဂျင်ဂျင်နဲ့ ဆိုတာမျိုးမဟုတ်တော့ ဘူး။ လူထဲသူထဲမှာ သိက္ခာရှိရှိဆိုရတော့မယ့်ကိစ္စ။ မိုက်ကရိုဖုန်းနဲ့ ဘာနဲ့ ထိုင်ဝိုင်းကလေးမှာ၊ ရပ်ကွက်ထဲကလူတွေရှေ့မှာ ဂုဏ်ရှိရှိဆိုရတော့မယ့် ကိစ္စ။ ပြီးတော့ ဒါမျိုးက သူနဲ့ သူ့ဆရာ ဒုံမင်းကိုဘာဘူတို့အတွက် ရှားရှားပါးပါးကိစ္စ။

ကိုဘာဘူကလည်း တော်ရှာပါတယ်။ သူ့တပည့်တွေကို အဲသည် နေ့ ခွင့်ယူကြကွာ တဲ့။ ရပ်ကွက်ကိစ္စ ဝိုင်းလုပ်မှ ကောင်းမှာမဟုတ်လား တဲ့။ ညှပ်စလီကတော့ မနက်စောစော ငါ့ဆီလာကွာ တဲ့။ ဒုံမင်းက လှိုင်သာယာက ငါ့သူငယ်ချင်း ငှားသွားတာ လာမပို့သေးဘူး။ မင်း လှိုင်သာယာလိုက်သွားဖို့က အုတ်ကားက ခွင့်ယူရမှာမဟုတ်လားတဲ့။ ညှပ်စလီကလည်း ပေးအပ်တဲ့တာဝန်နဲ့ ဝတ္တရားပဲ။ သူ့ဆရာပဲ၊ သည်ဒုံမင်းရှိမှ သူ့ တစ်သိန်းပေးတောင် မိန်းကလေးမလာရ က အဓိပ္ပာယ်ရှိမယ့်ကိစ္စပဲ။

ယူတယ်၊ ခွင့်ယူတယ်။ တစ်နေ့ ၁၀၀ လောက် ရနေတာ၊ မရ လည်း ဘာအကြောင်းလဲပေါ့လေ။

အဲသည်နေ့က တကယ်လည်း လှိုင်သာယာကိုသွားတယ်။ မြစ်ကူး

ချောင်းခြား သွားရတာပေမဲ့ သူ သွားတယ်။ ထမင်းဝယ်စားတာနဲ့ ဘာနဲ့ လမ်းစရိတ်နဲ့ တော်တော်ကုန်သွားတယ်။ ဒါပေမဲ့ သူ ကျေနပ်တယ်။

တစ်ချက်က သူ လှိုင်သာယာကူးတဲ့ ဇက်ခရပ်ပေါ်မှာရော အင်းစိန်ဘက်ကမ်းက လိုင်းကားပေါ်မှာရော ဒုံမင်းတကိုင်ကိုင်နဲ့ သူ့ကို လူတွေဝိုင်းကြည့်နေတာကိုပဲ သူ ကျေနပ်နေတာကိုး။

နေ့လယ်ခင်း ကိုဘာဘူအိမ်ရောက်တော့ မေတ္တာရပ်ခံပြီး တစ်သိန်းပေးတောင် မိန်းကလေးမလာရ တိုက်လိုက်ချင်သေးတယ်။ ဒါပေမဲ့ ဒုံမင်းလည်း တီးမယ်လည်းလုပ်ရော ညွှပ်စလီ အဆဲခံရတော့တာပဲ။ ကီးပါမလာလို့။

ဒုံမင်းရဲ့အသက်က ကီးလို့ခေါ်တဲ့ သံချောင်းကွေးကွေးလေး။ ဒုံမင်းကြိုးတွေကို တင်းချင်ရင်၊ လျှော့ချင်ရင် အဲသည်သံချောင်းလေးနဲ့ စွပ်ပြီးတင်းရ လျှော့ရတာကိုး။

လှိုင်သာယာက ယူလာတုန်းက ဒုံမင်းကြိုးငုတ်ပေါ်မှာ တစ်ခါတည်း စွပ်ပေးလိုက်လို့ပဲ လမ်းမှာကျခဲ့သလား၊ ဟိုကပဲ မပေးလိုက်တာလား သူလည်းမသိတော့ သူကလည်း ဘာပြောရမှန်းမသိဘူး။

ကိုဘာဘူကတော့ ဆဲတာပေါ့။ ကီးမရှိဘဲ ဘယ့်နှယ်လုပ် တီးမလဲ။ ညွှပ်စလီ တော်တော်စိတ်ညစ်သွားတယ်။ ဒါပေမဲ့ တော်သေးတယ်။ ကိုဘာဘူက ပလာယာဟောင်းတစ်လက်နဲ့ ခံရာခဲဆစ်ကြိုးညှိတော့ အဆင်ပြေသွားတယ်။

"မင်းကွာ ကီးပျောက်ပစ်ရတယ်လို့၊ အသုံးမကျတဲ့ကောင်"

လို့ပြောလိုက်၊ ဒေါင်ဒေါင်ဒင်ဒင် ကြိုးညှိလိုက်၊ ညွှပ်စလီကို မျက်စောင်းထိုးလိုက် လုပ်နေတော့ ညွှပ်စလီကလည်း အလိုက်သိပါတယ်။ အရက်ကလေးတစ်စိတ် သွားဝယ်ပြီး တိုက်လိုက်တော့မှ ကိုဘာဘူ အဆဲလွတ်တော့တယ်။

ခဏနေတော့ စမ်းရေ ဆိုမယ့်ကောင်ရော၊ အမေနဲ့ ရွာကို လွမ်းတယ်ဆိုတဲ့ပုဂ္ဂိုလ်ရော၊ တွံတေးသိန်းတန် စပါယ်ရှယ်လစ်ရော ရောက်လာတယ်။ တိုက်ကြ ဆိုကြတယ်။ သူတို့လည်း သောက်တယ်။ ဒုံမင်းကိုဘာဘူလည်း သောက်တယ်။ သူတို့က မဏ္ဍပ်ထဲ ၄ နာရီထိုးမှ ဝင်ရမှာဆိုတော့ သောက်လိုက်ကြ၊ ဆိုလိုက်ကြ၊ တီးလိုက်ကြ၊ နွှေးလိုက်ကြပေါ့။

"ဟိုကောင်... လာ၊ ညွှပ်စလီ... မင်း သီချင်းက ဆိုတာပဲ သေတော့မယ်။ အခုထက်ထိကို 'ကျွန်းနင်း' မကိုက်သေးဘူး။ လည်ပင်းကြောသာ ထောင်အောင် အော်နေတယ်။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘူး။ အသံတည်ပေးတာကို နားထောင်ကွ။ အသံကတခြား ဆိုတာကတခြား မလုပ်နဲ့။ အသံးကို တစ်စက်မှ မကျတဲ့ကောင်... လာဆို"

ဒုံမင်းဘာဘူက တပည့် နားခံသာအောင် ဆုံးမရင်းက တီးပေးရှာပါတယ်။ သုံးလေးခေါက်ကို တီးပေးတာ။ ဒါပေမဲ့ မကိုက်ဘူး။ ကျွန်းနင်းဆိုတာလည်း မကိုက်ဘူး၊ ပျဉ်းကတိုးနင်းဆိုတာလည်း မကိုက်ဘူး။ ဆိုချင်သလို ဆိုနေတာ။ သည်လိုနဲ့ ညနေ ၄ နာရီထိုးရော ဆိုပါတော့။

[ ၄ ]

ညနေ ၄ နာရီထိုးတော့ မဏ္ဍပ်ထဲမှာ လူမရှိသေးဘူး။ အသံချဲ့စက်ကလည်း ဟွန်းတပ်တုန်း၊ ညွှပ်စလီက ဒုံမင်းကြီးဆွဲပြီး သံဃာစင်ရှေ့မှာ နေရာချတယ်။

ဘယ်သူမှမရှိခင် ဆရာတပည့်တွေ တောအရက် တစ်ယောက်တစ်ခွက်စီ သောက်တယ်။ ကိုဘာဘူက ကြိုးတွေကို ပလာယာနဲ့

ထပ်ညှိတယ်။

ခဏနေတော့ မိုက်ကရိုဖုန်းရတယ်။ တိုင်ငုတ်စေ့လေးမှာ ရေခဲမုန့်လို မိုက်ကရိုဖုန်းလေး တပ်လိုက်လို့။ ညွှပ်စလီက ဗျူး ဗျူး ဆိုပြီး မှုတ်ကြည့်တယ်။ "ဟဲလို တက်စတင်... ဝမ်း တူး သရီး ဖိုး" လို့ အော်ကြည့်တယ်။

မဆိုးဘူး၊ ကောင်းတယ်။ ခဏနေတော့ လူတွေ မဏ္ဍပ်ထဲ တော်တော်ရောက်လာတယ်။ မိန်းကလေးတော်တော်များများကလည်း မုန့်ရည်ကြိတ်ဖို့၊ ဧည့်ခံဖို့ ရောက်လာတယ်။ ရပ်ကွက်ထဲကမဟုတ်တဲ့ တယောဆရာရော၊ မယ်ဒလင်ဆရာရော ရောက်လာတယ်။ သူတို့ကလည်း ကြိုးကလေးညှိလိုက်၊ ဟိုဟိုဒီဒီကြည့်လိုက်၊ ဦးဆောင်တူရိယာဖြစ်တဲ့ ဒုံမင်းသံနဲ့ သူတို့တူရိယာနဲ့ ကီးကိုက်လိုက် လုပ်နေကြပြီ။

အဲသည်မှာပင် စတုဒီသာကျွေးမွေးရေးကော်မတီထဲက တစ်ယောက်က အရက်နံ့လေးနဲ့ ရောက်လာပြီး ဆိုမယ့်သီချင်းတွေ စာရင်းတောင်းတယ်။ သူ ကြေညာပေးမယ်ပေါ့လေ။

ဒါကလည်း လိုတယ်။ တစ်ယောက်တစ်ယောက် လုပ်နေလို့ ရတာမဟုတ်ဘူး။ အစီအစဉ်ကလေးနဲ့က ပိုကောင်းတာကိုး။ ပိုပြီး သပ်ရပ်တာကိုး။

တစ်ယောက်တစ်ပေါက် စာရင်းပေးကြတယ်။

"မေတ္တာဂုဏ်"

"စမ်းရည်"

"ချစ်ရက်ဆုံနိုး မကြုံနိုးနှင့်"

"ချစ်ရတဲ့ ထံတျာ"

"နှမလက်လျှော့ နေလေတော့"

"အမေနဲ့ရွာကို လွမ်းတယ်"

"တစ်သိန်းပေးတောင် မိန်းကလေးမလာရ"

"သည်နွှေမိုးဆောင်း ပြောင်းသော်လည်း"

"အသီးတစ်ရာ အညှာတစ်ခု"

"တိမ်တမန်"

"မိုး"

"ပန်းလိုလျှင် အပင်ကိုပျိုးပါ"

"ချောကလျာ"

"မုန်းရစ်လေဦး"

ပေးလိုက်ကြတဲ့စာရင်း၊ နည်းတာမဟုတ်ဘူး။ သည်တော့မှ အဆိုတော်တွေ ဘယ်ကရောက်လာတာလဲ၊ တစ်ခါမှမတိုက်ဘဲနဲ့ ဘယ်လိုဆိုကြမှာလဲ။

မဏ္ဍာပ်ထဲရောက်လာတဲ့ လူငယ်၊ လူလတ်တွေတင် မကတော့ဘူး။ ခေါင်းတုန်တုန် လည်တုန်တုန် အဘိုးကြီးကလည်း စာရင်းပေးတယ်။ သည်ပွဲမှာ ဆိုမယ် နွှဲမယ်ပေါ့လေ။

သကြိန်ရက်ဆိုတော့ လမ်းသွားလမ်းလာကလည်း ဝင်ငေးရင်း စာရင်းပေးကြတာလည်း ပါတယ်။ တူတာကတော့ အားလုံးမူးနေကြတာပါ။

နည်းနည်းမူးတာ၊ များများမူးတာ၊ တော်ရုံတန်ရုံမူးတာ၊ သောက်သောက်လဲမူးတာ၊ ရုပ်ပျက်ဆင်းပျက်မူးတာ၊ ဖင်ထောင်အောင် မူးတာ၊ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ မူးတာ ဒါပဲကွာတယ်။ အားလုံးက မူးနေတာ။

အစီအစဉ်ကြေညာသူက မိုက်ကရိုဖုန်းကို ဖြုတ်တယ်၊ ကြေညာတယ်။

"အနုပညာဆိုတာ..."

ဒါပဲရှိသေးတယ်။ အသံချဲ့စက်က မလာတော့ဘူး။

အသံချဲ့စက်ဆရာကလည်း မူးနေတော့ သူ့စက်က အလုပ်မလုပ်တာ သူမသိဘူး။ မျက်လုံးကြီးပြူးပြီး ပြောလေ... ပြောလေ... ဆိုပြီး မေးချည်းထိုးပြနေတော့တာ။

ခဏနေတော့မှ သူလည်း သဘောပေါက်သွားတယ်။ ဟိုဟာဒီဟာ ကလိလိုက်တော့ အသံပြန်လာတယ်။ ကွီဆိုတဲ့ အသံရှည်ကြီးကတော့ မပျောက်ဘူး။ ဂျစ် ဂျစ် ဂျစ် ရှဲ ရှဲ ရှဲ ဆိုတဲ့အသံကလည်း ပါသေးတယ်။

"ဟုတ်ကဲ့... မင်္ဂလာညနေခင်းပါ။ အနုပညာဆိုတာ မြစ်ကို အလျားလိုက်ကူးရသလိုပါပဲခင်ဗျာ။ ဆုံးတယ်လို့ မရှိပါဘူး။ သည်အနုပညာကိုမှ မြတ်နိုးတွယ်တာမိလေတော့ ဝါသနာကို အရင်းခံပြီး အနုသုခုမပညာရပ်ကို ရှေ့တန်းတင်လို့ တတ်သည့်ပညာ မနေသာဆိုသလို အသုံးတော်ခံမယ်ဆိုတဲ့စိတ်နဲ့ ဂီတသံယောဇဉ်နဲ့ ကနေ့တော့ဖြင့် စတုဒီသာပွဲကြီးမှာ ဂီတနဲ့ ပူဇော်မယ်ဆိုပြီး..."

ကြေညာနေတဲ့ကောင်ကလည်း မူးနေတော့ စကားတွေကလည်း လည်နေပြီ။ ဆိုမယ့်ကောင်ကလည်း ဘယ်သူ့ကို ကြေညာပါ့မလဲပေါ့။ တီးရမယ့်သူကလည်း ဟ... ဘာသီချင်းများပါလိမ့်ပေါ့။ ကြည့်တယ်။ ခဏနေတော့မှ...

"ဟုတ်ကဲ့... ကျွန်တော်တို့ရဲ့တေးသံရှင်ကလေးများက ဂါရဝတရားရှေ့ထားပြီး ကနေ့တော့ဖြင့် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲချင်ကွဲပစေတော့ဆိုပြီး..."

"ဟေ့ကောင်၊ မြန်မြန်လုပ်ကွာ ရှည်မနေနဲ့"

"ဟုတ်ကဲ့... ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲပစေတော့ဆိုပြီး အသုံးတော်ခံမယ့် တေးသံရှင်ပဏာမကတော့ အဲ... အဲ... ဒုံမင်းကိုဘာဘူနဲ့ တွဲဖက်

တင်ဆက်မယ့် ပဏာမတေးသံရှင်ကတော့... ဘယ်သူကွ၊ ချောကလျာ ဆိုမှာ ဘယ်သူကွ။ ဩော်... အေး အေး... ဟုတ်ကဲ့ခင်ဗျ၊ တေးသံရှင် ကတော့ ဝါးနက်ချောင်းမြအေးလေးပါ။ နားဆင်ကြည့်ကြပါခင်ဗျား"

ညပ်စလီကတော့ သည်ပုံနဲ့ကြေညာနေရင် ၇ နာရီထိုးတာတောင် သီချင်းလေးပုဒ် ပြီးပါ့မလား တွက်တယ်။

ဘာပဲဖြစ်ဖြစ် တယောဆရာ ရတဲ့သီချင်းကို တယောဆရာက ဦးဆောင်၊ မယ်ဒလင်ဆရာ ရတဲ့သီချင်းကို မယ်ဒလင်ဆရာက ဦးဆောင်၊ ဒုံမင်းကရတာ ဒုံမင်းဆရာက လှုလည်လုပ်ပြီး ဆိုလိုက် တီးလိုက်ကြတာ တစ်ပုဒ်ပြီးတစ်ပုဒ်ပါပဲ။

သံဝါ၊ သံနီ၊ သံပြာ သံရောင်စုံနဲ့ ဆိုလိုက်ကြတယ်၊ ဘာပြော ကောင်းမလဲ၊ အားလုံးက မူးနေတော့ မေးဆွဲနေတာနဲ့၊ သီချင်းက လည် နေတာနဲ့၊ ဂျာအေး သူ့အမေရိုက်တဲ့ သီချင်းက ရိုက်လို့။

တစ်ပုဒ်ပြီးပေမဲ့ သူ့ဟာသူ ဖြတ်ကြေညာပြီး နှစ်ပုဒ်ဆက်တိုက် ဆိုသူက ဆိုကြလို့၊ သီချင်းလုတဲ့ကောင်က လုကြလို့။ ဘယ်သူမှ မရ တဲ့သီချင်း အတင်းတီးခိုင်းတဲ့ကောင်က ဆိုလိုက်လို့နဲ့ ဖြစ်ချင်တိုင်း ဖြစ် နေတော့တာကလား။

မိုက်ကလည်း တစ်ခါပျက်ရင် ဆယ်မိနစ်နဲ့ သုံးခါလောက် ပျက် ပြီးပြီ။ ကြေညာသူကလည်း တစ်ခါကြေညာလိုက်ရင် နှစ်မိနစ်တော့ ကြာတယ်။

ဒုံမင်းကလည်း ကြိုးပြတ်လို့၊ သီချင်းမရလို့၊ ကီးက ပလာယာနဲ့ လှည့်တာ ချော်နေလို့ ဟုတ်တိပတ်တိ တီးရတယ် မရှိသေးပေမဲ့ သီချင်း တော်တော်လည်း ကျသွားပြီ။

ရဲစွမ်းမောင်အလှည့်က မကျသေးဘူး။ ညပ်စလီကလည်း ကြေညာ သူကို ခါးတို့ရတာ လေးငါးခါ ရှိပြီ။ အေးပါကွ၊ အေးပါကွနဲ့ မေ့နေလို့

လား၊ ညစ်နေတာလားမသိဘူး။ သူ့အလှည့်ကို မရောက်သေးတာ။

"ခုတစ်ခါ အလှည့်ကျသူကတော့ ဧည့်သည်တေးသံရှင် ကိုကျော်လေးပါ။ ကိုကျော်လေးက ဩော်... သည်ပွဲကြီးမှာ သူလည်းပဲ ပါဝင်ဆင်နွှဲချင်တယ်ဆိုတော့ ကိုင်း ဟုတ်ပြီ... အိမ်ရှင်က ဧည့်သည်ကို ဦးစားပေးရတာဆိုတော့ သင်္ကြန်ပွဲလည်းဖြစ်တော့ကာ ရှာပုံတော်မင်းသားကြီးဆိုပါရစေတဲ့။ တီးဝိုင်းက တိုက်မထားရတော့..."

"ဟော့ကောင်၊ လိုရင်းပြောကွာ ချီးမှပဲ... ကတဲ့"

"ဟုတ်ကဲ့ခင်ဗျ၊ သည်တော့ ရတာပဲ ဆိုပါတော့မယ်တဲ့။ ဘာတဲ့... မျက်လုံးဖွင့်ပြီး အိပ်ကြည့်စမ်းပါ အချစ်ရယ်။ ဟုတ်ကဲ့ မျက်လုံးကို ဘယ်လိုဖွင့်ပြီး အိပ်မလဲဆိုတာကို ကျွန်တော်တို့ ကနေ့မှာ အဖြေရှာလို့ ရနိုင်မယ်ဆိုရင်..."

"ငါလေ... ပြောနေရင်းကကို ရှည်နေပါရောလား။ တော်ကွာ"

"ဟုတ်ကဲ့... တေးသံရှင် ကိုကျော်လေးရဲ့ မျက်လုံးဖွင့်ပြီး အိပ်ကြည့်စမ်းပါ အချစ်ရယ်ကို ခံစားကြဖို့ပါခင်ဗျား"

သီချင်းဆိုနေတဲ့လူက မျက်လုံးဖွင့်ပြီး အိပ်နေတုန်း ညွပ်စလီက ကြေညာသူကို အရက်တစ်ခွက်ပေးတယ်။ သည်တစ်ခါ သူ့အလှည့် ကြေညာပေးဖို့လည်း ပြောတယ်။ ရဲစွမ်းမောင်လို့ ကြေညာပေးဖို့လည်း ပြောတယ်။ သီချင်းက တစ်သိန်းပေးတောင် မိန်းကလေးမလာရ ဆိုတာ လည်းပြောတယ်။ ကြေညာသူကလည်း အင်း... သည်တစ်ခါ မင်းအလှည့်ပဲ တဲ့။

သည်တစ်ခါ ညွပ်စလီ တော်တော်ပျော်သွားတယ်။ မပျော်လို့လည်း မရဘူးလေ။ ဆိုမယ့်တေးသံရှင်တွေက တစ်ဝက်တောင် မကျိုးသေးဘူး။ မဏ္ဍပ်ထဲဝင်လာသမျှက စာရင်းပေးနေတော့တာ မဟုတ်လား။ ကြေညာတဲ့ငနဲကလည်း စီးကရက်တစ်လိပ်ပေးတိုင်း ဦးတဲ့လူ

ကြေညာပေးနေရတာ မဟုတ်လား။ မူးကလည်း မူးနေတော့ ကပေါက်တိ ကပေါက်ချာ စီစဉ်ချင်သလို စီစဉ်နေတာ မဟုတ်လား။

သည်တစ်ခါတော့ ဘာစိတ်ကူးရတယ် မသိဘူး။ သူ့အလှည့်တဲ့။ ညွှပ်စလီ ရင်တွေခုန်နေပြီ။ ချွေးတွေလည်း စို့လာပြီ။ တံတွေးတွေလည်း ထွက်ချင်လာပြီ။ တစ်ခါမှမဆိုးဖူးတဲ့ ချောင်းကလည်း ဆိုးချင်လာပြီ။ သလိပ်ကလည်း လည်ချောင်းဝ ဆို့ချင်နေပြီ။ မဏ္ဍပ်ထဲကလူတွေကို ကဲကြည့်တယ်။ မိန်းကလေးတွေက ဘာလီဖျော်ရည်တိုက်ဖို့ လုပ်နေကြပြီ။ မီးတွေကလည်း လင်းပြီ။ ၇ နာရီကလည်း နီးတော့မယ်။ သည် တစ်ခါမှ အလှည့်မကျရင် အချိန်က သိပ်မရှိတော့ဘူး။ အခုက အချိန် ကောင်း။

ခပ်လှမ်းလှမ်းက တာလမ်းပေါ်မှာလည်း လူတွေက နားထောင်နေ တာလား၊ မည်းမည်းမည်းမည်းနဲ့။ နေပါဦး... သီချင်းအစက ဘာပါ လိမ့်။ ဟ... ပြဿနာပဲ၊ နေပါဦး... အစလေးက၊ နေပါဦး... ညွှပ်စလီ သူ့ဟာသူဖြစ်နေတုန်း ပြဿနာက ဝင်ရော။

"ညွှပ်စလီ၊ လမ်းထိပ်ပြေးစမ်း။ ကြိုးတွေက ပြတ်ကုန်ပြီ။ ဂီတာ သုံးကြိုးတစ်ချောင်း၊ လေးကြိုးတစ်ချောင်း၊ ခြောက်ကြိုးတစ်ချောင်း ဝယ် ချေ။ မြန်မြန်ပြေး။ နောက်သီချင်း မယ်ဒလင်လွှတ်ဟေ့။ သုံး လေး ခြောက် နော်။ သောက်တလွဲ ဝယ်မလာနဲ့ဦး။ ပိုက်ဆံစိုက်ထားကွာ။ ပြေး ပြေး..."

ဘာတတ်နိုင်မှာတုံး၊ ဘာလုပ်လို့ရမှာတုံး။ သူက ဒုံမင်းနဲ့ ဆိုရမှာ၊ ဒုံမင်းက ကြိုးပြတ်မှတော့ ဘယ်လိုလုပ် ဆိုရမှာတုံး။ ဝယ်ပေါ့၊ ပြေးပေါ့။

အရေးထဲ မဏ္ဍပ်ဝချွတ်ထားတဲ့ဖိနပ်က ရှာမတွေ့ဘူး။ နေပါစေ သည်အတိုင်းပဲ ပြေးတယ်။ လမ်းထိပ်ကဆိုင်က မဖွင့်ဘူး။ သင်္ကြန်တွင်း ဆိုတော့ ပိတ်ထားတယ်။

လမ်းထိပ်က ကုန်စုံဆိုင်ကို ပြေးတယ်။ ကြိုးမရှိဘူး။ ခပ်လှမ်းလှမ်းက ကုန်မျိုးစုံရောင်းတဲ့ဆိုင်ကို ပြေးတယ်၊ ရတယ်။ ပြန်ပြေးလာတော့ တော်တော့်ကိုမှောင်ပြီ။

သူ့မှာ နာရီလည်းမရှိတော့ အချိန်ကလည်း မမှန်းတတ်ဘူး။ တီးဝိုင်းကတော့ မယ်ဒလင်နဲ့ စခန်းသွားနေတုန်း။

တော်သေးတယ်၊ မဏ္ဍပ်ထဲရောက်တော့ သူ မောနေတယ်။ ကိုဘာဘူက ကြိုးဟောင်းတွေကို ဒုံမင်းကဆွဲထုတ်ပြီး ဝယ်လာတဲ့ ကြိုးသစ်တွေ လဲတယ်။ ဘာပဲဖြစ်ဖြစ် ကြိုးသုံးချောင်းလဲတာ ၁၀ မိနစ်လောက် ပုံ့သွားတယ်။

အဲသည်တုန်းမှာပဲ မဏ္ဍပ်ထဲက ကလေးတွေ အပြင်ကို ဝုန်းခနဲ ပြေးထွက်သွားတယ်။ လူကြီးတွေရော၊ မိန်းကလေးတွေရော ပြေးထွက်သွားကြတာ။

ရုတ်ရုတ်ရုတ်ရုတ်ဆိုတော့ တီးဝိုင်းကလည်း ရုတ်တရက် ကြောင်သွားတယ်။ နောက်တော့ ဘယ်ဟုတ်မလဲ။ ဗီဒီယိုစက် တင်လာတဲ့ မြင်းလှည်းဝင်လာလို့တဲ့။

လူကြီးတွေက စားပွဲတစ်လုံးတောင့်တောင့်ကို အောက်ကခံပြီး သူ့အပေါ်က စားပွဲသေးသေးတစ်လုံး တင်တယ်။ ဗီဒီယိုစက်ကို နေရာချတယ်။ လျှပ်စစ်ကြိုးတွေဘာတွေချဖို့ စီစဉ်တယ်။

မဏ္ဍပ်ထဲကလူတွေအားလုံးက ဗီဒီယိုပြစက်ရှေ့ ရောက်ကုန်ပြီ။ ဖျာစုတ်တွေ၊ ဂုန်နီအိတ်တွေလည်း ဘယ်ကဘယ်က ရောက်လာတာလဲ မသိဘူး၊ ခင်းပြီးကြပြီ။ နေရာလုကြ၊ ဆူကြည်ကြ၊ ပြေးကြလွှားကြနဲ့ ပွက်လောရိုက်ကုန်ပြီ။

ညွပ်စလီက ချွေးပြန်လက်စနဲ့ ကြေညာသူကို ခါးတို့တယ်။ မီတောင်မှ မီပါတော့မလားလည်း တွက်တယ်။

"လုပ်စမ်းပါဗျ။ တစ်သိန်းပေးတောင် မိန်းကလေးမလာရ၊ သီဆို သူ ရဲ့စွမ်းဆောင်၊ လုပ်ပါဗျ။ ဟေ့လူ... လုပ်ပါ၊ တစ်စိတ်တိုက်ပါ့မယ်၊ ဟော့ဗျာ... ဟေ့လူ"

ညှပ်စလီကတော့ လောဆော်နေတာပါပဲ။ လူတွေက တီးဝိုင်းဆီ မှာ အာရုံနည်းနေပြီ။ ဗီဒီယိုဆီ အာရုံရောက်ကုန်ပြီ။

ကြေညာတဲ့ကောင်ကတော့ ညှပ်စလီ ခါးတို့နေတာ မကြားတော့ ဘူး။ မိုက်ကိုကိုင်ရင်းက ...

"ကလေးတွေ၊ ကလေးတွေ... နေရာမလုကြနဲ့လေ။ ပြမှာပါ၊ ပြမှာ ပါ။ ဇာတ်ကားကောင်းတွေ ရွေးထားပါတယ်။ ရဲကိုကို၊ ရဲမင်းပိုင်၊ မော့စ်၊ တရုတ်သိုင်းကား၊ စုန်းကား၊ သရဲကား၊ ဟောင်ကောင်ဂျက်မ အကုန် ပါပါတယ်။ ကလေးတွေ၊ ကလေးတွေ..."

"ဟေ့လူ... ဆက်ကြေညာပါ၊ တစ်သိန်းပေးတောင် မိန်းကလေး မလာရ... ဟေ့လူ..."

အဲသည်မှာတင် ရပ်ကွက်လူကြီးတစ်ယောက် ရောက်လာတယ်။ ဒုံမင်း ကိုဘာဘူကို အရက်တစ်လုံးပေးတယ်။ တီးဝိုင်းကိုလည်း ရပ်ခိုင်း တယ်။

"ဘာဘူရေ၊ ကျေးဇူးပဲကွာ။ မင်းတို့လည်း ပင်ပန်းလှပါပြီ။ တစ် နေရာရာမှာ သွားလုပ်ချေတော့ကွာ။ ကိုင်း... သိမ်းကြတော့ဟေ့"

[ ၅ ]

ခဏနေတော့ ဗီဒီယိုက ဂျစ်ဂျစ် ရှဲရှဲနဲ့ အသံမြည်ပြီး စပြဖို့ လုပ်နေ ပြီ။ မိုက်ကရိုဖုန်းဆရာလည်း သူ့မိုက်ကရိုဖုန်းကိုဖြုတ်ပြီ။ စောစောက အဆိုတော်တွေလည်း မရှိတော့ဘူး။

ရပ်ကွက်ထဲက လူခံအဆိုတော်တွေလည်း မရှိတော့ဘူး။ ရပ်ဝေး

ရပ်နီးက ညည့်သည်အဆိုတော်တွေလည်း မရှိတော့ဘူး။ တယောဆရာနဲ့ မယ်ဒလင်ဆရာလည်း ပြန်ကြပြီ။ ညွှပ်စလီနဲ့ ဒုံမင်းဆရာပဲ ကျန်တော့တယ်။

ညွှပ်စလီက ကိုဘာဘူကို မကျေနပ်ဘူး။ အစောကြီး ကိုယ့်လူရင်းကို ပွဲထုတ်သင့်ပါလျက်နဲ့ သူများဝင်ဝင်ဆိုသွားတာ လက်ခံရပါမို့လားပေါ့။ ကိုဘာဘူကလည်း မူးနေတာမဟုတ်လား။ ထပေါက်တော့တာပါပဲ။

"အစီအစဉ်ကတခြား၊ လုပ်နေတာက တခြားလေ။ ဒါတော့ မသိဘဲနဲ့ ငါက ဘာလုပ်ရမှာတုံး။ တစ်သိန်းပေးတောင် မိန်းကလေးမလာရကပေါက်တိကပေါက်ချာကိုလည်း ဆိုမနေနဲ့တော့။ တစ်သိန်းပေးပေး မပေးပေး မိန်းကလေး လာမှာပဲ၊ လာ... သွားစို့"

ဘာတတ်နိုင်မှာတုံး၊ ထပြန်ရုံပေါ့။ ဆရာတပည့်နှစ်ယောက် မဏ္ဍပ်ထဲကထွက်လာတော့ ညွှပ်စလီက ရှေ့က၊ ဒုံမင်းကြီး ဆွဲလိုက်လို့။ ဖိနပ်လည်း မပါတော့ဘူး။ ကိုဘာဘူက နောက်က ဒယိမ်းဒယိုင်နဲ့။

ဗီဒီယိုကတော့ စပြနေပြီ။ ဒါရိုက်တာက မီးပွားတဲ့၊ မင်းသားက ကျော်ဟိန်းတဲ့၊ ဇာတ်ကားက 'အကြွေး' တဲ့။

ရှင်သန်ပွင့်မဂ္ဂဇင်း၊ မေ၊ ၁၉၉၂

❑

# ထဘီဟာ လုံပါသေးရဲ့၊ တဘက်ဟာ လုံပါသေးရဲ့၊ ဘီးနဲ့မှန် လုံပါသေးရဲ့

■ နေဝင်းမြင့်

[ ၁ ]

ရွာက သူကြီးဟောင်း ကိုတက်ရိုးက ဖလံကျင်းသူ မမြသင်နဲ့ မင်္ဂလာဆောင်တော့မယ်ဆိုတော့ သက်ကယ်တန်းတစ်ရွာလုံးက ရယ်လိုက်ကြတာ အုန်းအုန်းထလို့။

တချို့ကတော့လည်း မရယ်နိုင်ကြဘူး။ ကိုယ့်ရွာက သူကြီးဟောင်းကို သိပေမဲ့ ဖလံကျင်းသူ မမြသင်ကို တချို့က မမြင်ဖူးကြဘူးကိုး။ သက်ကယ်တန်းနဲ့ ဖလံကျင်းဆိုတာ တစ်နယ်တော့ တစ်နယ်တည်းပဲ။ ဒါပေမဲ့ နည်းနည်းတော့ လှမ်းတယ်။ နေ့ဝက်ခရီးလောက် သွားရတယ်။

မမြသင်က သက်ကယ်တန်းက ရီးပေါက်စတို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းတော့ သင်္ကြန်ပျစ်ချိန်ဆိုရင် သင်္ကြန်ပျစ်ဖို့ တစ်နှစ် တစ်ခေါက် ရောက်လာတတ်တယ်။ အသားဖြူဖြူ မျက်နှာဝိုင်းကလေးနဲ့။ ရှိလှမှ အသက်က ၂၀ ကျော်ရင် တစ်နှစ်ပဲ။ ရွာက သူကြီးဟောင်း ကိုတက်ရိုးကတော့ အသက် ၇၀ ကျော်လို့ ၈၀ သီသီဝှေ့နေပြီ။ ကညာပျိုနဲ့ ဇရာအို ရယ်လို့တောင် မဟုတ်တော့ပါဘူး။ တချို့က မြေးအဘိုး

တဲ့၊ တချို့ကလည်း နမြောလို့တဲ့ စုတ်တသပ်သပ်နဲ့။ တချို့ကလည်း 'ဘဝအကြောင်းကိုး တော်ရဲ့' တဲ့။ တချို့ယောကျ်ားတွေကတော့ "မိန်းကလေးနယ်... ကြိုက်စရာရှားလို့ကွာ။ ချီး..." ဆိုတဲ့ အာခံတွင်းသံကြီးနဲ့။

ဘာပဲဖြစ်ဖြစ်လေ... ပဲ၊ နှမ်းလေး ပေါ်တာနဲ့ မင်္ဂလာဆောင်တော့ မယ်ဆိုတာကတော့ သေချာနေပြီ။ ရိုးပေါက်စကပဲ ကမကထလုပ်ပြီး မကွေးဘက်တက် လက်ဖက်လေး ဆေးလေးဝယ်လို့၊ အိပ်ရာခမ်းနားလေး ဝယ်လို့၊ မမြသင်ဖို့ အဝတ်အစားလေးဘာလေး ဝယ်လို့... တတိတတိနဲ့ လုပ်နေကြပတဲ့။ မမြသင်ဘက်က မိဘဆွေမျိုးများကလည်း သက်ကယ်တန်းကိုလိုက်လာတာ နှစ်ခါတောင်ရှိပတဲ့။

[ ၂ ]

သူကြီးဟောင်း ကိုတက်ရိုးလို့သာ ပြောရတာ ဘကြီးတက်ရိုး၊ ဒါမှမဟုတ် ဘိုးတက်ရိုးတောင် ဖြစ်နေပါပြီ။ သျှောင်တဆောင်းကလေးနဲ့ ပိတ်ဖြူကလေး ကပိုကရို ရစ်ခွေပတ်ထားတတ်တာလည်း ရှိရဲ့၊ ကြာဆံချောင်းတွေလို ဆံပင်ဖြူကျားကျားတွေက ပိတ်စခေါင်းပေါင်းပဝါကြားက ထွက်နေလိုက်တာ အမျှင်မျှင်ထလို့။

သွားဆိုတာကလည်း ဘယ်တုန်းကမှ တိုက်ခဲ့ပုံမရဘူး။ နီညစ်ညစ်နဲ့။ ကွမ်းသွားချေးတွေ တက်နေလိုက်တာလည်း ရွံစရာကြီး။

သည်ကြားထဲ သွားတွေက ကျိုးနေလိုက်သေးတယ်။ စိုက်သွားလေး ကူထားလို့ ပါးချောင်နားချောင်တော့ သိပ်မကျလှသေးဘူး။ အသားကတော့ တောသူတောင်သားပီပီ ညိုတဲ့ဘက်ကျော်ပြီး မှောင်တဲ့ဘက်ရောက်နေလို့ သူနဲ့ ရာထူးတူတဲ့ သူကြီးချင်းကတောင် 'သက်ကယ်တန်းသူကြီးက နချီးပိုးထိုး' တဲ့။

သူ့ သူကြီးဘဝတုန်းကတော့ ဘာအကြောင်းလဲ။ သူကြီးအာဏာလက်တစ်ဆုပ်လောက်ပေမဲ့ ရွာမှာတော့ ဖိန့်ဖိန့်တုန်ထဲကပဲ။ ရွာဘုရားပွဲတွေမှာ သူများသူကြီးတွေလို နှစ်လုံးပြူးတွေဘာတွေ ကိုင်မနေပါဘူး။ ဝါးရင်းတုတ်ကြီးကြီး လက်တစ်ကိုင်လောက်ကို သူ့အရပ်နဲ့ တိုင်းဖြတ်ပြီး ကိုင်ထားရုံပဲ။ သူ့နောက်က ရာအိမ်မှူး ငမိုက်ကို ခေါ်ခဲ့ပြီး ပွဲခင်းတစ်ခင်းလုံး လှည့်နေတော့တာ။

သက်ကယ်တန်းသူကြီး ကိုတက်ရိုး ဆိုလို့ကတော့ မူးတဲ့လူတောင် အမူးပြေလောက်အောင် ကြောက်တယ်။ မိုက်လို့ ဆိုးလို့များတော့ ရိုက်စရာရှိရင် ကျွဲရိုက်နွားရိုက်ပဲ။

လူတိုင်းတော့ အကြောင်းမဲ့ရိုက်နှက်နေတာ မဟုတ်ပါဘူး၊ တော်တော်ဆိုးမှပါ။ သူပိုင်တဲ့ လယ်တွေ၊ ချောင်းတွေ ဆိုတာလည်း မပြောနဲ့တော့။ အနောက်ကွင်း နတ်ကွန်းစင်ဘက်ကနေ လက်ညှိုးသာထိုးလိုက်၊ မြစ်နားတန်းညို့ညို့အထိက သူ့လယ်ချည်းပဲ။ မြေပဲခင်း၊ နှမ်းခင်းဆိုတာတော့ မမြင်ချင့်အဆုံး။

အရက်ကလေးကလည်း ကြိုက်တယ်။ ဒါကလည်း တမင်ကျင့်ထားရတာ။ ဝန်ထောက်တို့၊ မြို့ပိုင်တို့လာရင် ဒါမှအဆင်ပြေတာကိုး။ ကက်တော့ တော်တော်ဝါသနာကြီးတယ်။ သူကြီးရင့်မာကြီးလုပ်ပြီး နေ့လယ်နေ့ခင်း ဈေးလယ်ကောင် ကတ်သွားဆွဲချင်ဆွဲနေတတ်တာ။ ဝါရင်းတုတ်ကြီး တိုင်ဘေးထောင်ပြီး တစ်နေကုန် ထုံးခွေကြေး ကတ်ဆွဲကြတော့ သူ့မျက်နှာ ထုံးတွေ အစင်းလိုက်ပဲ။

သူများမျက်နှာတွေလည်း ထုံးတွေ အချောင်းလိုက်ပဲ။ ညနေ မိုးချုပ်ခါနီး ကတ်ဝိုင်းပြီးလို့ ပြန်လာရင် မျက်နှာသစ်လာတာမဟုတ်ဘူး။ ထုံးကြောင်း အရစ်အရစ်တွေနဲ့ သည်အတိုင်း အိမ်ပြန်လာတာ။ အိမ်ရောက်တော့မှ မျက်နှာသစ်တယ် (သူကြီးဆိုတော့လည်း မျက်နှာက

ထုံးတွေနဲ့ ရယ်စရာကြီးဖြစ်နေပေမဲ့ လမ်းတွေ့တဲ့လူကလည်း မရယ် ရဲဘူး)။

"ကနေ့ အဖေချည်းရှုံးတာပဲ သမီးရေ..." ဆိုပြီး အိမ်ပေါ်တက်လာ တော့ သမီးကြီး (တတိယသမီး) မတင်ဥက "အဖေကလည်းတော်... သူကြီးလုပ်နေပြီး မျက်နှာ ထုံးတွေနဲ့၊ မရှက်ဘူးလား" ဟု အမြဲပြော တတ်တယ်။

"ဟ... သူကြီး ဘာဖြစ်တုံး... သူကြီးလည်း လူပဲဟ" ဆိုပြီး မျက်နှာ သစ်တယ်။ နောက်တစ်နေ့ နေ့လယ် ကတ်ဝိုင်းသွားမြဲပါပဲ။ တစ်ခါ တလေ ကစားဘက်က နိုင်လို့ သူကြီးမျက်နှာ ထုံးမခွေရဲဘူးဆိုရင် ...

"ဟကောင်... ခွေလကွာ... သူကြီးမို့ ထုံးမခွေဘူးဆိုရင် ဘယ် တရားပါ့မလဲကွ။ ကတ်ဆွဲရတာ ဘယ်အရသာရှိတော့မှာလဲ။ လုပ်ပါ ငါ့ကောင်ရေ... ခွေပါ..." လို့ပြောပြီး မျက်နှာထိုးပေးတတ်တယ်။

တကယ်က ကိုတက်ရိုးက သူကြီးမျိုးရိုးမဟုတ်ဘူး။ ပညာကတော့ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်းလောက်ပါပဲ။

သူ့အရင် သက်ကယ်တန်းသူကြီးက ကိုကံရင်တဲ့။ အဲဒီတုန်းက ကိုတက်ရိုးက သူကြီးရဲ့ ညာလက်ရုံး။ သူကြီး ကိုကံရင်မှာ သားမရှိ ဘူး။ သမီးတွေချည်း မွေးထားတာ။ သူကြီး ကိုကံရင် အသက်ကြီးတော့ သူ့သမီးတွေထဲက မကျင်လှကို ကိုတက်ရိုးနဲ့ ပေးစားတယ်။ ဒါဘာပွဲ တို့၊ မင်းပွဲတို့မှာ ကိုတက်ရိုးကို ပွဲထုတ်တယ်။

ကိုကံရင် သေတော့ သမက် ကိုတက်ရိုး သူကြီးဖြစ်လာတာပါပဲ။ သူကြီးဖြစ်တဲ့နှစ်က ကိုတက်ရိုး ပိုက်ဆံတော်တော်ကုန်တယ်။ မြို့ပိုင်တို့၊ နယ်ပိုင်တို့ ရွာကို ကြွလာတော်မူတယ်ဆိုရင် ကိုတက်ရိုးက အရိုးခံ မဟုတ်လား၊ ဘာမှမလုပ်တတ်ဘူး။ သူ့မိန်းမ မကျင်လှက သူကြီးသမီး ဆိုတော့ ဘာလုပ်ရမလဲဆိုတာ သိတယ်။ ဒီလို ဒီလို လုပ်ပေါ့။ ဒီဟာ

ဒီဟာ ကျွေးပေါ့။ ဒါလေး ဒါလေး ပေးပေါ့ဆိုတော့မှ သူကြီးဝါးဝသွား တော့တယ်။

မကျင်လှနဲ့က နှစ်အစိတ်လောက် ပေါင်းလိုက်ရတယ်။ မကျင်လှ မီးယပ်သွေးဆုံးနဲ့သေတော့ ကိုတက်ရိုးက ၅၀ ကျော်ရုံရှိသေးတယ်။ အရွယ်ကောင်းတုန်း။ သားနှစ်ယောက်၊ သမီးသုံးယောက် ကျန်ရစ်တယ်။ ငတင် တဲ့၊ ငမှင် တဲ့၊ မတင်ဥ တဲ့၊ မကျင်နု တဲ့၊ မခင်ပု တဲ့။

သားကြီး ကိုတင်က ခေတ်ပညာတတ်တယ်။ မကွေးမှာ ကျောင်း ထားတယ်။ သူကြီးလည်း လုပ်ချင်ပုံမရတော့ သားလတ် ကိုမှင်ကို နားသွင်းရတယ်။ သူကြီးလက်စွဲလေး ဘာလေး ဖတ်ခိုင်း၊ ရပ်အမှု ရွာ အမှုတွေစစ်တော့ နားထောင်ခိုင်း၊ သူကြီးအစည်းအဝေးလေးဘာလေး စာရင်းလုပ်ခိုင်း၊ ကောက်ခိုင်းနဲ့ သူကြီးထရိန်နင်ပေးလာလိုက်တာ ရွာက တော်ရုံကိစ္စ ကိုမှင်နဲ့တင် ပြီးတယ်။

မကျင်လှ ဆုံးပြီးလို့ လေးနှစ်လောက်ကြာတော့ ကိုတက်ရိုး မိန်းမ ထပ်ယူတယ်။ သက်ကယ်တန်းကပါပဲ။ ဆွေကြီးမျိုးကြီးထဲကပါ။ မငြိမ်း တဲ့။

မငြိမ်းက အပျိုစစ်စစ်တော့မဟုတ်ဘူး၊ မုဆိုးမ။ သူ့အရင် ယောကျ်ားက အပေါင်ဆိုင်ဖွင့်ထားတဲ့ တရုတ် ကိုကျင်မှိန်။ ရွှေလေး ငွေလေးနဲ့ ချမ်းချမ်းသာသာပါပဲ။ ကိုကျင်မှိန်နဲ့ ကလေးမရဘူး။ အပေါင် ဆိုင် တရုတ်ဆုံးတော့ ကျီးကြည့်ကြောင်ကြည့်ဖြစ်နေတုန်း သူကြီး ကိုတက်ရိုးက ကောက်ယူလိုက်တာ။

အပေါင်ဆိုင် တရုတ်နဲ့ ကလေးမမွေးတဲ့ မငြိမ်းက သူကြီး ကိုတက် ရိုးနဲ့ကျတော့ မွေးလိုက်တာမှ ရှင်မွေးလွန်း ဖြစ်ကရော။ ၁၁ ယောက် တောင် (ဒါတောင် ကြားထဲမှာ နှစ်ယောက် ပျက်ကျသေးတယ်)။ ကိုတက်ရိုးရဲ့ အရင်မယားကရတဲ့ သားသမီးတွေနဲ့က အဆင်မပြေတော့

ဝိုင်းထဲမှာပဲ အိမ်သတ်သတ်ဆောက်ပြီး ထားတယ်။

အရင်မယားက သားသမီးတွေနဲ့ မငြိမ်းနဲ့သာ အဆင်မပြေတာ၊ ကလေးတွေချင်းကျတော့ အဆင်ကိုပြေလို့။ ချစ်ကြတယ်။ ကိုတက်ရိုး ကလည်း မငြိမ်းမို့ မျက်နှာသာမပေးဘူး၊ အရင်သားသမီးတွေမို့လို့လည်း ဦးစားမပေးဘူး၊ မျှမျှတတပဲ။

ခြံဝိုင်းကြီးထဲ စပါးကျီ၊ ပဲကျီကြီးကြီးဆောက်ပြီး ရလာတဲ့ စပါး၊ ပဲ၊ နှမ်း လှောင်ထားတာပဲ။ မျိုးချန်စရာရှိတာ ချန်၊ ရောင်းစရာရှိတာ ရောင်း၊ စားဖို့သိမ်းတာ သိမ်းနဲ့ ရသမျှ တစုတစည်းတည်းထားတာ ပါပဲ။

ကိုတက်ရိုး အသက် ၆၀ ကော်ကော်ကျော်လာတော့ သူကြီးအလုပ် စိတ်ကုန်လာတယ်။ အသက်ကလည်း ရလာပြီ၊ လယ်တွေ ချောင်းတွေ ကလည်း ရှိသေးတယ်၊ ရွာကိစ္စတိုင်းကို ထစ်ခနဲဆို သူ မသွားနိုင်တာ လည်း ပါတယ်။ ဆိုင်ရာဆိုင်ရာနဲ့ ညှိနှိုင်းပေးကမ်းပြီး သူ့သား ငမှင် ကို သူကြီးရာထူးအပ်ပြီး သူက နားတယ်။

သျှောင်တစောင်းနဲ့ သူကြီး ဦးတက်ရိုးနေရာမှာ ဘိုကေနောက်မြင့် နဲ့ သူကြီး ဦးမှင် ပြောင်းတာကလွဲရင် သက်ကယ်တန်းရွာက သူကြီး အပြောင်းအလဲကို သိတောင် မသိလိုက်ကြဘူး။ တစ်နေ့လုပ်မှ တစ်နေ့ စားရတဲ့ ရွာကလေးမှာ သူကြီးအပြောင်းအလဲကို သိပ်ဂရုစိုက်နေကြတာ လည်း မဟုတ်ဘူး။

တစ်နေ့ ငမှင် သူကြီးဖြစ်မယ်ဆိုတာ ကြိုသိနေကြတော့လည်း အသွားမပျက်၊ အစားမပျက်ပါပဲ။ ကိုမှင် သူကြီးဖြစ်လို့မှ မကြာသေး ဘူး၊ သူ့အဖေ သူကြီးဟောင်း ကိုတက်ရိုးရဲ့ နောက်မယား မငြိမ်း သေ ပြန်ရော။ မငြိမ်းသေတော့ သူကြီးဟောင်း ကိုတက်ရိုးက ၇၀ ကို သုံးနှစ် စွန်းနေပြီ။ လယ်လေးကိုင်းလေးလည်း ကွပ်ကဲရသေးတယ်၊ ရပ်မှုရွာမှု

ကလည်း တစ်ဖက်၊ ညီအစ်ကိုမောင်နှမတွေအရေးက တစ်ဖက်နဲ့ ဂျင်ခြေကို လည်လို့။

ညီအစ်ကိုမောင်နှမတွေကို အိမ်စောင့်ချသင့်သူ ချ၊ ကျောင်းထားဖို့ မြို့ကိုပို့သင့်သူ ပို့၊ လယ်ထဲ ကိုင်းထဲ ဆင်းခိုင်းသင့်တဲ့သူ ဆင်းခိုင်း လုပ်နေတုန်းမှာပဲ သူကြီးဟောင်း ကိုတက်ရိုးက ပုတီးကလေး လည်ပင်းဆွဲပြီး ဘုန်းကြီးကျောင်း သွားသွားနေတာ နေ့တိုင်း။

ဘုန်းကြီးကျောင်းသွားတဲ့လမ်းမှာ ရိုးပေါက်စတို့ သက်ငယ်ပျစ်တဲ့ တဲကြီးရှိတယ်။ ဟိုရွာ သည်ရွာက မိန်းကလေးတော်တော်များများလည်း ရိုးပေါက်စတို့အိမ်မှာနေရင်း သက်ငယ်ပျစ်ကြတယ်။ အဲဒီအထဲမှာ ဖလံကျင်းက မမြသင်လည်း ပါတယ်။

အိမ်ရှေ့ ဖြတ်ဖြတ်သွားတဲ့ သူကြီးဟောင်း ကိုတက်ရိုးကို ရိုးပေါက်စက "အိမ်များလည်း ဝင်ပါဦး သူကြီးရဲ့… ဝင်ကောင်းပါတယ်" ဘာညာဆိုတော့ သူကြီးလည်း ဝင်ဖြစ်ရော။ ဝင်ရင်းဝင်ရင်းကပဲ သူကြီးဟောင်း ကိုတက်ရိုး မိန်းမလိုချင်လာရော။ ဒါကို ရိုးပေါက်စက သိတယ်။

ရိုးပေါက်စက ဒါကိုတင်သိတာမဟုတ်ဘူး၊ သူကြီးဟောင်းရဲ့ လယ်တွေ၊ ချောင်းတွေကိုလည်း သိတယ်။ အရင်မယားတွေက ကျန်ခဲ့တဲ့ ကြေးဆစ်လက်ကောက်တွေ၊ ပန်းတစ်လိမ် နန်းတစ်လိမ် ဘယက်တွေ၊ အမ်စီကြိုးတွေကိုလည်း သိတယ်။ သေတ္တာနဲ့ နှစ်လုံးလောက် ကျန်ရစ်တဲ့ ထဘီတွေ၊ အဝတ်အစားတွေကိုလည်း သိတော့ မမြသင်ကလေးနဲ့ အောင်သွယ်တယ်။ အောင်သွယ်ခလေး စားလိုက်၊ နားလေးချလိုက်နဲ့ နှစ်နှစ်လောက်ကြာတော့ မင်္ဂလာဆောင်ဖို့ရက်သတ်တဲ့အထိ ဖြစ်လာတယ်။ ပထမတော့ မမြသင်က ငြင်းတယ်။ ခုနစ်အိုကျား ရှစ်အိုကျားကြီး မယူချင်ပေါင်တဲ့။

နောက်တော့ ရိုးပေါက်စကလည်း အပို့ကောင်း၊ မပြုံသင် မိဘများကလည်း သည်သတင်းကြားတော့ တွန်း၊ ကြာတော့ မပြုံသင် 'အင်း' လိုက်ရတယ် ဆိုပါတော့။

အဲဒီမှာတင် သူကြီးဟောင်း ကိုတက်ရိုးနဲ့ ဖလံကျင်းသူ မပြုံသင် မင်္ဂလာဆောင်တော့မယ် ဆိုတဲ့သတင်း ထွက်လာလိုက်တာ ပျားတူအုံ တုတ်နဲ့ ထိုးလိုက်သလိုပဲ။

[ ၃ ]

မင်္ဂလာဆောင်မယ့် အကြိုညက မဏ္ဍပ်ထဲမှာ အောက်လင်းဓာတ်မီးတွေဆိုတာ ထိန်လို့။ မကွေးကို တက်ငှားတာ ဓာတ်မီးဖိုးကချည်း ၁၀၀ လောက်ကျတယ်။ ချက်တဲ့လူက ချက်၊ ပြုတ်တဲ့လူက ပြုတ်ပေါ့။ သူကြီး ကိုမှင် မျက်နှာနဲ့ ဟိုရွာသည်ရွာက လာပို့တဲ့ ဝက်တို့၊ ကြက်တို့ဆိုတာ ဖောချင်းပဲ။ အရက်ဆိုတာတော့ မပြောနဲ့တော့။ ပလတ်စတစ်ပုံးကြီးတွေနဲ့ တည်ထားတာ။ သောက်စမ်း... ကြိုက်သလောက်သောက်။

ရွာကတီးဝိုင်းကလည်း ရသမျှသီချင်းလေးတွေနဲ့ ညှော်ခံလို့။ သူကြီးဟောင်း ကိုတက်ရိုးကတော့ တစ်ခါမှ ထုတ်မပေါင်းဖူးတဲ့ ပန်းနုသွေး မင်္ဂလာရောင် ခေါင်းပေါင်း နှစ်ပတ်ကျော့လေးနဲ့ တကယ့်ကာလသားလေးကျနေတော့တာ။ လည်ကတုံးအင်္ကျီ လျှာဖတ်လတ်မှာ ရွှေသီးဆိုတာ တစ်လုံးတစ်လုံးကို မန်ကျည်းစေ့လောက်ရှိတယ်။ တစ်ချက်မှလည်း ဣန္ဒြေမရဘူး။ ရပ်မိရပ်ဖတွေထိုင်တဲ့ လူကြီးဝိုင်းပဲ ဝင်ထိုင်ရတော့မလိုလို၊ ကာလသားတီးဝိုင်းထဲဝင်ပြီး 'မေတ္တာသတ္တော အနန္တော... မြတ်ရှင်စော ဟောကြားကာရယ်...' ပဲ ဟဲရတော့မလိုလိုနဲ့။

သူကြီး ကိုမှင်ကတော့ ဖအေ သတို့သားကြီးကို ကြည့်ရင်းက

ပြုံးပြုံးကြီး။ မငြိမ်းနဲ့ရတဲ့ ကလေးတွေကလည်း သူတို့အဖေ အိုကြီး အိုမကို ကြည့်ပြီး ရက်တဲ့သူက ရက်လို့၊ မှူးတဲ့သူက မှူးလို့၊ ပျော်တဲ့သူက ပျော်လို့။ မမြသင်ကိုတော့ မတွေ့ရဘူး။ ရက်လို့ပဲလား၊ ညွတ်နေအောင် ဆင်ထားတဲ့ ရွှေတွေနဲ့ မနေတတ် မထိုင်တတ်လို့လား မသိဘူး။ မဏ္ဍာပ်ထဲ တစ်ခါမှ မလာဘူး။ တချို့ကလည်း ရီးပေါက်စတို့အိမ်မှာ ငိုနေလိုက်တာ ရှိုက်ကြီးငင်ကြီးတဲ့။ တချို့ကလည်း မဟုတ်ပါဘူးတဲ့။ သင်းကြူကြူပေါင်ဒါလေး လိမ်းလိုက်၊ သီချင်းလေး ညည်းလိုက်နဲ့ပါတဲ့။

ခက်တာက မမြသင်ရဲ့ အဖေနဲ့ အမေပဲ။ သူကြီးဟောင်းရဲ့ ယောက္ခမသာ ပြောရတယ်။ သမက်က သူတို့ထက်ကြီးနေတော့ 'သား' ပဲ ခေါ်ရမှာလား၊ 'မောင်တက်ရီး' ခေါ်ရမှာလား၊ 'သူကြီး' လို့ လွယ်လွယ် ခေါ်ရမှာလား မဝေခွဲတတ်ဘူး ဖြစ်နေတယ်။ ကိုတက်ရီးကလည်း ယောက္ခမတွေကို ခေါ်ရင် 'ဒီမယ်' တဲ့။

နောက်တစ်နေ့ မိုးလင်းလို့ ဘုန်းကြီးကျောင်း မင်္ဂလာဆွမ်းအုပ်ပို့ပြီးတာနဲ့ ရွာက ရွာမိရွာဖတွေ ထမင်းကျွေးဖို့ စီစဉ်တယ်။ ထမင်းမကျွေးခင် ဟိုဘက်ဒီဘက် ဆွေမျိုးမိဘတွေ၊ လူကြီးသူမတွေ ခေါင်းရင်းဘက် တန်းစီထိုင်ပြီး သတို့သမီး-သတို့သား မင်္ဂလာစကားပြောမယ်လုပ်တော့ မမြသင်နဲ့ ကိုတက်ရီးက ပီဘိ ကျုံ့ကျုံ့ကလေးထိုင်လို့။

မမြသင်ကတော့ စံပယ်ပွင့်တွေ ဝေနေအောင် ပန်ထားတယ်။ မျက်နှာကလည်း ပန်းသွေးထနေလိုက်တာ ရဲလို့။ ခေါင်းကလည်း ငုံ့ထားလိုက်တာ ဇက်ကျိုးတာကမှ လှုပ်လိမ့်ဦးမယ်။ မိန်းမသုံးယောက်နဲ့ မင်္ဂလာဆောင်ဖူးသွားပြီဖြစ်တဲ့ ကိုတက်ရီးကတော့ ရှိုးတိုးရှန့်တန့်တော့ မဖြစ်ဘူး။ ဒါပေမဲ့ ရက်တော့လည်း ရက်တာပါပဲ။ သူ့သဘောအတိုင်းဆို မင်္ဂလာဆောင်ဖို့ စိတ်မကူးဘူး။ သည်အတိုင်း ပေါင်းလိုက်ရုံ တွက်

ထားတာ။ ဒါပေမဲ့ မမြသင်ဘက်က လက်မခံဘူး။ သူ့သမီး အပျိုနုနု ထွတ်ထွတ်ကို မင်္ဂလာဆောင်ယူရမယ် ဆိုလို့သာကိုး။

မမြသင်ရဲ့ မိဘနှစ်ပါးနဲ့ ရပ်မိရပ်ဖတွေ၊ သူ့သား သူကြီး ကိုမှင်တို့ ခေါင်းရင်းခန်း နေရာဝင်ယူတော့ လာသမျှဧည့်သည်တွေကလည်း အထူးအဆန်းဖြစ်လို့။ ငြိမ်လို့... ပြုံးကြလို့... ဒါပေမဲ့ မင်္ဂလာစကားကို ဘယ်သူက စပြောမယ်ဆိုတာ ညှိမထားတော့ တိတ်ဆိတ်နေလိုက်တာ အကြာကြီး။ တအောင့်နေတော့မှ ရွာက စက်ပိုင်ဦးဘရင်က...

"မောင်မှင်... မင်းက ရွာမှာ သူကြီးပဲ။ မင်းက စပြောကွာ" တဲ့။

ကိုမှင်က ဘယ်လိုမှ မျှော်လင့်ထားတာ မဟုတ်ဘူး။ သူ စကားပြောရမယ်လို့လည်း မထင်ဘူး။ ပြောလည်း မပြောသင့်ဘူးလို့ တွက်ထားတာကိုး။ ဒါကြောင့် ဦးဘရင်က ပြောခိုင်းတော့ တွန့်သွားတယ်။

"ဟာ... မဟုတ်တာ... ဘကြီးဘရင်ပဲ ပြောပါဗျာ"

"အေးပါ... တို့လည်း ပြောမှာပါ၊ ဟိုဘက်ဒီဘက် မိဘများကလည်း ပြောရမှာလေ ...။ မင်းက မင်းအဖေဘက်က လူကြီးတစ်ယောက် အနေနဲ့ရော ရွာက သူကြီးအနေနဲ့ပါ မင်း စပြောမှ တင့်တယ်မှာပေါ့"

အဲဒီတော့မှ ရွာကလူတွေကလည်း စိတ်ဝင်စားလာကြတယ်။ ကိုမှင်က သူ့အဖေ သတို့သားကို ဘယ်လိုပြောမှာပါလိမ့်ပေါ့။ ကိုမှင်ကတော့ ချွေးတွေ သံတွေတောင် ထွက်လာတယ်လို့ ထင်တယ်။ သူ့ရှေ့က ဖလားစုံကွမ်းအစ်ကြီးထဲက ကွမ်းသီးတစ်ဖတ် ကောက်ဝါးထည့်ပြီး အကြာကြီးနေတော့မှ ...

"အဟမ်း..."

ချောင်းမဟန့်ချင်ဘဲ ဟန့်တော့ လူတွေက တဆောဲဆောဲစကားပြောနေကြတာ ငြိမ်သွားတယ်။

"အဖေနဲ့… အဲ… အဖေနဲ့ပေါ့လေ… မမြသင်နဲ့…"

ကိုမှင်က ဆက်ပြောလို့မရသလို ရပ်သွားတယ်။ ကွမ်းသီးတစ်ဖတ်ထပ်နှိုက်တယ်။ ဝါးတယ်။ မဆီမဆိုင် ရေနွေးကြမ်းတစ်ပန်းကန်ငှဲ့တယ်။

"အဖေနဲ့ မမြသင်နဲ့ ဘာသာဘာဝ ထိမ်းမြားကြလို့ မင်္ဂလာစကားပြောပါဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်။ ပုဆိုးတန်းတင်အကြင်လင်မယားတဲ့… အဟမ်း… အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်သိကြလို့ မြန်မာ့ထုံးစံ ကန်တော့ပွဲနဲ့… ကွမ်းဆေးလက်ဖက်နဲ့ ဧည့်ခံလို့လင်မယားအရာမြောက်ပြီဆိုတာနဲ့…"

ကိုမှင်က ငှဲ့ထားတဲ့ ရေနွေးကြမ်းပန်းကန်ကိုယူပြီး ရှုတ်ခနဲ သောက်တယ်။ သူကြီးဟောင်း ကိုတက်ရိုးကတော့ သူ့သား ကိုမှင်ကို မျက်ထောင့်နီကြီးနဲ့ ကြည့်နေတယ်။ လူတွေက ရယ်ချင်ပေမဲ့ မရယ်ဘဲ တင်းထားတဲ့ရုပ်တွေနဲ့။ ကိုမှင်ကလည်း သူ့စကား အမြီးအမောက်မတည့်တာသူ့ဟာသူသိတယ်။ ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ခဏနေတော့မှ…

"ဒီတော့ကာ… မမြသင်ကလည်း မယားဝတ္တရားတဲ့… ငါးပါးနဲ့တူတယ်… အဲဒါရှိတယ်။ အဖေကလည်း လင့်ဝတ္တရားငါးပါးနဲ့အညီတစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နော်ဗျာ… ရသမျှဥစ္စာလည်း တူအမျှ၊ ရသမျှကုသိုလ်လည်း တူအမျှဆိုသလို… အဲ… ဆိုသလို… မမြသင်ကလည်း ကိုယ့်လင်သားကို လင်သားလို၊ အစ်ကိုလို… အဖေလို ဆက်ဆံရမယ်… အဖေလည်း ဒီလိုပဲနော်၊ အဖေကလည်း ခါတိုင်းလို မမိုက်နဲ့တော့…"

သူကြီးဟောင်း ကိုတက်ရိုးက သူ့သား ကိုမှင် ပြောနေတာကိုဒေါသပဲဖြစ်နေလို့လား၊ စိတ်ပဲ မကောင်းလို့လား မသိဘူး။ မျက်လုံး

ကြီးတွေကလည်း ပြုံးလို့။

"မမိုက်နဲ့ ဆိုတာက အဖေ ကတ်လည်းဖြတ်တော့၊ အရက်လည်းဖြတ်တော့။ အသက်ကလည်း နားထင်ဆောင့်နေပြီ"

ကိုတက်ရှိးက သူ့သား ကိုမှင်ရဲ့ မင်္ဂလာစကားထဲမှာ ကတ်တွေရော၊ အရက်တွေရော၊ မမိုက်နဲ့တော့ရော ပါလာတဲ့အထိက ဘာမှမပြောသေးဘူး။ အသက်နားထင်ဆောင့်နေပြီဆိုရော...

"ဟော့ကောင် ငမှင်... ခွေးသား... တော်တော့ကွာ" တဲ့။

အော်လိုက်တာ မင်္ဂလာပွဲလာကြတဲ့လူတွေဆိုတာ အုံးခနဲထရယ်တာ ပတ်တုတ်ယူရတယ်။

[ ၄ ]

အရင်မယားနှစ်ယောက်ယူခဲ့တုန်းက မယားတွေသာ သေခဲ့တဲ့ သူကြီးဟောင်း ကိုတက်ရှိး မမြသင်နဲ့ ညားလို့ ခြောက်လလောက် လည်းကြာရော သည်တစ်ခါ သေတာ သူကိုယ်တိုင် ဖြစ်သွားတော့တယ်။

အဲဒီတုန်းက မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းတဲ့ရောဂါ ဆိုတာလည်း မပေါ်သေးပါဘဲနဲ့ သူကြီးဟောင်း ကိုတက်ရှိးကတော့ တပိန်ပိန်တလိမ်လိမ်နဲ့ လုံးပါးပါးပြီး သေသွားတာ။ ဘာရောဂါရယ်လို့ မည်မည်ရရလည်းမရှိဘူး။

သူကြီးဟောင်း ကိုတက်ရှိး ၇၀ ကျော်လို့ သေသွားတာက သတင်း မဟုတ်ပေမဲ့ ကျန်ရစ်ခဲ့တဲ့ မမြသင်ကတော့ ကိုယ်ဝန်နှစ်လ ကျန်ရစ်ခဲ့ တယ်ဆိုတာကမှ သတင်းဖြစ်နေတော့ ရွာကလူတွေက "ဟယ်... ဟုတ်ပါ့မလား..." ပေါ့။

မဖြစ်နိုင်ပါဘူးပေါ့။

သူကြီးဟောင်း သေပြီးလို့ မကြာပါဘူး၊ မမြသင် ဗိုက်ကလေး ရူလာတော့မှ လူတွေက...

"ဟုတ်ပါ့တော်... သူကြီးဟောင်း ကိုတက်ရိုးတို့များ သေခါနီး တောင် ခုနစ်ထွေကလေးနဲ့" တဲ့...

သယ့်နှစ်ကြိုးဝတ္ထုတိုများ ဩဂုတ်၊ ၂၀၀၉

❑